www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၇၈၀၆၀၂
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၃၇၀၆၀၄

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | ။ | ၂၀၀၆၊ စက်တင်ဘာ |
| အုပ်ရေ | ။ | ၅၀၀ |
| မျက်နှာဖုံး | ။ | စိုးအောင် |
| ကွန်ပျူတာစာစီ | ။ | *Welfare* |
| အတွင်းဖလင် | ။ | *Quality* |

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၇၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# လူးကျင်းမှကျားဆိုး

အပါအဝင်

# မုဆိုးဝတ္ထုများ


| | | |
|---|---|---|
| ၁ | နောင်ခိုင်ကြိုးပိုင်းမှ ကျားဆိုးပုံပြင် | ၁ |
| ၂ | မြစ်ဆုံကျားနှင့် တောမုဆိုးများ | ၂၁ |
| ၃ | တိုက်ပွဲခေါ်သံ | ၃၉ |
| ၄ | နမ်းလန့်မှ လူသတ်ကောင် | ၅၁ |
| ၅ | လူးကျင်းမှ အန္တရာယ်ကောင်နှင့် ကျွန်တော် | ၇၃ |
| ၆ | သစ်မှည့်တောမှ အပြန် | ၁၀၁ |
| ၇ | ငါးမန်းမုဆိုး | ၁၂၃ |


www.burmeseclassic.com

www.burmeseclassic.com

# နောင်ခိုင်ကြိုးဝိုင်း
# မှ
# ကျားဆိုးပုံပြင်

## (၁)

နောင်ခိုင်သစ်တောကြိုးဝိုင်းအတွင်း သစ်တစ်ပင်စခန်းတောင်ကျောသည် အလျားလိုက် တည်ရှိလေသည်။ တောင်ကျောအနောက်ဘက်ခြမ်းတွင် မတ်စောက်သော ကျောက်ဆောင်ကမ္ဘားရံကြီးများရှိလျက် အစွန်အဖျားအကျဆုံး တောင်ထွတ်တွင် ကြီးမားနက်မှောင်သည့် သဘာဝကျောက်ဂူကြီးရှိပါသည်။ အလွန်ချမ်းအေးသော ဒီဇင်ဘာလတစ်ညတွင် ထိုကျောက် ဂူကြီးအတွင်း ကျွန်တော်မွေးဖွားခြင်း ခံရ၏။ ထိုရက်များအတွင်း ကျွန်တော် မှတ်မိသမျှမှာ အနည်းငယ်သာ။ မိခင်၏ သန်စွမ်းကြီးမားသော သက်မောင်း ကြီးများကို မှီတွယ်ကာ နွေးထွေးသော အမွေးများကြားတွင် ဝင်လဲလျောင်း လျက် ကြမ်းတမ်းသော လျှာကြီးဖြင့် မိခင်က ကျွန်တော်၏ ခေါင်းအား ကြင်နာယုယစွာ လျက်ပေးလျက်ရှိ၏။ ဖခင်နှင့် ပတ်သက်မှု

www.burmeseclassic.com

www.burmeseclassic.com

● အောင်သိန်း

ငြိမ်းသည် သတိရခြင်းမရှိပါချေ။ ချိုမြိန်သော မိခင်၏နို့ရည်ကို မိခင်က ညှစ်၍ချ ထားသော ဂူတွင်းရှိ ကျောက်ခွက်မှ အငမ်းမရသောက်စို့ယင်း ကျွန်ုပ်တော်သည် ထစ်ဖြည်းဖြည်း ကြီးပြင်းလာခဲ့ရ၏။

အရုဏ်ဦးအချိန် ကျွန်တော်အိပ်ရာမှ နိုးလာသောအခါများတွင် မိခင်၏ ရင်ခွင်တွင်းမှ လဲလျောင်းလျက် အရှေ့စွန်းမှ တောင်များအထက် တွင် နီရဲလှပသော နေလုံးကို ကြည်နူးစွာ တွေ့မြင်ရ၏။ ဖြည်းဖြည်းခ အနီရောင် နေလုံးကြီးမှ အရောင်ဖျော့၍လာကာ ရွှေဝါရောင်ကွန်ယက်များ အား စိမ်းစိုညိုမှောင်သော သစ်တောများအထက်သို့ ကြဲဖြန့်ချလိုက်သည် ကို တွေ့မြင်ရ၏။ တောင်ခြေအဝေးတွင်ကား ကျယ်ပြန့်သော မြက်ခင်းပြ များ တောင်ယာတဲများနှင့် ရွာကလေးတစ်ရွာတည်ရှိရာ မိခင်၏ ပြောကြ ချက်အရ လူမည်သော ခြေနှစ်ချောင်းနှင့် လမ်းလျှောက်သည့် သတ္တဝ နေထိုင်ကြောင်း သိရှိရ၏။ ကျွန်တော့်အား မိခင်က ပတ်ဝန်းကျင်လော နှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် အကြောင်းအရာများကို သွန်သ ပြောပြခဲ့သည်များအနက် ကျွန်တော်တို့၏ အစာဖြစ်သော စိုင်၊ ဆ ကြောင်၊ ဝက်၊ ဒရယ်၊ ဂျီစသော သတ္တဝါများ၏အကြောင်းလည်း ပါ ပါသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်တော်အဖို့ မိခင်၏ အရိပ်အာဝါသအောက်တွင် တစ်ဖြည်းဖြည်းကြီးပြင်းသန်စွမ်းလာခဲ့ပြီ ဖြစ်ပါသည်။ သို့သော် မိခင်ကမူ သူမမရှိနိုက်ခြည်သည့်အခါမျှ ဂူတွင်းမှ အပြင်သို့ ထွက်ခွာမသွားရန်ကိုမူ ကြပ်တည်းစွာ ညတ်ထားလေသည်။

လသာသော ညတစ်ညတွင် မိခင်သည် အစာရှာရန်ထွက်ခွာသွားလေသည်။ ခါတိုင်းညများထက် စောစီးစွာ ထွက်ခွာသွားခြင်းဖြစ်သဖြင့် ငှင်းရိလာသော ကျွန်တော့်အဖို့ လရောင်ဖြာလျက်ရှိသော သစ်တောအတွင်းသို့သွားရောက်ကြည့်ရှုလိုသော ဆန္ဒများ ပြင်းထန်စွာပေါ်ပေါက်လာခဲ့သည်။ တစ်ဖြည်းဖြည်းခြင်း ဂူတွင်းမှ ဆင်းသက်လာခဲ့ပြီးနောက် အတန်ကြာလျှင် ဝင် တောနက်၏ အလည်သို့ရောက်ရှိလာ၏။ ကြီးမားသော ဆူးချုံကြိမ်တောကြီးတစ်ခုအနီးတွင် ကပ်၍ဝပ်ကာ ကြောက်စိတ်များပေါ်ပေါက်လာခဲ့၍ ပြန်လမ်းကို ရှာဖွေနေမိ၏။ အရှေ့တစ်လံအကွာတွင် ခြေသွားလမ်းကလေးတစ်ခုရှိသဖြင့် ခေတ္တမျှ စောင့်စားနေမိခိုက်တွင် မည်းနက်သော သဏ္ဍာန်ကြီးတစ်ခု လာနေသည်ကို လရောင်အောက်တွင် တွေ့ရသည်။ တောမကျွမ်းသေးသော်လည်း လာနေသောသဏ္ဍာန်သည် မိခင်ကြီးဖြစ်ရမည်ဟု စိတ်မှ ထင်နေမိ၏။ သို့နှင့် မိခင်ကြီးအား ရုတ်တရက် အံ့အားသင့်စေရန် ကြိမ်တောအကွယ်၌ စောင့်နေရာမှ အနားသို့ ရောက်လာသည်နှင့် ကျောပေါ်သို့ သုမ်းအုပ်လိုက်မိသည်။ သို့သော် ကျွန်တော်မျှော်လင့်သကဲ့သို့ ဖြစ်မသွားဲ မြေပေါ်တွင် နှစ်ပတ်သုံးပတ်မျှ လိမ့်သွားရသည်။ တင်းပုတ်နှင့် ထုလိုက်သည့်အလား ခေါင်းပေါ်သို့ ပြင်းထန်ကြီးမားသော လက်ကြီးတစ်ခုကလည်း ဖြတ်ရိုက်သွားခြင်း ခံလိုက်ရ၏။ ကြောက်ရွံ့ထိတ်လန့်စွာ ကျွန်တော် ငိုရှိုက်နေရာမှ ကျယ်လောင်သော အသံကြီးကြောင့် မျက်စိကိုအသာ ဖွင့်ကြည့်မိ၏။

"ဟား. . .အံမယ် . . .မိကျားသားပါလား၊ သူ့အဖိုးကိုမပေ



www.burmeseclassic.com

www.burmeseclassic.com



သူကစားမလို့ကိုး. . .''

ကျွန်တော့်အပေါ်တွင် မိုး၍နေသူမှာ မိခင်ကြီးမဟုတ်ဘဲ၊ တောဘုရင် ကျွန်တော့်အဖိုးဖြစ်ကြောင်း တွေ့ရှိရသည်။ တောဘုရင်အဘိုးက သာယာညှင်းပြောင်းစွာ ကျွန်တော့်အားခေါ်လာခဲ့၏။

''လာ. . .လာ. . .ငါ့မြေး. . .မင်းဂူကို ပြန်ရအောင်''

ဂူတွင်းသို့ ရောက်၍ မိခင်ကြီး ပြန်လည်ရောက်ရှိခြင်း မရှိသေးသည့်အတွက် အဘိုးအား ပြေးထွက်၍ ခေါ်လိုက်ရသည်။

''ဘိုးဘိုး. . .အမေ၊ မရောက်သေးဘူးဗျ. . .ကျွန်တော် လိုက်ခဲ့ပါရစေဦး. . .''

''ဟင်. . .မင်းလျှောက်လည်ချင်သေးတုန်းဘဲလား။ မင်း ငါနဲ့တွေ့လို့ ကံကောင်းတယ်မှတ်၊ ငါ့လို အကျားမဟုတ်ဘဲ၊ အကွက်သာဆိုရင် မင်းကို တစ်ကိုက်ထဲနဲ့ စားပစ်လိုက်မှာကွ၊ မြေးရ''

အဘိုးက ဆုံးမရင်း ကျွန်တော့်အပါးတွင် လဲလျောင်းလျက် တော၏ သခ်ိန်းစာများကို သင်ကြားပေး၏။ ပြောင်၊ စိုင်၊ ဆတ်စသည့် သတ္တဝါများကို မည်သို့ မည်ပုံသတ်ဖြတ်စားသောက်ရမည်၊ စမ်းများတွင် ရေသောက်ဆင်းသော အမဲများကိုမည်သို့ ဖမ်းဆီးရမည် စသည်ဖြင့် သင်ကြားပြသသွားခဲ့၏။ အရုဏ်ကျင်း၍ အလင်းရောင်ပေါ်လာသည့်အခါ မိခင်ကြီးပြန်ရောက်လာ၏။ မိခင်ကြီးနှင့်အတူ ပါလာသော ကျီပေါက်ကလေး အသားကို စားရခြင်းဖြင့် အဘိုးနှင့် တွေ့ရခြင်းကိုပင် မိခင်ကြီးအား မပြောမိတော့ပေ။

ညပေါင်းလေးငါးဆယ်မျှ ကုန်ဆုံးသွားခဲ့ပြီးနောက် လပြည့်ညတစ်ညတွင် မိခင်ကြီးက ကျွန်တော့်အား ပြောလာ၏။

''သားလေးရေ လာဟေ့. . .တို့သားအမိ ဒီကနေ့ညအမဲလိုက်ကြရအောင် . . .''

ကျွန်တော့်အဖို့ မည်မျှ ဝမ်းမြောက်သည်ကို ပြောမပြနိုင်ပါချေ။ သဲပြင်ခင်းထားသော မေလိခမြစ်ဘေးတစ်လျှောက်ခုန်ပေါက်မြူးတူး၍ မိခင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးအပါးမှ လိုက်ပါလာခဲ့ရ၏။ မိခင်၏ အောင်မြင်ကျယ်လောင်သော ဟိန်းသံပေးလိုက်သည့်တွင် ထို့ထက်ပို၍အောင်မြင်မာကျောသော ဟိန်းသံကြီးကို ကြားလိုက်ရပြီးနောက် ဖခင်အား တွေ့လိုက်ရလေသည်။

♛ ♛ ♛

(၄)

ဖခင်သည် ကြီးမားသန်စွမ်းလျက် နက်မှောင်သော အစင်းကျားကြီးများဖြင့် တင့်တယ်လှပသလောက် ကြောက်မက်ဖွယ်ရာ ကောင်းသော ကိုယ်ခန္ဓာရှိ၏။ ကျွန်တော်၏ခေါင်းကို တစ်ချက်ပုတ်ခတ်ကျီစယ်ပြီး ရှေ့မှ ဦးဆောင်ထွက်ခွာသွား၏။ တစ်လုမ်းချင်း ရှေ့နောက်လျှောက်လာကြရာမှ ကိုင်းပင်များ ထူထပ်သော မြစ်ကမ်းနံဘေးသို့ ရောက်ရှိလာကြ၏။ ကြည်လင်သော ရေပြင်ကို မြင်သည်နှင့် မိုက်မည်းစွာ ကျွန်တော်က အသံပြုလျက်ပြေးဆင်း သောက်ရန် ဟန်ပြင်လိုက်မိ၏။ သို့သော် မိခင်က တားဆီးလိုက်သဖြင့် ရပ်နေမိဆဲတွင် ချောင်းစပ်မှ ဝဖြိုးသော ဆတ်ကြီးတစ်ကောင်မှာ လေအဟုန်ကဲ့သို့ ထွက်ပြေးပျောက်ကွယ်သွားတော့၏။ ဖခင်က မြွားတစ်စင်းပမာ လိုက်ပါသွားခဲ့သော်လည်း ခဏအကြာတွင် လက်ချည်းသက်သက် ပြန်လာခဲ့သည်ကိုတွေ့ရသည်။ ထို့နောက် မြေတုန်ခမန်း ဟိန်းလိုက်ပြီးလျှင် ကျွန်တော်တို့အား နှုတ်ဆက်ထွက်ခွာသွားတော့၏။

ဖခင်ကြီး ထွက်ခွာသွားပြီးနောက် မိခင်နှင့် ကျွန်တော်သည် ချောင်းအထက်တွင် မိုးလျက်ရှိသော ကိုင်းပင်ကို အကာအကွယ်ယူလျက်



www.burmeseclassic.com

www.burmeseclassic.com



ရေသောက်ဆင်းလာမည့် အမဲကောင်များကို စောင့်စားနေမိကြသည်။ ငယ်ရွယ်သော ကျွန်တော်အဖို့ ငြိမ်သက်စွာ စောင့်စားနေနိုင်ခြင်း မရှိသော်လည်း မိခင်ကမူ ညဦးမှ အရုဏ်သို့ရောက်လုနီးပါးအထိ မလှုပ်ရှားပဲ ငြိမ်သက်တိတ်ဆိတ်စွာ သားကောင်ကို ချောင်းမြောင်းစောင့်စားနေလေသည်။ နွေးထွေးသော မိခင်၏ ကိုယ်ခန္ဓာဘေးတွင် အိပ်တစ်ဝက်၊ နိုးတစ်ဝက် စောင့်စားနေမိခဲ့စဉ်ပင် မိခင်၏ ဆတ်ခနဲခေါင်းထောင်လိုက်သည့်အတွက် ကျွန်တော်နိုးလာခဲ့ရသည်။ ကျောက်ဆောင်များအကြားမှ လှမ်းကြည့်လိုက်မိသောအခါတွင် လရောင်ကြားမှ မည်းမှောင်တောက်ပြောင်လျက်ရှိသော ဦးခေါင်းကြီးတစ်ခုဖြင့် ရေစပ်တွင် ထီးထီးကြီးရပ်လျက်ရှိသော ပြောင်တစ်ကောင်ကိုတွေ့ရ၏။ လေထဲတွင် ကျွန်တော်တို့၏ အနံ့ကို ခံမိဟန်တူသော်လည်း ရေသောက်ချင်လွန်းလှသောကြောင့် ရေစပ်သို့ သတိထား၍ တစ်လှမ်းချင်း ဆင်းလာသည်ကို ကျွန်တော်မြင်ရ၏။ မကြာမီပင် တိတ်ဆိတ်ညင်သာစွာ လျှောက်လာခဲ့ပြီးနောက် ရေသောက်သံကို ကြားလိုက်ခြင်းဖြင့် ကျွန်တော်တို့၏ အပါးသို့ ရောက်ရှိနေပေပြီ။ တိတ်ဆိတ်သော ညကို ပြောင်ကြီး၏ ရေသောက်သံက ဖြိုခွင်းလျက်ရှိလေသည်။

မိခင်၏ အလွန်ညင်သာ မြန်ဆန်သော လှုပ်ရှားမှုကို ကျွန်တော်က ပထမဦးဆုံးအကြိမ် မြင်တွေ့ရခြင်း ဖြစ်ပါသည်။ ပြောင်ကြီးသည် ခြေအစုံကို ကားလျက် လည်တိုင်ကို နှိမ့်ကာ ရေသောက်လျက် ရှိရာသို့ မိခင်ကြီးသည် ခန္ဓာကိုယ်လုံးရှိ ကြွက်သားများကို စုစည်းလိုက်သည့်အလား ဆတ်ခနဲ တောင့်သွားလျက် လေထဲတွင် ဝဲပျံသွားခဲ့၏။ စက္ကန့်ဝက်လောက်အချိန်သည်ပင် ပြောင်ကြီးအတွက် အခွင့်သာသွားခဲ့သည်။ မိခင်ကြီး လေထဲမှပြောင်၏ ခန္ဓာကိုယ်ပေါ်သို့ မကျမီပင် ခေါင်းကို ထောင်လိုက်သည့်အတွက် ချိုဖျားသည် မိခင်၏ရင်အုံသို့ တိုက်ရိုက်စူးဝင်သွားခဲ့ရသည်။ ကျွန်တော်ကိုမူ ပြောင်ကြီးသည် သတိမထားမိချေ။ သန်စွမ်း နုပျိုသော ကျွန်တော်က မိခင်ကြီးကဲ့သို့ပင် ပြောင်ကြီး၏ ကိုယ်ပေါ်သို့ လွှားခနဲ ခုန်အုပ်လိုက်တော့၏။ မိမိရရကြီး ရောက်သွားသည်နှင့် အသားမျှောင်းကြီးများ ထနေ



www.burmeseclassic.com

www.burmeseclassic.com



သော ဂုတ်သားကြီးများကို ကိုက်ဆွဲခြင်းဖြင့်လည်းကောင်း မိခင်ကြီးက တဲဖန်ထပ်မံ လွှားခုန်ကိုက်ခဲခြင်းဖြင့် ကြီးမားသော ပြောင်ကြီးအား မြေသို့လှဲချနိုင်ခဲ့ကြ၏။

တစ်ဆက်တည်း ပထမဦးဆုံးအကြိမ်အဖြစ် အောင်မြင်မှုရခဲ့ခြင်းဖြစ်ရာဝယ် ဝမ်းမြောက်ပီတိဖြစ်မိ၍ တောအားလုံးကို လွှမ်းဖုံးမတတ် ကြွေးကြော်မိခဲ့ရလေသည်။ ရုတ်တရက် ဟိန်းသံကြီးတစ်ချက် ကြားလိုက်ရပြီးနောက် ဖခင်သည် ရောက်ရှိလာခဲ့ပြီး ကျွန်တော်တို့ လှဲထားသော အမဲအားဝမ်းမြောက်ဝမ်းသာအောင်ပွဲခံ စားသောက်နေတော့၏။

သို့သော် ပြောင်ကြီး၏ ဦးချိုဒဏ်ကြောင့် မိခင်ကြီးမှာမူ ရင်အုံတွင်ဒဏ်ရာ ပြင်းထန်စွာ ရရှိထားမှုကြောင့် သဲပြင်တွင် ငြိမ်သက်စွာ ဝပ်နေလေသည်။ မိခင်ကြီးအပါးသို့ ချည်းကပ်၍ ဒဏ်ရာအား ကြင်နာစွာ လျှာနှင့် လျက်ပေးမိသော်လည်း ဖခင်၏ ကြမ်းတမ်းစွာ တွန်းထိုးမောင်းနှင်လိုက်ခြင်းခံရပြီး ဖခင်က ပြောင်သားတစ်တုံးကို ကိုက်ဆွဲပစ်ပေးလိုက်သည်ကို တွေ့ရ၏။ ဖခင်သည် ပြောင်သားတုံးကို မိခင်အား ချပေးပြီးနောက်ဆက်လက်စားသောက်ခြင်းပြုရာ ကျွန်ုပ်တော်ပင်လျှင် မိခင်အားမေ့၍ ဖခင်နှင့်အတူ ချိုမြိန်သော အမဲကို နှစ်နှစ်ခြိုက်ခြိုက် စားသောက်လျက် ရှိ၏။ မိခင်ကြီးသည်ပင် ဖခင်ချပေးထားသော အသားတုံးကို စားသောက် စပြု၍မည်မျှကြာအောင် ကျွန်တော်တို့ စားသောက်နေမိသည်မသိ။ ထူး ဆန်းသောအသံကြောင့် လန့်သွားခဲ့ရ၏။ တစ်တုံတုံ တစ်တင်တင် မြည်၍တောကိုလွှမ်းမိုးသွားသံသည် အနီးအပါး တောင်ယာတောမှ နွားများ၏ ခလောက်သံပင်ဖြစ်ကြောင်း ဖခင်က ပြော၍သိရှိလာသည်။ အရဏ်ကျင်း၍အလင်းသို့ရောက်ရှိလာချေပြီ။ အစာကိုလွှတ်၍ ကျွန်တော်တို့ မိသားစုမှာ ဂူသို့သုတ်ခြေတင် ပြန်ခဲ့ကြရ၏။ လမ်းတွင် ဖခင်က ခွဲထွက်သွားခဲ့ပြီး ဂူသို့မိခင်ကြီးအား ကျွန်တော်က တွဲခေါ်လာခဲ့ပြီး နေရာချထားပေးခဲ့ရသည်။

ပြင်းထန်သော ဒဏ်ရာကြောင့် နောက်တစ်နေ့ ညဦးတွင် မိခင်ကြီး သေဆုံးသွားခဲ့ရ၏။ အားကိုးရာ မိခင်ကြီးသေဆုံးမှုအတွက် အပြင်း



www.burmeseclassic.com

www.burmeseclassic.com



သည် ချောက်ခြားသွားသည်ဖြစ်ရာ လပေါင်းအတော်ကြာအောင်ပင် ကျွန်တော်က ဂူတွင်းသို့ မပြန်တော့ဘဲ တောတွင်း၌သာ လှည့်လည် ကျက်စားလျက် ရှိခဲ့ရတော့၏။

မိခင်ကြီးဆုံးပါးသွားခဲ့ရမှုကြောင့် ခံစားရသော စိတ်ဝေဒနာသည် လည်း ကာလကြာမြင့်သည်နှင့် အမျှ တဖြည်းဖြည်းလျော့ပါးစ ပြုလာတော့ ၏။ ကျွန်တော်၏ ကိုယ်ခန္ဓာသည်လည်း ထွားကြိုင်းသန်မာလာကာ တစ် ကိုယ်တည်း ကိုယ့်အားကိုယ်ကိုး ရှာဖွေ စားသောက်လာခဲ့ရခြင်းဖြင့် ခံနိုင် ရည်ရှိလာပြီ ဖြစ်ပါသည်။ စိတ်ဓာတ်အားဖြင့်လည်း မိမိ၏ကိုယ်ကို ယုံကြည် မှုနှင့် ရင့်သန်ခိုင်မာလာစေ၏။ ပတ်ဝန်းကျင်နယ်မြေတစ်ခုလုံးတွင်လည်း ကျွန်တော့်အား အံ့တုနိုင်သူမရှိဘဲ နောင်ခိုင်သစ်တောကြီးဝိုင်းတစ်ခုလုံး၏ ဘုရင်တစ်ဆူသဖွယ်မင်းမူလာနိုင်ပြီ ဖြစ်ပါသည်။

တစ်နေ့တွင် ထူးဆန်းသော အဖြစ်အပျက်တစ်ခုဖြစ်ပွားခဲ့ရသည်။ ရက်စက်ကြမ်းကြုတ်မှု၊ သွေးသံရဲရဲ သတ်ဖြတ်မှုများဖြင့် ပြည့်နှက်လျက် ရှိသော ကျွန်တော့်ဘဝအား ထူးထူးခြားခြား ပြောင်းလဲလာသည်ကို မှတ်မိ နေပါသေးသည်။

ပူလောင်ပြင်းပြသော နွေဦးညတစ်ည။

ကျွန်တော် ဖြတ်သန်းကျော်နင်းသွားရသော တောတစ်တောလုံး ရှိမြေအပြင်သည် ပူလောင်ပြင်းပြလျက်ရှိသည်ဖြစ်ရာ ညှံ့သက်သော ကျွန်တော် ၏ ခြေဖဝါးများသည်ပင် ဖူးရောင်လုမတတ်ရှိ၏။ သက်သာလို သက်သာငြား မေလိခမြစ်ရေအေးအေးဖြင့် စိမ်ထားချင်သောဆန္ဒကြောင့် ချောင်းတွင်းသို့ ကိုင်းပင်များအကြားမှ တစ်ရွေ့ရွေ့ဆင်းသက်ခဲ့သည်။ ညှင်းလေသည် ချောင်းဆိမှ ကျွန်တော်ရှိရာသို့ ဖြည်းဖြည်းခြင်း တိုက် ခတ်လျက်ရှိသဖြင့် အားရပါးရတဝကြီး ရှူရှိုက်လိုက်လေသည်။ ထိုလေညှင်း နှင့်အတူ ကျွန်တော်၏ အသည်းနှလုံးများနိုးကြား ထကြွလာမတတ် ခံစား ရသော အနံ့တမျိုးကို သတိပြုမိ၏။ ထိုအနံ့ကြောင့် ချောင်းတွင်းသို့ ဒလကြမ်း ပြေးဆင်းလိုက်မိ၏။ ညှံ့သက်သော သာယာ ပျော်ဘွယ်



www.burmeseclassic.com

www.burmeseclassic.com



မြစ်ရေစီးသံအကြား မြစ်လယ်တွင် သူမကို တွေ့လိုက်ရသည်။ အေးဆေးတည်ငြိမ်စွာ လဲလျောင်းလျက် တောက် ပြောင်သော အနက်စင်းကျားများဖြင့် ကျွန်တော့်အား လှပသော မျက်နှာကလေးဖြင့် စူးစိုက်ကြည့်လျက် ရှိနေပါ၏။ ကျွန်တော်က တဖြည်းဖြည်းချင်း သူ့အနားသို့ ချဉ်းကပ်သွားသော်လည်း အေးဆေးတည်ငြိမ်စွာပင် လည်တိုင်ကို မော့လျက်ကြည့်နေသဖြင့် ကျွန်တော်က နှုတ်ဆက်လိုက်ရသည်။

သူမကမူ မည်သို့မျှပြန်လည် အဖြေပေးခြင်း မရှိဘဲ အမျိုးအမည် မဖော်ပြနိုင်သည့် ညည်းတွားသံဖြင့် ညင်သာစွာ ဟိန်းလိုက်၏။ ချစ်ခြင်းမေတ္တာဆိုသည်မှာ ဤကဲ့သို့ပင်တကားဟု ဦးစွာပထမ သတိရလိုက်မိပါသည်။ ဖြစ်ချင်ရာဖြစ် သဘောထားလျက် သူမအပါးသို့ မြစ်ရေပြင်အစပ်ပြေးဆင်းလူးလိမ့်ကာ ကပ်လိုက်မိသည့်တိုင် ငြိမ်သက်လျက်ရှိခြင်းကြောင့် အားတက်သွားမိ၏။ ကိုယ်လုံးချင်း ရှန်းရင်းဆန်ခတ်ဖြစ်အောင် တစ်ကောင်နှင့်တစ်ကောင် ပုတ်ခတ်ကိုက်ခဲကစားလိုက်မိသောကြောင့် သဲများ၊ ရေပန်းရေစက်များ ဖွာကြဲလျက် ရှိနေသည်။ ကျွန်တော်တို့ကမူ ချစ်မေတ္တာခြင်း ဇလှယ်မိကြပါလေပြီ။

မည်သို့ပင်ဖြစ်စေ...ကျွန်တော်အပြန်တွင်မူ အပါးမှ သူမကအတူ လိုက်ပါလာခဲ့ပြီဖြစ်သည်။ မိခင်ကြီးခေါင်းချရာ ဂူဟောင်းသို့ ပြန်သွားခဲ့သည်မှစ၍ ကျွန်တော်သည် ယခင်ကကဲ့သို့ တစ်ကိုယ်တည်း မဟုတ်မူ၍ ကြင်ဖော်သက်နှံကို ရရှိခဲ့ချေပြီတကား။

ပျော်ရွှင်ကြည်နူးဘွယ် နေ့ရက်များကုန်ဆုံးသွားပြီးနောက် မကြာမီပင် သူမသည် ကျွန်တော်နှင့်အလွန်တူသော သားကလေးတစ်ယောက်ဖွားလာခဲ့ပါသည်။ ထိုအချိန်မှစ၍ သူမအပါးသို့ ကျွန်တော့်အား အကပ်မခံတော့ပေ။ ကျွန်တော့်အဖို့လည်း အခုမှပင် ကျွန်တော့်ဖခင်အား ကိုယ်ချင်းစာကာ ကြင်နာမိရလေသည်။ ကျွန်တော့်သားအား ယခင်ကျွန်တော်၏ မိခင်က ကျွန်တော့်ကို သင်ကြားပေးသကဲ့သို့ပင် အမဲလိုက်ခြင်း အစာရှာဖွေခြင်း၊ တော၏မာယာအကြောင်းများကို သင်ကြားပေးခဲ့ပေသည်။ သို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကလည်း ယခင်ကတစ်ကိုယ်တည်းနေခဲ့သော ဘဝဟောင်းသို့ ပြန်ပြောင်းခဲ့ရတော့၏။

ကျွန်တော့်နယ်မြေသည် မကြာမီပင် အကြီးအကျယ်ပြောင်းလဲလာတော့သည်။ နောင်ခိုင်သစ်တောကြိုးဝိုင်း ပတ်ဝန်းကျင်တောကြီးများ တစ်စ တစ်စ ပျောက်ကွယ်သွားကြ၏။ တောင်ယာခုတ်လှဲ၍ မီးရှို့ပစ်ကြ၏။ အမဲလိုက်မုဆိုးလူသားများ၊ ထင်းခုတ်သူများ ခြေချင်းလိမ်လျက်ရှိပြီး ကျွန်တော့်အတွက် အမဲသားကောင်များ ရှားပါးစပြုလာတော့၏။ မုဆိုးများ၏ လက်ချက်ဖြင့် အမဲများပြုန်းတီးကုန်ကြသဖြင့် ကျွန်တော့်မှာ အစာငတ်မွတ်ခြင်းဒဏ်ကို ခံစားလာရ၏။ အစာရှာဖွေ၍ မရသော ညပေါင်းများလာသည်နှင့် အမျှ ဆာလောင်မွတ်သိပ်ခြင်းကြောင့် တောအတွင်းလှည့်ပတ်လျက် မရပ်အနား ရှာဖွေနေရသည်။ ယုန်ငယ်ကလေးများ တောင်ဆိတ်များ တစ်ခါတစ်ရံ ရရှိသော်လည်း ကျွန်တော့်အဖို့ အာသာပင် မပြေနိုင်ခဲ့ပါ။

သို့နှင့် အရုဏ်ချိန်များအတွင်း တောင်ယာတဲများ အနီးသို့ ချဉ်းကပ်လေ့လာကြည့်ရ၏။ ခလောက်သံများဖြင့် ရွာတွင်းမှ ခြေနှစ်ချောင်း သတ္တဝါများ ထိန်းကျောင်းမောင်းနှင်လာသော နွားအုပ်များကို တွေ့ရ၏။ ခြေနှစ်ချောင်း သတ္တဝါအားလွှန်သွားစေပြီးသည့် နောက်ကျန်ခဲ့သော နွားအုပ်မှ နွားပေါက်တစ်ကောင်အား တစ်ချက်ထဲနှင့် သတ်ဖြတ်လျက် တောတွင်းသို့ ချီမလာခဲ့ပြီး ငတ်မွတ်နေသောဝမ်းကို ဖြည့်လိုက်တော့၏။ ထိုအချိန်မှစ၍ ကျွန်တော့်အဖို့ ပင်ပင်ပန်းပန်း ရှာဖွေမနေတော့ဘဲ လွယ်လွယ်ရသော တောတွင်းစားကျက်မှ နွားများ၊ ကျွဲများကို အလျင်းသင့်သလို သတ်ဖြတ်စားသောက်နိုင်ခဲ့၏။ အခြေအနေသည် ကောင်းမွန်ပြည့်ဝစွာ တာရှည်မတည်မြဲနိုင်ပါ။ ရွာသားလူသားများက သူတို့၏ ကျွဲနွားများကို တောတွင်းသို့ မလွှတ်တော့ဘဲ တောင်ယာအနီးတွင်ပင် ချည်နှောင်ထိန်းကျောင်းခဲ့ကြသဖြင့် ကျွန်တော့်အစာရှာဖွေရေးမှာလည်း ပြန်လည် ခက်ခဲလာရပြန်သည်။ အငတ်ပြသနာကို ရက်ပေါင်းများစွာ ရင်ဆိုင်လာခဲ့ရ၏။ တစ်ညနေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နိုအောင်းရာနေရာတစ်ခုမှ တောင်ယာတဲစုမှ ရွာသားများ လှုပ်ရှားမှုကို အမှတ်မဲ့တွေ့မြင်ရသည်။ တောင်ယာတဲစုအနီးရှိ ခြံတစ်ခု အတွင်းသို့ နွားများကို စုပေါင်းထည့်လှောင်ထားခြင်းပင်။ စိတ်ထဲတွင် ပေါ်လာသော အကြံအတိုင်း ညလူခြေတိတ်အထိ စောင့်ဆိုင်းနေမိ၏။ အကာလညသည် တိတ်ဆိတ်ခြင်းက လွှမ်းမိုးလာ၏။ အမှောင်သည် ကျွန်တော့်အား ဖေးကူလျက်ရှိ၏။ ခြံစည်းရိုးနားအထိ ချဉ်းကပ်မိသည့် အခါတွင် နွားများသည် ကျွန်တော့်အနံ့ကို ရရှိသည့်အတွက် ဟိုမှသည်မှ ပြေးလွှားဆူညံလျက် ရှိနေကြ၏။ နွားများ၏ တဘဲဘဲ . . .တအဲအဲ အသံများကြောင့် မကြာမီ တောင်ယာတဲများမှ လူများနိုးလာကြသည်ကို စိုးရိမ်မိသော ကျွန်တော့်မှာ တစ်ချက်တည်းနှင့် စည်းရိုးကို ခုန်ကျော်လျက် ဝင်လိုက်ပြီး နွားအုပ်ထဲမှ ဆူဖြိုးသော နွားပေါက်တစ်ကောင်ကို ခုန်အုပ် လိုက်၏။ လည်တိုင်ကို မိမိရရခဲလျက် စည်းရိုးအနားသို့ ဆွဲခေါ်လာခဲ့၏။ နွားသည် လည်တိုင်ကို ကိုက်ဆွဲထားမှုကြောင့် တစ်ရွေ့ရွေ့ ကျွန်တော့် နောက်သို့ ပါလာလေသည်။ စည်းရိုး၏ အမြင့်မှာ မပြောပလောက် သော်လည်း ဆူဖြိုးသောနွားပေါက်ကိုကိုက်ချီ၍ ခုန်ထွက်ရန်မှာမူ လွယ်ကူ သော ကိစ္စမဟုတ်ပေ။ သို့သော် ကျွန်တော့်အဖို့ ဖြစ်သည့်နည်းဖြင့် ကြိုးစားရမည် ဖြစ်ပါသည်။ နွားအား မလွှတ်တမ်းကိုက်ထားရင်း စည်းရိုး ပေါ်သို့ပင် ခုန်ကြည့်လိုက်၏။ နွားသည် နာကျင်မှုကြောင့် ကျွန်တော့်အလို အတိုင်း ကိုယ်ကိုဆ၍ လျှော့လိုက်လာ သည်ဖြစ်သဖြင့် စည်းရိုးထိပ်သို့ တစ်ချက်ခုန်ရုံမျှနှင့် ရောက်ရှိခဲ့ပြီး စည်းရိုးအပြင်သို့မူ အလွယ်တကူပင် ခုန်ချနိုင်ခဲ့၏။ ထို့နောက် နွားကို အသေကိုက်သတ်လျက် နီးရာလျှိုတစ်ခု အတွင်းသို့ ယူဆောင်ကာ ငတ်မွတ်နေသောဝမ်းကို တစ်ထိုင်တည်းနှင့် အဝစားပစ်လိုက်ရတော့သည်။ အလင်းရောင်ပေါ်လာသည်နှင့် ကျန်နေသေး သည့် နွားသေကို ချုံတစ်ခုအတွင်း သို့ ကွယ်ဝှက်ထားလိုက်ပြီး ဂူတွင်း သို့ ပြန်၍တစ်ဝကြီးအိပ်စက်လိုက်ရသည်။ 'တစ်နေ့နှင့်တစ်ညအားရပါးရ အိပ်စက်ရာမှ ကျွန်တော်ကိုက်သတ်ထားခဲ့သည့် အမဲကို သတိရလျက်



www.burmeseclassic.com

www.burmeseclassic.com



နိုးလာသည်။ တောင်ကျောမှ အမြန်ဆုံး ဆင်းသက်၍ နွားသေရှိရာသို့ ထွက်ခဲ့မိ၏။

ရှေ့နောက်ဝဲယာကိုပင်မကြည့်။ နွားသေရှိရာကိုသာ စိတ်အေးအေးဖြင့် ထွက်လာခဲ့သော ကျွန်တော့်အဖို့ ဝန်ခံရမည်ကား...

ကျားဆိုသော ကျွန်တော်ကဲ့သို့ကျားများသည် အသိဉာဏ်လွန်စွာနည်းပါးသည်သာ။ အနံ့အသက်အာရုံကိုမသိ။ အမြင်နှင့် အကြားပေါ်တွင်သာ အားကိုးရ၏။ ယမန်နေ့က ကျွန်တော်ထားခဲ့သော နွားသေရှိရာချုံတွင်း၌ နွားမရှိတော့ပေ။ ပေ ၂၀ခန့် ဝေးသောကွင်းပြောင်ပြောင်မြေပြင်သို့ ဆွဲချထားသည်ကို တွေ့ရသည်။ တစ်ခုခုဖြင့် ထူးခြားနေပြီဖြစ်၏။ ထိုထူးခြားချက်သည် ကျွန်တော့်အား ကြိုတင်သတိပေးချက် ဖြစ်သော်လည်း ဆာလောင်မွတ်သိပ်လျက်ရှိသော ကျွန်တော့်အဖို့ တောင်တောင်အီအီတွေးတော စဉ်းစားခြင်းမပြုနိုင်ဘဲ အစာကိုသာမဲလျက် အငမ်းမရပြေးဟပ်စားသောက်လိုက်မိ၏။ ဤသည်ပင် ကျွန်တော့်အမှား ဖြစ်တော့၏။

ညသည်မှောင်မည်းလျက်ရှိသည်။ ကောင်းကင်မှ ကြယ်ကလေးများ၏ မှေးမှိန်သော အရောင်သည်သာ မှုံဝါးဝါး နွားသေကို ထွန်းလင်းလျက်ရှိ၏။ သန်းစွမ်းကြီးမားသော လက်သည်းများဖြင့် နွားသေအားဖဲ့လျက်ခံတွင်းသို့ တစ်ကိုက်မျှ ကိုက်လိုက်မိသည့်ခဏ၌ ဝင်းခနဲစူးရှသော အလင်းရောင်တစ်ခု တောက်ပလာ၏။ အလင်းရောင်တန်းပေါ်ထွက်လာရာသို့ ကိုယ်ကိုလှည့်ကြည့်လိုက်ရာ ပေသုံးဆယ်ခန့်အကွာ သစ်ပင်တစ်ပင်၏ အပေါ်မှ လာရောက်ခြင်းဖြစ်ကြောင်း သိရ၏။ တစ်ခါဖူးမျှ ထိုမျှ တောက်ပသောအလင်းရောင်ကို မမြင်ခဲ့ဖူးသဖြင့် အံ့သြ၍မဆုံးမီပင် ကျယ်လောင်သော ပေါက်ကွဲသံတစ်သံကို ကြားလိုက်ရပြီးနောက် လေးလံသည့်အရာဝတ္ထုက ကျွန်တော်၏ညာလက်ကို လာရောက်ထိမှန်လာခဲ့၏။ ညာလက်သည် ကျောက်တုံးကြီးတစ်တုံးနှင့် ပစ်လိုက်သကဲ့သို့ ပူခနဲဖြစ်သွားပြီး အသားမှ အရိုးသို့တိုင် ကျိုးပဲ့ကြေမွသွားခဲ့ရ၏။ ပြင်းထန်သော ဝေဒနာကို ခံစားရသဖြင့် ညာလက်တစ်ဘက်ကျိုးလျက်နှင့်ပင် ကျယ်လောင်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဘစ်ချက် ဟိန်းလိုက်ကာ ဂူသို့ အမြန်ဆုံး ထွက်ပြေးလာခဲ့ရသည်။ တစ်ညလုံး ဂူတွင်းတွင် နီအောင်းလျက် လက်မောင်းမှ ဒဏ်ရာကို လျှာဖြင့်ယက်ကာ ဝေဒနာခံစားနေရ၏။ နံနက်မိုးသောက်တွင်ကား ကျွန်တော့်လက်မောင်းမှ ဒဏ်ရာသည် ညာလက်တစ်ခုလုံးကို မည်သည့်အခါတွင်မှ အသုံးမပြုနိုင်တော့ကြောင်း ကျွန်တော် ကောင်းစွာသိလိုက်ပါသည်။

ရက်ပေါင်းများစွာပင် လက်မောင်းမှ ဒဏ်ရာကြောင့် အလူးအလဲခံခဲ့ရသည်။ ကြင်နာတတ်သော ကျွန်တော်၏ဇနီးက ရှာဖွေလာသည့် အမဲများကို စားလျက် ဂူတွင်း၌ ရက်သတ္တပတ်ပေါင်းများစွာ ဝေဒနာကို ခံစားရသည်။ သို့သော် နုပျိုသန်စွမ်းသော ကျွန်တော့်အဖို့ မကြာမီပင် အနာပျောက်ကင်းသွားခဲ့သည်။ လက်မောင်းတစ်ဘက်ကမူ လုံးဝအသုံးမပြုနိုင်တော့။ ဘေးတွင် တွဲလောင်းကျလျက်သာရှိ၏။ မသန်စွမ်းတော့သော ကျွန်တော့်ကဲ့သို့ ကျားတစ်ကောင်အဖို့ မည်သည့်နည်းလမ်းနှင့်မှ အစာကို ပြေးလွှားရှာဖွေခြင်း မပြုနိုင်တော့ပြီဖြစ်ရာ တစ်နေ့တစ်ခြား အစားအစာ ရှားပါးငတ်ပြတ်လာခဲ့ခြင်းဖြင့် ခွန်အားများလည်း ဆုတ်ယုတ်ခဲ့ရသည်။

ချိနဲ့သော ခန္ဓာကိုယ်ကို တစ်အိအိသယ်ဆောင်လျက် ခြေနှစ်ဘက် လက်တစ်ချောင်းဖြင့် လှည့်လည်စဉ် တစ်နေ့တွင် သေးငယ်သော လူသား တစ်ဦးတောတွင်းသို့ ဝင်ရောက်လာသည်ကို အမှတ်မထင်ဆုံဆည်းလိုက် ရ၏။ မျက်နှာခြင်းဆိုင်တွေ့လိုက်သည်နှင့် ကျွန်တော့်အား စိမ်းစိမ်းကြီး ကြည့်လျက်ရှိသော သူငယ်ကို အသာအယာပင် သုတ်သင်လိုက်နိုင်ကာ ကြုံစဖူး ထူးကဲချိုမြိန်လှသည့် မနုဿလူသားလူသွေးကို တစ်သက်တာတွင် မမေ့နိုင်လောက်အောင် သောက်မျိုစားသုံးခဲ့ရ၏။ စားခဲ့ဘူးသမျှ အသားများထဲတွင် ယခုအကြိမ် စားသောက်ရသော မနုဿသားကောင်၏ အသားသည်သာ အကောင်းဆုံးဖြစ်တော့သည်။ ကျေနပ်အားရစွာ ကျွန်တော်က ဂူသို့ပြန်ခဲ့ရာတွင် ထူးခြားသော မနုဿသွေးနံ့က ကျွန်တော်၏ တစ်ကိုယ်လုံးတွင် ဖုံးလွှမ်းလျက်ရှိနေ၏။ ဂူတွင်းတွင် ကျွန်တော့်အပြန်ကို စောင့်စားမျှော်လင့်လျက်ရှိသော ကျွန်တော်၏ဇနီးက ထိုအနံ့ကို ရှူမိ



www.burmeseclassic.com

www.burmeseclassic.com



...ညနှင့် တပြိုင်နက် ကျွန်တော်၏အပေါ်သို့ မချဉ်းကပ်တော့ဘဲ လျှင်မြန်စွာ ဆုတ်ခွာထွက်ပြေးပျောက်ကွယ်သွားခဲ့ရာမှ သူမအားမည်သည့်အခါမှ ထပ်မံမတွေ့ရတော့ပေ။

မမျှော်လင့်ဘဲ မနုဿသားကောင်အား ကျွန်တော်စားသောက်ခဲ့ပြီးသည့်နောက် ကျွန်တော်ကဲ့သို့သော တောတွင်းအသားစား အဖွဲ့များက တစ်စတစ်စ ကျွန်တော့်အား ရွံ့ကြောက်စွာ စွန့်ခွာသွားခဲ့ကြသည်။ အပေါင်းအသင်းများက ဖဲကြဉ်သွားခြင်းကိုခံရလင့်ကစား ကျွန်တော့်အဖို့ ထူးကဲချိုမြိန်သော လူသား၏အရသာကိုသာလျှင် စားသောက်လိုသည့် ဆန္ဒကြောင့် ထပ်ခါတလဲလဲ သတ်ဖြတ်စားသောက်ခဲ့ခြင်းဖြင့် လူသားစားကျားအဖြစ် အသွင်ပြောင်းလဲခဲ့ရ၏။ ခြေလေးချောင်းတောအမဲကောင်များအား လုံးဝ ပင်လှည့်မကြည့်တော့ပဲ။ ခြေနှစ်ချောင်းနှင့် မနုဿသားကောင်များကိုသာ ရှာဖွေခဲ့ပါ၏။ လူမှန်လျှင် ကျွန်တော်ကမည်သို့မှ မမှုတော့၊ ကျယ်ပြန့်သော နောင်ခိုင်သစ်တောနှင့် ပတ်ဝန်းကျင်တွင် ကျွန်တော်၏ အမည်ဆိုးကြီးက ပျံ့နှံ့ကျော်စောလျက်ရှိပါသည်။ တောင်ယာတဲစုမှ လူများရွာကြီးများသို့ ပြောင်းရွှေ့ထွက်ပြေးကြကုန်သည်။

တောင်ယာတဲများတွင်လည်း လူစလူန မမြင်ရတော့၊ ပျားဖွတ် ဆေးမြစ်၊ ဆေးဥရှာ ထင်းခုတ် ဝါးတိုက်လာသူများကိုလည်း မတွေ့မမြင်ရသည်မှာ ကြာချေပြီ။ ကျွန်တော်အန္တရာယ်စက်ကွင်းမှ လွတ်ကင်းရာသို့ ခိုလှုံထွက်ပြေးကြလေပြီ။ နောင်ခိုင်ရွာနီးချုပ်စပ်သို့ လှည့်လည်ချောင်းမြောင်းခဲ့သော်လည်း ခိုင်ခံ့မြင့်မားသော ရွာစည်းရိုး လုံခြုံသော အကာအကွယ်တို့ကြောင့် မည်သို့မျှ မတတ်နိုင်ဘဲ လက်မှိုင်ချနေခဲ့ရသည်။ သို့နှင့် ကျွန်တော်နှစ်သက်သည့် မနုဿလူသားပြတ်လပ်လာခဲ့သည်ဖြစ်ရာ ကျွန်တော်နေထိုင်ရာ [illegible]းလံသော နယ်သစ်တစ်နေရာသို့ တော ထွက်ခွာလာခဲ့မိ၏။ တစ်ညလုံး ခရီးပြင်းနှင်ခဲ့ရပြီး နံနက်ဝေလီဝေလင်း အချိန်တွင် တောင်ယာတဲစုအနီးသို့ ချဉ်းကပ်လာမိသည်။ တောင်ယာတဲစုသို့ ဝင်သွားသော လမ်းသည် ကျွန်တော်ရောက်ရှိနေရာ တောစပ်မှ မိုင်ဝက်



www.burmeseclassic.com

www.burmeseclassic.com



နံ့သာ ရှိတော့သဖြင့် တောစပ်မှ ဖဲ့ထွက်၍ လမ်းကလေးအတိုင်း တအိအိ ကျွန်တော်လာခဲ့ရသည်။ လမ်းကလေးသည ့ အတော်ဝေးဝေးမှ တောင်ယာတဲစုများနှင့် ဆက်သွယ်သောအသွင်ရှိ၏။ ကူးသန်းသူများရှိလိုရှိငြားလည်း သားကျောက်တုံးကျောက်ကွယ်များ အကြားတွင် ကိုယ်ကိုကပ်၍ ဝင်ကာ စောင့်ဆိုင်းနေမိ၏။ မကြာမီပင် မိုးလင်းပေတော့မည်။ လူ့သွေးအသားကို သောက်စားဝါးမျိုလိုသော ဆန္ဒကြောင့်ပေ၍သာ စောင့်နေမိသည်။ ခဏမျှ အကြာတွင် လမ်းအတိုင်းလူသုံးဦး စကားတစ်ပြောပြောနှင့် လျှောက်လာသည်ကို တွေ့မြင်ရ၏။ သူတို့အား တွေ့ရသည်မှာ ကျွန်တော့်ကို ဘယ်လိုမှ သတိပြုမိပုံမရ။ အေးအေးဆေးဆေးပင် လာနေပုံရသည်။ ကျွန်တော် ပုန်းနေရာ ကျောက်တုံးကြား၏ ရှေ့တည့်တည့်သို့ ရောက်လာသည့်အခါ တွင်ကား ကျွန်တော်က အချိန်ဖြုန်းမနေတော့ဘဲ ဝမ်းခေါင်းသံတစ်ချက် ပြုလိုက်ပြီး နီးရာလူကို လှမ်းအုပ်လိုက်သည်။ ထိုသူမှာ တစ်ချက်တည်းနှင့် ငြိမ်သက်သွားတော့၏။ လူသုံးဦးအနက် တစ်ဦးက လေအဟုန်ကဲ့သို့နောက် ကြောင်းကို ပြန်ပြေးသွားပြီး ကျန်တစ်ဦးက ကျွန်တော့်အား သူ၏လက်ထဲမှ ကိုင်ဆောင်လာသော တူရွင်းပြားနှင့် ပြန်လည်ရိုက်ပုတ်သည်။ သို့ဖြစ်၍ သူ့အား လည်မြိုကို ခုန်ဆွဲလျက် သုတ်သင်လိုက်လေသည်။ ကျွန်တော် နှစ်သက်သော မနုဿသားကောင်များက ရှေ့တွင် အဆင်သင့်ရှိနေပြီ ဖြစ်ပါသည်။ ကျွန်တော်က သားကောင်များကို အားပါးတရကိုက်ဝါး စားသောက်တော့မည်ပြုဆဲတွင်ပင် တောင်ယာတဲစုမှ လူတစ်အုပ် လက်နက် များ စွဲကိုင်ကာ ကျွန်တော်ရှိရာသို့ အပြေးလာနေကြသဖြင့် အစာကိုမှ ဆွဲမယူလာနိုင်တော့ဘဲ တောတွင်းသို့ ပြန်လည်ပြေးဝင်ခဲ့ရလေသည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဦးဆောင်သော နယ်မြေရှင်းလင်းရေး တိုက်ကင်းအဖွဲ့သည် တောစပ်မှ ထွက်လိုက်သည်နှင့် သည်မြင်ကွင်းကို ကျွန်တော်တို့ တွေ့လိုက်ရသည်။ လူအုပ်က ဘေးသို့ခွဲပေးသည်။ လူအုပ်ထဲမှ ရွာခေါင်းကြီး ဖော်ကျွန်ပြည့်က ထွက်လာပြီး ပြောသနေယင်းက–

"ကိုင်း...ဗိုလ်ကြီးလာတာ အတော်ဘဲ ဖြစ်ပုံကို ကြည့်စမ်းပါအုံး ငကျိုးကြီး ရမ်းကားသွားတာလေ"ဟု ယူကြုံးမရသံကြီးဖြင့် လမ်းပေါ်တွင် အသက်ကင်းမဲ့လျက်ရှိနေကြသော လီဆူးအမျိုးသားအဖအား ပြသခဲ့၏။ တစ်ကိုယ်လုံးတွင် ဓားနှီဆိုးထားသည့်အလား ချင်းချင်းနီလျက်ရှိသော သွေးများဖုံးလွှမ်းလျက် လက်နှစ်ဖက် ဆန့်တန်းကာ လူသွားလမ်းကို ကန့်လန့်ဖြတ်လဲလျက်ရှိ၏။ ဘေးတစ်လံအကွာတွင် ကပ်၍ ဒေါ်နော်ဘောက်က မြေပေါ်တွင် ဒူးထောက်ကာ သားအလောင်းကို ပွေ့၍ သည်းထန်စွာ ငိုရှိုက်လျက်ရှိသည်။ ဒေါ်နော်ဘောက်မှာ လင်ရောသားပါ တစ်ချိန်တည်း တစ်နေ့တည်း ဆုံးရှုံးရမှုကြောင့် မည်မျှ ကြေကွဲဖွယ်ရာ ဖြစ်မည်ကို တွေးတောခြင်းမပြုနိုင်ပါချေ။

"ကဲ...ဗိုလ်ကြီးတို့ ရောက်တုန်း လူသတ်ကောင် ငကျိုးကို ညံ့တွင်းချင်းစောင့်ပေးပါဗျာ..."

"ရပါတယ် ဖော်ကျွန်ပြည့်...ဖြစ်မှ ဖြစ်ရလေဗျာ၊ စိတ်မကောင်းလိုက်တာ"

ကျွန်တော်နှင့် ကျွန်တော့်ရဲဘော်များပါ စိတ်မကောင်းကြပေ။ ကျွန်တော်သည် တပ်ကြပ်ကြီး ထွန်ဖန်နန်အား တောင်ယာတဲစုများအတွင်း၌ နေရာချထားပေးရန်နှင့် ကင်းချထားရန် ညွှန်ကြားလိုက်ပြီးသည်နှင့် ဖော်ကျွန်ပြည့်က ...

"ဒါဖြင့် ကျုပ်တို့ ဒီညစောင့်လိုက်တာပေါ့၊ ငကျိုးကို သူ့အစားနဲ့ သူ့ပြန်မျှားယင် သူပြန်လာမှာ သေချာတယ် ဗိုလ်ကြီး"

ရွာခေါင်းကြီး ဖော်ကျွန်ပြည့်က ကျွန်တော့်အား မြေယင်းအလောင်းများကို သည်အတိုင်းထားရန်အတွက် ဒေါ်နော်ဘောက်တို့ ဝသက်

www.burmeseclassic.com



ဘည်း တောင်းပန်နေသည်။

"နော်ဘောက်ရဲ့ သေတဲ့လူလည်းသေပြီ၊ ကျုပ်တို့ ကိုယ်ချင်းစာပါတယ်၊ နင့်လင်နဲ့သားကို သတ်သွားတဲ့ ကျားကို ဟောဒီဗိုလ်ကြီးက ကောင်းကောင်းလက်စားချေပေးပါလိမ့်မယ် နော်ဘောက်"

"အိုး...ငါမထားခဲ့နိုင်ဘူး...မထားခဲ့နိုင်ဘူး။ ဘယ်နည်းနဲ့မှ ထားခဲ့နိုင်ဘူး။ ငါ့လင်နဲ့ ငါ့သားအလောင်းကို ငါပြန်ယူသွားရမယ်"

ဒေါ်နော်ဘောက်က ခါးခါးသီးသီးငြင်းဆန်သည်။

ကျွန်တော်က ဇော်ကျန်ပြည့်အား တိုးတိုးပြောရ၏။

"ဒီမှာ ဇော်ကျန်ပြည့် ကျားလာအောင်က ဒီအလောင်းတွေကို ဒီအတိုင်းထားမှ ဖြစ်မှာဗျ။ ယူသွားရင်တော့ ဒီကျားကို ဘယ်လိုမှ သတ်သို့ရမှာ မဟုတ်ဘူး..."

ဇော်ကျန်ပြည့်က ဒေါ်နော်ဘောက်အား အမျိုးမျိုးဖျောင်းဖျ၏။ သို့သော် လုံးဝလက်မခံဖြစ်နေ၏။

"ငါ့ကို မနှောင့်ယှက်ကြစမ်းပါနဲ့ဟယ်၊ ထားခဲ့ကြစမ်းပါ၊ ငါဒီမှာဘဲ ငါ့သားနဲ့ ငါနေမယ်၊ ကျားလာရင်လာပါစေ၊ ငါ့ကို ကိုက်လို့ သေရင်ဘဲ သေပါစေဟယ်"

ဒေါ်နော်ဘောက်က အပြင်းအထန် ငြင်းဆန်လျက်ရှိ၏။ သို့နှင့် ကျွန်တော်က ဝင်ရောက်ပြောကြည့်ရသည်။

"အဒေါ်က...အဒေါ်အချစ်ဆုံး သားဆုံးရပြီး...အဒေါ်သားကို သတ်တဲ့ဒီကျားဆိုး ဒီညမသေသေးရင် မနက်ဖန် ဒါမှမဟုတ် သဘက်ခါ ကျရင် အဒေါ်လို ထခြားအဒေါ်တွေလဲ ဒီလိုပဲ သားဆုံးကြရအုံးတော့မယ်၊ ဒီကျားယုတ်ဟာ တစ်နေ့မဟုတ် တစ်နေ့ လူကိုသတ်အုံးမှာဘဲ အဒေါ်"

ဒေါ်နော်ဘောက်သည် ကျွန်တော်၏ စကားကို လက်ခံ၏။ သို့သော် သားအလောင်းကို ယူသွားမည်ဖြစ်ပြီး သူ့မယောကျ်ားအလောင်းကို ထားရစ်ခဲ့မည်ဖြစ်ကြောင်း သဘောတူလေသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အဖို့ ကျားဆိုးကို သူလိုက်သတ်



www.burmeseclassic.com

www.burmeseclassic.com



သားကောင်နှင့် ပြန်စောင့်ပြီး သုတ်သင်ခွင့်ရပြီးဖြစ်ရာ အစီအစဉ် အမြန်ဆုံး ဖောက်ကျန်ပြည့်နှင့် တိုင်ပင်ပြုလုပ်ရသည်။ ဒေါ်နော်ဘောက် ဆောင်ယာတဲစုသို့ ပြန်စေပြီး သူ့သားအလောင်းကို ရဲဘော်များအား သယ်ယူစေပါသည်။

ကျွန်တော်နှင့် ဖော်ကျန်ပြည့်က ကျားကို စောင့်ပစ်ရန် အနီး အပါးတွင် နေရာရှာရလေသည်။ အနီးအနားတွင် သစ်ပင်ကြီးငယ် မရှိသဖြင့် အခက်အခဲတွေ့လျက်ရှိ၏။ နေရာကောင်းတစ်ခုအနေနှင့် နံနက်က ကျား ကိုယ်တိုင် အသုံးပြုခဲ့သော လမ်းဘေးမှ ကျောက်တုံးကြီးနှစ်တုံးသာ ရှိသဖြင့် ထိုနေရာကိုပင် ရွေးချယ်လိုက်ရသည်။ ကျောက်တုံးနှစ်တုံးအကြားတွင် ကျွန်တော်က စောင်ကြားတစ်ထည်ထုတ်၍ ချခင်းလျက် ရှေ့မြင်ကွင်းအား ချုံပုတ်ငယ်ကလေးများဖြင့် သဘာဝကျအောင် ကာကွယ်ထားလိုက်ကာ ကျားအလာကို ထိုင်စောင့်နေလိုက်သည်။ ကျန်လူများကို အမြန်ဆုံး ပြန်လွှတ် လိုက်၏။ တပ်ကြပ်ကြီး ထွန်းဇန်နန်ကမူ ကျွန်တော်စောင့်မည့်နေရာကို သိပ်သဘောမကျပေ။ လူသေနှင့် ၅ပေခန့်မျှသာ ဝေးကွာလျက်ရှိသည်က တစ်ကြောင်း၊ ကျောက်တုံးနှစ်တုံး၏ အခြေအနေအရ နောက်ပိုင်းမှ သော်လည်းကောင်း၊ အပေါ်မှသော်လည်းကောင်း ကျားဆိုးဝင်ရောက် တိုက်ခိုက်နိုင်သည့်အတွက် ဖြစ်၏။ သို့သော် ကျွန်တော်ကမူ ဤနေရာ ပင် စောင့်ဆိုင်းရန် ဆုံးဖြတ်လိုက်သည်။

အမှောင်သည် တဖြည်းဖြည်းလွှမ်းမိုးလာ၏။ မိုတ်တုတ်မိုတ်တုတ် ကြယ်ကလေးများနှင့် သုံးရက်လကလေး၏ အရောင်ကြောင့် ပတ်ဝန်းကျင် ကို အတော်အတန် ထင်ရှားစွာ မြင်နေရ၏။ ညင်သာစွာတိုက်ခတ်လျက် ရှိသော လေသည်အေးမြစွာ အဝတ်မဲ့မျက်နှာကို ဖြတ်သန်းရစ်ပတ်လျက် ရှိ၏။ ညငှက်တစ်ကောင် နှစ်ကောင်၏ စူးစူးဝါးဝါးအော်လိုက်သံကြောင့် ပတ်ဝန်းကျင်သို့ လှည့်ပတ်ရှာဖွေ စူးစိုက်ကြည့်လိုက်သည်တွင်ကား ... သဏ္ဍာန်တစ်ခုသည် လမ်းကလေးအတိုင်း ကျွန်တော်၏ ရှေ့ ... အလောင်း တည့်တည့်သို့ ချဉ်းကပ်လာနေသည်ကိုတွေ့ရသည်။ ပထမတွေ့

www.burmeseclassic.com



ကျွန်တော်၏ စိတ်များပင် ဇဝေဇဝါဖြစ်သွားရသည်။ အနီးသို့ ချဉ်းကပ်လာ ခဲ့မှာ သတိကြီးစွာ ထားလျက်လာနေသည့် အသွင်ဖြစ်၏။ သို့သော် ကျွန်တော်က မလှုပ်မယှက်ငြိမ်သက်စွာ စောင့်ဆိုင်းနေသည့် ခဏ၌ ရှေ့မြင် ကွင်းအလင်းရောင်တွင် ကျားကို ထင်ထင်ရှားရှားကြီး တွေ့ရ၏။ ချဉ်းကပ် လာပုံမှာ အမြင်တစ်မျိုးဖြစ်ရခြင်းအကြောင်းကို အနီးကျမှပင် ကျွန်တော် အသေအချာသိလိုက်ရသည်။ ကျား၏ ညာဘက်ရှေ့လက်တစ်ချောင်းသည် သုံးဝလှုပ်ရှားနိုင်ခြင်း မရှိဘဲ၊ ဘေးတွင်ဒရွတ်တိုက်လျက်ရှိသည်။ သုံးချောင်း သောခြေများနှင့်သာ ရွေ့လျားလျက်ရှိသည့် ကျားကြီးမှာ ကြီးမား၍ ပါဖျော့ဖျော့ကိုယ်လုံးပေါ်တွင် နက်မှောင်သော အမည်းစင်းကြီးများ ကျားလျက်ရှိ၏။ စကောတစ်ချပ် နီးနီးကြီးမားသော ခေါင်းဝိုင်းဝိုင်းကြီးတွင် ၍ ဝိုင်းစက်သော နားရွက်တစ်စုံက အရုပ်ဆိုးစွာ ထောင်နေ၏။ ရက်စက် ကြမ်းကြုတ်မှုကို ဖော်ပြသော မျက်လုံးအစုံသည်လည်း လရောင်တွင် မီးလုံး ကြီးများပမာ တောက်ပလျက်ရှိ၏။

ကျားကြီး၏ အသွင်သဏ္ဌာန်ကို ကြည့်ယင်း ကျွန်တော်က စိတ်တွင်းမှ ကျားကဲ့သို့သော တောသတ္တဝါအား ယခုကဲ့သို့ တောင်မဝီ မြောက်မဝီဖြစ်လောက်အောင် ပစ်ခတ်ခဲ့သူ မုဆိုးများကို ကျိန်ဆဲနေမိတော့ သည်။ ကျားကို လက်ကျိုးအောင် ပစ်ပြီးနောက် သွေးစက်ခံလျက် အပြီး လိုက်မသုတ်သင်ဘဲ သက်ဆိုးရှည်အောင် သူရဲဘောနည်းစွာ စွန့်ပစ်ခဲ့ခြင်း ဖြင့် အန္တရာယ်ကောင်ကြီး အသွင်ပြောင်းလဲခဲ့ရခြင်းဖြစ်တော့၏။ သူမွေးခဲ့ သောမီးသည် ယခုအချိန်အထိ ပြင်းထန်ကြီးမားစွာ တောက်လောင်လာ သောမည်ကို သတိမှပါဦးမလားဟု တွေးမိသည်။ မည်သို့ပင် ဖြစ်စေကာမူ ရှင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ နောင်နိုင်သစ်တောကြီးဝိုင်းအတွင်း လူ ပေါင်းလေးဆယ့်တစ်ယောက်တိတိ သတ်ဖြတ်စားသောက်ခဲ့ပြီးဖြစ်သည့် "လူသားစား ကျားကြီး"ကြီးသည် ကျွန်တော်၏ ကာဘိုင်သေနတ် ပြောင်းဝတွင် နောက်ဆုံးအချိန်ကို စောင့်စားလျက်ရှိနေပါချေပြီ. . .

သတိကြီးစွာဖြင့် ကျွန်တော်၏ ကာဘိုင်သေနတ်ကို တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



[illegible]၍ ပစ်မှတ်ကို စူးစိုက်ချိန်ဆလိုက်သည်။ ကျားကျေးသည် အစာကိုသာ [illegible]တကြီးစားသောက်ရန် လုံးပန်းနေသည်ဖြစ်ရာ ပတ်ဝန်းကျင်တွင် [illegible]ရန်သူရှိသည်ကိုမူ သတိမူမိဟန်မတူပေ။ ပြောင်းဖျားရှိ ချိန်သီးကလေးကို စူးစိုက်၍ ပစ်မှတ်သို့ နေရာချလိုက်သည်။ အနေအထားမှန်ကန်စွာ ကျားကျေး၏ တစ်ဘက်တည်းသာ ကောင်းမွန်တော့သည့် လက်ပြင်ကို တည့်မတ်သွားသည်နှင့် တပြိုင်နက် ခလုတ်ပေါ်တွင် ရှရှကလေးတင်သည့် လက်ညှိုးကို ကွေးညှစ်ချလိုက်ရတော့၏။

ပြင်းထန်သော ပေါက်ကွဲသံ တိတ်ဆိတ်သွားသည်နှင့် တပြိုင်နက် ကျားသည် တွန့်ခနဲဖြစ်သွားပြီးနောက် သူနောက်ဆုံး သတ်ဖြတ်ခဲ့သော လူသား၏ အလောင်းဘေးတွင်ပင် ဖြည်းညှင်းစွာ လိမ့်ဆင်းလဲကျသွားကာ ငြိမ်သက်သွားလေတော့သတည်း။ ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# မြစ်ဆုံကျား
# နှင့်
# တောမုဆိုးများ

နှင်းငွေ့မှုန်နေသော တန်ဆောင်မုန်းလလယ်ရက်တစ်ရက်၏ နံနက်ခင်းဖြစ်ပါ၏။

မျှော်လိုက်တိုင်းလည်း တောတပြင်ကို နှင်းငွေ့တွေကာဆိုင်း ချယ်လှယ်လျက် လမ်းမမြင်၊ ကမ်းမမြင်တိုင်အောင် ရှိဘိ၏။

ငှက်ငန္ဒားတစ်အုပ်၏ လျှိုအထက်ရှိ သစ်ဖြူပင်ကိုင်းများဆီမှ တစ်ဘူးဘူးနှင့် မြည်သံများသာလျှင် ပတ်ဝန်းကျင် တစ်ဝိုက်အဖို့ လှုပ်ရှားသက်ဝင်သံများ အဖြစ်ပေါ်ထွက်နေပေသည်။

အတော်မြင့်မားသော အုပ်ဆိုင်းကာမိုးထားသည့် သစ်ပင်သစ်ရွက်တွေကြား နေမှရောင်ခြည်ပြောက်တွေကလည်း လိုက်၍စီးဆင်းနေသည့် နမ်းလန်မြစ်ဆုံရေယဉ်မှ ရောင်ပြန်ဟပ်ကာ တဖျတ်ဖျတ်တောက်ပနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးဆစ်တိုခွက်နှင့် ထည့်ထားသည့် လဘက်ရည်ကို တပ်ကြပ်ကြီး သွန်းကန်နန်လာပေးသည်ကို အပြီးသတ်မော့၍ သောက်လိုက်၏။ ယခုမှပင် ဗိုက်ထဲရင်ထဲ၌ အတော်နွေးသွားကာ နေသာထိုင်သာ ရှိရတော့၏။ နမ်းလန်း မြစ်ဆုံ၏ အချမ်းနှင့် အအေးဓာတ်ကား စံတင်လောက်ပါပေသည်။

မြို့ပြကျေးရွာတို့၏ တန်ဆောင်မုန်းလအဖို့ အေးဖို့ချမ်းဖို့ ဟန်ရေးပြ ပြင်ကြဆင်ကြတုန်း ဖြစ်သော်လည်း ကချင်ပြည်နယ်တောင် တန်း အခြေ၌ မြူနှင်းက တအားတိုက်ကာ အချမ်းကလည်း အပြီးပါလာ၏။

နောင်ခိုင်ရွာမှ မုဆိုးကြီးလမုန်ထန်နှင့် နမ်းလန်းမြစ်ဆုံရွာမှ မုဆိုးကြီး လမ်းပြ ဇော်ကျုန်ပြည့်တို့နှစ်ယောက်သည် ဆိတ်ငြိမ်စွာဖြင့် ဝါးမြစ်ဆံ ဆေးတံများကို တအားရှိုက်ဖွာရင်း ကိုယ့်အတွေးနှင့်ကိုယ်စိတ်ကူးနေကြ တွေ့ရ၏။

ကျွန်တော်က စတင်၍–

''ဘယ်နှယ့်လဲ လမုန်ထန်စောစောပဲ ထွက်ကြမလား''ဟု မေးလိုက်သည်။

နမ်းလန်းမြစ်ဆုံရွာ ရွာခေါင်းမုဆိုးကြီး ဇော်ကျုန်ပြည့်က–

''သွားတာပေါ့ ဗိုလ်ကြီး၊ ခဏတော့ နေပါအုံး ဒီကောင်ကြီး ဒီတော ဒီမြောင်ထဲက ရှောင်မလွတ်နိုင်ပါဘူးလေ''

လီဆူးလူမျိုးတစ်ယောက် ပြောကဲ့ဆိုခြင်းနှင့် ပတ်သက်၍ နမ်း လန်းမြစ်ဆုံရွာခေါင်း မုဆိုးကြီးဇော်ကျုန်ပြည့် ကျွန်တော့်တို့ တပ်စခန်းသို့ ရောက်လာရာမှ သည်ဓာတ်လမ်းခဲ့ရခြင်း ဖြစ်ပါသည်။

လီဆူးတိုင်းရင်းသား လဗျမှာ နမ်းလန်းမြစ်ဆုံမှ ငါးမိုင်ခန့်အကွာ ရှိ 'ပျားတောင်'ဟုခေါ်သော ပျားအုံများ အလွန်တရာပေါများလှသည့် ကျောက်ဆောင်ရှိရာသို့ ပျားဖွတ် ဆေးမြစ်ရှာသွားလာရာမှ ပြန်လည် ရောက်ရှိမလာခြင်း ဖြစ်၏။

ခဏအကြာတွင် လဗျ၏ အဖေနှင့်အစ်ကိုဖြစ်သူတို့ ရောက် လာကြသည်နှင့် မြစ်ဆုံရွာခေါင်းကြီး ဇော်ကျုန်ပြည့် ဒူးလည်ကျင်းဆော



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသား မုဆိုးကြီး လမုန်ထန်၊ တပ်ကြပ်ကြီး ထွန်ဇန်နန်တို့နှင့် အဘူ ကျွန်တော်ကိုယ်တိုင် လိုက်ပါလျက် တောအုပ်ကြီးအတွင်းသို့ ထွက်ခွာခဲ့ကြ၏။

ကျွန်တော်တို့ မုဆိုးတစ်စု ရောက်ရှိနေသော နယ်မြေမှာ နပ်းလန်း မြစ်ဆုံ သစ်တောကြိုးဝိုင်းနှင့် မချမ်းဘော သစ်တောကြိုးဝိုင်း၏ နယ်နိမိတ် ကြောင်း နယ်မြေဖြစ်သော လူအရောက်အပေါက်နည်းပါးလှသည့် တောကြီးမျက်မည်း နယ်မြေတွင် ရောက်ရှိခြင်း ဖြစ်၏။

ထိုဒေသ ထိုနယ်မြေမှပင် ဆင်၊ ပြောင်၊ စိုင်၊ ကြံ့၊ ကျား၊ သစ် ဆင်ကြီးနှင့် ကျားသစ်စသည့် မြန်မာပြည်၏သားကောင်ကြီးများသည် တနယ်မှ တစ်နယ်သို့ အုပ်လိုက်ဖြစ်စေ၊ တစ်ကောင်ချင်းဖြစ်စေ ဖြတ်ကျော် ကူးသန်းကာ စားကျက်သစ်၊ နယ်မြေသစ်များသို့ ဝင်ထွက်သွားလာလေ့ ရှိလေသည်။

ကျွန်တော်တို့လူစုသည် နေ့လယ်ပိုင်းအထိ ပျောက်ဆုံးနေသော သဇာကို ဖြန့်၍ရှာဖွေကြ၏။ သေဆုံးသွားပြီဖြစ်သော လဗျ၏အလောင်းကို တပ်ကြီးကြီးထွန်ကန်နန်နှင့် လဗျ၏ အစ်ကိုဖြစ်သူတို့က ချောက်တစ်ခုထဲ တွင် တွေ့ရှိခဲ့ကြောင်း ကျွန်တော့်ထံသို့ သတင်းပို့လာတော့၏။

အဆိုပါ နေရာသို့ရောက်အသောအခါ လည်ချောင်းကို အကိုက် ခံရပြီး သေဆုံးနေခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ၏။ အနီးတွင်မူ ဆေးမြစ် ဆေးဥအချို့နှင့် ပျားရည်များ ထည့်ထားသောပုံးမှာ လဲကျလျက်ရှိ၏။ ဖလွတ်နှင့် အနီးတစ်ဝိုက်တွင်ကား ဖိတ်ကျဲထားသော ပျားရည်များကြောင့် စားသောက်ပွဲကျင်းပနေသော ပုရွက်ဆိတ်နက်ကြီးများ ခဲလျက်ရှိ၏။

အစပိုင်းတွင် လဗျအား ကျားကိုက်ခံရ၍ သေဆုံးခြင်း ဖြစ်သည် ဟု ထင်မှတ်နေမိသော်လည်း မည်သည့်အတွက် ဤမျှတိတ်ဆိတ်၍ ချောင် ကောင်းသောနေရာတွင် မစားသနည်းဟု တွေးမိလာ၏။ သို့စေကာမူ ကြောမိအတွင်းမှာပင် လူသတ်ကောင်မှာ သားပေါက်ကလေးပါသော ကျက်ဝံမကြီးတစ်ကောင်၏ လက်ချက်ဖြစ်ကြောင်းကို သိလာရ၏။ ချောက်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ သဲပြင်ပေါ်တွင် လူခြေရာနှင့် တူသော ဝက်ဝံမကြီး၏ ခြေရာများန
သားပေါက်ကလေး၏ ခြေရာသေးသေးကလေးများကို အထင်အရှား မြ
တွေ့ရသောကြောင့်ပါတည်း။ ထို့ကြောင့် ကျွန်တော်က လမုန်ထန်န
ဇော်ကျန်ပြည့်တို့အား . . .

"လဗျဟာ ပျားအုံလိုက်ရှာနေတဲ့ ဝက်ဝံမကြီးနဲ့ ပက်ပင်းတိုးမိ
ရတယ်ဗျ၊ ဒီမှာတင် လန့်ဖျန့်ပြီး စိတ်ဆိုးသွားသလို သူ့သားငယ်တွေ
လည်း ကာကွယ်တဲ့အနေနဲ့ ပျားအုံရှာနေတဲ့ လဗျကို တိုက်ခိုက်ရန်မူတာ
ဖြစ်ရမယ် လမုန်ထန်"

"ဖြစ်နိုင်ပါတယ် ဗိုလ်ကြီး သည်ဝက်ဝံမတွေဟာ မရေမ
စိတ်ထားရှိတတ်တဲ့ တိရစ္ဆာန်လိုမျိုးတွေဘဲ။ သူတို့မှာက အမြင်အကြားအာ
မကောင်းကြဘူးလေ။ ဒါကြောင့်လဲ လူတွေက မကြာခဏ အနီးကပ်တ
မိတတ်ကြပြီး ရုတ်တရက် ထိတ်လန့်ရန်မူ တတ်လေ့ရှိပါတယ် ဗိုလ်ကြီး"

ကျွန်တော်သည် မိမိသားငယ်ကို ကာကွယ်သည့် အနေဖြ
သတ်ဖြတ်ရန်မူသွားသော ဝက်ဝံမတစ်ကောင်၏ နောက်သို့ လိုက်လံ
စိတ်မရှိပါ။ သို့သော် နမ်းလန်းမြစ်ဆုံရွာခေါင်းမှုဆိုးကြီး ဇော်ကျန်ပြည့်
"မလုပ်ပါနဲ့ ဗိုလ်ကြီး . . . ကျုပ်တို့ရွာကလူတွေ မကြာခ
ဆေးမြစ်ရှာ၊ ပျားဖွပ်လာလေ့ရှိပါတယ်၊ ဒီဝက်ဝံမ အန္တရာယ်နဲ့ ထပ်တိုး
ရင် နောက်ထပ်အသက်ဆုံးရှုံးမှုရှိနိုင်ပါတယ် ဗိုလ်ကြီး၊ အခုထဲက တစ်ခ
ရှင်းပစ်ပေးခဲ့ပါဗျာနော် . . ."ဟု တိုက်တွန်းပြောကြားလေသည်။

သည်တွင် ကျွန်တော်သည် လဗျ၏ အဖေနှင့်အစ်ကိုတို့အ
လဗျ၏အလောင်းကို စောင်ပုခက်ဖြင့် သယ်ယူစေပြီး တပ်ကြပ်ကြ
ထွန်းဇန်နန်ကို အစောင့်ထည့်၍ ပြန်သွားစေပါသည်။ ပြီးမှ လမုန်ထ
ဇော်ကျန်ပြည့်နှင့်အတူ ဝက်ဝံမသွားရာသို့ ခြေရာခံလိုက်သွားကြ၏။

လမ်းကြောင်းသည် ချောက်အတိုင်းသွားနေရာမှ ချောင်းကလေ
တစ်ခုနှင့် ပေါင်းဆုံမိသွား၏။ ဝက်ဝံသားအမိသည် ချောင်းရိုးအတိုင်းသွ
နေပြီးမှ ကျောက်ဆောင်ကျောက်ခဲများ ထူထပ်ပေါ်များလှသော တောင်က



www.burmeseclassic.com

www.burmeseclassic.com



တစ်ကုန်းပေါ်သို့ တက်သွားကြ၏။ ထိုကျောက်ဆောင်များပေါ်တွင် ကျင့်သား မရှိသော ကျွန်တော်၏ မျက်စိများမှာ ဝက်ဝံဖြတ်သန်းသွားသော သဲလွန်စဟူ၍ ဘာမျှ မတွေ့မြင်ရပါချေ။

သို့ရာတွင် ဒူးလင်းဂျင်းဖောတိုင်းရင်းသား မုဆိုးကြီး ဇော်ကျန်ပြည့်မှာမူ မျက်စိလျင်သလောက် ခြေရာကောက်ကျွမ်းကျင်လှ၏ လန်နေသော ကျောက်ခဲကလေးတစ်လုံး ကျနေသော သစ်ရွက်ကလေးတစ်ရွက် အနည်းငယ်မျှ ကုတ်ခြစ်ရာကလေးတစ်ခုကို တွေ့ရှိမှုနှင့် ဝက်ဝံမ ဖြတ်သန်းသွားကြောင်း သိရှိလေသည်။

နောက်ဆုံးတွင် ကျွန်တော်တို့ လူစုသည် ကျောက်ဂူတစ်လုံး၏ အဝသို့ ချဉ်းကပ်လာမိကြ၏။ ဂူအထက်ရှိ မိုးနေသော ကျောက်ဆောင်စွန်းတွင်ကား တွဲလောင်းကျနေသည့် ပျားအုံဆယ့်ငါးအုံကို တွေ့ရ၏။ ဇော်ကျန်ပြည့်က...

"ဒီဂူဘဲ ဗိုလ်ကြီး ဝက်ဝံသားအမိ နေထိုင်ကြတာ"ဟု ပြော၏။

ထို့ကြောင့် ကျွန်တော်က ဂူဝအခြေအနေကို ကြည့်ပြီး–

"ဒါဆို ဇော်ကျန်ပြည့်နဲ့ လမုန်ထန်က ဂူထဲက ဝက်ဝံမထွက်လာအောင် လုပ်ကြလေ၊ ကျွန်တော်အဆင်သင့် ပစ်နိုင်အောင် လုပ်ထားမယ်"

မုဆိုးကြီး လမုန်ထန်နှင့် ဇော်ကျန်ပြည့်တို့သည် ဂူတွင်းသို့ ကျောက်ခဲများဖြင့် ချောက်လှန့်ပစ်ပေါက်ကြ၏။ ဂူတွင်းသို့ ဆယ်မိနစ်မျှကြာအောင် မရပ်မနားပစ်ပေါက်ကြသော်လည်း မည်သည့်အသံမျှ မကြားရပေ။ ထိုအခါ ဇော်ကျန်ပြည့်က ကိုင်းမြက်ပင်ခြောက်များ လေးငါးခု ပြုလုပ်ပြီး မီးရှို့ကာ ဂူအတွင်းသို့ ပစ်သွင်းလိုက်၏။ သို့သော် ထူးခြားမှု မရှိပေ။

ဤတွင် လမုန်ထန်က အရေးပေါ် မီးတုတ်တစ်ခုပြုလုပ်ပြီး မီးညှိကာ ရှေ့ဆုံးမှ ဝင်သွား၏။ ကျွန်တော်က နောက်မှ အလိုက်သင့်လိုက်ပါသွား၏။ ဇော်ကျန်ပြည့်က မီးတုတ်အပိုတစ်ခုကို ကိုင်၍ နောက်မှ လိုက်ပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူမှာ အတော်ပင်ကျဉ်းမြောင်းလွန်းလှပြီး ဝက်ဝံများမရှိကြောင်း ထင်ရှား၏။ ကျွန်တော်တို့ ချဉ်းကပ်လာသံကို ကြား၍ ထွက်ခွာသွားခြင်းလည်း ဖြစ်နိုင်ပါသည်။ မူလကတည်းက နေထိုင်ခြင်း မရှိကြောင်းလည်း ဖြစ်နိုင်၏။ ကျွန်တော်သည် ဝက်ဝံမကြီး မရှိကြောင်း သိရ၍ ဝမ်းသာမိပါ၏။ အကြောင်းမှာ ဝက်ဝံမကြီးကို ပစ်သတ်လိုက်ခြင်းဖြင့် ဝက်ဝံပေါက်ကလေး အား အမိမဲ့တစ်ဦး အဖြစ်သို့ မကျရောက်စေလိုသောကြောင့်ပင် ဖြစ်ပါ၏။

ကျွန်တော်တို့ ပြန်ထွက်တော့မည်ဆဲဆဲတွင် မုဆိုးကြီးဇော်ကျန်း ပြည့်သည် အထူးအဆန်းကို တွေ့မြင်ရသဖြင့် တအံ့တသြနှင့်...

"ဟာ...ဒီအပေါက်ကလေးထဲမှာ ဝက်ဝံမုန့်တွေပါလား ဗိုလ် ကြီး...လာကြည့်စမ်းပါအုံး"ဟု ပြောသဖြင့် ကျွန်တော်မီးတုတ်အလင်း ရောင်ဖြင့် ကြည့်မိ၏။ တစ်ပေနီးပါးခန့်ကျယ်ပြီး တစ်လက်မခန့်ထူသော ဝါညစ်ညစ်ပျစ်ခဲခဲ အချပ်လေးငါးခုကို တွေ့ရသည်။ ဇော်ကျန်းပြည့်က ထုတ်ယူလိုက်ပြီး ကျွန်တော့်အား ရှင်းပြလေသည်။

"ဒီဝက်ဝံမုန့်ကို ဝက်ဝံမတွေဟာ ကလေးမမွေးခင်ကတည်းက ကြိုတင်ပြီး ပိန္နဲသီးမှည့်တွေနဲ့ ပျားကောင်ပေါက်ကလေးတွေပါတဲ့ ပျားသလက်ပျားရည်ကို အရင်စားပြီးမှ ပြန်အန်ထုတ်ပြီး လက်နဲ့ အချပ် ကလေးတွေဖြစ်အောင် သူ့ကလေးတွေအတွက် မုန့်လုပ်ပြီး စုဆောင်း ထားတာလေ ဗိုလ်ကြီးရဲ့"

ဝက်ဝံမများသည် ရှည်လျားလှသော အမွေးအမှျင်များကြောင့် ပျားတုပ်ခြင်းကို အံ့သြဖွယ်ရာ ခံနိုင်ရည်စွမ်းရှိကြ၏။ လူတစ်ယောက် ပျားတုပ်ခံရသော ဝေဒနာကို ချိန်ထိုးသိနိုင်ပါလိမ့်မည်။ သူတို့သစ်သီးများ နှင့် ပျားရည်များကို ဖွတ်ယူရန်အတွက် သစ်ပင်များ၊ ကျောက်ဆောင်များ ပေါ်သို့ အံ့သြလောက်အောင် တက်နိုင်စွမ်းရှိကြသည်။ ဂူအတွင်းတွေ့ရသည့် ဝက်ဝံမုန့်များကို တစ်ကြိမ်တစ်ခါမျှ ကျွန်တော်မမြင်ဘူးသဖြင့် စိတ်ဝင်စား သွားမိ၏။ ဝက်ဝံမကြီးလုပ်ထားသော မုန့်ချပ်ကို ကျွန်တော့်အားပေးသော် လည်း ကျွန်တော်မယူပါ။ ထိုအခါ လမုန်ထန်က စခန်းမှ ရဲဘော်များအား



www.burmeseclassic.com

www.burmeseclassic.com



ပြုသရန် တစ်ချပ်ကို သိမ်းထားပြီး ကျန်လေးချပ်ကို ဇော်ကျန်ပြည့်အား နှစ်ချပ်ခွဲပေးပြီး မွန်မြတ်သော အဟာရတစ်ခုအဖြစ် အရသာခံ၍ ဂူဝတွင် ထိုင်၍ စားနေကြလေသည်။

မီးတုတ်မှ မီးခိုးတောက်မီးလျှံနှင့် မီးခိုးများကြောင့် ထင်ပါသည်။ ချက်တရက် မည်းမည်းသဏ္ဍာန်များသည် ကျွန်တော်တို့အနီးတဝိုက်သို့ ပျံဝဲလာကြ၏။ ပျားအုံများမှ ပျားများမှာ ခေါင်းပေါ်သို့ ရောက်လာကြခြင်း ပင် ဖြစ်ပါသည်။ နှောင့်ယှက်ခံရသဖြင့် စိတ်ဆိုးကာ ကျွန်တော်တို့၏ အပေါ်သို့ အုပ်လိုက်ပျံဆင်းလာကြခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် သေနတ်ကို ဆုပ်ကိုင်ကာ တောင်အောက်သို့ ပြေးဆင်းခဲ့ရ၏။ ဖျတ်လတ်ပေါ့ပါးသော မုဆိုးကြီးလမုန်ထန်နှင့် ဇော်ကျန်ပြည့်မှာ လျင်မြန်စွာ ပြေးသွားကြ၏။ ကျွန်တော့်မှာ သူတို့လောက် မပြေးနိုင်ပေ။ သို့သော် ထူထပ်သော အနွေးထည်ဆွယ်တာကို ဝတ်ဆင်ထားမိ၍ လည်ပင်း၊ လက်နှင့် အခြားအသားပေါ်နေသော နေရာများတွင် တစ်ချက်နှစ်ချက် ပျားတုပ်ခံလိုက်ရသည်။ လမုန်ထန်နှင့် ဇော်ကျန်ပြည့်မှာ အချက်လေးငါးဆယ်ခန့်မျှ အတုပ်ခံလိုက်ကြရ၏။

ရယ်စရာနှင့် အဆုံးသတ်လိုက်ရသော်လည်း စိတ်ဝင်စားဖွယ်ရာ ကောင်းသော နံနက်ခင်းပင် ဖြစ်ပါသည်။

ကျွန်တော်တို့ သုံးယောက်သည် အရှေ့မြောက်ဘက်သို့ သွားသော လမ်းအတိုင်း ဆက်ထွက်လာခဲ့ကြ၏။ ခရုခချောင်းရိုးဆီသို့ တောကို ဖြတ်သန်းလာခဲ့ကြ၏။

နမ်းလန်းမြစ်ဆုံရွာမှ ကျွဲ၊ နွားများနှင့် တောင်ယာတဲမှ လူများအား လိုက်လံ ဒုက္ခပေးနေသော ကျားများကိုအစအနပင် မတွေ့ရသော်လည်း ခရုခချောင်းဆီသို့ ထိုးဆင်းသွားသောနေရာတွင် အလွန်တရာကြီးမားလှသည့် ကျားသစ်ကြီးတစ်ကောင်၏ ခြေရာကို တွေ့ရ၏။ ကျားသစ်ကြီး၏ ခြေရာများကို ကြည့်ခြင်းအားဖြင့် ကျားမအငယ်တစ်ကောင်လောက်ရှိပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒရုခချောင်းအောက်ဘက် သောကြာနေ့ရေအိုင်အနီးတွင် ...
များ ထူထပ်သော နေရာတစ်ခုရှိသည်။ ထိုနေရာကို ဇော်ကျန်ပြည့်...
လက်ညှိုးညွှန်ပြကာ...

"ဒီနေရာဟာ ပြောင်လူးအိုင်လို့ခေါ်တယ် ဗိုလ်ကြီး၊ အဲ...
ကနေဆက်သွားရင် ချောင်းကမ်းပါးတွေကို ဖုံးအုပ်နေတဲ့ ဝါးရုံတောကြီး...
မှာတော့ ဆင်နဲ့ ဆတ်တွေ၊ သိပ်ကြိုက်တဲ့နေရာပေါ့ ဗိုလ်ကြီး၊ ဒါပေမယ့်...
ကျုပ်တို့ရှာနေတဲ့ ကျားဆိုးဖြတ်သန်း ဖြတ်လာသွားလေ့ရှိတယ်ဟု" ရှင်း...
၏။

ထိုဝါးရုံတောသို့ ရောက်သောအခါ နံနက်ကိုးနာရီခွဲနေပြီဖြစ်၏...
ဝါးရုံတောထဲသို့ ဝင်မိရုံရှိသေးသည် မျက်နှာချင်းဆိုင်ရှိ ချောင်းကမ်း...
ဘက်မှနေ၍ ဆတ်တစ်ကောင်၏ ကျယ်လောင်စွာ အော်သံထွက်လာသည်...
မရှေးမနှောင်းမှာပင် ဆတ်ထီးတစ်ကောင်၏ အော်သံပါထွက်ပေါ်လာပြ...
သဖြင့် ကျွန်တော်တို့ သုံးယောက်ချောင်းစပ်တစ်ဝိုက်တွင် ပေါက်နေသော...
ကျူပင်များအကြား၌ ဝပ်နေလိုက်ကြ၏။

ဆတ်နှစ်ကောင်မှာမူ ဆက်ခါဆက်ခါ အော်မြည်နေလေသည်...
ထိတ်လန့်ခြောက်ခြားသည့် အော်မြည်သံဖြစ်၏။

အစတွင် ကျွန်တော်တို့ သုံးယောက်အား တွေ့မြင်သွား၍သော်...
လည်းကောင်း၊ အနံ့ရရှိသော်လည်းကောင်း ထိတ်လန့်အော်မြည်နေခြ...
ဖြစ်မည်ဟု ထင်မှတ်လိုက်မိ၏။ ထို့ကြောင့် ကျွန်တော်က...

"ကျွန်တော်တို့ကို မြင်သွားလို့ပဲ ဖြစ်မယ် လမုန်ထန်၊ ဒါကြော...
ဆတ်နှစ်ကောင် အဆက်မပြတ်အော်နေတာ..."

"မဟုတ်နိုင်ဘူး ဗိုလ်ကြီး၊ လေတိုက်ပုံကို ကြည့်လေ လေ...
ဆတ်နှစ်ကောင်ရှိနေတဲ့ ချောင်းအထက်ပိုင်းဆီက တိုက်နေတာပဲ၊ ...
တို့ကို မြင်လို့ အနံ့ရလို့ မဟုတ်ပါဘူး၊ တောကောင်ကြီးတွေ့လို့ ဖြစ်...
မယ်ဗျ"

မုဆိုးကြီးလမုန်ထန်ပြောသည်မှာ ဖြစ်နိုင်ခြေရှိပါသည်။ ကျွန်တော်...



www.burmeseclassic.com

www.burmeseclassic.com



ဘို့မှာ အထူးသတိထား၍ တိတ်ဆိတ်စွာ လှုပ်ရှားနေကြသူများဖြစ်၍ ဆတ်များ ယခုကဲ့သို့ အထိတ်တလန့်အော်နေကြခြင်းမှာ ကျားတစ်ကောင် သို့မဟုတ် ကျားသစ်တစ်ကောင်ကို တွေ့မြင်နေရသောကြောင့်သာ။ သို့မဟုတ် အနံ့ရရှိသောကြောင့် ဖြစ်ပေလိမ့်မည်။ ဤကဲ့သို့သော တိတ်ဆိတ်ငြိမ်သက်လှသော နေရာမျိုးတွင် ကျားသောင်းကျန်းကို ကြောက်လန့်နေရသည့်အခါမျိုးတွင် လူဟူ၍လည်း တစ်စုံတစ်ယောက်မျှရှိနိုင်လိမ့်မည် မဟုတ်ပါချေ။

ကိုင်းပင်ကြီးများအကြားတွင် ကျွန်တော်တို့သုံးယောက်ဝပ်နေကြသည်မှာ ဆယ်မိနစ်မျှ ရှိပေပြီ။ ထိုအခိုက် ချောင်းတွင်းရှိ ကျောက်လုံး ကျောက်ခဲများဆီမှ ထိခိုက်မိသံတစ်ချက်ထွက်ပေါ်လာ၏။ အသံနှင့် တစ်ပြိုင်တည်းလိုလိုပင် ဆတ်တစ်ကောင်သည်နောက်မှ ထပ်ကြပ်ကပ်ပါလာသော ဆတ်မတစ်ကောင်နှင့်အတူ ထွက်ပေါ်လာပြီးနောက် ကျွန်တော်တို့ ပုန်းအောင်းနေသည့် ကမ်းပါးပေါ်ရှိ ဝါးရုံပင်များအကြားတွင် ရိပ်ခနဲပျောက်ကွယ်သွားကြ၏။

ကျွန်တော်တို့မှာ စိုးရိမ်စိတ်များဖြင့် တုတ်တုတ်မျှ မလှုပ်ပဲ ရှိနေမိကြ၏။ ထိုအခိုက် ကျားတစ်ကောင်သည် မျက်နှာချင်းဆိုင်ရှိ ဝါးရုံပင်များ အကွယ်မှ ရဲရင့်ခန့်ညားစွာဖြင့် တိတ်တဆိတ် လှမ်းထွက်လာပြီး ချောင်းစပ်ဆီသို့ ဆင်းလာသည်ကို တွေ့မြင်ကြရ၏။ ဒရခချောင်းစပ်သို့ ရောက်သောအခါ တွန့်ဆုတ်နှောင့်နှေးခြင်း၊ ကျောက်တုံးများကိုလည်း ဂရုစိုက်ခြင်း မရှိပဲ ရေထဲသို့ ဆင်းလာ၏။ ရင်အုပ်အထိနက်သော ရေသို့အရောက်တွင် ရပ်တန့်လိုက်ပြီး နောက်ရေကို လျှာဖြင့်လျက်ကာ စတင်၍သောက်နေပါတော့၏။

ကျွန်တော်သည် ဂျီဒရိုင်ဖယ်ကို ဂရုစိုက်ကာ အသေအချာရင်အုံကိုရွယ်ပြီးနောက် ကျားရဲ၏ လက်ဝဲဘက်လက်ပြင် အနောက်နားသို့ ပစ်သွင်းလိုက်၏။

"ဒိုင်း"ခနဲ ခပ်အုပ်အုပ်မြည်သံနှင့်အတူ ကျားသည် နောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းပစ်ကာ ခုန်လိုက်ပြီး နောက်တစ်ချက်မျှ အသံမြည်ယင်း တေားတင်ဘက်သို့ လဲကျသွားတော့၏။ မျက်နှာမှာ သူလာခဲ့ရာလမ်းဘက်သို့ မျက်နှာမူလျက်ရှိနေ၏။ ကျွန်တော်တို့သုံးယောက် ပုန်းကွယ်နေရာမှ သေနတ်ကိုအသင့်ပြင်၍ ရှေ့သို့ ကိုက်လေးဆယ်မျှ ပြေးသွားလိုက်ကြ၏။

ထိုနေရာမှနေ၍ ကျား၏ မျက်နှာတစ်စိတ်တစ်ပိုင်းကို လှမ်းမြင်တွေ့မြင်ရ၏။ သူ၏ ကျန်ရှိသော အပိုင်းမှာမူ ရေထဲတွင် မြုပ်လျက်ရှိ၏။ ကျွန်တော်တို့သုံးယောက်သည် ထိုနေရာတွင် ရပ်၍လိုအပ်လျှင်ထပ်မံပစ်ခတ်ရန်အတွက် ဆယ့်ငါးမိနစ်ခန့်မျှကြာအောင် အဆင်သင့်စောင့်နေမိ၏။ သို့ရာတွင် ကျားမှာ သေဆုံးနေပြီဖြစ်၍ ပစ်ခတ်ရန် မလိုအပ်တော့ပေ။

ကျားရဲ့မှာ မျက်လုံးတစ်ဘက်တည်းသာ ကောင်းလျက်ရှိကြောင်းတွေ့ရှိရသဖြင့် သူ့အဖို့ လူသားစားကျားတစ်ကောင်ဖြစ်လာရသည့်အကြောင်းရင်းမှာလည်း သိသာထင်ရှားလာပါသည်။ ကျန်မျက်လုံးတစ်ဖက်မှာ ရှုံ့ပြီးဝင်နေပါ၏။ ကျွန်တော်သည် ခါးမှ ဘက်နက်ကို ထုတ်၍ ကျား၏ မျက်လုံးအိမ်ကို ဘက်နက်ဓားဦးဖြင့် ထုတ်ကြည့်လိုက်သောအခါ အထဲတွင် ဝင်နေသော တူမီးသေနတ်မှ ခဲသီးဆံတစ်ခုကို တွေ့ရှိ၏။ ကျွန်တော်က ခဲသီးဆံကို လမုန်ထန်နှင့် ဇော်ကျွန်ပြည့်တို့အားပြ၍-

"တွေ့လား ဒီခဲသီးဆံ တစ်စေ့ကြောင့် ဒီကျားဟာ မျက်ကန်းဘဝရောက်ပြီး သဘာဝတောကောင်တွေကို ရှာဖွေ မဖမ်းနိုင်တော့ပဲ ခင်ဗျားတို့ရွာတွေ တောင်ယာတွေနားကပ်ပြီး ဖမ်းရလွယ်ကူတဲ့ လူနဲ့ အိမ်မွေးတိရစ္ဆာန်တွေကို သားကောင်အဖြစ် ဖမ်းသတ်တာပေါ့ဗျ။ အဲဒီလိုဖြစ်ရတဲ့ အဓိကတရားခံဟာ ဒီကျားမဟုတ်ဘူး။ ဒီကျားကို ဒီလိုမျိုးဖြစ်အောင် ဖန်တီးလိုက်တဲ့ ခင်ဗျားတို့ ရွာသားတစ်ချို့မှာရှိကြတဲ့ ပြောင်းတိုတူမီးသေနတ်ဒဏ်ရာကြောင့်ဘဲ လမုန်ထန်"ဟု ပြောဆိုရှင်းပြလိုက်၏။

လမုန်ထန်နှင့် ဇော်ကျွန်ပြည့်တို့သည် ခြေသလုံးခန့်တုတ်သောသစ်ပင်တစ်ပင်ကို ခုတ်၍ နွယ်ကြိုးများရှာပြီး ကျားသေကြီးကိုအလျားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့လက်နှစ်ဘက်နှင့် နောက်ခြေနှစ်ဘက်ကို ကုတ်နှောင်လိုက်ကြ၏။ ခဏမျှ နားနေပြီးသောအခါ လမုန်ထန်နှင့် ဇော်ကျော်ပြည့်တို့က ရှေ့နောက်ထမ်း၍ လာခဲ့ကြ၏။ ကျွန်တော်က နောက်မှ ကပ်၍ လိုက်လာခဲ့ပါသည်။

ကျွန်တော်တို့လာခဲ့ရာ လမ်းတစ်လျှောက် စိုပြည်သန်းဆန်းပြီး နေရောင်ခြည်ဖြာလျက်ရှိသဖြင့် တောလမ်းတစ်လျှောက် လွန်စွာတင့်တယ်လှ၏။ ကချင်ပြည်နယ်၏ အအေးဓာတ်သည် ယခုလို နေ့လယ်နေ့ခင်း အချိန်တွင်ပင် အတော်အေးပြ၏။ ညအချိန်တွင်မူကား ဆိုဘွယ်ရာမရှိပေ။ တိုက်ခတ်လာသောလေနှင့် တောင်ထိပ်မှ ရေခဲတမျှ အေးစက်လှသော အအေးများဝင်ရောက်လာသဖြင့် ခိုက်ခိုက်တုန်အောင် အေးမြလှပါ၏။

ကျွန်တော်၏ စစ်သားဘဝနှင့် တောတောင်ရေမြေအနှံ့ ပြည်နယ်နှင့် တိုင်းအလိုက် စစ်ရေးတာဝန်ဖြင့် လှည့်လည်ခဲ့ဖူးပါသည်။ ထိုသို့ လှည့်လည်ခဲ့ရာနယ်မြေများအနက် ကချင်ပြည်နယ်မှ ဤတောင်များသည် ကျွန်တော်အနှစ်သက်ဆုံးနေရာတစ်ခုပင်ဖြစ်၏။ ထို့ပြင် နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးသည့် ယနေ့ထက်ထိမေ့ပျောက်၍ မရနိုင်သေးသော ကချင်မုဆိုးကြီးများ၏ စွန့်စားခန်းများကိုလည်း တွေ့ကြုံခဲ့ရသည့်နေရာလည်း ဖြစ်ပါသည်။

ခရီး ၃-မိုင်ခန့်သွားမိသောအခါ လမုန်ထန်နှင့် ဇော်ကျော်ပြည့်တို့က ထမ်းလာသော ကျားသေကြီးကို ခေတ္တချ၍ ရပ်နားကြသဖြင့် ကျွန်တော်လည်း တောဖန်ခါးပင်ကြီးတစ်ပင်အောက်တွင် ထိုင်ချလိုက်၏။

ထိုအခိုက် ရုတ်တရက် ခွဲခြား၍ မရနိုင်သော အသံဗလံများကို ကြားလိုက်ရ၏။ အသံများမှာ ခွေးဟောင်သံ၊ ခွေးအူသံများသာမက တောဝက် ကဲ့သို့ တစ်အစ်အစ်မြည်သံနှင့် ကျားတစ်ကောင်၏ လည်ချောင်းထဲမှ ထွက်ပေါ်လာသော အသံနက်ကြီးများပါရောထွေးလျက်ရှိသဖြင့် ခွဲခြား မရနိုင်အောင် ဖြစ်နေမိပါသည်။ မုဆိုးကြီး လမုန်ထန်နှင့် ဇော်ကျော်ပြည့်က အသာ နားစွင့်ထောင်လိုက်ပြီး...

"ဒါ တောခွေးတစ်အုပ် အငဲလိုက်ဟောင်သံပဲ ဗိုလ်ကြီး၊ တော



www.burmeseclassic.com

www.burmeseclassic.com



[illegible]တစ်ကောင် ဒါမှမဟုတ် ဝက်ဝံတစ်ကောင်နောက်ကို ဝိုင်းကိုက်နေတာ [illegible]။ လာ ဗိုလ်ကြီး...ဒီကောင်တွေ အမဲလိုက်နည်းကို ကြည့် [illegible]အောင်။ လူလုံးတော့ မပြနဲ့နော် သစ်ပင်နဲ့ကွယ်ပြီး ကြည့်''ဟု ပြောပြ၍ သိရ၏။

ထို့ကြောင့် ကျွန်တော်ကတောပိတောက်ပင်ကြီးတစ်ပင်ဘက်သို့ သေနတ်ကို ဆုပ်ကိုင်ကာ ပြေးတက်သွားသလို မုဆိုးကြီး လမုန်ထန်နှင့် ဇော်ကျွန်ပြည့်တို့ကလည်း ယင်းတိုက်ပင်ကြီးတစ်ပင် အကွယ်သို့ ပြေးကပ် လိုက်ကြ၏။

ထိုစဉ်ပတ်ပြီးပြေးနေသော ကျားတစ်ကောင်ကို တွေ့မြင်လိုက်ရ၏။ ကျား၏ နောက်တွင်လည်း တောခွေးခြောက်ကောင်ဝိုင်းပြီး လိုက်ပါ လာကြ၏။ ကျွန်တော်သည် တောပိတောက်ပင်ကြီးနောက်တွင် ပုန်းကွယ် ယင်း ထုံးတမ်းစဉ်လာ မဟုတ်သောမြင်ကွင်းကို အံ့သြတကြီး စောင့်ကြည့် နေမိ၏။

ဒေါသကြီးစွာ မာန်ဖီနေသော ကျားအား 'ခွေးအ'များသည် ဖြန့် ပြီး ဝိုင်းထားကြ၏။ မကြာခဏပင် တောခွေးတစ်ကောင်သည် ကျားအနား ကို ကပ်ရန်အတွက် နောက်မှနေကာ အလစ်ဝင်ရောက်သွား၏။

ထိုအခါ ကျားမသည် မလောက်လေးမလောက်စား ကျူးကျော် လာသူအား မှတ်လောက်သားလောက်အောင် ဆုံးမရန်အတွက် နောက်သို့ ပြန်လှည့်လိုက်၏။ ထိုအခါ အခြားတောခွေးနှစ်ကောင်ကပါ ကျားမရှိရာသို့ လွှားခနဲ ဝင်ရောက်လာကြ၏။ ထို့ကြောင့် ကျားမမှာ မည်သို့မျှ မတတ် နိုင်ရှာပဲ ဆက်၍ တပတ်ပြေးမြဲ ပြေးနေရ၏။ ယင်းသို့ဖြင့် ကျားမမှာ တစ် ဖြည်းဖြည်းမောပန်းနွမ်းနယ်လာသည်ကို တွေ့ရ၏။

ထိုအခိုက် ကျယ်လောင်သော အသံကြီးတစ်သံကို ကြားလိုက်ရ၏။ မကြာမီ ထိုအသံမှာ တောခွေးရှေ့ပြေးအဖွဲ့ ခြောက်ကောင်ကို ကူညီရန် အတွက် နောက်မှ လိုက်ပါလာသည့် ''ပင်မတောခွေးအုပ်ကြီး''ဆီမှ ထွက်ပေါ်လာသော အချက်ပေးသံများဖြစ်ကြောင်း သိမြင်လာ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျားမမှာလည်း ထိုတောခွေးအုပ်ကြီး၏ ဟောင်သံများကို ကြားမည်မှာ သေချာပါသည်။ အကြောင်းမူ ရုတ်တရက်ထွက်ပေါ်လာသော အခါသဖြင့် တောခွေးနှစ်ကောင်ဆီသို့ ခုန်အုပ်လိုက်ရာ တောခွေးတစ်ကောင်ကို ရှေ့လက်ဖြင့် ပုတ်ဖိလိုက်ပြီးနောက် ဖျောင်းခနဲခါးရိုးကျိုးသံထွက်လာသောကြောင့်ပါတည်း။ အခြားတစ်ကောင်မှာမူ သီသီကလေးလွတ်မြောက်သွား၏။

ထိုအခါ ကျားမသည် ဘေးသို့ခွေးများ ရှုထွက်သွားသည်ကို အခွင့်ကောင်းယူကာ ခုန်လွှားထွက်ပြေးသွား၏။ သို့သော် ကျန်တောခွေးငါးကောင်တို့က ချက်ချင်းပင် ပြေးလိုက်သွားကြ၏။ သူတို့ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် နောက်မှ လိုက်လာသော တောခွေးအုပ်ကြီး ပေါ်လာတော့၏။ ရေတွက်ကြည့်ရာ နှစ်ဆယ့်သုံးကောင်မျှရှိကြောင်း တွေ့ရပါသည်။ တောခွေးအုပ်သည် ကျွန်တော်တို့အား အနည်းငယ်မျှ စိတ်ဝင်စားခြင်းမရှိပဲ ဖြတ်ကျော်သွားကြ၏။ မကြာမီ အသံများမှာ တဖြည်းဖြည်း တိတ်ဆိတ်သွားပြီး တောခွေးသေတစ်ကောင်သာလျှင် ကျန်ရစ်ခဲ့လေသည်။

ထိုသို့ကျားမနှင့် တောခွေးများ တိုက်ပွဲဆင်နေစဉ်အတွင်း ကျွန်တော့်မှာ သတ္တိကောင်းလှသော တောခွေးများ၏ အပြုအမူကို တအံ့တသြ ငေးမောကြည့်နေမိသဖြင့် ကျားမကိုရော တောခွေးများကိုပါ ပစ်ခတ်ရန်အတွက် ကျွန်တော်သာမက မုဆိုးကြီး လမုန်ထန်နှင့် ဇော်ကျန်ပြည့်ပါ မေ့လျော့နေမိကြ၏။

"လမုန်ထန်ရေ . . .ခင်ဗျားတို့လဲ ကျားမနဲ့ တောခွေးတွေကို မပစ်မိကြဘူး ကျွန်တော်လဲ မပစ်မိဘူး။ ဒီမြင်ကွင်းက မုဆိုးတိုင်း မတွေ့နိုင်ဘူးထင်တယ်ဗျ၊ ကျွန်တော်တောင ခင်ဗျားတို့ ကြိုတင်သတိပေးလို့ ဘာမှ မလုပ်ဘဲကြည့်လို့ မျက်မြင်တွေ့ရတာဗျ၊ ကျားမနဲ့ တောခွေးတွေရဲ့ အနိုင်အရှုံးအဖြေကိုတော့ စခန်းရောက်မှ တိုက်ကင်းထွက်တဲ့ ရဲဘော်တွေကို သွတ်ပြီး ကြည့်နိုင်းရမှာဘဲ၊ ကဲ...ဗျာ ကျားမ လက်နဲ့ပုတ်လို့ သေနေတဲ့ တောခွေးကို ကျွန်တော်ထမ်းခဲ့မယ်၊ သွားကြစို့ဗျာ" ဟု ကျွန်တော်ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကျောက်ထမ်း၏ ရှေ့မှ ထွက်လာတော့၏။

မုဆိုးကြီး လမုန်ထန်နှင့် ဇော်ကျန်ပြည့်တို့သည် ကျားသေကြီး [illegible] ထမ်း၍ နောက်မှ လိုက်လာခဲ့ရင်း တောခွေးတို့၏ တောမာယာကို ပြောပြရင်း လိုက်ပါလာလေသည်။

''အမဲလိုက် တောခွေးတွေရဲ့ စရိုက်က [illegible]ဒိပ်ကြောက်စရာကောင်းတယ် ဗိုလ်ကြီးရဲ့၊ တောခွေးတစ်ချို့ဆိုရင် ဆတ်တစ်ကောင်နောက်ကို နောက်ကလိုက်နေတဲ့အခါမှာ ကျန်တဲ့တောခွေးအချို့က ဘေးကနေပန်းတက်ပြီး ရှေ့ကနေကြိုစောင့်ပြီး ကိုက်ဖော့ရှိတယ်။ အဲဒီလိုလိုက်နေတဲ့အခါမှာလည်း စူးစူးရှရှအော်လေ့ရှိတယ်။ ဒါပေမယ့် ခွေးတစ်ကောင်ရဲ့ အော်သံနဲ့မတူပဲ ငှက်တစ်ကောင်ရဲ့ လေချွန်သံနဲ့ တူလေ့ရှိတယ် ဗိုလ်ကြီး ကြုံကြိုက်တဲ့အခါ ဗိုလ်ကြီးကိုယ်တိုင် သတိထားလေ့လာကြည့်ယင် ပိုပြီးနားလည်ပါလိမ့်မည်''

ကချင်မုဆိုးကြီးလမုန်ထန်ပြောသည်မှာ မှန်ပါသည်။ ကျွန်တော်ကိုယ်တိုင်ကို တွေ့ကြုံခဲ့ဖူးပါသည်။ ထိုအချိန်က ရန်သူ ဗကပတို့၏ လမ်းကြောင်း၌ ကင်းပုန်းဝပ်နေသောအချိန်ဖြစ်၏။ ထိုအချိန်အခါမှာပင် တောခွေးများသည် ဆတ်တစ်ကောင်အား ဆီးကြိုကာ သားကောင်၏ မျက်လုံးဝမ်းဗိုက်များကို ဖောက်၍ ဒူးခေါက်ကွေးကိုပါ ကိုက်ဆွဲခြင်းဖြင့် အားနည်းသွားအောင် ပြုလုပ်၍ မြေကြီးပေါ်သို့ လှဲချခဲ့သည်ကို တွေ့မြင်ခဲ့ရဘူးပါသည်။

တစ်ခါတွင်လည်း ပဲခူးရိုးမ အနောက်ခြမ်းတွင် စစ်ဆင်ရေးထွက်ခဲ့စဉ်က တောခွေးများ ဝိုင်းလိုက်ခြင်းခံရသော ဆတ်တစ်ကောင်သည် တောခွေးများ၏ ရန်မှ ကာကွယ်ရန် မတတ်သာသည့်အဆုံး ရေအိုင်ထဲသို့ ခုန်ဆင်းပြေးသည်ကို ကင်းပုန်းဝပ်နေရင်းမှ မြင်တွေ့ခဲ့ရဘူးပါသည်။ ဆတ်၏ ဝမ်းဗိုက်မှာ တောခွေးများ၏ ကိုက်ဖောက်မှုကြောင့် ပေါင်းသော[illegible] ပွင့်လျှက်ရှိပြီး ထွက်ကျနေသော အူတန်းလန်းကြီးမှာ ပေနှစ်ဆ[illegible] ခန့် ရှည်လျားမည်ဟု ကျွန်တော်ခန့်မှန်းမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆတ်များမှာ အထူးပင် အသက်ပြင်းလှသော တိရစ္ဆာန်များဖြစ်သည်ကို မှတ်သားမိပါသည်။ တစ်ခါက တောခွေးများသည် ဆတ်အသက်ရှင်နေတုန်းမှာပင် ဆတ်၏ အသားတစ်များကို အငမ်းမရကိုက်ဖဲ့စားနေသည်ကိုလည်း ကရင်ပြည်နယ်စစ်ဆင်ရေး သွားစဉ်ကာလက မျက်မြင်တွေ့ခဲ့ရဘူးပါသည်။

ထိုသို့လမုန်ထန်၏အပြောနှင့် ကျွန်တော်၏ တပ်မတော်သား ဘဝတောတွင်းစစ်ဆင်ရေး ကာလတွင် တွေ့ကြုံမြင်တွေ့ခဲ့ရသမျှနှင့် ဆက်စပ်၍ အသင်းအဖွဲ့နှင့် မနေဘဲ အထီးကျန် ဝေါခွေးတစ်ကောင်၏အူသံနှင့် တောတွင်း၌ တောခွေးများ၏ ဟောင်သံ၊ အူသံများ၏ ကွဲလွဲချက်များနှင့် ပတ်သက်၍ ကချင်မုဆိုးကြီးများဖြစ်သည့် လမုန်ထန်အား–

"ကျွန်တော်မရှင်းတာလေး မေးပါရစေ လမုန်ထန်၊ တောခွေးတွေမှာ အုံနဲ့ကျင်းနဲ့ အူတာ၊ ဟောင်တာ၊ အမဲလိုက်တဲ့အသံနဲ့ တစ်ကောင်ချင်းနေပြီး အဲဒီတစ်ကောင်ချင်းရဲ့ အူသံဟောင်သံကို ခင်ဗျားတို့နယ်ခံ မုဆိုးတွေ ဘယ်လိုအဓိပ္ပါယ် ဖော်သလဲဗျ။ ခင်ဗျားတို့ လူမျိုးရဲ့ ရိုးရာအယူအဆပေါ့ဗျာ"ဟု မေးမိ၏။

နောင်ခိုင်ရွာသား ကချင်မုဆိုးကြီး လမုန်ထန်က ကျွန်တော်၏ အမေးကို...

"ဒါက ဒီလိုရှိတယ် ဗိုလ်ကြီး၊ တောခွေးတစ်ကောင်တည်းရဲ့ အော်သံ၊ အူသံနဲ့ ပါတ်သက်ပြီး ကျုပ်တို့ ကချင်လူမျိုးတွေရဲ့ အယူအဆနဲ့ ဗိုလ်ကြီးတို့ မြန်မာလူမျိုးတွေရဲ့ အယူအဆကွာဟမှုတော့ ရှိကြမှာပေါ့။ အေးလေ...ဒါက လူမျိုးတိုင်းမှာ ရိုးရာအစွဲအလန်းအရ မတူညီတာတွေရှိပါတယ်။ ကျုပ်ရဲ့ မုဆိုးအတွေ့အကြုံအရကိုဘဲ ဗိုလ်ကြီးကို ပြောပြပါ့မယ်။ တစ်ကောင်ထဲ တောထဲမှာနေတဲ့ သွားလာနေတဲ့ ဝေါခွေးဟာ တစ်ခြားတောခွေးတွေနဲ့ အတူတူဖြစ်ပေမယ့် ဟောင်သံ၊ အူသံကြတော့ သိပ်ကွဲပြားခြားနားတယ် ဗိုလ်ကြီး၊ အဲဒီလို တောခွေးတွေရဲ့ ဟောင်သံ အူသံ ကွဲပြားတဲ့အတွက်ကြောင့်လဲပဲ အယူသည်းမှုတွေ ဒဏ္ဍာရီပုံပြင်လို



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးအလိုက်ပြောစရာတွေ၊ တောတွင်းကျွမ်းကျင်မှု အတတ်ပညာတွေ ဆက်စပ်ပေါ်လာတာပေါ့ ဗိုလ်ကြီး''ဟု ပြောလေသည်။

မုဆိုးကြီး လမုန်ထန်၏ စကားအဆုံးတွင် နမ်းလန်းမြစ်ဆုံ ရွာ ခေါင်း မုဆိုးကြီး ဇော်ကျုန်ပြည့်က...

''ဟုတ်တယ် ဗိုလ်ကြီး၊ လမုန်ထန်ပြောသလိုပါဘဲ၊ တောရှေ အူသံနဲ့ ပတ်သက်လို့ မှန်းဆချက်နဲ့ ပတ်သက်ပြီး ကျုပ်တို့ ကချင် တိုင်းရင်းသားတွေရဲ့ အယူအဆကို ပြောပြပါ့မယ်၊ ကျုပ်တို့ ကချင်တိုင်း ရင်းသားတွေရဲ့ အယူအဆမှာ တစ်ကိုယ်တော်တောခွေးတစ်ကောင် လိုက်ပါလာပြီဆိုရင် သူ့နောက်က ကျားသစ် ဒါမှမဟုတ် ကျားတစ်ကောင် ပါလာလေ့ရှိပါတယ်။ သဘောကတော့ အဲဒီတောခွေးတစ်ကောင်ဟာ ရှေ့ကနေပြီးအူပြီးလာရင် အသေကောင်ရှိရာကို လမ်းပြခေါ်ဆောင်လာတာ ပါပဲ။ ဒီလို လမ်းပြခေါ်ဆောင်လာတဲ့အတွက် ကျားကစားပြီးတဲ့အခါ ကျန်နေတဲ့အစာကို ဝေစုအဖြစ် တောခွေးကို စားစေတာပါဘဲ။ နောက်တစ် အယူအဆကတော့ ကျုပ်တို့ ဒူးလင်းဂျင်းဖောတွေရဲ့ အယူအဆပါ ဗိုလ် ကြီး၊ ဒါကတော့ အခြားပြည်မက လူမျိုးတွေမှာလဲ ရှိချင်ရှိပါလိမ့်မယ် တောခွေးကို ရှေ့ဆောင်အဖြစ် ကျားက ခန့်ထားတဲ့သဘောပါပဲ။ အဲ တစ်ကိုယ်တော် တောခွေးရဲ့နောက် မလှမ်းမကမ်းကနေပြီး သားစားတိရစ္ဆာန် ကျားက အမြဲတမ်းလိုက်ပါလာလေ့ရှိပါတယ်။ ကျားက အစာစားပြီးတိုင်း ကျန်နေတဲ့အစာကို သူရဲ့ရှေ့တော်ပြေးတောခွေးကို စားခွင့်ပေးတာပါဘဲ ကျုပ်ကိုယ်တိုင် ငယ်စဉ်က ကျုပ်အဖေဒူးဝါးကြီးနဲ့ တောလိုက်ရင်း တွေ့ကြုံ ခဲ့ရတဲ့ ကိုယ်တွေ့ပါ ဗိုလ်ကြီး၊ မယုံမရှိပါနဲ့''ဟု ဝင်ရောက်ပြောပြပါသည်။

ထိုအယူအဆနှစ်ခုလုံးမှန်နိုင်သည်ဟု ကျွန်တော်ထင်ပါသည်။ ဆိုလိုသည်မှာ ကျွန်တော်၏ တပ်မတော်သားဘဝ တောတွင်းစစ်ဆင်ရေး သွားလာလှုပ်ရှားမှုများတွင် နယ်မြေခံ လမ်းပြများ၏ ပြောဆိုချက်များအရ လည်းကောင်း၊ စခန်းထိုင်စဉ် နယ်မြေရှင်းလင်းတိုက်ကင်းထွက်ရေး တောလည်ရင်းနှင့် ဒေသခံမုဆိုးများ၏ ပညာပေးခဲ့မှုအတွက် သိခဲ့နားလည်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရမှုကြောင့်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့ တပ်စခန်းပြန်ရောက်သောအခါ ညနေစောင်းနေလေပြီ။

နောက်တစ်နေ့ နံနက်တွင် လမ်းတွင် ကျွန်တော်တို့တွေ့ခဲ့ရသော ကျားမနှင့် တောခွေးတို့၏ တိုက်ပွဲ အနိုင်အရှုံးကို သိလိုသဖြင့် တိုက်ကင်းထွက်မည့် တပ်စိပ်ကို တပ်ကြပ်ကြီးထွန်းကန်နန်အား ဦးဆောင်ခစေပြီး မနေ့က တွေ့ခဲ့သည့် အဖြစ်အပျက်ကိုပါ ပြောဆိုမှာကြားလိုက်၏။

တိုက်ကင်းအဖွဲ့ နေ့လယ်လောက်တွင် ပြန်ရောက်လာကြ၏။ တပ်ကြပ်ကြီး ထွန်းကန်နန်က ကျွန်တော့်အား ကျားရေခွံတစ်ထွာခန့်ကိုပေးရင်း...

"ကျွန်တော်တို့စခန်းကနေ ရှစ်မိုင်ကွာလောက်ရှိမယ် ဗိုလ်ကြီး။ အဲဒီနေရာမှာ မောပန်းနေတဲ့ ကျားမကို တောခွေးတွေ ချောင်ပိတ်သွားတာပါပဲ၊ ကျားမကို အပိုင်းပိုင်းပြတ်အောင် ကိုက်သတ်စားလိုက်ကြတယ်။ တိုက်ပွဲမှာ သေဆုံးတဲ့ တောခွေးငါးကောင်ကိုတော့ ကျွန်တော်တို့ ယူလာခဲ့တယ် ဗိုလ်ကြီး"ဟု သတင်းပို့လာပါသည်။

တောမုဆိုးတောခွေးအုပ်သည် တောဘုရင်ကျားကို အောင်ပွဲခံသွားခြင်းပင် ဖြစ်ပါသတည်း။

♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## တိုက်ပွဲခေါ်သံ

မြောက်လေ သုဘ်ဆော်လိုက်တိုင်း သစ်ရွက်များပေါ်၌ ခိုကပ်နေသော နှင်းရည်များသည် စွတ်စိုထိုင်းမှိုင်းနေသည့် မြေပေါ်သို့ တဖျောက်ဖျောက်အသံများ ထွက်ပေါ်လာအောင် ကျဆင်းနေပါတော့သည်။

ငှက်ငန်းတစ်အုပ်၏ ထွက်ခါစနေရောင်ကို စောင့်ကြိုရင်း တဘူးဘူးအော်မြည်သံများက ပဲ့တင်ထပ်နေပါ၏။

တောကြက်ဖနှစ်ကောင်၏ နယ်လုရင်း မာန်သွင်းကာ တစ်ကောင်နှင့်တစ်ကောင် ရန်ဆောင်၍ တွန်သံများကို ကျွန်တော်က သွားရင်းလာရင်း နားယောင်နေမိ၏။

ရှဥ့်ငပေါခေါ် တောရှဥ့်ကြီးတစ်ကောင်သည် ကျွန်တော်တို့မှဆိုးသုံးယောက်၏ အရိပ်အယောင်များကို မြင်တွေ့သွားဟန်အဖြစ် စုတ်~ာပ်သံတွေ လှိုင်လှိုင်ပေးလိုက်ပြီး တောလှန့်သံများ ထွက်ပေါ်စေလေသည်။

ကျွန်း၊ ပျဥ်းကတိုး၊ မြောက်ချော၊ ပိတောက်၊ ရေမနေ၊ ရင်းတိုက် အစရှိသော သစ်သားကောင်းများ ထွက်ပေါ်စေသည့် ဒရုခချောင်းအနီးမြေ



www.burmeseclassic.com

www.burmeseclassic.com



အဖို့ မြိုင်ဆန်လှသလို သားကောင်ကြီးငယ်တို့၏ ပျော်မြူးမှီခိုရာ တောတောင်ဖြစ်နေပေသည်။ မျှော်၍မဆုံးနိုင်သော ကျယ်ပြန့်သောတောများ မြိုင်ဆန်လှသော စိမ့်တောများ၊ ကြိမ်တောများ၊ ဖောင်းတောတို့ဖြင့် လွန်စွာ နက်ရှိုင်း ကျယ်ဝန်းသော တောခေါင်ခေါင်ဒေသအဖြစ် ဖော်ပြနေတော့၏။

ထိုနေ့အဖို့ ကျွန်တော်နှင့်မုဆိုးကြီး လမုန်ထန်၊ တပ်ကြပ်တင်မြင့် စသည့် မုဆိုးသုံးဦးသည် နံနက်ဝေလီဝေလင်းအချိန်ကပင် ဒရခကင်းစခန်းမှ ခြေရာခံ၍ ဒရခချောင်းအတိုင်း ဆန်တက်၍ အမဲပစ်ထွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

တပ်ကြပ်ကြီး ထွန်းဖန်နန်နှင့် မြစ်ဆုံမုဆိုးကြီး ဖော်ကျန်ပြည့်တို့ ခေါင်းဆောင်များနှင့် ရဲဘော်အချို့ပါဝင်သော ရိက္ခာရှာဖွေရေးအဖွဲ့နှင့် တွေ့ဆုံနိုင်ရန် အချိန်းအချက်ပေးကာ နောက်မှလိုက်ပါစေရန် စီစဉ်ခဲ့ခြင်းဖြစ်လေသည်။

ပြောင်း၊ စိုင်၊ ဆတ်စသည့် သားကောင်ကြီးများ၏ ခြေရာဟောင်းများကိုသာ တွေ့ရသလို တောဝက်များ၏ လက်လက်ဆတ်ဆတ် ပါသွားသော ချေးပုံများနှင့် ခြေရာသစ်များကိုမူ ရှောင်မလွတ်တမ်း များပြားစွာ တွေ့နေရပေသည်။

ထို့ကြောင့် ကျွန်တော်သည် မနေသာသည့်အဆုံးတွင် နယ်မြေခံ မုဆိုးကြီး လမုန်ထန်အား . . .

"ဘယ်လိုလုပ်ကြမလဲ လမုန်ထန်၊ အကောင်ကြီးတွေခြေရာ သိပ်မတွေ့ရဘဲ၊ ခြေရာဟောင်းတွေချည်း တွေ့နေရတယ်ဗျ။ ဘယ်တွေရောက်ကုန်ကြပြီလဲဗျ"ဟု လှည့်၍ တိုင်ပင်လိုက်မိ၏။

"ကျိန်းတောဘက်နှင့် ဖောင်းတောဘက် လှည့်နေကြတယ်ထင်တယ် ဗိုလ်ကြီး၊ ဒါတိုင်းဒီလို ဆောင်းရာသီမှာ ပြောင်တွေ၊ စိုင်တွေ ဒရခချောင်းအထက် မြောင်ထဲက သိပ်ခွာလေ့မရှိပါဘူးဗျာ၊ နောက်က လိုက်လာမယ့် ဆရာကြီး ထွန်းဖန်နန်အဖွဲ့ကို ကြည့်ပြီး ကျုပ်တို့သွားရင်းလာရင်း ဟင်းစားကလေး တစ်ခုခုတော့ လုပ်ကြဦးမှထင်တယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သိတ်တွေ့တွေ့၊ ဝက်တွေ့တွေ့ပေါ့ဗျာ၊ တွေ့တာပစ်ကြရအောင် ဗိုလ်ကြီး'

စခန်းရဲဘက်များအတွက် ဟင်းခိုးပြဿနာများကို ဖြေရှင်းရေးအတွက် ဖြေရှင်းရေးအတွက် လမုန်ထန်မှ အကြံပေးလေသည်။ ကျွန်တော်တို့ တပ်စခန်း၌မူ ရိက္ခာခြောက်များ ဖြည့်ကြသလို ကုလားပဲ၊ ငါးသေတ္တာဘူး၊ အသားဘူး၊ အာလူးများသာ ပါရှိလာသည်ကို သတိရကာ. . .

"ကောင်းတယ် လမုန်ထန်၊ အရင်ဆုံး တိုးမိ၊ ဆုံမိတဲ့တစ်ကောင်ကောင်ကို ပစ်ယူကြမယ်၊ သားကောင်ကြီးတွေ ခြေရာသစ်တွေ မတွေ့တဲ့အဆုံးမှာ ကျွန်တော်တို့ ပစ်ခတ်လိုက်လို့ သိပ်ဂရုစိုက်စရာ မရှိပါဘူးလေ"

တိကျပြတ်သားသော အဖြေကို ပေးလိုက်ရတော့၏။ ကျွန်တော်သည် လက်မှနာရီကို ကြည့်လိုက်ရာ နံနက်ဆယ်နာရီကို ညွှန်နေကြောင်း တွေ့ရပါသည်။ တပ်စခန်းမှထွက်ခါနီး လက်ဖက်ရည်မက်ခွက်နှင့် တစ်ခွက်သာ သောက်ခဲ့ရပြီး၊ အခုချိန်အထိ ဘာမှမသောက်ရ မစားရသည့်အတွက် ဝမ်းဟာလာသောကြောင့်. . .

"လမုန်ထန် ခဏနားပြီး ရေသောက်ကြရအောင်ဗျာ"

ရေရှာဖွေခိုင်းလိုက်ရာ နယ်မြေခံမှဆိုးကြီး လမုန်ထန်သည် တောတောင်အခြေအနေကို တစ်ချက်လှည့်ကာ အကဲခတ်လေ့လာလိုက်ပြီး

"ရှေ့နားက ကျောက်ခွက်စမ်းအိုင်မှာ ရေတွေ့ပါလိမ့်မယ် ဗိုလ်ကြီး၊ ဆယ့်နှစ်ရာသီ ရေမပြတ်တဲ့စမ်းဗျ၊ သိပ်မဝေးပါဘူး၊ လာ. . . ကျုပ်လည်း ခဏနားပြီး ဆေးတစ်ဆုံလောက် ဖွာချင်တယ်"

ရှေ့မှ လက်ပြကာခေါ်ဆောင်သွားလေသည်။

ကျွန်တော်တို့ သုံးဦးသားသည် သေနတ်သုံးလက်ကို ညာဘက်လက်မှ လွှဲကိုင်၊ ကိုင်ရင်း ရှေ့နောက်တန်းလျက် မြိုင်ဆန်လှသော တောတွင်းမှဖြတ်၍ တက်ခဲ့ကြ၏။ စကားတစ်ခွန်းမှ နောက်ထပ်မပြောကြစတမ်းနှင့် နားနှင့် မျက်စိတို့ကို အစွမ်းကုန်ဖွင့်ကာ အသံ့ပြုရင်း ခြေသံများကို



www.burmeseclassic.com

www.burmeseclassic.com



ထုံနိုင်သမျှလုံအောင် လာခဲ့ကြ၏။

မုဆိုးကောင်းတို့မည်သည် အမြဲတစေ လျင်မြန်ဖျတ်လတ်ရသည့် အချိန်အခါမရွေးတမ်း သတိရှိစွာဖြင့် သားကောင်များ၏ လှုပ်သံ၊ ပြေးသံ အော်မြည်သံများကို ဂရုစိုက် အကဲခတ်လေ့လာရမည်ကို ကျွန်တော်၏ ဆရာမုဆိုးကြီးများက သင်ကြားပြသပေးခဲ့ဖူးပါသည်။

နေရောင်က ထူထပ်လှသော တောတပြင်ပေါ်သို့ ဟိုတစ်ကွက် ဒီတစ်ကွက် ထိုးဆင်းကာ လှပသော အဆင်းသဏ္ဌာန်စုံတို့ကို ဖန်ဆင်း လျက်. . .။

♛ ♛ ♛

ရှေ့ဆုံးမှ မုဆိုးကြီး လမုန်ထန်သည် တုန့်ခနဲ ရပ်လိုက်ပြီး လေသံ သဲ့သဲ့ဖြင့်. . .

"ရှေ့က တစ်ကွေ့ကွက်ဆိုရင် စမ်းကိုရောက်မယ်၊ ခုအချိန်ဆေ သောက်ဆင်းတဲ့ အချိန်မို့လို့ ကျုပ်တို့ ဂရုစိုက်ပြီး ချဉ်းကပ်ကြရအောင် ဒီလို ချောင်ကျတဲ့ ရေစမ်းမျိုးမှာ သားကောင်တွေနဲ့ ဆုံနိုင်တယ်"

သတိပေးပြောကြားလိုက်ပြီး သူ၏ညာဘက်လက်တွင်းမှ လွယ်ကိုင် ထားသော နှစ်လုံးပြူးသေနတ်မောင်းကို တင်လိုက်၏။ ကျွန်တော် ကလည်း ဂျီ-၃ ရိုင်ဖယ်ကို ပစ်ရန်အနေအထားအဖြစ် ပြောင်းလဲ၍ ကိုင်လိုက်ရ တပ်ကြပ်တင်မြင့်သည်လည်း သူ့ဂျီ-၃ ရိုင်ဖယ်ကို မောင်းတင်ကာ သော့ ပိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လမုန်ထန်သည် လက်ယာရစ်ကွေ့ကာ စီးဆင်းနေသော စန္ဒန်းဆူးပင်များ၊ ကြိမ်ပင်နွယ်ပင်များ ရောထွေးစွာ ပေါက်ရောက်နေသည့် ကျောက်ခွက်မြောင်ကလေးဆီသို့ တစ်လှမ်းခြင်းပင် အတတ်နိုင်ဆုံး မျက်ကွယ်များကိုယူလျက် တက်သွားသည်တွင် ကျွန်တော်နှင့် တပ်ကြပ်တင်မြင့်ကလည်း ခြေသံကို လုံနိုင်သမျှလုံအောင် နင်းလျက် ချောင်းမြောင်းသော မျက်လုံးများဖြင့် လမုန်ထန်၏နောက်မှ ထပ်ကြပ်မကွာ ကျောက်ခွက်မြောင်ကလေးဆီသို့ တက်ခဲ့ကြ၏။

ရေသောက်ဆင်းနေကြသော ရစ်၊ တောကြက်နှင့် ဒေါင်းများမှာ မျက်စိရှင်လှသည့်အလျောက် ကျွန်တော်တို့သုံးဦးကို တွေ့မြင်သွားကာ ကြောက်လန့်တကြား ပြေးလွှားပျံသန်းသွားကြ၏။ ကျွန်တော်တို့သုံးဦး သည် မြောင်ကလေးအတိုင်း ကိုက်နှစ်ရာခန့် ဆန်တက်ခဲ့ပြီးနောက် ကျောက်တုံးကျောက်ဆွယ်များအကြားတွင် တည်ရှိနေသော ကျောက်ခွက်အိုင် ရေစမ်းအနီးသို့ ကပ်မိလာကြ၏။

ကျွန်တော်သည် ရေအိုင်၏မြောက်ဘက်တွင် ကပ်လျက် ထူထပ်စွာပေါက်ရောက်နေသော ကြိမ်ပင်ဝါးပင်များအတွင်းသို့ တစေ့တစောင်း ကြည့်လိုက်ပြီးနောက် မုဆိုးကြီးလမုန်ထန်၏ လှုပ်ရှားမှုကို အကဲခတ်ကြည့်နေမိ၏။ မုဆိုးကြီး လမုန်ထန်သည် မျက်တောင်မခတ်တမ်းပင် ရေအိုင်ဘစ်ပိုက်ရှိ ထွေးတောတစ်ပိုက်ကို အကဲခတ်ရင်း သူ၏လက်နှစ်ဖက်အတွင်းမှ နှစ်လုံးပြူးသေနတ်ကို ပစ်ရန်အနေအထားမှ အောက်သို့ ပြန်၍မချသေးကြောင်း တွေ့နေရလေသည်။

မိနစ်ပိုင်းအတွင်းမှာပင် ရေအိုင်၏အနောက်ဘက် ကိုက်သုံးရာအတွင်းမှ တဝေါဝေါနှင့် တောတိုးသံများ သိသိသာသာကြီး ထွက်ပေါ်လာလေသည်။ ကျွန်တော်နှင့် တပ်ကြပ်ကြီးတင်မြင့်တို့သည် ဖျတ်ခနဲ တောငှက်ပျောပင်များနောက်ကွယ်သို့ ဝင်၍ ကပ်ကာ နေရာယူလိုက်ကြ၏။

"လမုန်ထန် ဘာသံတွေလဲဗျ"

တပ်ကြပ်ကြီးတင်မြင့်က အရေးတကြီး လှမ်းမေးသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးလမုန်ထန်သည် တစ်စုံတစ်ရာပြန်၍ မပြောကြားတော့ဘဲ ကျွန်တော်တို့ မျက်နှာမူ၍ ရပ်နေရာ ထွေးတောတစ်နေရာဆီသို့ အရေးတကြီးနှင့် လက်ညှိုးထိုးကာ ပြသလိုက်၏။ သူသည်လည်း ကျွန်တော်တို့နည်းတူ တောင့်ကပ်ပျော့ပင်များနောက်သို့ အမြန်ဆုံးကပ်၍ ပုန်းကွယ်နေလိုက်၏။

ကျွန်တော့်အနေဖြင့် လမုန်ထန် လက်ညှိုးထိုးပြခဲ့သော ထွေးတောနှင့် တဝုန်းဝုန်းအသံများ လာနေသည့် ခပ်လှမ်းလှမ်း တောင်စောင်းနေရာမှာ တခြားဖြစ်နေသဖြင့် လမုန်ထန်ညွှန်ပြသော ရည်ရွယ်ချက်ကို ရုတ်တရက် သဘောပေါက် နားမလည်နိုင်အောင် ရှိနေပါသည်။

ကျွန်တော်သည် ရုတ်တရက် ပေါ်ပေါက်လာနိုင်သော အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ဂျီ-၃ရိုင်ဖယ်ကို ကျိတ်၍မောင်းတင်လိုက်ပြီး ပုန်းကွယ်နေရာမှထ၍ ရပ်လိုက်မိ၏။ မုဆိုးကြီးလမုန်ထန်က လေသံကလေးဖြင့် . . .

"မပစ်နဲ့ အသာစောင့်ကြည့်နေပါဦး"

သတိပေးလေသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ရှူးခနဲ ကြီးမားသောသတ္တဝါတစ်ကောင်၏ နှာခေါင်းမှုတ်သံကြီးတစ်ချက် ထွက်ပေါ်လာ၏။ ထိုအသံစူးစူးဝါးဝါးကြီးနှင့်အတူ လူတစ်ရပ်မျှမြင့်မားစွာ ပေါက်ရောက်နေသည့် ကြိမ်ပင်များကြားမှ မတ်ခနဲ ပြောက်ပြောက်ကျားကျား ရှည်ရှည်မျော့မျော့ ပုံသဏ္ဌာန်တစ်ခု ရုတ်တရက် ထွက်ပေါ်လာလေ၏။ ကျွန်တော်သည် တောင့်ကပ်ပျော့ရွက်နှစ်ရွက် နောက်ကွယ်မှ ဂရုတစိုက်ကြည့်လိုက်သည့်နောက်ဝယ် တောက်ပြောင်သော မျက်လုံးနှစ်လုံးနှင့် ကျွန်တော်တို့ ပုန်းကွယ်ရာ ရေအိုင်ဘက်သို့ မျက်နှာမူကာ မာန်သွင်းနေသော ငန်းမြွေကြီးတစ်ကောင်၏ ပီပြင်သော သဏ္ဌာန်ကို တွေ့လိုက်ရပါသည်။

ပါးစပ်အတွင်းမှ ထုတ်လိုက် သိမ်းလိုက်နှင့် ခွနှစ်ခွနှင့် လျှာသော လျှင် ငန်းမြွေကြီး၏ လှုပ်ရှားမှုအဖြစ် တွေ့ရသလို ပါးပျဉ်းထောင်ဟူးဟူး ထနေသော သူ၏အထက်ပိုင်းကမူ ရန်သူကို အရေးတကြီး ရှာဖွေနေပုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နေပါ၏။

ကျွန်တော်နှင့် တပ်ကြပ်တင်မြင့်က စကောအလတ်စားအရွယ်ရှိသော မြွေကြီး၏ ပါးပြင်းပိုင်းဆီသို့ လှမ်း၍ချိန်ရွယ်လိုက်သည်တွင် ဆိုးကြီး လမုန်ထန်က စုတ်သပ်ကာ. . .

"ခဏလောက် စောင့်ကြည့်ပါဦး၊ နောက်ပိုင်းက ဆင်းလာသံတွေ ကြောင့်ပါ"

နှစ်ကိုယ်ကြားလောက်သော လေသံဖြင့် အချိန်မီသတိပေးလာလေသည်။

ကျွန်တော်နှင့် ဆရာတင်မြင့်တို့ အသင့်ချိန်တွယ်၍ စောင့်နေရာ ချောင်ဘက်သို့ တဝေါဝေါနှင့် ဆူညံစွာ ဆင်းလာသလို တောတိုးသံများသည် ပိုမို၍နီးကပ်လာပါတော့သည်။

ငန်းမြွေကြီးသည် ကျွန်တော်တို့ဘက်သို့ မျက်နှာမူထားရာမှ ခဏခြင်းပင် တောင်စောင်းဘက်သို့ စောင်းငဲ့ကာ မာန်သွင်းလိုက်ရင်း "ရှူး"ခနဲ နှာမှုတ်သံပေးလိုက်၏။ ကောင်းစွာကျရောက်နေသော အလင်းရောင်များအောက်ဝယ် စိမ်းဖန့်ဖန့်ကိုယ်လုံးတွင် တစ်ထွာခန့်အကွာအဝေးတိုင်းတွင် အနက်ရစ်များဖြင့် မာန်သွင်းနေသည်။ "ငန်းသံခွေစွပ်"၏ အမှုအရာမှာ တုန်လှုပ်ချောက်ချားဖွယ်ရာအဖြစ် ကျွန်တော် တွေ့မြင်နေရသည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ငန်းသံကွင်းစွပ်မြွေကြီး၏ နှာခေါင်းမှုန်သံအဆုံး၌ တစ်ဝေါဝေါ အသံများထွက်ပေါ်လာအောင် ရေအိုင်ဆီသို့ ဆင်းလာကြသည့် အမည်မသိ ရ၏ မမြင်ရသေးသော သတ္တဝါများသည် တန့်ခနဲ ရပ်သွားပြီးနောက် တစ် ကျစ်ကျစ်အသံများ ထွက်ပေါ်လာအောင် မာကြောသောအရာဝတ္ထု ကြိတ် သံများ ထွက်ပေါ်လာ၏။

ကျီခနဲ ကျယ်ခနဲ အသံရှည်များကို နောက်ထပ်ထွက်ပေါ်စေပြီး တစ်စုတစ်ရုံးတည်း လာနေရာမှ ဟိုတစ်စုဒီတစ်စု အုပ်စုလိုက်သည့် ပြေ လွှားလှုပ်ရှားသံများသည် တခဲနက် ထွက်ပေါ်လာတော့၏။

''တောဝက်တွေဗျို့၊ တောဝက်တွေ၊ ဒီတစ်ခါတော့ ပွဲကြီးပွဲ ကောင်း မြင်ရအုံးတော့မယ်ဗျို့''

မုဆိုးကြီးလမုန်ထန်က အရေးတကြီးပြောလိုက်၏။

ကျွန်တော်သည် စစ်သားမျက်စိနှစ်လုံးဖြင့် ကြိမ်တောများအကြား သို့ ကြည့်လိုက်မှပင် ခါးစောင်းလောက် ရင်စို့လောက်မြင့်မားသော အရပ် အမောင်းကြီးများဖြင့် လည်ဆံမွေး ဖောင်းမွေးတွေထကာ တစ်ရှူးရှူးနှင့် မာန်သွင်းရင်း ငန်းသံကွင်းစွတ်မြွေကြီးကို ပတ်ချာလည် ဝိုင်းရံလျက် လုမ်းခြင်းရှေ့သို့ သတိကြီးစွာဖြင့် တက်လာသည့် တောဝက်အုပ်ကြီးကို တွေ့မြင်လိုက်လေတော့သည်။

ငန်းမြွေကြီးသည် လျှောခနဲ ရှေ့ဆုံးမှတက်လာသော ဝက်ကောင် ကြီးကို လှမ်း၍ ပေါက်လိုက်ရာ ခြေတိုကိုယ်ကြီးဖြစ်နေသော ဝက်တောင် ကြီးသည် ကိုယ်လုံးပုတိုတိုနှင့် မလိုက်အောင် ဆွေ့ခနဲ ဘယ်ဘက်သို့ ခုန်လွှားကာ ရှောင်တိမ်းလိုက်ပြီး ငန်းမြွေကြီး၏ ဂုတ်ပိုးကို မိမိရရဝင်၍ ခဲလိုက်တော့၏။ ငန်းသံကွင်းစွတ်ကြီးသည် ရှည်လျားသောကိုယ်လုံးဖြင့် ဝက်တောင်းကြီးကို ရစ်ပတ်လိုက်သည်တွင် ရုတ်တရက်အတွင်းမှာပင် ဝက်မကြီးတစ်ကောင်နှင့် ဝက်ထီးတစ်ကောင်က ငန်းကြီး၏ အလယ်ပိုင်းကို ဝင်ရောက်ကိုက်ဝါးနေကြ၏။ ငန်းကြီးသည် ဝက်တောင်းကြီး၏ ပါးစပ်အတွင်း မှ ဝုန်းခနဲ လွတ်မြောက်လာပြီးနောက် သူ့အား စတင်ကိုက်ခိုက်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ဝက်တောင်းကြီးကို ပေါက်ချလိုက်၏။

ဝက်တောင်းကြီးသည် "အီ"ခနဲ တစ်ခွန်းသာ အော်မြည်လိုက်ပြီး ငန်းမြွေကြီး၏ ခေါင်းပိုင်းကို အတင်းဝင်၍ လုံးသတ်ကာ တစ်ဖြောင်းဖြောင်း ကိုက်ဝါးနေလေတော့၏။

ဟိုမှသည်မှ ပြေးဝင်လာသော ဝက်တွေက လူးလွန့်ရုန်းကန်နေသော ငန်းမြွေကြီးအား တစွပ်စွပ်ထိုးကာ သတ်ကြကိုက်ဆွဲကြ၏။ ငန်းသံကွင်းစွတ်ကြီး၏ ခေါင်းပိုင်းကိုမူ ဝက်တောင်းကြီးငါးကောင်တို့က ငန်းမြွေကြီး၏ လည်ဂုတ်၊ ပါးပြင်းနှင့် လည်တိုင်တို့ကို အလွတ်မပေးတမ်း ကိုက်လျှက် ပတ်လျှက် ဗလုံးဗထွေးနှင့် တိုက်ပွဲဝင်နေကြတော့၏။

ငန်းမြွေကြီး၏ အလယ်ပိုင်းသည် ဝက်တစ်ကောင်ကို ရစ်ပတ်ထားသလို တကျိုကျိုအော်မြည်ရုန်းကန်းသံများ ထွက်ပေါ်လာသကဲ့သို့ ဝက်အကောင်နှစ်ဆယ်ခန့်ကလည်း ငန်းကြီး၏ အလယ်ပိုင်းနှင့် ဝက်ကိုရစ်ပတ်ထားသည့်နေရာတစ်ဝိုက်ကို တစ်ဝုန်းဝုန်းနှင့် ကိုက်ဖဲ့နေကြ၏။

ကျွန်တော်သည် လွန်စွာမှ အဆိပ်ပြင်းထန်လှသည့် သံကွင်းစွပ်ငန်းမြွေဆိုးများ၏ အဆိပ်စွမ်းရည်သတ္တိကို ဝါရင့်မုဆိုးကြီးများ၏ ပြောပြချက်အရ သိရှိနားလည်ထားသည့်အလျှောက် ထိုတိုက်ပွဲအတွင်း၌ လည်းကောင်း၊ တိုက်ပွဲပြီးစီးသည့် ကာလ၌လည်းကောင်း၊ တောဝက်အုပ်အဖို့ ငန်းမြွေကြီး၏ အစွယ်သင့်ကာ အတုံးအရှုံးသေကြသည်ကို နားလည်နေ၏။ ငန်းမြွေဆိုးက လွန်စွာဒေါသကြီးသလို အဆိပ်ထက်မြက်လွန်းလှပါသည်။ မြွေပွေးကိုက်လျှင် အခါလည်ခံကြောင်း သို့မဟုတ် နှစ်ဆယ့်လေးနာရီ တစ်နေ့တာခံကြောင်း သိရသလို ငန်းမြွေကိုက်မိပါက သတ္တဝါထဲတွင် အကြီးမားဆုံး ဆင်ကြီးပင်ဖြစ်ပါစေ ငန်းမြွေသံကွင်း၏ ကိုယ်လုံးအရှည် တစ်ပြန်သာသွားလာနိုင်ပြီး အဆိပ်တက်ကာ သေဆုံးကြရ၏။ ထို့ကြောင့်ပင် "ငန်းတစ်ပြန်"ဟူသော စကားပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သုံးဦးသည် မမျှော်လင့်သည့် တိုက်ပွဲခေါ်သံကို အံ့အားသင့်စွာဖြင့် ပုန်း ကွယ်ကာ ကြည့်နေကြဆဲပင် ဖြစ်၏။ ဝက်အုပ်ကြီးသည် ငန်းသံကွင်း



www.burmeseclassic.com

www.burmeseclassic.com



စွပ်ကြီးကို ကိုက်ရင်း ပါးစပ်တွင်ပါလာသည့် အသားစလေးများကို တကျွတ်
ကျွတ်ဝါးကာ စားလျှက် သွေးအလူးလူးနှင့် ရှုန်းကန်နေသည်။ ငန်းသံကွင်း
စွပ်ကြီး၏ တစ်ကိုယ်လုံးတွင် ဝက်ကြီးဝက်ငယ်များ အလုအယက် ဝင်ရောက်
ကိုက်ဖြတ် တိုက်ပွဲဆင်ရင်း ငန်းသံကွင်းစွပ်မြွေကြီးအသားကို အငမ်းမ
စားသောက်နေကြ၏။

အလည်ပိုင်းတွင် ရစ်ပတ်မိသော တောဝက်မှာ ကျန်ဝက်များ
ဝိုင်း၍ကိုက်ဖြတ်ခဲ့သည့် မြွေကြီး၏ အခွေမှပြေ၍ လွတ်မြောက်သည်နှ
တစ်ပြိုင်နက် ဒယိမ်းဒယိုင် အမူအရာနှင့် ရပ်တည်အနားယူလိုက်ပြီးနော
မြွေကြီး၏ အစိတ်အပိုင်းတစ်ခုကို လွှတ်ခနဲ ကိုက်ခဲ ချိုခါစားသော
လိုက်တော့၏။

တိုက်ပွဲခေါ်သံ၏ အနိုင်အရှုံး အဆုံးအဖြတ်ကား မိနစ်ပိုင်းအတွင်
၌ ပေါ်ထွက်လာတော့သည်။

စင်းစင်းလဲကာ သေနေသော ငန်းသံကွင်းစွပ်မြွေကြီးကို တဝု
ဝုန်းလုယက် စားသောက်နေကြသည့် တောဝက်အုပ်ကြီးအတွက် င
မြွေကြီးသည် ကြာရှည်ပင် မခံနိုင်တော့ဘဲ အရိုးအရင်းများသာ ကျန်
လာတော့၏။

ငန်းမြွေသံကွင်းစွပ်ကြီး အပေါက်ခံရသော ဝက်တောင်းကြ
များ၏အခြေအနေကို မမှိတ်မသုန် စောင့်ကာကြည့်နေမိသည့် ကျွန်တေ
အဖို့ ဝက်ကြီးများ၏ လှုပ်ရှားမှုများမှာ ခါတိုင်းကဲ့သို့ သွက်လက်နေ
မက ဝက်မများ အနီးအပါးသို့ ချဉ်းကပ်လာကြသည့် ဝက်ထီးအငယ်ပို
ကို တအီအီအော်မြည်အောင် လိုက်ကာပက်ရင်း ကိုက်ရင်းနှင့် မောင်းထု
နေသည်ကိုလည်း တွေ့နေရပါသည်။

ဝက်ငယ်များသည် ကျောက်ခွက်ရေအိုင်ရှိရာသို့ စုပြုံဆင်းလ
ပြီး ရေကို တစ်ဝသောက်ကာ ဝက်ငယ်အချို့သည် ကျွန်တော်
ပုန်းကွယ်နေရာ တောင်ကပ်ပျောပင်များဆီသို့ ပြေးတက်လာရင်းနှင့် ...
အူများကို ကိုက်ဝါးစားသောက်နေစဉ်မှာပင် ကျွန်တော်တို့ကို တွေ့ရှိသ



www.burmeseclassic.com

www.burmeseclassic.com



ကာ စီခနဲ အော်သံများနှင့် ဝက်အုပ်ကြီးရှိရာသို့ ပြန်ပြေးသွားကြ၏။

သည့်တွင် အုပ်စီးဝက်တောင်းကြီးသည် ကျွန်တော်တို့ ပုန်းကွယ်ရာသို့ တစ်ချက်ခေါင်းမော့ကာ အနံ့ခံလိုက်ပြီး ငန်းမြွေကြီး၏ သွေးစိမ်းများ ပေကျံနေသည့် ကိုယ်လုံးကြီးကို သိမ့်ခနဲ ယမ်းခါလိုက်ပြီးနောက် ကျွန်တော်တို့ ပုန်းကွယ်ရာသို့ ဝါးလုံးထိုး လိမ့်ကာ တစ်ဟုန်တည်း ပြေးတက်လာတော့၏။

ကချင်မုဆိုးကြီး လမုန်ထန်သည် ပုန်းနေရာမှ ငုတ်ခနဲ ထ၍ရပ်လိုက်ပြီး. . .

"ပစ်ကြ မြန်မြန်ပစ်ပေးဗျို့. . ."

အော်ဟစ်ပြောဆိုလိုက်ပြီး ကျောက်ခွက်အိုင်ထိပ်သို့ ရောက်လာသည့် အုပ်စီးဝက်တောင်းကြီးကို ထိုးပစ်ချလိုက်၏။

ကျွန်တော်သည် ပြေးတက်လိုက်ပါလာသည့် ဝက်ကြီးနှစ်ကောင်ကို ဆက်တိုက် ကျည်ဆံလေးထောင့်နှင့် ပစ်ချလိုက်သလို ဆရာတင်မြင့်၏ ဂျီ–၃ကလည်း ဒိုင်းခနဲ ဒိုင်းခနဲ မီးပွင့်လျှက် ထွက်ပေါ်လာလေသည်။

နောက်ပိုင်းမှ ဝက်အုပ်ကြီးသည် ဝေါခနဲ နောက်ပိုင်းသို့ ယိမ်းလျှက် ပြေးမိပြေးရာ ဆုတ်ခွာသွားကြရာ ထွေးတော၊ ကြိမ်တောကြီးတစ်တောလုံး သိမ့်သိမ့်တုန် ကျန်ရစ်ခဲ့တော့၏။

ကျွန်တော်တို့သုံးဦးသည် တောဝက်ကြီးခြောက်ကောင်ကို လှမ်းရှုကြည့်လိုက်ပြီး လဲကျနေသည့် ဝက်ကြီးများရှိရာသို့ သတိနှင့်လာခဲ့ကြ၏။

"အာဂအကောင်တွေဗျ၊ မျက်လုံးတွေ ပြာနေပြီး လူရောတိရစ္ဆာန်ရော မရှောင်တမ်း တိုက်ခိုက်ဖို့ ထွက်လိုက်လာကြတာဗျ၊ ကျုပ်တို့က စီးပြီးသာ မပစ်ခဲ့ရင် ကျုပ်တို့ကို တိုက်ခိုက်ပြီးသားပဲ ဗိုလ်ကြီး"

မုဆိုးကြီးလမုန်ထန်က ပြောလိုက်၏။

ကျွန်တော်သည် မုဆိုးကြီးလမုန်ထန် ဦးစွာပစ်ခတ်ခဲ့သည့် အုပ်စီးဝက်တောင်းကြီးကို သေချာစွာ ငုံ့ကြည့်လိုက်ရင်းက. . .

"ဘယ်လိုလဲ လမုန်ထန် ငန်းသံကွင်းစွပ်ကြီး အပေါက်ခံရလို့



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်တက်ပြီး ဒီဝက်တွေ မသေကြပါလားဗျ''

မေးမြန်းမိ၏။ မုဆိုးကြီးလမုန်ထန်သည် ခေါင်းကို ယမ်းပြလိုက်ပြီးမှ . .

''တောဝက်ကို ဘယ်လောက်အဆိပ်ပြင်းတဲ့ မြွေဆိုးမှ ပေါက်လို့ မသေဘူးမှတ်ဗျ။ တောဝက်အရေက အိမ်ဝက်ထက် အရေပိုထူတယ်၊ ပြီးတော့ အဆီက တစ်ထပ်ခံပြီးနေတော့ ဘယ်လိုလုပ် မြွေဆိပ်က အရေထူထူနဲ့ အဆီပြင်ကို ဘယ်လိုကျော်ဖြတ်ပြီး အသားထဲ ဝင်နိုင်ပါ့မလဲဗျာ''

ပြောပြောဆိုဆို တောဝက်တောင်းကြီး၏ လည်ဂုတ်ပိုင်းမှ အမွေးရှည်တစ်ဝိုက်ကို ထက်မြက်နေသော ကချင်တောလိုက်ဓားမြှောင်နှင့် ခြစ်၍ရှင်းပြီး . .

''ကြည့်ဗျ ဒီမှာ၊ ဟောဒီက ငန်းမြွေကြီးရဲ့ အစွယ်ရာလေးပေါက်''

ပြသပေးရာတွင် ဖျာချပ်အပ်ခေါင်းမျှ ကျယ်ဝန်းသော အစွယ်ရာလေးပေါက်ကို တွေ့ရပါသည်။

ထို့နောက် မုဆိုးကြီး လမုန်ထန်က ထိုပြောင်တလင်းခါနေသော နေရာတစ်ဝိုက်မှ ဝက်ရေထူထူကို ကျိတ်၍လှီးဖြတ်ကာ အရေခွံဆွဲခွာလိုက်သည်တွင် ဖြူဖွေးနေသော ဝက်ဆီများပေါ်၌ မည်းနက်နက် မြွေဆိပ်များကို တွေ့လိုက်ရလေသည်။

''ဒီမှာ ဆရာတင်မြင့် . . . မြွေမျိုးတွေကို တစ်နေရာရာမှာ သိမ်းသပ်စုကြရအောင် တောတက်ဆေးမြစ်ရှာ ကြိမ်ခုတ်၊ ဝါးခုတ်လာကြ တဲ့ ဖိနပ်မပါတဲ့ တောင်ယာသမားတွေ နင်းမိရင် ဝက်တွေမသေဘဲ လူတွေ သေမှာစိုးရိမ်ရတယ်''

မုဆိုးကြီးလမုန်ထန်က ပြောသဖြင့် ဆရာတင်မြင့်သည် ဝါးအခေါင်းချောင်းကို ခုတ်ကာ ထိပ်မှချွန်လိုက်ပြီး စြန့်ကျဲနေသော ငန်းသံကွင်းရှိ အရိုးအစိတ်အပိုင်းများကို စုဆောင်းကာ မြေတွင်းတူး၍ မြှုပ်လိုက်ကြသတည်း။ ။

♛ ♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com

## နှမ်းလန်မှ လူသတ်ကောင်

ကြမ်းတမ်းခက်ထန်လှသော ကျွန်တော်၏ ဘဝအတွေ့အကြုံများမှ အဘိဓမ္မာဆန်လှသော အတွေးအခေါ်များကို ရရှိစေခဲ့ပါသည်။ ကျွန်တော်၏ဘဝသည် ငယ်စဉ်ကာလမှစ၍ ကြမ်းတမ်းမှုနှင့် ဘဝကိုရင်ဆိုင်ခဲ့ရသူဖြစ်ပါသည်။ ပညာရေးကိုကိုယ့်ဘဝ ကိုယ်ကြောင်း၏။ ဘွဲ့တစ်ခုကိုရယူခဲ့ရ၏။ ထို့နောက် တပ်မတော်သားဘဝ။ ယင်းတပ်မတော်သားဘဝနှင့် ရရှိခဲ့သော တောတွင်းအတွေ့အကြုံများ ထိုမှသတင်းစာ ဆရာဘဝ။ စာရေးဆရာ အယ်ဒီတာဘဝများ စုပေါင်းထားသော သံသရာတွင် ပြုတ်ခဲ့သည့် အလျှောက် အတွေ့အကြုံများ ပြည့်နှက်စေခဲ့ပါသည်။

မှတ်မှတ်ရရ ဖြစ်ရပ်များအနက် ယခုဖော်ပြမည့် အဖြစ်အပျက်မှာ ကျွန်တော် မြစ်ကြီးနားမှ ၈၇–မိုင်ဝေးသော ပူတာအိုသွား လမ်းဘေးရှိ ချောင်းကမ်းပါးတွင် စခန်းထိုင်စဉ်က ဖြစ်ပါသည်။ ကျွန်တော့် အပေါ်၌ ဖြစ်နိုင် မဖြစ်နိုင် မစဉ်းစားဘဲ လွန်စွာအထင်ကြီးခဲ့သော အချက်ကိုအခြေခံ၍ လောက၌ မရှိတာထက် မသိတာခက်၏။ ဟူသော ဆောင်ပုဒ်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် တပ်ကြပ်တင်မြင့်တို့ကို သေမင်းရင်ခွင်သို့ ပို့ဆောင်စေခြ
ဝင်ဖြစ်ပါသည်။

တပ်မတော်သား ဘဝ၏ စစ်ဆင်ရေးအတွေ့အကြုံတို့ကြော
လည်းကောင်း၊ လျင်မြန်ဖျတ်လတ်မှု မျက်စိရှင်သန်မှုများကြောင့်သ
ကိုယ်တွေ့ဖြစ်ရပ်များကို စာဖတ်သူတို့အား ပြန်လည်တင်ပြနိုင်ခဲ့ပါသည်

မုဆိုးကြီး ဇော်ကျန်ပြည့်ကို ကျွန်တော်သည် ကောင်းစွာရင်းနှီ
သလို တစ်ခါတစ်ရံ သူနှင့်ကျွန်တော်တို့က တောလယ်၍အမဲပစ်ခဲ့ဖူး
ဇော်ကျန်ပြည့်သည် ကျွန်တော်၏လက်ဖြောင့်မှု သေနတ်ပစ်လျင်မြန်
မျက်စိဖွင့်မှုတို့ကို မကြာခဏ ကိုယ်တွေ့မျက်မြင်ကြုံတွေ့ဖူးသဖြင့် အကြ
အကျယ် သဘောကျ အထင်ကြီးနေသူလည်း ဖြစ်၏။

ဤသို့ မုဆိုးကြီး ဇော်ကျန်ပြည့်၏ တစ်ဘက်သတ်အထင်ကြီးခဲ့
သည် မကြာခင်ကာလအတွင်း ကျွန်တော်နှင့် တပ်ကြပ်တင်မြင့်တို့အ
သေမင်းနှင့် ပက်ပင်းပါတိုး စေလျက် တစ်ဘက်တွင် မေ့မရစေသည့် မှတ်မှ
ရရ အခန်းတစ်ခန်းကိုဖော်ထုတ်စေခဲ့၏။

ရွာပေါင်းရွာခေါင်းတဖြစ်လဲ မုဆိုးကြီး ဇော်ကျန်ပြည့်၏ ရွာ
မေလိခနှင့် နမ်းလန်မြစ် ဆုံရှိ မြစ်ဆုံရွာပင် ဖြစ်ပါသည်။ မေလိခမြစ်အပ
စုန်သွားပါက ရေစီးကြောင်း စခန်း။ ထိုမှ ဆက်သွားပါက သစ်တစ်ပင်စခ
သစ်တစ်ပင် စခန်းတွင်ကား ကျောက်ဆောင်ပေါ်များသော နေရာဖြစ်
ဆက်၍သွားပါက သောကြာနေ့ ရေအိုင် "ကယုံ"ဒိုက်ရေစီး။ ဂျိဘေ
တာစခန်းများပင် ဖြစ်၏။

ထိုစခန်းများ၏ အရှေ့ဘက်၊ တောင်ဘက် မြောက်ဘက်တစ်ခွ
မျှော်ပေတိုင်း မဆုံးနိုင်သော တောအထပ်ထပ်၊ တောင်ထပ်ထပ် ကာဆီ
လျက်ရှိသည်နှင့်အမျှ ကျိ၊ တောဝက်၊ ဆတ်တို့ကို အုပ်လိုက်မတွေ့ရ
တောဆင်၊ ကျား၊ ပြောင်စသည့် သားကောင်ကြီးများကိုသာ တွေ့ရတတ်

ကျွန်တော်တို့ တပ်စုသည် နယ်မြေရှင်းလင်းရေး တိုက်ပွဲတွ
ရင်း မေလိခမြစ်ရိုး တစ်လျှောက်ရှိ စခန်းများနှင့် နမ်းလန်မြစ်ဆုံရွာ



www.burmeseclassic.com

www.burmeseclassic.com



စခန်းချလေ့ရှိ၏။ ထို့ကြောင့်လည်း နမ်းလန်မြစ်ဆုံရွာ မှဆိုးကြီးဇော်ကျနံ ပြည့်နှင့် ကျွန်တော်တို့ တပ်မတော်သားများနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီး ခဲ့ကြလေသည်။

♛ ♛ ♛

နေရောင်ခြည်များက တောအတွင်းသို့ ပြောက်တိပြောက်ကျား ကျရောက်လျက် လှပသော မြင်ကွင်းတစ်ရပ်ကို ဖန်ဆင်းလျက် . .

ငှက်ပေါင်းစုံ၏ တွန်သံများက မြိုင်တောကိုပိုမို သာယာစေရန် တန်ဆာဆင်လျက်ရှိနေပါသည်။

"ရှေ့တစ်ကျောဆိုရင် မြစ်ဆုံကိုရောက်ပြီဟဲ့ မနက်စာ အဲဒီကျမှ စားတာပေါ့"

ကျွန်တော်သည် တစ်တန်းစီတက်နေသော တပ်စုတပ်ကြပ်ကြီး နှင့် ရဲဘော်များကို အားပေးစကားပြောကြားလိုက်၏။

"မနက်စာတော့ ဟုတ်ပါပြီဗိုလ်ကြီး ကျွန်တော်တို့ လူစုအတွက် ဟင်းပြဿနာ ဘယ်လိုလုပ်ပြီး ဖြေရှင်းမလဲ"

တပ်ကြပ်ကြီး ထွန်းဇန်နန်က တင်ပြလာ၏။

"ဟင်းအတွက် လွယ်ပါတယ် ဆရာကြီးရယ်၊ ကျုပ်နှစ်လုံးပြူး က ဖြေရှင်းပေးပါ့မယ်"

လမ်းပြမုဆိုးကြီး လမုန်ဆန်က ခပ်သွက်သွက်ပြောပြီး ကျွန်တော် တို့ ချီတက်ရာလမ်း၏ ညာဘက်ဆီသို့ ကိုက်အစိတ်မျှ လှမ်းဝင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တသသ မကြာတွင် "ဒိုင်း"ခနဲ နှစ်လုံးပြူးသေနတ်သံတစ်ချက်က တိတ်ဆိတ်နေသော တောတစ်ခွင်ကို ရုတ်တရက် ဖြိုခွင်းလိုက်တော့သည်။

ဆယ်မိနစ်ခန့်အကြာတွင် ရစ်ကျွဲကြီးများကို ခြေထောက်ဆုပ်ကိုင်လျက် မုဆိုးကြီးလမုန်ထန်သည် ပြုံးရွှင်သောမျက်နှာနှင့် ထွက်လာလေသည်။

တောရစ်များသည် တောကြက်ဖများထက် အလုံးအဖန်ကြီးပြီး ထိုတောရစ်မျိုးအနက် ရစ်ကျွဲအမည်ခံ မြိုင်ရစ်မျိုးက ပိုထွားကြိုင်း၏။ တစ်ကောင်လျှင် အမွေးနှုတ်ပြီးသား အလေးချိန်တစ်ပိဿာခွဲမှ သုံးပိဿာ အထိ အချိန်စီးလေ့ရှိသည်။

"ငါးကောင်ရတယ် ဆရာကြီး"

မုဆိုးကြီး လမုန်ထန်က တပ်ကြပ်ကြီး ထွန်ဇန်နန်အား မြှောက်ပြ ရင်း ပြောလိုက်၏။

ဆယ့်ငါးမိနစ်ခန့်အကြာတွင် မြစ်ဆုံရွာ၏အနောက်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ စုဝေးနေထိုင်ကြသော မြစ်ဆုံရွာမှ တောင်ယာတဲခုနစ်ဆယ် ချဉ်းကပ်မိကြ၏။

ကျွန်တော်တို့ တပ်စုဆီသို့ တဲစုအတွင်းမှ အဒပြေးအလွှား ထွက်လာပြီး ရှေ့ဆုံး ခရီးဦးကြိုပြုသူမှာ နမ်းလန်မြစ်စုံရွာ မုဆိုးကြီး ဇော်ကျုန်ပြည့် ပင် ဖြစ်ပါသည်။

"အဝေါ်ဘဲဗျာ အသားငတ်နေတုန်းမှာ ဗိုလ်ကြီးတို့က ရောက်လာတာ"

အားရဝမ်းသာ ကြွေးကြော်လိုက်သည်တွင် သူ၏နောက်မှ လိုက်လာသူ လရော်ကလည်း . .

"ဘယ်သူများသွားခေါ်တာလဲ ရွာခေါင်းကြီး အရေးကြီးနေခိုက်မှာ ရောက်လာကြပြီဗျ ဟို–ဟို"

အရေးကြီးသော သတင်းအစကိုပြောရန် ပြင်ဆင်လိုက်သော ရွာခေါင်းမုဆိုးကြီး ဇော်ကျုန်ပြည့်က. . .



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှစကားပြော လရော်၊ မနက်စာကျွေးမွေးဖို့ စီစဉ်ကြ ။မ်း ကိုင်းရှေ့ကပြေးပြီး ချက်ပြုတ်ခိုင်းစမ်း လ ရော်"

ရှေ့ဆက်မည့်စကားကို ဝင်၍ ဟန့်တားဖျက်ဆီးလိုက်ပြီး ချက်ပြုတ် ရေးကိစ္စဘက်သို့ လမ်းလွှဲလိုက်တော့၏။

လမုန်ထန် တပ်ကြပ်ကြီး ထွန်ဇန်နန်နှင့် တပ်ကြပ်တင်မြင့်တို့ သည်လည်း မုဆိုးကြီး ဇော်ကျန်ပြည့်နှင့် လွန်စွာရင်းနှီးသော မိတ်ဆွေ ဟောင်းများပီပီ. . .

"ညနေအတွက် ဟင်းကိုတော့ ဗိုလ်ကြီးနဲ့ ဆရာတင်မြင့်က ာဝန်ယူလိမ့်မယ် ဇော်ကျန်ပြည့်၊ ကျုပ်တာဝန်က ရစ်ကွဲကြီးဟင်းက အဖြေ ပေးလိုက်ပြီ" လမုန်ထန်ကရယ်စရာ မောစရာအဖြစ် ပြောလိုက်လေသည်။

ကျွန်တော်တို့သည် နမ်းလန်မြစ်ဆုံရှ...တွင် စခန်းမချဘဲ တောပတ် တ်လည်ဝိုင်းနေသော တောင်ယာတဲ ခြောက်လုံးသာစုနေကြသည့် လရော် ၏ တောင်ယာတဲစုတွင်သာ စခန်းချရခြင်းမှာ လုံခြုံရေးအတွက် အရေးပေး ဉ်းစား၍ စခန်းချနေရာယူခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ တပ်စုအား ရွာခေါင်းကြီး ဇော်ကျန်ပြည့်နှင့် သရော်တို့က အဆာပြေသဘောမျိုးဖြင့် ဖန်ခါးရေနှင့် ခေါ်ပုတ်၊ ကြက်ဥကြော် များဖြင့် ညှော်ခံရင်း စကားစမြည် ပြောဆိုနေကြ၏။ ဖန်ခါးရေလာထည့်ပေး သော လရော်၏ညီ ဇော်လက တစ်စုံတစ်ခု ပြောဆိုလိုဟန်ဖြင့်. . .

"ဗိုလ်ကြီးတို့ ရောက်လာတာ ဘုရားသခင်ကယ်မတာပါပဲ၊ ကျုပ် တို့ ရွာသားတွေ ဒီလူသတ်ကောင်ကြောင့်. . ."

ဇော်လ၏ပြောဆိုလိုသော စကားမဆုံးခင်ပင် မုဆိုးကြီး ဇော်ကျန် ပြည့်သည် ရုတ်တရက် ဝင်ရောက်၍. . .

"ဟေ့. . . လူကြီးတွေစကားပြောနေတာကွ မင်းတို့ လူငယ်တွေ င်မပါနဲ့ သိပ်မိုက်တဲ့ အကောင်"

အရေးတကြီး စကားဖြတ်လိုက်ရာ ဇော်လသည် မျက်နှာငယ်လေး ချင်ပင် နောက်သို့ ဆုတ်သွားရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင် ကျွန်တော်သည် ဇော်လ၏ ပြောလက်စစကားနှင့် ...ချော် တို့ ပြောဆိုသည့် အရေးကို ဖောက်ကျန်ပြည့် အချိန်မှီ ဝင်ရောက်တားမြစ်သည့်ကိစ္စနှင့် ပတ်သက်၍ စိတ်ထဲတွင် သကာမကင်း ဖြစ်သွားမိ၏။ သို့စေကာမူ ကျွန်တော်တို့ မပေါ်တွင် ဇော်ကျန်ပြည့်၏ ယခင် ကာလများက သစ္စာရှိခဲ့မှု ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်မှုများကြောင့် ရှေ့သို့ဆက်၍ ဇော်ကျန်ပြည့်ကို ထောက်လှမ်းမေးမြန်းရန် စကားကို သိမ်းလိုက် ရတော့သည်။

အပြင်းချီတက်ခဲ့ကြရသော ကျွန်တော်တို့တပ်စုမှာ ကြက်ကြော် ခေါ်ပုတ်၊ ကြောင်သားကင်များကြောင့် အဆာပြေကြပြီး ကင်းကို စနစ်တကျ ရှိစေရန် မှာကြားပြီး အနားယူနားနေလေသည်။

ရှာခေါင်းရှာခံ မုဆိုးကြီးဇော်ကျန်ပြည့်က ကျွန်တော်၏ အခြေ အနေကို အကဲခတ်၍ ကြည့်နေပြီးမှ. . .

"ဗိုလ်ကြီး ခဏနားပြီးရင် ကျုပ်တို့နဲ့ အမဲသွားချောင်းရအောင် လမ်းမှာတွေ့တဲ့ ဟင်းလျာကောင်တွေလဲ ပစ်ရင်းပေါ့၊ ဒီနေရာတွေက အကောင်ကြီးတွေပေါ်တာ ဗိုလ်ကြီး သိနေပြီပဲဟာ"

စတင်ခေါ်လိုက်ရာ ကျွန်တော်သည် တောင်ယာတဲအနီး တစ်ပိုက် တွင် ခြေရာချင်းထပ်ခမန်း ပေါ်များလှသော ဆတ်နှင့် တောဝက်များကို ပစ်လိုသည်နှင့်-

"ကောင်းသားဘဲ ဇော်ကျန်ပြည့် ထမင်းက အနည်းဆုံး တစ်နာ ရီခွဲလောက်မှကျက်မှာဘဲ၊ အဲဒီတော့ အညောင်းပြေလေး လျှောက် ကြည့်ရအောင်ဗျာ"

ပြောပြောဆိုဆိုနှင့် ကျွန်တော်က တပ်ကြပ်တင်မြင့်ကို ခေါ်လိုက် ၏။ လမုန်ထန်သည် ချွေးစိုနေသော အကျီ ဘောင်းဘီများကို နေလှန်း နေရာမှ-

"သတိတော့ထားသွားကြဗျ၊ ဒီနေရာတွေမှာ အကောင်ကြီးတွေ ကိုရှောင်ဖို့ မလွတ်ဘူးဗျ" ဟု သတိပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်က ကျွန်တော်၏ ကာဘိုင်သေနတ်အား ထားခဲ့ပြီး ရဲဘော်တစ်ယောက်ဆီမှ ဂျီ-၃ ရိုင်ဖယ်ကို ကျည်ကပ်နှစ်ခုနှင့် အတူ ယူလာခဲ့၏။

"ဘာကောင်ကြီးဖြစ်ဖြစ် မိုလ်ကြီး ပါလာရင် နေရာမှာတင်ကျစေမယ်၊ ဘာကြောက်စရာရှိလဲ လာဟေ့ ဇော်လ တို့နဲ့လိုက်ခဲ့"

ဇော်ကျန်ပြည့်သည် တက်တက်ကြွကြွ ဦးဆောင်ကာ ပြောကြားလိုက်၏။

ကျွန်တော်နှင့် ဇာပ်ကြပ်တင်မြင့်က ရှေ့ဆုံးမှ တက်ခဲ့ကြသလို ဇော်ကျန်ပြည့်နှင့် ဇော်လတို့က နောက်မှကပ်၍ တောင်ယာတဲ၏ အနောက်ဘက်ဆီသို့ ခြေဦးတည်လိုက်ကြ၏။

တောင်ယာတဲငယ်မှ အရေးတကြီး လှမ်း၍သတိပေးနေသော လရော်အား နောက်ဆုံးမှ ဇော်ကျန်ပြည့်က-

"ဟာ အရေးထဲမှာကွာ လရော်က စကားရှည်လှတယ်၊ ဘာမှ မစိုးရိမ်နဲ့ မင်းအလုပ်မင်းပြီးအောင် သာလုပ်စမ်းကွာ"

အမိပ္ပာယ်တစ်မျိုးဖြင့် လရော်ကို လှည့်၍ကြိမ်းမောင်းပြစ်တင်လိုက်၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



တောင်ယာစိုက်ခင်း သုံးခင်းကို ဖြတ်၍ တောထဲသို့ ကျွန်တော်တို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် အအေးဓာတ်က စိမ့်ခနဲ အေးခနဲပင် စတင်ကာ နှုတ်ဆက်ခြင်း ခံလိုက်ရသည်။

ကျွန်းပင်ကိုင်းခြောက်ပေါ်တွင် နားနေသော ငှက်ငနွားတစ်အုပ်က ကျွန်တော်တို့ကို မြင်လိုက်သဖြင့် ဝုန်းခနဲ ထ၍ ပျံပြေးကြ၏။

ရှည်နီကလေးနှစ်ကောင်ကလည်း ကျွန်တော်တို့ရှိရာသို့ ခေါင်းငုံ့ကာ အလန့်တကြားပင် တောလှန့်သံပေးကာ ပျဉ်းကတိုးပင်ပေါ်သို့ တက်ပြေးလေသည်။

"ဦးကြီး ဇော်ကျုန်ပြည့် ခုဘယ်သွားမှာလဲ အခြေအနေကိုလဲ ကြည့်ပြီးသွားကြမှ ကောင်းမယ်နော်"

ဇေ ကစတင်၍ ခရီးစဉ်ကိုမေးလိုက်ရာ ဇော်ကျုန်ပြည့်သည် မျက်စိကျွတ်ထွတ်ခမန်းပင် ဇော်လကိုစိုက်၍ကြည့်နေရင်းက–

"သိပ်စကားမရှည်နဲ့ ဇော်လ၊ ဒါတွေမင်းအလုပ် မဟုတ်ဘူး၊ ဗိုလ်ကြီးနဲ့ ငါတို့က နမ်းလန်ချောင်းအတိုင်း တက်ပြီး ရှာမယ်၊ ဂွဆုံမှာမင်းကို စောင့်မယ် ဇော်လ၊ မင်းနားလည်လား၊ မင်းက လမ်းဟောင်းအတိုင်း ငါပြောတဲ့ ခြေရာတွေကြည့်ပြီး တွေ့တွေ့ မတွေ့တွေ့ တို့ဆီကိုလိုက်ခဲ့၊ ဂွဆုံကနေပြီး မင်းကိုစောင့်မယ်၊ ဘာဝေးတာလိုက်လို့ ဇော်လရယ်"

ခရီးစဉ်ကိုပြောလိုက်၏။ ဇော်လက–

"ကောင်းပြီ ဦးကြီး ဇော်ကျုန်ပြည့် မဝေးပါဘူး၊ ဂွဆုံကဆက် ဆက်စောင့်နော်၊ ခရီးမလွန်စေနဲ့ဗျ၊ ကျုပ် တစ်ယောက်ထဲသွားရကြည့်ရ မှာဗျ"

စိတ်မချသည့်အသံဖြင့် သတိပေးနေ၏။

"သွားမှာသာသွားစမ်းကွာ ဇော်လ၊ မင်းပ ကက ယောက်ျား မဟုတ်တဲ့အတိုင်းပဲ ကြာတယ်ကွာ၊ ရှေ့လမ်းခွဲလမ်းကွေ့ကစပြီး မင်းက လမ်းဟောင်းအတိုင်း ခြေရာခြေကြောင်းတွေကြည့် တို့နဲ့ခွဲမယ်"

ပြောပြောဆိုဆိုနှင့် ရှေ့ဆုံးကစတင်ကာ တက်သွားပြီး နောက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



အလုံခန့်အရောက်တွင် ခြေသွားလမ်းကလေးနှင့် ခပ်ဟောင်းဟောင်း ည်းဘီးရာများတွေ့နေရသည့် တောတွင်းလမ်းဟောင်းနေရာသို့ ရောက်ခဲ့ ကြ၏။

"ကဲ . . . သွားတော့ဇော်လ၊ သတိနဲ့ကြည့်သွားပေါ့"

ဇော်ကျွန်ပြည့်ကပြောလိုက်ပြီး ကျွန်တော်၊ တပ်ကြပ်တင်မြင့်၊ ဇော်ကျွန်ပြည့် ပြသော လူသွားလမ်းကလေးအတိုင်း စတင်၍ ခရီးဆက်ခဲ့ ကြ၏။

လမ်းဟောင်းတစ်ဖက်စဆီမှ လူတစ်ယောက်၏ အရိပ်သဏ္ဍာန်ကို ခန့် တွေ့လိုက်ရသလို . . .

"ဟေ့ ဇော်လ၊ ဘယ်ကိုတုန်း တစ်ယောက်ထဲကွာ"ဟု ခပ်သဲ့သဲ့ သံကိုကြားလိုက်ရပြီး ယောက်ျားနှစ်ယောက်၏ ခပ်အုပ်အုပ် အရေးတကြီး ပြောဆိုသံများကို နောက်ဆုံး ကြားလိုက်ရလေသည်။

"ဒီအကောင်တွေ အသုံးမကျပါဘူး ဗိုလ်ကြီးရာ၊ အရေးထဲ မ်းမှာရပ်ပြီး စကားများနေကြပြန်ပါပြီ"

မကျေနပ်သည့် လေသံကြီးဖြင့် ရှေ့ဆုံးမှလမ်းပြရင်း ဇော်ကျွန်ပြည့် ပြောနေပြန်၏။

"ဘယ့်နှယ့်ပဲ ဇော်ကျွန်ပြည့် တောဝက်နဲ့ ဆတ်တွေ ခါတိုင်း ခြေရာအသစ်တွေ ဒီလောက်ရောက်ရင် တွေ့ရတတ်ပါတယ်၊ ဒီနေ့တော့ ယ်လိုဖြစ်တာလဲ၊ ထူးခြားလှပါကလား ဇော်ကျွန်ပြည့်"

ကျွန်တော်က လူသွားလမ်းပေါ်သို့ မကြာခဏငုံ့၍ သားကောင် ၏ ခြေရာများကို ရှာဖွေကြည့်ရှုရင်းက မေးလိုက်၏။

"နမ်းလန်ချောင်းစွယ်ထဲရောက်ရင် ကြိုက်တဲ့အကောင် ရွေးပစ် ဗိုလ်ကြီး၊ ရှေ့ကျရင် ခြေရာအသစ်တွေ တွေ့ရမြင်ရပါလိမ့်မယ်"

ဇော်ကျွန်ပြည့်သည် ခပ်သုတ်သုတ်သွားရင်း အဖြေပေးလေသည်။

လေးမိုင်နီးပါး လျှောက်ခဲ့ကြသည့်နောက်တွင် မမျှော်လင့်သော ခြေရာသစ်များကို နှင်းရိုက်ထားသော လူသွားလမ်းကလေးပေါ်တွင် ထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



ရှာ တွေ့လိုက်ရလေသည်။ ထိုခြေရာများကား ကျွန်တော်တို့ မျှော်လင့်တောင့် တနေသော ဆတ်နှင့် တောဝက်ခြေရာများမဟုတ်ပါ။ အကျယ်အဝန်း နှစ်ပေ နီးပါးခန့်ရှိနေသော ဆင်ကြီး၏ လတ်လတ်ဆတ်ဆတ် ခြေရာဝိုင်းကြီးပင် ဖြစ်ပါ၏။

ကျွန်တော်နှင့် တပ်ကြပ်ဖအင်မြင့်တို့က မုဆိုးအတွေ့အကြုံ အသင့်အတင့်ရှိကြသလို သစ်ထုတ်ရာဆင်စခန်းများတွင်လည်း လုံခြုံရေး တာဝန်ယူခဲ့ဘူးသူများ ဖြစ်ကြသဖြင့် လမ်း၏ တစ်ဖက်တစ်ချက်သို့ ခေါင်းငုံ့၍ ထူးကြိုးခေါ် ဆင်ယဉ်များ၏ ခြေလက်တို့တွင် တန်းလန်းဆွဲချည်၍ လွှတ်ထားသည့် သံကြိုးဆူးကြိုး အရာများ ပါ၊ မပါကို အရေးတကြီး ရှာကြည့်လိုက်ကြ၏။ လုံးဝမတွေ့ရသောကြောင့်. . .

"ဆင်လွတ်တွေများရှိနေသလား ဖော်ကျုန်ပြည့်"ဟု မေးလိုက်မိ၏။

"ကျုပ်တို့နယ်မှာ ဘယ်အိမ်ဆင်မှ မရှိဘူးဗိုလ်ကြီး တွေ့သမျှ ဆင်ခြေရာဟာ တောဆင်တွေပဲဗျ"

ခပ်အေးအေး ပြောလိုက်ပြီးမှ. . .

"ဟောဟို ကညင်ပင်ရောက်ရင် နှမ်းလန်းချောင်းစွယ်ထဲကို ဆင်းမယ်၊ ခုလိုနေ့လယ်အချိန်မှာ ဆတ်နဲ့ဝက်တွေဟာ ချောင်းစုံထဲပေါက်နေတဲ့ မြက်နု၊ ကြိမ်ဖူး၊ ကြိမ်ပင်နုတွေစားရင်း ချောင်းဆုံထဲမှာ အိပ်လေ့ရှိတယ်ဗျ မျက်စိရှင်ရှင်နဲ့ ကြည့်ပြီး ပစ်ကြရအောင်"

သူ၏ ကချင်ဒူးလေးကြီးကို ပြင်ဆင်ရင်း ခပ်တိုးတိုးအသံဖြင့် မှာကြားနေလေသည်။

ကညင်ပင်၏အနောက်ဖက်သို့ ကြည့်လိုက်ရာ ရေစပ်စပ်ဖြစ်နေသော ပေလေးဆယ်ခန့် အကျယ်အဝန်းရှိသော နှမ်းလန်ချောင်းစွယ်ပြင်ကိုတွေ့ရပြီး ရှစ်ပေခန့်မြင့်သော ချောင်းကမ်းပါးမှ ခပ်ပြေပြေအဆင်ကို စတင်ကာဆင်းလိုက်ကြ၏။ ချောင်းထဲတွင် ခြေချမိသော ကျွန်တော်သည် လတ်ဆတ်သစ်လွင် လွန်းသောခြေရာများကို တဖန်တွေ့လိုက်ရပြန်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ချတစိုက် အကဲခတ်လိုက်ရာ ခြေရာအသစ်များ အဖြစ်ကို သိလိုက်ရ၏။

"ဒီကောင် သိပ်မဝေးဘူးဗိုလ်ကြီး ဒီအနားမှာဘဲ ရှိနေလိမ့်မယ်၊ တောင်ကလေးမှသွားတဲ့ ခြေရာပဲ"

တပ်ကြပ်တင်မြင့်က စိုးရိမ်တကြီးအသံဖြင့် သတိပေး၏။ ကျွန်တော်ကလည်း အတူးစိုးရိမ်နေမိလေရာ အရေးရှိက လက်ဦးမှု ရရှိစေရန် ပတ်ဝန်းကျင်တစ်ဝိုက်ကို စေ့စေ့စပ်စပ် အကဲခတ်လိုက်၏။

ကျွန်တော်တို့သုံးယောက် ရပ်နေသော နမ်းလန်ချောင်းစွယ်ကား မြောက်မှတောင်ဘက်သို့ စီးဆင်းနေသော ချောင်းလက်တက်ကလေးဖြစ်၍ သေးတစ်ဖက်တစ်ချက်တွင် ကိုးပေ ဆယ်ပေခန့်မြင့်မားမတ်စောက်သော ကမ်းပါးကြီး နှစ်ဖက်က ကျွန်တော်တို့အား ထောင်ခြောက်သဖွယ် ကာဆီးထား၏။ မတော်တဆ တောဆင်ကြီးနှင့် ရင်ဆိုင်မိပါက မိမိရရ ပစ်ခတ်နိုင်ရန် မျက်စိရှင်ရှင်ထားရပါတော့သည်။

တကယ် အရေးကြုံခဲ့တိုင်း သတ္တိရှိရှိ စိတ်ငြိမ်ငြိမ်နှင့် ပစ်ခတ်ခဲ့တိုင်း အောင်မြင်မှု ရနေကျ ကျွန်တော့်သေနတ်ကို ရင်ခွင်တွင် ပိုက်၍တစ်ဘုမ်းချဉ်းပင် ချောင်းဆွယ်အောက်ပိုင်းသို့ စုန်ဆင်းခဲ့ကြ၏။ တပ်ကြပ်တင်မြင့်ကလည်း သူ့သေနတ်ကို ပစ်ရန်အသင့် အနေအထားနှင့်ကိုင်ရင်း နောက်လိုက်ပါလာ၏။

တောဆင်ကြီး ခြေရာကွက်များအပြင် မကြာမီကာလက သွားလာခဲ့သော ကျားသစ်ကြီး တစ်ကောင်၏ ခြေရာ၊ ဆတ်ခြေရာအသစ်များကို တောင်တွေ့ရတော့သည်။

ချောင်းစွယ်အတွင်းမှ ရေကလည်း ခြေမျက်စေ့ပင် မမြုပ်ပါ။ ကျွန်တော်တို့ နှစ်ယောက်စီးနင်းထားသော တောစီးဖိနပ်များကို အသာဖော့၍ နင်းကာ ချောင်းစွယ်အောက်ပိုင်း တစ်လျှောက်သို့ မျက်စိကစားရင်း အလစ်မပေးတမ်း ကြည့်၍ လာခဲ့ကြ၏။

ကိုက်သုံးရာခန့် စုန်ဆင်းခဲ့သည့်တွင် နမ်းလန်ချောင်းမကြီး ဆီသို့ သာရောက်ပူးပေါင်းသော ပေနှစ်ဆယ်ခန့် ကျယ်ဝန်းသော ချောင်းစွယ်



www.burmeseclassic.com

www.burmeseclassic.com



သော်တစ်နေ့ထံသို့ ရောက်ခဲ့ကြ၏။

ကျွန်တော် ချောင်းစွယ်ကလေးအတွင်းသို့ ကိုက်တစ်ရာခန့်ဝင်၍ သေသေချာချာ ကြည့်ရှုစစ်ဆေးမိ၏။ ချောင်းလက်တက်ငယ်ကလေးကလည်း ချောင်းမကြီးကဲ့သို့ပင် ဆယ့်နှစ်ပေနီးပါးမြင့်မားသော ကမ်းပါးကြီးများ မိုးကာနေသည်ကို သတိပြုမိ၏။ ထူးထူးခြားခြား ကမ်းပါး၏ ညာဘက်တစ်နေရာ၌မူ အထက်မှရေများ စီးဆင်းလာရေဇလုတ်လေးဆင့် ဖြစ်၍ကာ ချောင်းကမ်းပါးထိပ်သို့ တက်ရောက်စေနိုင်သော ခပ်ပြေပြေဆင်ခြေလျှော ဖြစ်လျက် ဇလုတ်လေးဆင့်က အထက်အောက် အစီအရီ ခံလျက်ရှိနေ၏။

ကျွန်တော်၏ မျက်စိကို ထိုရေကျဇလုတ်ဆင်ခြေလျှောမှပင် ဆတ်များ၊ ဂျီများ တောဝက်များ ဆင်း၍ ရေသောက်ရာ ပြန်တက်ရာ လမ်းကြောင်းအဖြစ် ခြေရာအသစ် အဟောင်းများကို ရုတ်တရက် မြင်လိုက်ရပြန်၏။

ကျွန်တော်က ချောင်းလက်တက်ကလေးမှ ပြန်ထွက်လာခဲ့ပြီး နမ်းလန်ချောင်းမကြီးအတိုင်း ဆင်းခဲ့ရာရှေ့ဆုံးမှ ဖော်ကျွန်ပြည့်သည် ကျွန်တော့်အား စုတ်သပ်ကာ အချက်ပေး၍ ချောင်းအလယ်ရှိ ကြိမ်တောဆီသို့ မေးငေါ့ပြလေသည်။ ထို့ကြောင့် ကျွန်တော်က သေနတ်ကိုအသင့်ချိန်ရွယ်ကာ လူတစ်ရပ်သာသာ မြင့်သည့်ကြိမ်တောအတွင်းသို့ အကဲခပ်ကြည့်ရှုရှာဖွေလိုက်၏။

ကျွန်တော်တို့ ငြိမ်သက်စွာရပ်နေရာဘက်သို့ ကြိမ်ပင်များက တစ်ရွေ့ရွေ့ လှုပ်ယမ်းနေသည်ကို တွေ့လိုက်ရလေသည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်ပိုင်းလေးအတွင်းမှာပင် မဲခနဲသဏ္ဌာန်တစ်ခုကို မြင်လိုက်ရသလို ကျွဲပေါက်ကလေးတစ်ကောင်၏ ပုံစံအတိုင်း ကုန်းကွကွမြင်ကွင်းအဖြစ်ထင်ရှားတွေ့ရလျက် ခေါင်းကြီးမှာ မြေပြင်သို့စိုက်ကာ လှုပ်ကာဖြင့် သစ်ဥသစ်မြစ်များကို နှိုက်ကာ ဖော်ကာစားနေကြောင်း သိလိုက်ရပါသည်။

ကျွန်တော်သည် ထိုသတ္တဝါကောင်ကြီး၏ ခေါင်းပိုင်းဆီသို့ ချိန်၍ ပစ်ချလိုက်၏။

ဒိုင်းခနဲ ပဲ့တင်ရိုက်ခတ်ကာ ဂျီ– ၃ ရိုင်ဖယ် ကျည်ဆံကပေါက်ကွဲသွားသလို သတ္တဝါကောင်ကြီး၏ သဏ္ဌာန်မှာလည်း တစ်ပတ်လှိမ့်ပစ်ကျသွားတော့၏။ ထူးခြားချက်တစ်ခုမှာ ထိုသတ္တဝါကြီး၏ နောက်မှအဖော်သားပေါက်သည့် စီခနဲ လန့်အော်သံပေးကာ နောက်ပိုင်းဆီသို့ လှည့်ပြေးသော လှုပ်ရှားမှုပင်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် ရိုင်ဖယ်ကို မောင်းတင်ပြီး နောက်ဆုတ်ပြေးသော ကြိမ်တောအတွင်းသို့ တိုးကာလိုက်ခဲ့၏။ ထိပ်ကို ထိမှန်ခဲ့သော ပိသာချိန် ခုနစ်ဆယ်ကျော်ခန့်ရှိသည့် တောဝက်ကောင်ကြီး ကို ခုန်လွှား၍ ကြိမ်တောအတွင်းသို့ ပြေးတက်ခဲ့၏။ ကိုက်တစ်ရာခန့်ကွာဝေးသော ချောင်းအကွေ့ဆီ၌ ဒယိမ်းဒယိုင် ပြေးဝင်သွားသော တောဝက် တစ်ကောင်၏ ရိပ်ခနဲသဏ္ဌာန်ကိုတွေ့လိုက်ရသဖြင့် သဲပြင်များဆီသို့ ငုံ့ကြည့်လိုက်သည်တွင် ရှေ့ခွာများပြနေသော ဒဏ်ရာရရှိသွားမှုကို အရှင်းသား တွေ့လိုက်ရသည်။

ကိုက်ငါးဆယ်ခန့် လိုက်ကြည့်လိုက်မှပင် နီရဲသောသွေးစက်များ ပန်းလျက်ကျန်နေတော့၏။ ဤတွင်မှ အစာကိုတူးသွားစားသောက်ရင်း ရှေ့ဆင့်နောက်ဆင့် ကပ်ကာတက်လာသော တောဝက်နှစ်ကောင်အနက် ရှေ့ဆုံးက ဝက်တောင်းကြီး၏ ခေါင်းကို ကျည်ဆံအမှာ ဘာထိမှန်ရုံမကဘဲ ဖောက်ထွက်သွားပြီး ဒုတိယတောဝက်၏ ရှေ့ပိုင်းကို ထိမှန်သွားကြောင်း နားလည်လိုက်မိ၏။

ဒဏ်ရာရရှိသွားသည့် ဝက်၏နောက်သို့ သွေးကြောင်း သွေးစကိုခံ၍ လိုက်ရန် ပတ်ဝန်းကျင်အခြေအနေကို ကြည့်လိုက်မိ၏။ ချောင်းကမ်း



www.burmeseclassic.com

www.burmeseclassic.com



နစ်ဖက်မှာ ခွတ်တရက် နိမ့်၍ ဆင်းသွားပြီး ညာဘက်ကမ်းသည် ခပ်ပြေပြေ မြင့်၍ တက်သွားသည်ကို တွေ့လိုက်ရသည်။

"ဒီကောင်နောက်ကို လိုက်ကြရအောင် အထိနာသွားတယ်၊ သွေး တွေကအိုင်ထွန်းပြီး ကျနေတယ်၊ သိပ်ပြေးနိုင်ပုံ မရဘူးဗျ"

မုဆိုးကြီး ဇော်ကျန်ပြည့်ဟာ အရေးတကြီး အကြံပေးလာ ကျွန်တော်က သေနတ်ကို အသင့်အနေအထား ကိုင်ရင်းက–

"လိုက်ဖို့ မလိုက်ဖို့ကို စဉ်းစားရမယ်။ ဇော်ကျန်ပြည့် လူ ခေါ်ပြီးမှ လိုက်ရင်ကောင်းလိမ့်မယ်။ အဲဒီအချိန်လောက်ဆိုရင် ဒဏ်ရာ တောဝက်လဲ သွေးအေးပြီး သိပ်နာလောက်ပြီ"

ဟု ပြောလိုက်မိ၏။

ထိုအခိုက်တွင် ညာဘက်ကမ်းပေါ်မှ တစ်ဘုတ်ဘုတ်နှင့် အ သဲသဲ့ ရုတ်တရက် ထွက်ပေါ်လာသဖြင့် သုံးယောက်သား အရေးတ နားစွင့်ကာ ဝါးပင်များနှင့် ကြိမ်ပင်များရောနှော၍ ပေါက်နေသ ကမ်းပါးထိပ်သို့ စိုက်၍ကြည့်လိုက်ကြ၏။

လူတစ်ယောက်၏ အူလျားဖားလျား ပြေးလွှားလာသော သ နှင့်အတူ–

"ဗျို့ ရွာခေါင်းကြီး ဗျို့ဗိုလ်ကြီး . . ဆရာတင်မြင့်ရေ . . သံကုန်ဟစ်၍ခေါ်နေသည့် အသံကြောင့် ဇော်ကျန်ပြည့်က ချက်ချင်း

"ဒီဘက်မှာဟေ့ ဘာဖြစ်လာတာလဲ ဇော်လ" ဟု အသံ လိုက်၏။

ဇော်လသည် နောက်ပိုင်းသို့ တစ်ချက်လှည့်၍ကြည့်လိုက် ကျွန်တော်တို့ သုံးယောက်က ရပ်နေရာချောင်းထဲသို့ ယိုင်တိယိုင်ထိ ပြေးဆင်းလာရင်း–

"နောက်မှာ နောက်မှာ ဆင် . . ဆင်လိုက်လာတယ်"

အမောဆို့ခါနီး အသံကြီးဖြင့် ဖျစ်ညှစ်၍ ပြောလိုက်၏။

ဇော်လသည် ကျွန်တော်တို့ရပ်နေရာသို့ ရောက်၍ ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်အကြာ ကမ်းပါးထိပ်ရှိ ဝါးပင်ငယ်များအကြားတွင် ဆင်ကြီးတစ်ကောင်၏ ရှေ့ပိုင်းကို ဘွားခနဲ တွေ့လိုက်ရသည်။ ဆင်ကြီးသည် ကိုက်တစ်ရာခန့် ဆင်ခြေလျှောတောင်ထိပ်မှ ရပ်ကာ ကျွန်တော်တို့ဆီသို့ စိုက်၍ကြည့်လိုက်ပြီး နောက်ဒေါသတကြီးနှင့် သူ၏ခေါင်းအနီး၌ ပေါက်နေသော လုံးပတ်လေးပေခန့်ကျွန်းပင်ကို အစွယ်နှင့် ပစ်၍ထိုးချလိုက်ရာ ဖြောင်းခနဲ အသံနှင့်အတူ ကျွန်းပင်သည် စင်းစင်းလဲကျသွား၏။ ထို့နောက် နားရွက်နှစ်ဖက်ကို မခတ်ဘဲ ကျွန်တော်တို့ကို ကြည့်နေပြီးမှ တောင်ထိပ်ပေါ်သို့ ခေါင်ကြောင့် ထိုင်ချလိုက်၏။

ကျွန်တော့်အား ဝါးရင့် မုဆိုးကြီးများ၏ ဆင်ဆိုးတို့၏ ဓလေ့နှင့် ညာဉ်ကိုပြောပြထားသည်ကို သတိရသဖြင့် ချက်ချင်းပင် . . .

"ဖော်ကျန်ပြည့်နဲ့ ဆရာတင်မြင့် ဖော်လကိုတွဲပြီး ချောင်းလက်တက်စွယ်ဆီကို မြန်မြန်ပြေးကြစမ်း"

အကြောင်းမှာ မြင်တွေ့ရသော ဆင်ပေါက်ကြီးသည် သူ့အောက်ဆီသို့ ရောက်နေသော ကျွန်တော်တို့ လေးယောက်အား မလွတ်တမ်း သုတ်သင်တိုက်ခိုက်ရန်အတွက် အထက်အမြင့်မှ ဖင်ထိုင်လျှောချရန် ပြင်ဆင်နေခြင်း ဖြစ်သောကြောင့်တည်း။

ကျွန်တော်က ရိုင်ဖယ်နှင့်ချိန်ရာမှ ချလိုက်ပြီး ဖော်ကျန်ပြည့်ကို ဆုတ်ခွာပြေးရာနောက်သို့ လိုက်ပြေးရတော့သည်။ တောဆင်ကြီးသည် အထက်စီးမှ နေရာယူကာ ကျွန်တော်တို့အပေါ်သို့ လျှောချလိုက်ခြင်းကြောင့် ဆင်ပိ၍ မသေသော်လည်း ကမ်းပါးပြို၍ သေနိုင်သော အန္တရာယ်ကိုစဉ်းစားသတိရမိကာ နောက်ပိုင်းသို့ ဆုတ်ခွာတိမ်းရှောင်လိုက်ရတော့၏။

ဖော်လ၏ ခြေဖမိုးတစ်ဘက်၌ သွေးသံရဲရဲ အဖြစ်ကို တွေ့ရှိရပြီး ဘေးတစ်ဖက်တစ်ချက်မှ တပ်ကြပ်တင်မြင့်နှင့် ဖော်ကျန်ပြည့်တို့က တွဲယူကာ အသက်ဘေးရန်ကြောင့် သုတ်ခြေတင်ခဲ့ကြသည်တွင် ကိုက်တစ်ရာမျှကွာဝေးသော ချောင်းခွဆုံသို့ ရောက်နေကြသည်ကိုတွေ့လိုက်ရ၏။ ကျွန်တော်လည်း အမြန်ဆုတ်ပြေးခဲ့လေရာ ချောင်းခွဆုံသို့ ရောက်ခါနီးတွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါ်ခေါ်မြေကြီးများ အထက်ကပြုံကျ သံမျှားအခွန်းတွင် ကလေးမျှ လှော်စစ်ချောက်စားသကဲ့သို့ ဆင်ကြီးတစ်ကောင်၏ ထိုင်လျက်သဏ္ဌာန်ကြီး သည် ချောင်းမကြီးထဲသို့ ဝုန်းခနဲ အသံကြီးနှင့်အတူ ရောက်ရှိလာတော့၏

"ဟေ့... ချောင်းလက်တက်စွယ် အရှေ့ဘက်ကမ်းပါးကို ကြည့် တက်ကြ၊ ရေကျဖလုတ်တစ်ခုရှိတယ်၊ မြန်မြန်တွယ်တက်ကြ"

ကျွန်တော်သည် ချောင်းကလေးထဲသို့ ဝင်ပြေးနေကြသည့် ဇော်ကျွန်ပြည့်တို့အား ချောင်းကမ်းပါးပေါ်သို့ တက်ရန်လမ်းကို သတိပေး ပြောကြားလိုက်ပြီး နောက်ပိုင်းသို့ လှည့်၍အခြေအနေကို ကြည့်လိုက်၏

တောဆင်ကြီးသည် ချောင်းတွင်းသို့ ရောက်ရှိခဲ့ရုံမျှမက ဝက်ကြီး ကိုပစ်ခတ်ခဲ့သည့် ကြိမ်တော၏ တစ်ဖက်သို့ပင် ကျော်ဖြတ်ကာ နှာမောင်း ကို ခေါင်းပေါ်သို့ မြှောက်ပင့်ကာဖြင့် ကျွန်တော်တို့၏ ...ကို အလွတ် မပေးတမ်းခံကာ လိုက်ပါလာလေသည်။

လှေကားထစ်သဖွယ် မြေပြင်မှ အောက်ဆုံးရေဖလုတ်ပေါ်သို့ ဇော်လ၏ လက်တစ်ဖက်ဆီကို ဆွဲကာ အထက်သို့တင်ပေးနေသော တပ်ကြပ်တင်မြင့်နှင့် ဇော်ကျွန်ပြည့်တို့အား...

"မြန်မြန်လုပ်ကြ တက်ကြ နောက်က ဆင်လိုက်လာပြီ"

အော်ဟစ်သတိပေးလိုက်မိ၏။

ကျွန်တော်ကလည်း ဇော်လ၏ ခြေနှစ်ချောင်းကို မကာ တင်ပေး လိုက်ပြီးနောက် ကျွန်တော်တို့ နောက်သို့ မလွတ်တမ်း အပြေးအလွှား လိုက်လာကြသည့် စွယ်ဆင်ကြီး၏ ဒေါသတကြီး မာန်သွင်းလျက်တစ်ကျ ကျစ် အသံဆိုးကြီးများကို ချောင်းစွယ်ကလေးအဝေးဆီမှ နီးကပ်စွာ ကြားလိုက်ရသဖြင့် ခြောက်ပေခန့်မြင့်သော ရေဖလုတ်ပေါ်သို့ ခြေရပ်အဖြစ် ရပ်တည်နေသည့် ကျောက်တုံးများကို နင်းကာ ခပ်သုတ်သုတ် တက်လိုက် ရလေသည်။

တောဆင်ကြီး၏ အန္တရာယ်နှင့် တိုက်ခိုက်မှုကို ဤကဲ့သို့ မကျဉ်း မကျယ်ချောင်းတွင်း စွယ်နေရာမျိုး၌ ကျွန်တော်ရင်မဆိုင်ဝံ့ပါ။ ... အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ ရောက်ရှိနေသည့် ခြောက်ပေအမြင့်ရှိ ရေဇလုတ်သည် အတွင်းပိုင်းတွင် ငါးပေခန့်ကျယ်ဝန်းလျက်ရှိနေပြီး ဇော်လကို အထက်တွင်ရှိသော ရေဇလုတ်ဆီသို့ မ၍ တင်ခဲ့ကြစဉ် တပ်ကြပ်တင်မြင့်က–

"ဗိုလ်ကြီး . . နောက်မှာ နောက်မှာ"

အသံကုန်ဟစ်၍ သတိပေးလိုက်သောကြောင့် ကျွန်တော်သည် ဖျတ်ခနဲ လှည့်၍ကြည့်မိရာတွင် မြွေကြီးတစ်ကောင်၏ သဏ္ဍာန်ကဲ့သို့ တွန့်လိမ်ကာ အနီးကပ်ဆုံး ကျွန်တော့်ဆီသို့ တန်းလာသော နှာမောင်းကြီးကို တွေ့ရသလို ထိုနှာမောင်းကြီး၏ နောက်မှဖြူဝင်းနေသော အစွယ်ကြီးနှစ်ချောင်းကိုပါ မြင်လိုက်ရပါသည်။

ဆင်ကြီးသည် အနီးကပ်ဆုံး လူဖြစ်သော ကျွန်တော့်ကို ရေဇလုတ်တွင်းမှ နှာမောင်းနှင့် ဖမ်းဆီးရန်ပြင်ဆင်နေသည်ကို သိလိုက်ရ၏။

ကျွန်တော်နှင့် ဆင်ကြီး၏ နှာမောင်းအဖျားသည် နှစ်ပေခွဲခန့် အလိုတွင် ကျွန်တော်၏ ရိုင်ဖယ်ဖြင့် ဆင်ကြီး၏ ညာဖမိုးခေါ် နှာမောင်းရင်း၏ အထက်ပိုင်း အဖုကြီး၏ထိပ်ဆီသို့ ပစ်ချလိုက်ရ၏။

ယမ်းနံ့များနှင့်အတူ ဒိုင်းခနဲ ပေါက်ကွဲသံကြီးအဆုံး၌ ရေဇလုတ်အတွင်းမှ သဲများဖုန်များသည် ပေါက်ကွဲသံကြောင့် ဂယက်ရိုက်ခတ်ကာ ထောင်းခနဲ ပြန့်လွင့်လာသလို ဆင်ကြီး၏ဦးကင်းပေါ်မှ ဖုန်မှုန့်များကလည်း ထောင်းခနဲ စင်၍တက်သွား၏။ ဖြူဆွတ်သော အပေါက်ကလေးတစ်ပေါက် အဖြစ် ဂျီ–၃ကျည်ဆံက ဆင်ကြီး၏ ညာဖမိုးအထက်သို့ ဖောက်ထွင်းသွားသည်ကို တွေ့လိုက်ရလေသည်။ ကျွန်တော်က နောက်တစ်ချက်ထပ်ပစ်ရန် ချိန်၍ ဆင်ကြီး၏ အခြေအနေကို ကြည့်လိုက်မိ၏။

ဆင်ကြီးသည် ဘယ်ဘက်သို့ နိမ့်၍ ထိုင်၍တစ်ဖြည်းဖြည်းချင်း ကျသွားပြီး အဆုံးတွင် သူ၏ကြီးမားသော ခန္ဓာကိုယ်ကြီးနှင့် ချောင်းတွင်း သဲခုံပေါ်သို့ ဝုန်းခနဲ အသံကြီးအဖြစ် ထိတွေ့သွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



*"ကိုင်း . . သေရေးမဟုတ်လား အကောင်ယုတ်"*

ကျွန်တော့် နောက်မှရပ်နေသော ဖော်ကျွန်ပြည့်က လှမ်းခနဲ အော်လိုက်၏။

ငါးမိနစ်ခန့်ကြာမှပင် ကျွန်တော်က ဆင်ကြီး၏အခြေအနေကို အကဲခပ်လိုက်၏။ တောဆင်ကြီးမှာ ငြိမ်သက်လျက် မျက်လုံးသေးသေး ကလေးက ပွင့်လျက်တွေ့ရသလို နောက်ခြေချောင်းတစ်ချောင်းကမြကြီး မှ လွတ်ကာ တန်းနေလေသည်။

ကျွန်တော်သည် တစ်လှမ်းချင်း ရေဇလုတ်အတွင်းမှ ဆင်းခဲ့ပြီး တောဆင်ကြီးကိုနီးကပ်စွာ ကြည့်လိုက်၏။ ဆင်ကြီး၏ အစွယ်မှာ အဝါ ဘက်သို့အရောင်ရှိနေသော်လည်း အစွယ်၏ထက်ဝက်ကျော်ရှေ့ပိုင်းတွင် စေးကပ်နေသော သွေးအခြောက်များလူးနေ၏။ ဦးကင်းပိုင်းတွင်လည်း သွေး ခြောက်များကိုထင်ရှားစွာ တွေ့ရလေသည်။ ကျွန်တော် ပစ်ခတ်လိုက်သည့် ကျည်ဆံဒဏ်ရာမှ သွေးစိမ်းနှင့် အစွယ်ဖျားမှသွေးခြောက်တို့၏ ခြားနား မှုကို မှတ်သားထားလိုက်၏။ တပ်ကြပ်တင်မြင့်ကလည်း ယခုမှ သက် ကြီးကိုချကာ. . .

"သိပ်မြန်တဲ့အကောင် ဖော်လကို အထက်မ တင်ပေးနေတုန်း က ပထ ပုပ်ပေါက်ထဲ ခေါင်းဝင်လာပြီး ဗိုလ်ကြီးကို နှာမောင်းနဲ့ ဖမ်းဆွဲတာပဲ" ဟု ပြောနေတော့သည်။

"ဟေး . . ဟေး . . "ဟူသော ချောင်းထိပ်ဆီက လူသံများ ထွက်ပေါ်လာသည်ကြောင့် ဆရာတင်မြင့်က ပြန်၍ လှမ်းပေးလိုက်လေ သည်။

"ဗိုလ်. ဗိုလ်ကြီး၊ ဖော်ကျွန်ပြည့်" သံကုန်ဟစ်ကာ တက်လာသော လူတစ်စု၏ ခေါ်ငင်သံများ ခြေသံများကို နီးကပ်စွာ ကြားလိုက်ရသည်။ ကျွန်တော်တို့ကလည်း . .

"ဒီကိုလာ. . . ဒီကိုလာကြဟေ့"

အော်ဟစ်အသံပြုလိုက်သည်တွင် ရှေ့ဆုံးမှ မုဆိုးကြီးလမုန်သင်း



www.burmeseclassic.com

www.burmeseclassic.com



ကို နှစ်လုံးပြူးသေနတ်နှင့်လည်းကောင်း တပ်ကြပ်ကြီးထွန်းဖန်နန် ခေါင်းဆောင်သော တပ်စိပ်တစိတ် ကိုလည်းကောင်း မောကြီးပန်းကြီး မျက်နှာများနှင့် ချောင်းကမ်းပါးနေပေါ်သို့ ရောက်လာကြ၏။

"ဘာဖြစ်ကြသေးသလဲ အထိအခိုက်ရှိသေးလားဗိုလ်ကြီး"

လမုန်ထန်က မေးလိုက်ရင်း ချောင်းထဲဆင်းရန် လမ်းစကို ရှာဖွေလိုက်၏။

"ဘာမှတော့ မဖြစ်ပါဘူး လမုန်ထန် နည်းနည်းပါးပါးတော့ အသည်းယားစရာ ကြုံရတာပေါ့ဗျာ"

ကျွန်တော်က မချိုပြုံးပြုံးရင်း ပြောလိုက်ရ၏။ သူတို့လူစု ချောင်းနှယ်လေးထဲရောက်လာသည့် တခဏအတွင်း၌ တပ်ကြပ်ကြီး ထွန်းဖန်နန်က. . .

"ဘယ်လိုလဲ ဇော်ကျွန်ပြည့် ခင်ဗျား လုပ်တာကောင်းသလား သိပ်ယုတ်မာတယ်၊ ဒီနေရာမှာတင် ပစ်သတ်ဖို့ကောင်းတယ်"

စတင်ကာ ကြိမ်းမောင်းလေတော့သည်။

ဇော်ကျွန်ပြည့်က ကုတ်နေသလို တစ်ခွန်းမှစကားပြန်မပြောပါ။

"ကျုပ်တို့ ဗိုလ်ကြီးနဲ့ ဆရာတင်မြင့်ကို လူသတ်နေတဲ့ ဆင်ဆိုးအကြောင်း တစ်ခွန်းမှမပြောခဲ့ဘူး ပြီးတော့ လူသတ်သောင်းကျန်းတဲ့ ဆင်ဆိုးသတင်းကို ပြောမလို့လုပ်တဲ့ လူတွေကို ခေါက်ငန်းပြီး စကားစ ပိတ်ပစ်တယ်၊ ခုဟာ ဟောဒီက ဇော်ဂန်းက လမ်းမှာ ဆင်ခြေရာအကြည့်ခိုင်းလိုက်တဲ့ ဇော်လနဲ့ တိုးမိပြီး အပြေးအလွှားလာပြောမှသိရတယ်။ လရော်ကိုလဲ ခင်ဗျားက ပါးစပ်ပိတ်ပစ်ခဲ့တယ်၊ ကျုပ်တို့ ဗိုလ်ကြီးနဲ့ ဆရာတင်မြင့်ကို သတ်ဖို့ချောက်တွန်းပြီး ခေါ်သွားတာမဟုတ်လား ခင်ဗျားနော် ခင်ဗျားပစ်သတ်လိုက်ရ မကောင်းဘဲရှိတော့မယ်"

တပ်ကြပ်ကြီး ထွန်းဖန်နန်က ဆက်၍ ကြိမ်းမောင်းနေသလို မုဆိုးကြီး လမုန်ထန်ကလည်း-

"ဇော်ကျွန်ပြည့်ဟာ မုဆိုးလုပ်ပြီး နည်းနည်းမှ အသုံးမကျဘူး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်အတွင်းမှာ ခေါ်ဆောင်မြစ်ရှာတဲ့ လူငါးယောက် ဝါးခုတ်တဲ့ လှည်းသမား ဘောလည်တဲ့ လူနဲ့ ခွေးနှစ်ကောင်ကို မလွှတ်တမ်း လိုက်သတ်တဲ့ ဒီဆင် ဆိုးအကြောင်း တစ်ခွန်းတစ်လေမှ မပြောခဲ့တာ ဘာသဘော ဇော်ကျန်ပြည့် နင် ငါတို့ ဗိုလ်ကြီးကို ပရိယာယ်နဲ့ သတ်မလို့ပေါ့ မဟုတ် လား''

မုဆိုးကြီး လမုန်ထန်သည် ဇော်ကျန်ပြည့်၏ ပခုံးကို လှုပ်ကာ လှုပ်ကာ ကြိမ်းမောင်းနေလေရာ. . .

"မဟုတ်ပါဘူး လမုန်ထန် ဗိုလ်ကြီးတို့တတွေကို ငါက သိပ်လေး စားပါတယ်၊ ပြီးတော့ ဘယ်လောက်ကြီးတဲ့သားကောင်ဖြစ်ဖြစ်၊ ဗိုလ်ကြီးတို့ ဆရာတို့နဲ့ ရင်ဆိုင်ရရင် အနိုင်ရမယ်ဆိုတာ ငါယုံကြည်ခဲ့တယ် လမုန်ထန် တလွဲမထင်ပါနဲ့ ငါက ဒီဆင်ဆိုးသောင်းကျန်းတယ်ဆိုရင်ပဲ ငါ့ရွာသားတွေ နဲ့ ငါတစ်ယောက်ထဲ အလောင်းအစားလုပ်ခဲ့တာပါ လမုန်ထန် ငါ ဗိုလ်ကြီးတို့ တပ်ရောက်တဲ့နေ့မှာပဲ ဆင်ဆိုးကိုဗိုလ်ကြီးနဲ့ ငါနဲ့ နေ့ချင်း လိုက်ပစ်မယ်ဆိုတဲ့ ကတိနဲ့ အလောင်းအစားလုပ်တာ ဒီနေ့ငါနိုင်ပြီလေ လမုန်ထန်''

သူ၏ အလောင်းအစား လုပ်ပုံကို ရှင်းပြတောင်းပန်လေသည်။

တပ်ကြပ်ကြီး ထွန်ဇန်နန်သည် ထို့ခနဲ တံတွေးထွေးလိုက်ပြီး-

"ကောင်းပါ့ဗျာ ရွာခေါင်းလုပ်ပြီး ကိုယ့်ရွာသားနဲ့များ အလောင်း အစားပြန်လုပ်တာ ရှက်ဖို့မကောင်းဘူးလား ဇော်ကျန်ပြည့်၊ လရော်က ဒီ များရဲ့ အကြံအစည်ကို ကျုပ်ကိုလာပြောမှပဲ ဇော်ဂန်းကိုခေါ်ပြီး အပြ လိုက်ခဲ့ရတယ်၊ နောက်ဒါမျိုး လုပ်ရင်တော့ ကျုပ်နဲ့အတွေ့ပဲ ကဲ ဒီ ကိုဖျက်ဖို့ ခင်ဗျား အားလုံး တာဝန်ယူရမယ် ဇော်ကျန်ပြည့်''

ရွာခေါင်းမုဆိုးကြီး ဇော်ကျန်ပြည့်က-

"စိတ်ချပါ ဆရာကြီး ငါနဲ့ ရွာသားတွေ အလောင်းအစား ငါကနိုင်တယ်၊ ဒါကြောင့် ငါနဲ့ ရွာသားတွေပါ ဆင်နဲ့ တောဝက်ကြီး ဖျက်ပေးမယ်၊ အခု ဖြစ်ပျက်တာကို ကြိုပြီး မပြောမိတာကို ငါတောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် ဆရာကြီး''ဟု တောင်းပန်နေလေသည်။

ကျွန်တော်သည် ဇော်ကျန်ပြည့်ကို အပြစ်တင်ရကောင်းနိုး စိတ်ဆိုးရကောင်းနိုးနှင့် ကြည့်ပြီး . .

''နောက်တစ်ခါ ရှာခေါင်းကြီး ကျွန်တော့်ကို အထင်ကြီးရင် ပြန်လမ်းရှိမှာ မဟုတ်တော့ဘူး''

ရယ်မောရင်း ပြောလိုက်ရသည်။

တပ်ကြပ်ကြီး ထွန်းဇန်နန်နှင့် ရဲဘော်များသည် တုန်လှုပ်သော စိတ်ဓာတ်ကို အနားပေးဖြေဖျောက်ရန် အတွက် လူသတ်သမားတောဆင် ဆိုးကြီး ပတ်လည်တွင် ထိုင်ကြရင်း အနားယူနေကြလေသည်။

ကျွန်တော့်အဖို့တွင်လည်း မိနစ်ပိုင်းအတွင်း လူသတ်ဆင်ဆိုးကြီး နှင့် အကြိတ်အနယ်ကြုံခဲ့ရသည့် စိတ်တွင်းဘုန်လှုပ်မှုကို ဖုံးကွယ်စေရန် ရေဘူးမှ ဖန်ခါးရေကိုမော့လိုက်ရပါသတည်း။ ။

♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# လူးကျင်းမှ အန္တရာယ်ကောင်နှင့် ကျွန်တော်

"ဗိုလ်ကြီး တောပစ်ထွက်ရင် ကလွန်ကလေးလမ်းခွဲကနေ အရှေ့တောင် တစ်မိုင်လောက်ဝေးတဲ့ ကုလားမတောင်ခြေဘက်ကို မသွားပါနဲ့နော်၊ အဲဒီမှာ လူးကျင်းတစ်ခုရှိတယ်၊ အနားကိုတောင် မသွားပါနဲ့ ဗိုလ်ကြီး ဝေးဝေးကရှောင်ပါ"

ကျွန်တော်တို့ တပ်ခွဲလုံခြုံရေးစခန်းထိုင်ရန် ရောက်ရှိပြီး နောက်တစ်နေ့တွင် ရွာခံမှုဆိုးများနှင့် နယ်မြေခံများအား မေးမြန်းစုံစမ်းပြီးနောက် ရွာခံမုဆိုး ကြီး ဦးစောကလယ်ထူးက စိုးရိမ်တကြီးနှင့် သတိပေးလာလေသည်။

"ဘာဖြစ်လို့လဲ ဖထီးရဲ့. . ."

"အဲဒီလူးက အလွန်အတန် တောချောက်တယ် ဗိုလ်ကြီးရဲ့"

"လူးဆိုတာ ဘာကိုခေါ်တာလဲ ဖထီး . ."

ကျွန်တော်သည် တပ်မတော်သားဘဝနှင့် စစ်ရေးတာဝန်များ၌



www.burmeseclassic.com

www.burmeseclassic.com



သွားလာလှုပ်ရှားရင်း မလွှဲမရှောင်သာသောအခါများတွင် သားကောင်များကို ပစ်ခတ်ရာမှ မုဆိုးအလုပ်ကို ဝါသနာပါလာခဲ့သူဖြစ်ပါသည်။ ထိုဝါသနာအရ ပြောင်းရွှေ့ရာ တပ်ရင်းတပ်ဖွဲ့အလိုက် တာဝန်ထမ်းဆောင်ရာ နယ်မြေများတွင် အားလပ်ရက်တိုင်း အမဲလိုက်လေ့ရှိသလို ဒေသခံမုဆိုးများ၏ ကိုယ်တွေ့ဖြစ်ရပ်များ နှင့် သားကောင်တို့၏ သဘော၊ သဘာဝ၊ ခလေ့စရိုက်များကိုပါ လေ့လာမှတ်သားနာယူခဲ့ပါသည်။

ထိုအခါကတည်းက "လူး"အကြောင်း အတွေ့အကြုံ မရှိခဲ့သော်ငြားလည်း တောဓါ်မာယာလူးအကြောင်းကိုမူ နားစွန်နားဖျား တော့ ကြားဖူးခဲ့ပါသည်။ထို့ကြောင့် ကျွန်တော်ကြားဖူးသည်ထက် ပိုမိုပြည့်စုံစွာ သိရလေမလားဟူသော အတွေးနှင့် တမင်မေးလိုက်ခြင်းဖြစ်၏။

လူးဆိုတာ ကျွဲတွေရွှံ့လူးတဲ့ ရွှံ့အိုင်လိုအမဲတွေ ရွှံ့လူးတဲ့ လူးကျင်း ပေါ့ ဗိုလ်ကြီး၊ ဒါကို တစ်ချို့က "လူးကျင်း"လို့ခေါ်တယ်၊ တစ်ချို့က "လူး"လို့ ခေါ်တယ်"

"ရွာတောင်ဘက်မှာ ကျွဲတွေလူးတဲ့ ရွှံ့အိုင်တွေရှိတာပဲ ဖထီး ဒါတွေက အမဲလူးတဲ့လူးကျင်းနဲ့ ဘယ်လိုကွာခြားလို့လဲဗျ"

"ကွာခြားတာပေါ့ ဗိုလ်ကြီးရယ်၊ လူးမှာ ထူးခြားချက်တွေရှိတယ် လူးနေရာဟာ တောင်ထိပ်ပေါ်မှာပဲဖြစ်ဖြစ်၊ နွေခေါင်ခေါင်ပဲ ဖြစ်ဖြစ် ဘယ်အခါမှ ခြောက်သွေ့မနေဘူး၊ ရွှံ့နွံမြောင်းတွေနဲ့ အမြဲစွတ်စိုနေတတ်တယ် ဗိုလ်ကြီး၊ ပြီးတော့လည်း လူးနားမှာ သစ်ပင်ကြီး ဝါးပင်ကြီးတွေ ကပ်လျက်ရှိတတ်စမြဲပဲ။ လူးကျင်းစွမ်းသလောက်လည်း ခြောက်တယ် အဲဒီနားက သစ်ပင်ကြီးတွေရဲ့ ပင်စည်အမြင့်မှာ တစ်ခါတစ်လေ ဆယ့်ငါး တောင် အတောင်နှစ်ဆယ်လောက်မှာ အမဲတွေ ရွှံ့လူးပြီး ကိုယ်နဲ့ပွတ် ထားသလို ရွှံ့စင်းတွေကို အမဲအမွေးစတွေနဲ့တွေ့ရတတ် တယ်ဗိုလ်ကြီး ဒါပေမယ့် လူးကျင်းတိုင်းတော့ ဒီလိုမဟုတ်ဘူး။ တစ်ချို့လဲ သစ်ပင်ရင်းမှာပဲ ပွတ်တိုက်ထားတာ တွေ့ရတယ်၊ အဲဒီလူးကျင်းမျိုးကတော့ ကြွမ်းလည်း မကြွမ်းဘူး၊ ခြောက်လဲမခြောက်ဘူး ဗိုလ်ကြီး . . ."



www.burmeseclassic.com

www.burmeseclassic.com



"တယ်. . . ထူးဆန်းလှချည်လား ဖထီး. . .၊ ဒီလူးကျင်းတွေက ဘာဖြစ်လို့ ချောက်ရတာလဲ. . ."

"သေသေချာချာတော့ မသိဘူး၊ ငါထင်တာတော့ လူးကျင်းဆိုတာ အမဲတွေ မုက်၊ ခြင်၊ ယင် မကိုက်နိုင်အောင် ကိုယ်ကိုရွှံ့လူးတဲ့နေရာပဲ ဖိုလ်ကြီး၊ အမဲတွေ မုက်၊ ခြင်၊ ယင်ဘေးက သဘာဝအလျောက် အကာ အကွယ်ပြုတဲ့နေရာမှာ လူတွေ မနှောက်ယှက်နိုင်အောင် အမဲတွေကိုပိုင်ဆိုင်တဲ့ သမိုင်းကချောက်လှန့် လွှတ်တာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဒါက ငါ့အယူအဆကို ပြောတာနော် ဗိုလ်ကြီး"

"ဟုတ်ပါပြီ၊ ဒါနဲ့ ကုလားမတောင်ခြေက လူးကျင်း တောချောက် ဘာက ဘယ်သူတွေ ခံရဘူးသလဲ ဖထီး. . ."

"အရှေ့ပိုင်းကမုဆိုး စောဖိုးထူးအစ်ကို စောဟန်သာ ခံရဖူးတယ် ဗိုလ်ကြီး. . .၊ သူကတော့မရှိတော့ဘူး၊ သူ့ညီ စောဖိုးထူးကို မေးကြည့်ရင် သိနိုင်တယ်၊ စောဖိုးထူးက တို့ရွာသားဇာတိပဲ၊ မုဆိုးသက်လည်း ရင့်လှပြီ၊ ကုလားမတောင်က လူကျင်းအကြောင်း၊ သူကောင်းကောင်းသိတယ်၊ [illegible]တော့ ဒီရွာသားဇာတိ မဟုတ်တော့ သိပ်မသိဘူး ဗိုလ်ကြီး. . ."

ဦးစောကလယ်ထူးသည် ကြာအင်းမှ ကရင်အမျိုးသားကြီး တစ်ယောက်ဖြစ်ပြီး ယခင်က ဆင်ရိုင်းများကို ကျုံးသွင်းဖမ်းဆီးသော အလုပ်ကို လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ ထိုအလုပ်ကိုလုပ်ရင်း ထူးတီးကော်ရွာ သို့ ရောက်ရှိလာကာ ထူးတီး ကော်ရွာသူ နော်မူအေးနှင့် အိမ်ထောင်ကျ ပြီးနောက် ဆင်ဖမ်းမုဆိုးအလုပ်ကို မလုပ်တော့ဘဲ အေးဆေးစွာ တောင်ယာ လုပ်ကိုင်နေသူ ဖြစ်ပါ၏။ ထို့ကြောင့် သူ့ထက် ကုလားမတောင် လူးကျင်း အကြောင်း ပို၍သိသောထူးတီးကော်ရွာသား စစ်စစ်ဖြစ်သူ စောဖိုးထူး ထံမေးရန် ညွှန်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တော်သည် လူးကျင်းအကြောင်းကို သေချာကျနစွာ သိလိုသော ကြောင့် နောက်တစ်နေ့တွင် စခန်းတွင်းမှ ရဲဘော်ရွှေမိုးကို အဖော်ခေါ်ခဲ့ပြီး ဦးစောကလယ်ထူး ညွှန်သည့်အတိုင်း မုဆိုးကြီး စောဖိုးထူး



www.burmeseclassic.com

www.burmeseclassic.com



ထံသို့ သွားရောက် မေးမြန်းကြည့်မိ၏။

"ဖထီး . . ကုလားမတောင်က လှူးကျင်းက တောချောက်တယ် ဆိုတာ ဟုတ်သလား . ."

"ဟာ . . ချောက်သမှ သိပ်ချောက်ပေါ့ဝေ့ . .၊ အလွန်ချောက်တဲ့ လှူးကျင်းပါဝေ့ . . .၊ ငါတို့ ဒီနယ်တစ်ဝိုက်မှာတော့ အကြမ်းဆုံး တောအချောက်ဆုံး လှူးကျင်းပါဝေ့ . ."

"အဲဒီ တောချောက်တဲ့အကြောင်း ကျွန်တော့်ကို ပြောပြစမ်းပါ ဖထီး"

"ဝေ့ . . ကုလားမတောင် လှူးကျင်းတောချောက်တဲ့အကြောင်း ဟုတ်လား"

မှဆိုးကြီး စောဖိုးထူးက ပခုံးနှစ်ဖက်ကိုတွန့်၍ ကြောက်ရွံ့ဟန် ဖြင့် ကျွန်တော့်ကို ပြန်မေးလေသည်။

"ဟုတ်ပါတယ် ဖထီး . .၊ ကုလားတောင်လှူးကျင်း တောချောက် တဲ့အကြောင်း သိချင်နေလို့ပါ ဖထီး . ."

"ဒီ လှူးကျင်းအကြောင်းတော့ ပြောတောင်မပြောချင်ဘူးဝေ့၊ ငါ ကြက်သီးထလွန်းလို့ပါ ဝေ့ . ."

"ပြောပြစမ်းပါ ဖထီး၊ ကျွန်တော်တို့လို တောတောင်အနှံ့ သွားနေတဲ့ သူတွေ သိမှတ်ထားချင်လို့ပါ ဖထီး"

"အေး . . ပြောဆိုလဲ ပြောပြရတာပ ဝေ့ . .၊ ဒီလှူးကျင်းကတော့ မှဆိုးမှန်ရင် ဘယ်သူမှ မကပ်ရဲကြဘူး ဝေ့ . .၊ လင့်စင်သွားစောင့်ရင်တဲ့ တစ်ခုခုဖြစ်ပြီး ပြန်ပြေးရတာချည်းပဲ၊ မုဆိုးစောမူးတို့ဖထီး စောသဟဲ တာလဲ အဲဒီလှူးကျင်းကို လင့်သွားစီးနေတုန်း သူ့မိန်းမနော်ရီးဖောလိုက်လာ ပြီး နို့စို့ကလေး အခုမှဆိုးစော့မူးပေါ့၊ အိမ်ပေါ်ကလိမ့်ကျတာ လက်ကျိုး သွားတယ် ·မြန်မြန်လာပါလို့ခေါ်ပြီးမှ ငါသွားနှင့်မယ်၊ နင်မြန်မြန်လိုက်ခဲ့ လို့ပြောပြောဆိုဆို ပြန်လှည့်သွားတယ် ဝေ့ . .၊ စောသဟဲလဲ လင့်ပေါ်က ဆင်းပြီး သူ့မိန်းမကို အမီလိုက်တော့ မမီတော့ဘူး၊ အိမ်ပြန်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမက ကလေးနို့တိုက်နေတာ တွေ့ရတယ်၊ မေးကြည့်တော့ ကလေးလဲ ဘာမှမဖြစ်၊ နော်ရိုးဖောလဲ လာမခေါ်တဲ့အပြင် စောသဟဲ တောထဲထွက်သွားကတည်းက အိမ်ပေါ်ကအောက်တောင် မဆင်းမိသေးကြောင်း သိရတယ်တဲ့ ဝေ့. . .၊ ဒီတော့မှ စောသဟဲလဲ လူးကျင်းက ချောက်မှန်း သိတော့တယ်. . ."

"လူးကျင်းဟာ ဒီလိုမျိုး ချောက်တတ်တာပဲ မဟုတ်လား၊ ဦးစောသဟဲ ကတောထဲမသွားခင် ဒေါ်နော်ရိုးဖောကို မမှာမဖြစ်ခဲ့ဘူးလား ဖထီး၊ လူးကျင်းကို မလိုက်လာဖို့ကို"

"မမှာဘဲ နေမလားဝေ့. . .၊ ဒါက လူးကျင်းလင့်စောင့်တဲ့ မုဆိုးတို့ လုပ်ရတဲ့ အစဉ်အလာပဲဝေ့. . ."

"မှာထားခဲ့ပြီးမှတော့ လိုက်လာတဲ့ မိန်းမဟာ သူ့မိန်းမအစစ် မဟုတ်ဘူး ဆိုတာ မသိဘူးလား ဖထီး. . ."

"အေးပေါ့ဝေ့. . .၊ ဒါပေမယ့် တကယ်တန်းကျတော့ ဟုတ်များ ဟုတ်လောက်လားလို့ ထင်သွားပြန်တာပေါ့. . ."

"အဲဒီ ဒေါ်နော်ရိုးဖော ယောင်ဆောင်လာတာက ဘာလဲဖထီး"

"လူးကျင်းစောင့်ရဲ့ အမဲလမိုင်းက အမဲကောင်ကို မုဆိုးအထင် မှားအောင် လှည့်စားတာပဝေ့. . .၊ အဲဒီမိန်းမဟာ အမဲကောင်ပဲ၊ ဒါကို သေနတ်နဲ့ ပစ်ရင် အမဲကောင်ရတာပ. . ."

"ဒီလိုဆို ဦးစောသဟဲက ဘာဖြစ်လို့ မပစ်တာလဲ ဖထီး. . ."

"ဒါကတော့ဝေ့ တကယ် သူ့မိန်းမထင်သွားလို့ပေါ့. . ."

"အို. . . ဒါဟာမုဆိုးညံ့လို့ ခံရတာဖြစ်မှာပါ ဖထီးရယ်၊ လူးကျင်းက လူတိုင်းကို မလှည့်စားနိုင်ပါဘူး. . ."

"လှည့်စားနိုင်ပါပြီလား ဗိုလ်ကြီးရာ၊ စောသဟဲတင် ဘယ်ကမလဲ ငါ့အစ်ကို စောဟန်သာလဲ ခံရဖူးတယ်၊ သူလဲ ဒီလူးကျင်းကို နှစ်လုံးပြူး သေနတ်နဲ့ လင့်သွားစီးတာ ကံကောင်းလို့ မသေတာပဝေ့. . ."

"ဆိုပါအုံး ဖထီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပုံက ဒီလိုပ ဗိုလ်ကြီး၊ စောဟန်သာ လင့်သွားစီးတာ ရွာကထွက်လာကတည်းက လမ်းမှာခလုတ်တွေတိုက်၊ သေနတ်လွတ်ကျ၊ တစ်တီတူးတွေလာထိုး၊ ငှက်ဆိုးတွေလာအော်နဲ့ မကောင်းတဲ့နိမိတ်နဲ့ ချည်းတွေ့ရတာပါဝေ့၊ လင့်ပေါ်ရောက်ပြန်တော့လဲ တစ်ဝေါဝေါနဲ့ တောပြု တဲ့အသံတွေ ကြားရတော့ စောဟန်သာလဲ ကြောက်စိတ်ဝင်လာပြီး ရင် တွေတစ်လှပ်လှပ်နဲ့ ကြက်သီးတွေ ထ၊ ခေါင်းနပန်းတွေကြီးနဲ့ ဖြစ်လာ တော့တာပဲဝေ့. . .။

အဲဒီလို ကြောက်ကြောက်နဲ့ အနိုင်နိုင်စိတ်တင်းပြီး လင့်ပေါ်မှာ ပေထိုင်နေရင်းက နေလုံးလဲပျောက်ရော အပုပ်နံ့ကြီး နံလာပြီး သိပ်မကြာပါဘူးဝေ့. . . လူကြီးလေးယောက်က လူသေကောင်ကြီး တစ်ကောင်ကို ကပ်ပေါ်တင်ထမ်းပြီး လူးကျင်းနားဝင်လာပါလေရော ဝေ့၊ လူကြီးလေးယောက်က ကတုံးပြောင်ပြောင် ခါးတောင်းပြောင်နေအောင် ကျိုက်ထားပြီး ထိုးကွင်းမှင်ကြောင် ဗိုက်ရွှဲရွှဲနဲ့ ဗလကောင်းကောင်း လို့ဆိုတာပဝေ့။

အဲ. . . ပြီးတော့ လူသေထမ်းလာတဲ့ လူကြီးလေးယောက်ဟာ လူးကျင်း နားလဲရောက်လာရော လူးကျင်းနှုတ်ခမ်း ပတ်ပတ်လည်လျှောက်ပြီး ခုန် ပေါက်ကနေသတဲ့ဝေ့. . .၊ စောဟန်သာလဲ ဒါကြီးကိုမြင်ရတော့ ကြောက် လွန်းလို့ သေနတ်နဲ့ပစ်ဖို့တော့ မပြောနဲ့ လှုပ်တောင်မလှုပ်ဝံ့ဘူးဝေ့. . .၊ အဲဒီလို လူကြီးလေးယောက်က ခုန်ပေါက်ကခုန်နေတော့ အလောင်းကောင် မျက်လုံးကြီးက ပြူးသထက်ပြူးလာပြီး ပါးစပ်ထဲကရော၊ ဗိုက်ထဲကပါ သွေးတွေဟာ တစ်ပွက်ပွက်နဲ့ ထွက်ကျလာလို့ ညှီစော်ကော၊ ပုပ်စော်ပါ နံလိုက်တာ နှာခေါင်းကိုမခံနိုင်တော့ဘူးတဲ့ဝေ့. . .၊ စောဟန်သာလည်း အဲဒီညှီစော်၊ ပုပ်စော်တွေ နံလွန်းလို့ နှာခေါင်းမခံနိုင်တာနဲ့ 'ဟပ်ချိုး' လို့ နှာချေမိရော လင့်ပေါ်က လူသေကောင်ကြီးက ကုန်းထလာပြီး စောဟန်သာ ကို လက်ညှိုးထိုးပြပါရောတဲ့ဝေ့. . .၊ အဲဒီတော့ စောဟန်သာလဲ ကြောက် လွန်းလို့ အသက်တောင်မရှူဝံ့ဘူးတဲ့၊ လိပ်ပြာတွေ ဘာတွေလွင့်သွား



www.burmeseclassic.com

www.burmeseclassic.com



သလားလို့တောင် ထင်ရသတဲ့၊ ဒါနဲ့ လူကြီးလေးယောက်က စောဟန်သာကို မော့ကြည့်ပြီး အလောင်းကောင်ကြီးနဲ့ လှမ်းပေါက်လိုက်ရောဒေ့. . .၊ စောဟန်သာလည်း လန့်ပြီး လင့်ပေါ်က ခုန်ချပြေးလာတာ ကံကောင်းလို့ ခြေမကျိုးတယ်၊ အိမ်လဲ ရောက်ရော ဖျားလိုက်တာမှ လူမှန်းမသိဘူး၊ ဘုန်းကြီးပင့်ပြီး မနည်း ကုယူရတာပါ ဒေ့. . ."

မှဆိုးကြီး ဦးစောဖိုးထူးသည် ဤသို့ပြောပြီး စကားဆုံးလျှင် ကိုယ်တိုင် အန္တရာယ်တစ်ခုကို ရင်ဆိုင်နေရာမှ လွတ်ကင်းလာသကဲ့သို့ သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်လေသည်။

"ဒါလဲ အမဲကောင်ကို အထင်မှားတာပဲ မဟုတ်လားဖထီး"ဟု ကျွန်တော်က သေချာစေရန် မေးလိုက်၏။

"ဟုတ်တာပဒေ့. . .၊ ထမ်းလာတဲ့လူလေးယောက်က အမဲခြေလေးချောင်းပဒေ့. . .၊ အလောင်းကောင် ခေါင်းကအမဲခေါင်း၊ ကိုယ်က အမဲကိုယ်၊ အဲဒါကို သေနတ်နဲ့ပစ်ရင် အမဲကိုထိတာပဒေ့. . ."

"ဒီလို သိနေရက်နဲ့ ဘာလို့မပစ်တာလဲဖထီး"

"ကြောက်စရာ တကယ်မြင်နေရတော့ကော ကြောက်လန့်ပြီး မကြံတတ်၊ မလုပ်တတ် ဖြစ်ကုန်ထင်ပါ့ဒေ့. . ."

"ဒီလိုဆိုရင် ကြောက်စရာမြင်ပေမယ့် မကြောက်တတ်တဲ့ လူနဲ့ဆိုရင်ကော ဖထီး. . ."

"အဲသလိုကျပြန်တော့လဲ တစ်မျိုးလှည့်စားပြန်တာပဒေ့. . ."

"လုပ်စမ်းပါအုံး ဘယ်လိုလှည့်စားတာလဲ ဖထီး. . ."

"ကတွန်ရွာက မုဆိုးမွန်ထော်ဆိုတာ ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်းနဲ့ ဒီကောင်က စွတ်တရွတ် လူပေလူတေပဒေ့. . .၊ ဘာမှလဲ အကြောက်အလန့် မရှိဘူး၊ ဒီလူးကျင်းချောက်တယ်ဆိုတာကိုချော ဘယ်လို ချောက်တတ်မှန်းလဲ သူသိတာပဒေ့. . .၊ သူ့ကျတော့ ဒူးလေးကြီးနဲ့ လင့်သွားစီး နေတုန်း ကတုံးပြောင်ပြောင် လုံးကြီးပေါက်လှ အထက်ပိုင်း အကျီမပါဘဲ ခါးတောင်းပြောင်နေအောင် ကျိုက်ထားတဲ့ မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကျွင်းနား လျှောက်လာသတဲ့၊ ဒီမိန်းမက ကတုံးနဲ့ ခါးတောင်းကျိုက်နဲ့ ဆိုတော့ စောဟန်သာကို ချောက်တုန်းက လူကြီးလေးယောက်လိုပဲ၊ ဒါလဲ တောချောက်တာပဲ၊ ဒီမိန်းမဟာ အမဲကောင်ဖြစ်ရမယ်ထင်ပြီး ဒူးလေးနဲ့ လှမ်းပစ်လိုက်တာ၊ အဲဒီမိန်းမပေါင်ကို ကံကောင်းထောက်မလို့ အရိုးမထိဘဲ ထုတ်ခြင်းပေါက် မှန်သွားတာပဝေ့. . .၊ အဲဒီတော့ "အမယ်လေးတော့်"လို့ အော်ရင်း ဒီမိန်းမလည်း နေရာတွင်လဲပြီး လူးလိုက်၊ လိုမ့်လိုက်တာ မပြောပါနဲ့တော့ဝေ့. . .၊ ဒီတော့မှ မွန်ထော်လည်း လင့်ပေါ်ကဆင်းပြီး သေသေချာချာကြည့်တော့မှ ဒီမိန်းမဟာ အမဲမဟုတ်ဘဲ လူမိန်းမအစစ်မှန်း သိရတော့တယ်၊ မြှားက မြှားဆိပ်မပါပေလို့သာ တော်တော့ ပဝေ့. . .၊ လူးလိမ့်ပြီး မေ့ရှိ မေ့သွားတာပ. . ."

"အဲဒီမိန်းမက ဘယ်ကလဲ. . ."

"ရွာလေးရွာကပ၊ အရူးမ မွန်ချစ်ဆိုတာပ၊ စိတ်နောက်နေတော့ သူ့ဆံပင်သူ မစီးနိုင် သန်းတွေကစွဲ၊ အနာတွေကပေါက်နဲ့မို့ ဘေးလူတွေက ကတုံးရိတ်ပေးထားတာပ၊ ဒီမိန်းမ စိတ်နောက်ပုံက တစ်ခါတစ်လေ တော့ငဲ ယဉ်တယ်၊ တစ်ခါတစ်လေတော့လည်း သွက်သွက်ခါအောင် ရူးပြီး အကျီတွေ ဘာတွေမကပ်၊ ခါးတောင်းပြောင်နေအောင်ကျိုက်ပြီး ထင်တာ လျှောက်သွားတော့ တာဝေ့. . ."

"ဒါကို မွန်ထော်က မသိဘူးလား. . ."

"ရွာလေးရွာက နေရာကလဲ ခေါင်တယ်လေ၊ ဟိုး. . ကွင်းစပ် ဘက်မှာ ငါတို့ဘူးတီးကော်ရွာကဆို (၁၆)မိုင်လောက်ဝေးတာ၊ အဲဒီတုန်း က ဒီမိန်းမက စိတ်နောက်ခါစပဲ ရှိသေးတာပ၊ ပြီးတော့ မွန်ထော်ကလဲ အရောက်အပေါက် အနည်းသွားကလား၊ ဒီတော့ ဘယ်သိမလဲဝေ့. . ."

"နောက်တော့ ဒီမိန်းမ ဘာဖြစ်သွားသေးသလဲ ဖထီး"

"မွန်ချစ်လား ဟင်း. . . မွန်ချစ်လဲ မြှားမှန်ပြီး သိပ်မကြာဘူး စိတ်နောက်တာတော့ သက်သာသွားပ၊ ဒါပေမယ့် နောက်ရူးတော့ သူစိတ်နောက်နေတုန်းက ပေါင်ကဒဏ်ရာကို ဆေးထည့်ပတ်တီးစီး



www.burmeseclassic.com

www.burmeseclassic.com



ပေးတာကို သိပြီး ရှက်သွားလို့ပဲလား . . ၊ အရှုးပြန်ထလာလို့ပဲလား မသိ ဘူဝေ့ . . ၊ ကောင်းနေရာက တစ်ညထွက်သွားလိုက်တာ ခုထိ ရှာမတွေ့ သေးဘူး။ မွန်ထော်လည်း အမှုမဖြစ်အောင် မွန်ချစ်အမျိုးတွေ ပေးရ၊ မွန်ချစ်ဒဏ်ရာကို ဆေးကြိတ်ကုသပေးရ၊ ဟိုပေးရ၊ ဒီပေးရနဲ့ ကျွဲတစ်ရှဉ်း ပြုတ်သွားလေရဲ့၊ လူးကျင်းကတော့ စောင့်သမျှ မုဆိုးတွေကို တစ်နည်း မဟုတ် တစ်နည်းနဲ့တော့ ဒုက္ခပေးတာချည်းပဲဝေ့ . . ''

''အဲဒီ ဦးမွန်ထော်တို့ ဦးစောသဟဲတို့ဆိုတာတွေ ရှိသေးသလား ဖထီး . . ၊ ဘယ်မှာနေကြသလဲ''

''မွန်ထော်ကတော့ ရှိသေးတယ်၊ သူ့ရွာကတွန်မှာပဲပေါ့၊ ဒါ့အစ်ကိုရော စောသဟဲရောတော့ သေကုန်ကြပြီဝေ့ . . ''

''သူတို့အပြင် ဘယ်သူတွေ ထပ်အချောက်ခံရသေးသလဲ ဖထီး''

''နောက်ပိုင်းတော့ သိပ်မရှိတော့ဘူးလေ၊ ဘယ်မုဆိုးကမှလည်း အဲဒီ လူးကျင်းကို သွားမစောင့်ကြတော့တာ၊ ခုချိန်ထိပဲဝေ့ . . ''

မုဆိုးကြီး ဦးစောဖိုးထူးပြောပြချက်အတိုင်း မှန်ခဲ့ပါမူ ထိုလူးကျင်းသည် လွန်စွာကြောက်စရာကောင်းနေပါသည်။ အသေအချာ ထပ်မံစုံစမ်းမေးလာကြည့်သောအခါ လူးကျင်းချောက်ခြင်းမှာ တစ်ချိန်သောအခါက ဖြစ်ပါလေသည်။ နောက်ပိုင်း ကိုယ်တွေ့အချောက်ခံရသူကို ရှာမရခဲ့ပေ။

သို့သော် နယ်ခံမုဆိုးကြီးများသာမက၊ နယ်သူနယ်သားများသည်ပင် ထိုလူးကျင်းအနားသို့ပင် မကပ်တော့။ ဘယ်လိုအကြောင်းမျိုးနှင့်မျှ လူးကျင်းနားမသွား မလာကြတော့ပေ။

ကျွန်တော့်စိတ်တွင် လူးကျင်းကိုမုဆိုးများစောင့်မပစ်စေလို၍ ချောက်တတ်သည်ဟု နယ်ခံမုဆိုးများကပင် သတင်းလွှင့်ထားခြင်းလော။ ဤအတိုင်းဆိုပါလျှင် အဘယ့်ကြောင့် လူးကျင်းကို စောင့်၍မပစ်စေလိုသနည်း။ ဆင်ဖမ်းမုဆိုးကြီး ဦးစောကလယ်ထူး ပြောသလို စကားထဲမှလို အမဲများ မုက်၊ ခြင်၊ ယင်ဘေးက ကာကွယ်ရာ၌ အနှောက်အယှက် မဖြစ်စေရန် အမဲများကို ဂရုဏာရှိသူများက သတင်းလွှင့်ခြင်းများလား။ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လူးကျင်းတွင် အမဲစောင့် ပစ်ရာလွယ်ကူမှန်းသိသော မုဆိုးတစ်ဦးဦး
သူ့စားကျက်ကို သူတစ်ပါး မသိရန် သဝန်တိုစိတ်ဖြင့် သတင်းလှ
ထားခြင်းလောဟု လောပေါင်းများစွာ တွေးတောမိ၏။

အမှန်ဆိုရပါမူ မုဆိုးကောင်းတို့မည်သည် အမဲကိုရပ်နေ၊
သောက်၊ အိပ်ကျင်း၊ လူးကျင်း၊ စားပင်များ၌ မပစ်ပါချေ။

လူးကျင်းကိုအမဲများ ညဦးနှင့်လင်းအားကြီးအချိန်တွင် အများ
ဝင်ရောက်တတ်၏။ လူးကျင်းစောင့်သူသည် ညဥ့်အချိန်စောင့်ရသ
ကျားသစ် များ ဘေးရန်မှ ကင်းဝေးရန် လင့်စင်၍စောင့်ရ၏။

မည်သို့ပင် ဖြစ်ကာမူ ဤမျှသတင်းကြီးနေသော လူးကျင်းကိုအ
တကယ်တောချောက်၊ မချောက်ကို စုံစမ်းရင်း တစ်ညလောက် လင့်
ကြည့်ရန် ဆုံးဖြတ်လိုက်မိပါသည်။ သို့သော် လင့်စီးသည်အ တောမချော
ဘဲ အမဲလူးကျင်းဝင်သည်ကို အနှောက်အယှက်မရှိ တွေ့ရပါက မပစ်
ပြန်လာမည်။ နောင်အခါမှ သွားလမ်းလာလမ်းမှစောင့်၍ ပစ်ချင်ပစ်မည်
သားရဲတိရစ္ဆာန်များနှင့် အခြားအနှောက်အယှက်များတွေ့လျှင်မူ လင့်
ကပင် ပစ်မည်ဟုလည်း တွေးတော စီစဉ်ထားသည်။

နောက်တစ်နေ့တွင် လူးကျင်းရှိရာသို့ ဒေါင်းပစ်ပြီးအပြန် လ
ဝင်ခဲ့သည်။ လူးကျင်းတွင် အမဲပစ်ရန် လာသည့်အခါက် မဟုတ်သေ
လားမသိ။ ဘာတောမှ မချောက်ပါချေ။

လူးကျင်းသည် ကုလားမတောင်ခြေရင်းတွင် ရှိသည်။ အ
တောင်ထောင့် အစွန်နား၌ဖြစ်၏။

ကြီးပြန့်သည့် တောင်တန်းကြီးနှစ်ခုကြားတွင် နှစ်ကောခန့်က
၍ သစ်ပင်ကြီး ကျွန်းပင်၊ ပျဉ်းကတိုးပင်ကြီးများ အကိုင်းချင်းယှ
ပြည့်လျက်ရှိသည်။ သို့သော် လူးကျင်း၏ ကိုက်ငါးဆယ်ပတ်လည်လော
တွင်မူ သစ်ပင်ကြီး ကြီးမားမားဆို၍ ကျွန်းပင်ကြီးသုံးပင်နှင့် ဝါးရုံ
နှစ်ရုံသာရှိသည်။ ခြေသလုံး ပေါင်ဖျားခန့်ရှိ သစ်ပင်ငယ်ကလေး
ဆယ့်လေးငါးပင်ခန့်တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



လူးကျင်းနားမှ ကျွန်းပင်ကြီးများတွင် ပေနှစ်ဆယ်သုံးဆယ်ခန့် အမြင့်၌ အမဲများရှဲ့လူး၍ ကိုယ်ဖြင့်ပွတ်တိုက်ထားသကဲ့သို့ ရွှံ့စင်းများကို ထူးဆန်းစွာ တွေ့ရ၏။ အပင်ပန်းခံ၍ တက်ကြည့်သောအခါ ရွှံ့ခင်းများတွင် အမဲကောင်၏ အမွေးများ၊ သစ်ပင်ပင်စည်တွင် ကပ်နေသည်ကိုတော့ တွေ့ရသဖြင့် အံ့ဩရပြန်ပါသည်။

ကျွန်းပင်ကြီးများ တည်ရှိနေပုံမှာ လူးကျင်းအရှေ့ဘက် သုံးကိုက်ခန့်အကွာတွင် တစ်ပင်၊ အရှေ့တောင်ဘက် ဆယ်ကိုက်ခန့်အကွာတွင် တစ်ပင်နှင့် အနောက်မြောက်ဘက် ငါးကိုက်ခန့်အကွာတွင် တစ်ပင်တည်ရှိ၏။ ဝါးရုံနှစ်ပင်မှာ အနောက်မြောက်ဘက်ရှိ ကျွန်းပင်၏ အနောက်တည့်တည့် ပေနှစ်ဆယ်ခန့်အကွာတွင် တစ်ရုံနှင့် တစ်ရုံငါးပေခန့်ခြား၏။ တောင်နှင့်မြောက်တန်းလျက် တည်ရှိနေ၏။

အရှေ့ဘက်ရှိ ကျွန်းပင်ကြီးနှစ်ပင်မှာ လုံးပတ်ဆယ်ပေနီးပါးခန့်ရှိ၏။ အလွန်မြင့်မားလှသည်။ မြေပြင်မှ ပေလေးဆယ်ကျော်အထိ စင်းလုံးချောဖြစ်၏။ ထိုနေရာ၏ အထက်၌သာ အကိုင်းကြီးများ မညီမညာထွက်လျက်ရှိသည်။ ဤကျွန်းပင်ကြီး နှစ်ပင်၌ လင့်ထိုးရန် မကောင်းပေ။ လူးကျင်းအနောက်မြောက်ဘက်မှ ကျွန်းပင်သည် လုံးပတ်ခြောက်ပေခန့်သာရှိပြီး အမြင့်ပေနှစ်ဆယ်ခန့်တွင် ခွသုံးခု ညီညာစွာ ဖြာထွက်လျက်ရှိနေသည်။ ထိုကိုယ်တူခွတွင် လင့်ထိုးပါက လင့်ပတ်ဝန်းကျင်တစ်ခုလုံးကိုကောင်းစွာမြင့်နိုင်သည့်ပြင် ကျွန်းရွက်များကာရံနေသဖြင့် ဘေးမှကြည့်လျှင် ရုတ်တရက် မမြင်နိုင်ပေ။

ထို့ကြောင့် ထိုနေရာတွင် လင့်ထိုး၍ အလွယ်တကူတက်နိုင်ဆင်းနိုင်ရန် ဝါးမောင်းတက်တစ်ခုကိုလည်း ထောင်ထားခဲ့ပါသည်။

ကုလားမတောင် လူးကျင်းတွင် လင့်စီးရန်လင့်ထိုးခဲ့ကြောင်း ဦးတိုးကော် ရွာသားများနှင့် ကျွန်တော်၏တပ်မှတပ်ကြပ်ကြီး ထွန်းဇန်နန် တို့သိလျှင် ကျွန်တော့်အားဝိုင်း၍ လင့်မစီးရန်ဖျက်ကြတော့သည်။ ဦးစောဖိုးထူးနှင့် တပ်ကြပ်ထွန်းဇန်နန်သည် အများဆုံး ဖျက်ကြသူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နေ့ရောညပါ ကျွန်တော့်တပ်စခန်းသို့လာ၍ အတန်တန် တားကြသည်။ ဆင်မုဆိုးကြီး ဦးစောကလယ်ထူးကလည်း တားမြစ်၏။

ကျွန်တော်က ခေါင်းမာစွာနှင့်ပင် လူးကျင်းက ချောက်ခြင်းမှာ နာနာဘာဝများက လှည့်စားချောက်လှန့်ခြင်းသာဖြစ်၍ ဘယ်လိုပင် ချောက် ချောက် မကြောက်တတ်ပြီ။ လှည့်စားတိုင်းမရအောင် စဉ်းစားဆင်ခြင် နိုင်သူကို ဒုက္ခမပေးနိုင်ကြောင်းနှင့် ဆုံးဖြတ်ပြီးသည့်အလုပ်တစ်ခုကို ဘယ်နည်းနှင့်မဆို လုပ်မည်ဖြစ်ကြောင်း ပြန်ပြောလိုက်၏။

အတန်တန်တားမရသည့် အဆုံးတွင် မုဆိုးကြီးစောဖိုးထူးက–

"ဒါလောက်တောင် တားမရလဲသွားပေါ့ ဗိုလ်ကြီး။ ဒါပေမယ့် သတိဝိရိယတော့ ထားပါ"ဟု ဆိုလေသည်။

"ကိုင်း . . ဒီလိုဆိုသွားတဲ့နေရာ ခပ်ဝေးဝေးက အသံဗလံ နားထောင်ပြီး အကူအညီပေးရအောင် စောင့်နေမယ် . ."ဟု ဦးစောက လယ်ထူးက ပြောပြန်၏။

"နေပါစေ ဖထီး . . ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အန္တရာယ် ရှိတဲ့ အလုပ်မှာတစ်ယောက်ထဲ စွန့်စားရတာ ပိုကောင်းပါတယ်၊ လူများ ရင် အန္တရာယ်ပိုများပါတယ်"ဟု ကျွန်တော်က ပြောလိုက်သည်။

ထိုသို့ပြောလိုက် ပျှင် ဦးစောကလယ်ထူးသည် သူ၏ မျက်လုံး ကျဉ်းကလေးကို အစွမ်းကုန်ပြူးကာ ကျွန်တော့်အား ငေးစိုက်ကြည့် နေတော့သည်။

လင့်ထိုးခဲ့ပြီး ခုနစ်ရက်မြောက်သောနေ့တွင် လူးကျင်းစောင့်ရန် ထွက် လာခဲ့ပါသည်။ ယူဆောင်လာခဲ့သော လက်နက်များမှာ ကာဘိုင် ဘက်နက်တစ်ချောင်း။ ကျွန်တော်၏ ကာဘိုင်သေနတ်ကိုထားခဲ့ပြီး ဂျီ–၃ ရိုင်ဖယ်ကို ယူလာခဲ့၏။ ကျည်ကပ်နှစ်ကပ်ပါအပို ယူလာခဲ့သည်။ ထို့နောက် ကျွန်တော်၏ ၉–မမပစ္စတို တစ်လက်နှင့် ကျည်ကပ်ပိုတစ်ခုတို့ ဖြစ်၏။

တပ်စခန်းမှ မထွက်မီ၊ တူးတီးကော်ရွာသားများအား လူးကျင်း နားသို့ မည်သည့်အကြောင်းကြောင့်နှင့်မျှ မလာကြရန်မှာကြားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရွာသားများသည် ကျွန်တော့်အား အကြည့်မျိုးစုံဖြင့် ကြည့်ကြသည်။ တစ်ချို့က သေရွာသွားမည့်သူကို ကြည့်သည့်အကြည့်မျိုးဖြင့် ဂရုဏာသက်စွာကြည့်ကြသည်။ တစ်ချို့က အန္တရာယ်ရှိမှန်းသိသည့်နေရာကို အတန်တန်တားလျက်နှင့် ဖွတ်တရွတ် သွားသည်မှာ ဘယ်လိုလူစားပါလိမ့်ဟု စူးစမ်းသောမျက်နှာထားမျိုးဖြင့် ကြည့်ကြသည်။

ထိုစဉ်က ရွာသူရွာသားများ၏ အကြည့်များမှာ ဘယ်လို ချောက်ချောက် မကြောက်တတ်ပါဆိုခဲ့သော ကျွန်တော်၏ စိတ်ကို ရိုက်ခတ်သဖြင့် ကြောက်စိတ်ကလေးများ မသိမသာဝင်ရောက်ကိန်းအောင်းခဲ့သည်ကိုတော့ ကျွန်တော် ရိုးသားစွာ ဝန်ခံပါသည်။

တောထဲဝင်လာသည့် အချိန်၌ အထူးသတိထားလာခဲ့သောကြောင့်လားမသိ။ မုဆိုးကြီးဦးစောဟန်သာကဲ့သို့ သေနတ်လွတ်ကျခြင်း၊ ခလုတ်တိုက်ခြင်းတော့ မဖြစ်ပါ။

သို့သော် ကလွန်ကလေး လမ်းခွဲနားရောက်လာသည့်အခါ ကျွန်တော့်၏ ရှေ့တည့်တည့် သစ်ပင်အောက်မှ ငှက်ဝါရော ငှက်ဆိုးတစ်ကောင်က အမင်္ဂလာအသံဖြင့် စူးစူးရှရှဟစ်အော်စီးကြိုခြင်း ခံလိုက်ရသည်။ ကျွန်တော်၏ ခြေလှမ်းမှာ အလိုလိုတန့်ခနဲ ရပ်သွားမိ၏။ စိတ်ထဲတွင်လည်း ဦးစောသဟဲကဲ့သို့ ငှက်ဆိုးတော့ ရှေ့တည့်တည့်မှ အော်လေပြီ။ ပြီးလျှင် တောချောက်ခံရတော့မည်လားဟု တွေးတောကာ ရှိသလိုလို ဖြစ်လာ၏။

မုဆိုးမွန်ထော်သည် မုဆိုးကြီး ဦးစောသဟဲ တောချောက်ခံရစဉ်က ကတုံးနှင့် ခါးတောင်းကျိုက်ကို စွဲမှတ်ထားမိသဖြင့် အမျိုးသမီးတစ်ယောက်ကို ဒူးလေးနှင့်ပစ်မိ၏။ ကျွန်တော်လည်း ငှက်ဆိုးအော်ခြင်းကို အစွဲအလမ်းထားလျှင် အမှားတစ်ခုခုကို ပြုမိနိုင်မည်မဟုတ်ပါလော။ သို့ဖြစ်၍ ငှက်ဆိုးအော်ခြင်းမှာ တိုက်ဆိုင်မှုသာဖြစ်မည်။ ငှက်ဆိုးအော်သံကြားရုံဖြင့် ဘာမျှမဖြစ်နိုင်ဟု ကိုယ့်ကိုယ်ကို အတင်းလှည့်စားကာအားတင်းလိုက်ရ၏။

ရှေ့သို့ဆက်၍ အတန်ငယ်သွားမိလျှင် တောကြက်မတစ်ကောင် အလန့်တကြား အော်ဟစ်ပျံသန်းသံ ကြားရပြန်သည်။ ကျွန်တော်သည်

www.burmeseclassic.com



သတ်ခနဲ တုန်သွားအောင်ပင် ကြက်သီးထသွားမိသည်။ ဤသည်ပင်လျှင် မည်မျှပင် အားတင်းစေကာမူ ကြောက်ရွံ့စိတ် ကိန်းအောင်းနေသည်မှာ ထင်ရှားနေပါသည်။

ထိုသို့ မသိမသာ ခိုအောင်းနေသော ကြောက်ရွံ့စိတ်နှင့်ပင် ကျွန်တော်သည် လူးကျင်းမှလင့်ပေါ်သို့ ရောက်ခဲ့သည်။ လင့်ပေါ် ရောက်သည့်အချိန်သည် ငါးနာရီခွဲလေပြီ။ ကျွန်တော်သည် လင့်ပေါ် ရောက်စတွင် တောချောက်လေမည်လား။ သို့မဟုတ် အမဲလူးကျင်း ဝင်လေမည်လားဟု စိတ်စောနေမိသည်။ သို့သော် အချိန်အတော်ကြာ သည့်တိုင်အောင် တောလည်း မချောက်၊ အမဲလည်း မဝင်ဘဲရှိသည်နှင့် ပျင်းရိငြီးငွေ့စပြုလာသည်။ တောမှာလည်း ခါတိုင်းထက် တိတ်ဆိတ်နေ သည်ဟု ထင်ရ၏။ ငှက်အော်သံ၊ ချေဟောက်သံများ တစ်ခွန်းတစ်လေ မျှပင် မကြားရပါချေ။ တစ်တောလုံးတွင် သက်ရှိသတ္တဝါဆို၍ ကျွန်တော် တစ်ဦးတည်းသာ ရှိနေသကဲ့သို့ ထင်မှတ်ရသဖြင့် ငြီးငွေ့ရုံမျှမက စိတ်အားငယ်သလိုပင် ဖြစ်လာမိသည်။

လင့်ပေါ်ရောက်သည်မှာ တစ်နာရီကျော်ပေပြီ။ မည်သို့မျှ ထူးခြားခြင်းမရှိသဖြင့် ကျွန်တော့် စိတ်ထဲတွင် ဤလူးကျင်းသည် အများပြောသလို တော ချောက်သည်ဆိုခြင်းမှာ ဟုတ်ဟုတ်ပါလေစဟု သံသယ ဖြစ်လာမိ၏။

ထိုစဉ်တွင် အနောက်မြောက်ထောင့် အတော်ခပ်ဝေးဝေးက ကလွန်ကလေးလမ်းခွဲဆီမှ ဝေါ. . . ဝေါ. . . ဝေါဟူသော တောပြိုသံလိုလို အမဲအုပ်ကြီးများ ပြေးသံလိုလို အသံရှည်ကြီးကို ထိတ်လန့်ဖွယ်ရာ ကြား လိုက်ရသည်။

ကျွန်တော့်မှာ အမှတ်တမဲ့ ကြားရ၍လော။ သို့မဟုတ် အားငယ် နေစဉ် ကြားရ၍လောမသိ။ သိမ့်သိမ့်တုန်အောင်ပင် ကြက်သီးထကာ ကျောချမ်းသွားမိသည်။

တစ်တောတစ်တောင်လုံးရှိ ကြက်ငှက်များ လန့်ဖြန့်အော်တာ



www.burmeseclassic.com

www.burmeseclassic.com



ပျံသန်း သည့် အသံမှာလည်း ဟိန်း၍ပင်သွားတော့သည်။ ခဏကြာလျှင် တောမှာ ပြန်လည်တိတ်ဆိတ်မြဲ တိတ်ဆိတ်သွားပြန်၏။ ကျွန်တော့်စိတ်တွင် ငှက်ဆိုးအော်သံလဲ ကြားရ၏။ ထိုသို့ တောပြိုသံလည်း ကြားရပြီးလျှင်တော့ မုချတောချောက်ခံရတော့မည်မှာ မလွဲဟု တွက်ဆလိုက်၏။

နွေရာသီတပေါင်းလဖြစ်သဖြင့် ဒေါင်းတို့သည် "တပေါင်းကြောင်သံ" ဆိုသည်နှင့်အညီ "အိုးဝေ"ဟု မအော်ဘဲ တစ်ညောင်ညောင်သာ အော်လျက်ရှိသည်။ - တောလုံငှက်ကလေးများ၏ "ကြက်၊ ငှက်၊ ဝက်ခြောက်ကောင်"ဟူသော အော်သံကိုလည်း အဝေးဆီမှ ခပ်သဲ့သဲ့ကြားနေရသည်။

တောထဲ၌ တောလုံငှက်အော်မြည်သံကြားရလျှင် ဘေးအန္တရာယ်ကင်းသည်ဟု အဆိုရှိကြသည်။ မဟုတ်ပါလော။ ထိုသို့ ဆိုပြန်တော့လည်း ဤတောမှာ ဘေးအန္တရာယ် ကင်းရှင်းသယောင်ယောင်နှင့် ကြည်နူးဖွယ်ရာကောင်းသည်ဟု ထင်မှတ်ရပြန်၏။

သို့သော် မကြာမီ အမင်္ဂလာသံဖြင့် တောတစ်တီတူး အော်သံများကို တောပြိုသံကြားရသည့်ဘက်မှ ကြားရပြန်၏။ အသံသည် တစ်ဖြည်းဖြည်း နီးလာသည်။ ထို့နောက် တစ်တီတူးငါးကောင် ဆူညံစွာ အော်ဟစ်လျက် လူးကျင်းဆီသို့ ပျံသန်းလာကြ၏။ လူးကျင်းပေါ်သို့ ရောက်လျှင် တခြားသို့ ဆက်မပျံဘဲ လူးကျင်းကိုပတ်ကာ ပျံဝဲနေသည်။ တစ်တီတူးလေးကောင်မှာ တစ်အုပ်တည်း တစ်စုတည်း ပျံဝဲနေသော်လည်း ကျန်တစ်ကောင်မှာ အုပ်ဖြင့်မလိုက်ဘဲ တစ်ကောင်တည်း လင့်စင်နားမှ ဖြတ်ကာ ခေါက်တုန့်ခေါက်ပြန် ပျံနေ၏။

ကျွန်တော်သည် အသက်ပင်မရှူဝံ့၊ မျက်တောင်ပင် မခတ်ဝံ့ဘဲ ကျောက်ရုပ်လို ငြိမ်နေရသည်။ တောကြက် တောငှက်နှင့် တောကောင်အချို့သည် လူကိုမြင်သည့်တိုင် မလှုပ်မရှက်နေပါလျှင် လူမှန်းမသိပေ။ တစ်တီတူးများသည် ကျွန်တော့်အား လူမှန်းသိသွားခဲ့သော် အနီးပတ်ဝန်းကျင်ရှိ တောကောင်များအား လူးကျင်းတွင်ရန်သူရှိကြောင်း အချက်ပေး



www.burmeseclassic.com

www.burmeseclassic.com



အော်ဟာစ်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော့်မှာ မလှုပ်မရှက် ကျောက်ရုပ်
လို ငြိမ်ထိုင်နေရခြင်း ဖြစ်ပါ၏။ သို့သော် ကျွန်တော်၏ ကြိုးစားချက်ကား
အချည်းအနှီး ဖြစ်ရတော့သည်။ တစ်တီတူးလေးကောင်မှာ အော်ဟာ
ပျံဝဲနေရာမှ ရုတ်တရက် လူးကျင်းနခမ်းဆီသို့ ထိုးဆင်းလိုက်သည်။ ထိုင
ကျန်တစ်ကောင်မှာ ကျွန်တော့်အား ဘယ်ပုံသိမြင်သွားသည် မသိ။ ပျံဝဲ
နေရာမှ ထိုးဆင်းလာပြီး ကျွန်တော့်ခေါင်းကို ဂစ်ခနဲအော်ကာ ထိုးသွား
ပါတော့၏။

ကျွန်တော်လည်း ဖြုန်းခနဲ ဒေါသဖြစ်သွား၍ လင့်ပေါ်တွင် မတ
တပ်ရပ်လိုက်ပြီး တစ်တီတူးများအား ပစ်ရန်သေနတ်ဖြင့် ချိန်လိုက်မိ၏
ကျွန်တော် မတ်တပ်ရပ်လိုက်လျှင် လူးကျင်း၏မြောက်ဘက် ကိုက်ထေ
ဆယ်ခန့်အကွာ တောထဲမှ တောဝက်တစ်ကောင် ပြေးသွားသံ ကြားလိုက်
ရလေသည်။

အသံကြားရုံဖြင့် တောဝက်မှန်းသိရခြင်းမှာ ဆရာမုဆိုးကြီးမျာ
၏ သင်ကြားပေးမှုနှင့် အတွေ့အကြုံများက ပေးအပ်သောပညာကြောင်
ဖြစ်ပါသည်။

တောဝက်နှင့် ဆတ်ပြေးသည့်ခြေသံမှာ သမင်၊ ဒရယ်၊ ချေ
တို့ထက် ခြေသံကြီး၍ မာ၏။ ဆတ်နှင့်ဝက်ခြေသံမှာလည်း ခြားနားမှုရှိ
၏။ ဆတ်သည် ဒဏ်ရာမရဘဲပြေးလျှင် ခုန်လွှားပြေး၏။ တောဝက်မှ
အများအားဖြင့် တောတိုး၍ လေးဘက်သာ ပြေးတတ်၏။ ခုန်လွှာ
ပြေးပြန်ပါကလည်း ခြေတံတိုသဖြင့် ဆတ်လောက် အဝေးမခုန်နိုင်သေ
ကြောင့် ခြေကျသံချင်း နီး၏။ ထို့ကြောင့် ပြေးသံကြားရုံမျှဖြင့် တောဝက်မှ
သိလိုက်ခြင်း ဖြစ်ပါသည်။

တောဝက်ပြေးသံကြားမှပင် တစ်တီတူးများကို ပို၍ဒေါသဖြ
၏။ သို့သော် ဒေါသဖြစ်ရုံမှတပါး မည်သို့မျှမတတ်နိုင်ပါချေတော့ တစ်
တူးများသည် တောဝက်ပြေးသည့်ဘက်သို့ လိုက်ပါပျံသန်းသွားကြသည်
ထိုသည့်အခါမှပင် ကျွန်တော့်အမှားကိုမြင်ကာ နောင်တရမိတော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော့်မှာ ပြုမိသည့်အမှားကြောင့် စိတ်ပျက်စွာ လင့်ပေါ်တွင် ပြန်ထိုင်ချလိုက်သည်။ စိတ်ထဲတွင်လည်း ဒေါသဖြစ်ခြင်း၊ စိတ်ပျက်ခြင်း၊ အားငယ်ခြင်းများ ရောပြွမ်းနေ၏။ ရင်ထဲတွင်လည်း တင်းကြပ်ကြပ်ကြီး ဖြစ်ကာ တုန်တုန်ရင်ရင် ဖြစ်နေသည်။ စိတ်ဂဏှာမငြိမ်သလောက် လူလည်းလှုပ်လှုပ်ရွရွ ဖြစ်နေ၏။ နောက်ကျောက ယားသလိုလို၊ ပေါင်ကိုက်သလိုလို၊ ခြေကျင်သလိုလို ဖြစ်လာ၏။

မျက်စိထဲတွင် မုဆိုးကြီးဦးစောသဟဲအား တောချောက်သည် ဆိုသော အလောင်းကောင်ကြီးမျိုးကို မြင်ယောင်လာသည်။ အလောင်းကောင်ကြီးများ ဟိုချုံနားက ပေါ်လာလေမလား။ ဒီသစ်ပင်ကွယ်ကပဲ ထွက်လာလေမလား ထင်မိ၏။

မကောင်းမှုနှင့် ဘေးအန္တရာယ်ဆိုးတို့ စိုးမိုးကျက်စားရာ ဖြစ်သော အမှောင်ထုသည် တစ်စတစ်စ ကြီးစိုးလာ၏။ အမှောင်ထုရင့်လာလေလေ တောချောက်ခံရခါနီးလာလေလေ ဖြစ်လေမည်လားဟု တွေးမိပြန်၏။

ထိုစဉ်တွင် အပုပ်နံ့လိုလို၊ ညှီစို့စို့အနံ့ဆိုးကြီးတစ်ခု နှာခေါင်းတွင်း စူးစူးရှရှဝင်လာ၏။ ထို့နောက် လင့်တစ်ခုလုံး သွက်သွက်ခါအောင် လှုပ်သွားသည့် လင့်ကို ကျော်၍ ထွက်နေသောမောင်းတက်အဖျားမှာ တစ်ဖျတ်ဖျတ်လှုပ်ကာ လင့်လက်တန်းကို တစ်ဒက်ဒက် ရိုက်နေလေသည်။

အလောင်းကောင်ကြီးတော့ အထမ်းနှင့် မလာဘဲ မောင်းတက်မှ နေ၍ လင့်ပေါ်သို့ တွယ်တက်နေပြီဟု ထင်လိုက်မိ၏။ ကျွန်တော့်တစ်ကိုယ်လုံး ကြောက်စိတ်များ လွှမ်းမိုးကာ အေးစက်တောင့်တင်းသွားသည်။ မျက်လုံးများလည်း ပြာဝေကာ ဘာမှမလုပ်တတ်အောင် ဖြစ်နေ၏။

အန္တရာယ်ကား ကျွန်တော့်ထံ ရွေ့ရှူလာလေပြီ။ ဤအတိုင်း ကြောက်စိတ်ဖြင့် ထိုင်နေ၍တော့ မဖြစ်ပေ။ အန္တရာယ်ကို မလွှဲမရှောင်သာ ရင်ဆိုင်ရပေတော့မည်။ ထို့ကြောင့် အလောင်းကောင်ကြီး ကပ်လာမည့် ထင်သည့် လင့်စင်အောက် မောင်းတက်ဆီသို့ မရဲတရဲဖြင့် ငုံ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် ကြောက်စိတ်များ ပိုမိုလာကာ ခေါင်းနပမ်းကြီး၍ ကြက်သီးတစ်ဖြန်းဖြန်း ထပြီး တစ်ကိုယ်လုံး တစ်ဆတ်ဆတ် တုန်လာမိသည်။ အဘယ့်ကြောင့်ဆိုသော် လင့်စင်အောက်တွင် ပုပ်ပွဖူးယောင်နေသည့် အလောင်းကောင်ကြီးထက် အပြန်တစ်ရာ ကြောက်စရာကောင်းသည့် အလွန်ကြီးမားသော တောကြီးမြွေဟောက်ခေါ် ငန်းပုပ်မြွေကြီးတစ်ကောင် လင့်ပေါ်သို့ တက်ရန်ကြိုးစားနေသည်ကို မြင်ရသောကြောင့်ပါတည်း။

မြွေဟောက်ဘုရင်မည်သော ငန်းပုပ်မြွေသည် အဆိပ်ပြင်းထန်၍ အကြီးမားဆုံးမြွေဟောက်တို့ထက် ပိုမိုအဆိပ်ပြင်းထန်လှသည့်မြင် အဆပေါင်းများစွာ ကြီးမားလေသည်။ ထို့အပြင် ဤငန်းမြွေမျိုး၏ အကိုက်ခံရပါက မည်သည့်သတ္တဝါမှ အသက်ရှင်သည်ဟု မကြားဘူးခဲ့ပါချေ။ မြွေဟောက်မျိုးသာမက အခြား မြွေအမျိုးပေါင်း တော်တော်များများ ပင် လျှင် ဤငန်းပုပ်မြွေမျိုးကို ကြောက်ရွံ့ကြရ၏။ ထို့ကြောင့်ပင် ထိုမြွေမျိုးကို မြွေဟောက်ဘုရင်ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

မြွေကြီး၏ လုံးပတ်မှာ ယောက်ျားကြီးတွားခိုင်ခန့်ရှိ၏။ အလျားမှာ (၁၅)တောင်ခန့်ရှိပေမည်။ ဦးခေါင်းသည် လင့်စင်အောက် ကျွန်းပင်ခြေရင်းတွင် ရှိနေ၏။ အမြီးဖျားမှာ ကျွန်းပင်နှင့် ပေနှစ်ဆယ်ခန့်ကွာသော ဝါးရုံပင်ကြားထဲတွင် ကွယ်ပျောက်နေ၏။

မြွေကြီးသည် မောင်းတက်ကို ၄လေးပေခန့်အမြင့်ဆီမှ ခေါင်းဖြင့် ချိတ်၍ ရစ်ပတ်လိုက်၏။ မောင်းတက်မှာ ဖြောင်းခနဲမြည်ကာ ကျိုးကျသွားတော့သည်။ ကျွန်းပင်နှင့် မောင်းတက်ကပ်ချီထားသော နှီးချက်များလည်း ပြတ်ကုန်သဖြင့် မောင်းတက်သည် လင့်တွင်တွဲလောင်း ဖြစ်သွားသည်။

ထိုသည့်အခါမှပင် မြွေကြီးသည် လင့်ပေါ်သို့တက်ရန် လမ်းအမှန်ကို တွေ့ရှိသွားတော့သည်။ မြွေခေါင်းသည် ကျွန်းပင်၏ ပင်စည်ကို ခပ်စောင်းစောင်း ရစ်ပတ်ကာ တက်လာတော့သည်။

ဤမြွေကြီးသည် ကျွန်တော့်အားမြင်၍ ပေါက်သတ်ကိုက်ရန် လင့်ပေါ်သို့ တက်လာနေခြင်းလော။ သို့မဟုတ် မမြင်ဘဲ အခြားအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တက်လာနေခြင်းလော မပြောတတ်ပေ။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်နှင့် လင့်ပေါ်တွင်ရင်ဆိုင်တိုးပါက ချမ်းသာပေးမည်တော့ မဟုတ်ပါ။ သို့ဖြစ်၍ ဤရန်သူကို ကျွန်တော်ကနိုင်အောင် တိုက်ရပေလိမ့်မည်။ သို့မဟုတ်ပါက ရန်သူက အောင်ပွဲခံကာ ကျွန်တော့်အသွေးအသားတို့ကို အောင်သေအောင်သားအဖြစ် ဝါးမျိုပေတော့မည်။

လင့်ပေါ်သို့ တက်လာနေသောမြွေကြီးကို သေနတ်နှင့် ပစ်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ တစ်ချက်တည်းနှင့် ကိစ္စတုံးအောင် မလှုပ်နိုင်အောင် ပစ်ရပါလိမ့်မည်။

သို့ဖြစ်၍ မြွေခေါင်းကို ပစ်ရန်ကြံမိသည်။ သို့သော် မြွေခေါင်းမှာ သစ်ပင်ကို ရစ်ပတ်တက်လာခြင်းကြောင့် ချိန်သားမရဖြစ်နေ၏။ ကျွန်တော် မြင်နေရသည့် သစ်ပင်တစ်ဘက်တွင် ခဏမျှပေါ်ကာ ကျန်သုံးဖက်တွင် ကွယ်၍ ကွယ်၍သွားသည်။ ထို့ကြောင့် ခေါင်းကိုပစ်၍ မဖြစ်နိုင်ပါချေ။

ခေါင်းမှတပါး အခြားကိုယ်လုံးကိုပစ်ရန်လည်း ပို၍မဖြစ်နိုင်သေးပေ။

မြွေကြီး၏ အကြေးခွံများမှာ ဒင်္ဂါးကွက်ခန့်ရှိ၏။ မြွေခေါင်း လင့်ပေါ်သို့ ရောက်အောင်စောင့်ပြီး လင့်ကြမ်းပေါ်သို့ ရောက်လာမှအနီးကပ်တွေ့၍ ပစ်ရန်လည်း ကြံမိ၏။ ထိုသို့ဆိုပါလျှင်လည်း တစ်ချက်တည်းဖြင့် ချက်ကောင်းကို ထိမှန်သွားပါက မထောင်းသာ။ ချက်ကောင်းမထိလျှင် လေးပေပတ်လည်ခန့်သာ ကျယ်သည့်လင့်ပေါ်တွင် မပြေးသာမရှောင်သာ အောက်သို့လည်း ခုန်မချဝံ့နှင့် ပိုမိုဆိုးရွားပေတော့မည်။

မြွေကြီးသည် သစ်ပင်ကို လေးငါးခြောက်ပတ်ခန့် ပတ်မိလာချေပြီ။ မြွေခေါင်းမှာ မြေပြင်မှ ခြောက်ပေခန့်ရောက်နေပြီ ဖြစ်သဖြင့် ကျွန်တော့်ထံရောက်ရန် ဆယ့်လေးပေခန့်သာ လိုပါတော့၏။ ကျွန်တော့်မှာ ဘယ်လိုလုပ်ရမည်ကိုလည်း စဉ်းစားမရနိုင်အောင် ဖြစ်နေမိ၏။

နဖူးမှချွေးသီး ချွေးပေါက်များပင် ကျလာသည်။ တစ်ကိုယ်လုံးသည်း အေးစက်တောင့်တင်း၍ လှုပ်ရှားမရသလိုလို ဖြစ်နေသည်။ ရှင်



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးများနှင့် တပည့်ကျော်တပ်ကြပ်ကြီး ထွန်းဇန်နန်ရဲ့ အတန်တန် တားလျက်နှင့် ဖွတ်ထွက်လာမိသည်မှာ မှားလေပြီဟုလည်း တွေးမိသည်။

ဤအတိုင်းဆိုပါလျှင် ဆွေမျိုးများဝေးကွာလှသည့် တောကြီး ခေါင်ခေါင်တွင် အသေဆိုးဖြင့် သေရတော့မည်မှာ မလွဲမသွေဖြစ်နေလေ ပြီ။ ကျွန်တော်၏ စိတ်မှာ စောစောကလည်း ပတ်ဝန်းကျင်ရိုက်ခတ်မှုများ ဖြင့် စိတ်အားငယ် ကြောက်ရွံ့နေပြီး ယခုတဖန် ရန်သူထင်ရှားတွေ့ချိန်၌ သံယောဇဉ်များကို အမျှင်တန်းတန်း ခင်တွယ်သတိရမိကာ အတုန်လှုပ် ကြီးတုန်လှုပ်လျက် ကြံရာမရအောင် ကြောက်စိတ်လွှမ်းနေခြင်း ဖြစ်ပါသည်။

ရန်သူနှင့် တွေ့သည့်အခါ ထိုသို့ကြောက်စိတ်မွှန်နေလျှင် ဘာမျှ မလုပ်တတ်တော့ဘဲ ရန်သူလုပ်သမျှ ငုံ့ခံရတတ်၏။ အသက်အန္တရာယ်နှင့် ရင်ဆိုင် ရသည့်အခါ ခေါင်းအေးအေးဖြင့် စဉ်းစားဆင်ခြင်၍ မကြောက်မရွံ့ တွန်းလှန်ခြင်း သာလျှင် အန္တရာယ်ကို ကျော်လွှန်နိုင်ပါလိမ့်မည်။

သို့ကြောင့် ကျွန်တော့်စိတ်ကိုတည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင် ထားကာ အားတင်းလိုက်၏။ ဤမျှလောက်သော ရန်သူကိုလည်း ဘယ် နည်းနှင့်မဆို တွန်းလှန်နိုင်ရမည်ဟု။ မိမိကိုယ်ကို ယုံကြည်မှုအားလည်း စိတ်အတွင်းသို့ အတင်းရိုက်သွင်းလိုက်ရသည်။

ဖြစ်နေသည့် ဖြစ်ရပ်ကိုလည်း အမဲတစ်ကောင်ကိုတွေ့သည့်အခါ ပစ်မှတ်ရွေးသလို သဘောထားလိုက်သည်။ သို့သော် ထိုမြွေကြီးကိုတော့ အမဲ တစ်ကောင်လို ပစ်မှတ်ရွေးသည့်အခါလို အခွင့်အခါကို စောင့်နေ၍တော့ မဖြစ်ပါ။ အခွင့်အခါကို ပရိယာယ်ဖြင့် လှည့်စား၍ ရှာကြံယူရမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် အတွင်းခံစွပ်ကြယ်အင်္ကျီနှင့် အပေါ် မှ ယူနီဖောင်းအင်္ကျီကိုပါ နှစ်ထပ်စလုံးကိုလှန်၍ ချွတ်လိုက်၏။ စွပ်ကြယ် အင်္ကျီမှာ အပေါ်သို့ ရောက်၍ ယူနီဖောင်းအစိမ်းရောင်အင်္ကျီမှာ အတွင်း ရောက်သွားသည်။

ထို့နောက် လင့်လက်တန်းနှစ်ကို ဖြုတ်ယူလိုက်၏။ တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အကျီလည်ပင်းပေါက်မှ အောက်သို့လျှို၍ ကျန်တစ်ခုကို အကျီလက်မောင်း နှစ်ခုအတွင်း ဖန်းလျက်တောက်လျှောက် လျှိုလိုက်သည်။ ပြီးလျှင် ဓားနှစ်ခုကို လက်ဝါးကပ်တိုင်သဖွယ် ဖြစ်အောင်အကျီလည်ပင်းပေါက်အနီး မှ နှီးဖြင့် ချီတုပ်လိုက်၏။ ထို့နောက် အကျီများပေါ် ခါးဆီမှနှီးဖြင့် ထပ်ချီ လိုက်ပါသည်။ ထိုသည့် အခါ ခေါင်းမပါသော စာကျောက်ရုပ်နှင့် တူသွား၏။

ကျွန်တော်သည် ထိုသို့လုပ်နေရင်း မြွေကြီးကိုကြည့်မိ၏။ မြွေကြီး သည် ကျွန်တော်နှင့် ရှစ်ပေခန့်အကွာသို့ ရောက်နေ၏။ သစ်ပင်ကို ဆက်မတက်ဘဲ ကျွန်တော်လုပ်ကိုင်နေသည်ကို စူးစိုက်ကာ ကြည့်နေသည်။ ခေါင်းမှာသစ်ပင် ပင်စည်နှင့်တစ်ထောင့်ထွာခန့်ခွာ၍ ခပ်စောင်းစောင်း ထောင်ကာ တစ်ရမ်းရမ်း လုပ်နေ၏။

မြွေကြီး၏ မျက်လုံးမှာ သေးငယ်သလောက် အရောင်တစ်လက် လက် ထွက်နေ၏။ သေးသွယ်ရှည်လျားသော လျှာနှစ်ခွကို ထုတ်ချည် သွင်းချည် လုပ်နေသည်မှာ ကျွန်တော့်အား ဝါးမျိုသည့်အခါ အရသာရှိပါ မလားဟု လေထဲတွင် ပြန့်လွင့်နေသော ကျွန်တော့်ကိုယ်မှ ထွက်နေသည့် အနံ့ကိုလျှာဖြင့် လျက်မြည်းနေသကဲ့သို့ ထင်နေရသည်။

ကျွန်တော် လင့်ကြမ်းပြင်ကိုခြေဖြင့် ကျိုင်းခနဲ မြည်အောင်ဆောင့် ကာ ပါးစပ်မှလည်း ဟေးဟုအော်၍ စာကျောက်ရုပ်ကို ကျွန်တော့်ကိုယ် အား ကွယ်လိုက်ပြီး မြွေကြီးခေါင်းနားမှ ပွတ်လျက်အောက်သို့ ပစ်ချလိုက် ၏။ စာကျောက်ရုပ်သည် လက်ကားကားကြီးဖြင့် ဝဲကျသွား၏။

ထိုအခါ 'ရှီး' ဟူသော သေးငယ်စူးရှလှသည့် အသံထွက်လာကာ လင့်မှာလည်း သွက်သွက်ခါအောင် လှုပ်သွားသည်။ အောက်သို့ ငုံ့ကြည့် လိုက်ရာ စာကျောက်ရုပ်မှာ အရှည်လိုက်လျှိုထားသော ဝါးလုံးအောက်ခြေ ဖြင့် မြေပျော့တွင် သွားစိုက်နေသည်။ မြွေကြီးလည်း သစ်ပင်ကိုပတ်လျက် ဟောတ်တော့ဘဲ မြေပြင်၌ စာကျောက်ရုပ်နှင့် လေးပေကွာလောက်တွင် ခေါင်းအနည်းငယ်ထောင်လျက် စာကျောက်ရုပ်ကို ကြည့်နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စာကျောက်ရုပ်မှာ မြွေကြီးရှေ့တွင် ခေါင်းမပါသော လူတစ်ယောက် ဒူးထောက်၍ လက်နှစ်ဖက်ကို ဆန့်တန်းလျက်ရှေ့သို့ ခပ်ငိုက်ငိုက် ဦးညွတ်နေသည်နှင့် တူနေပေသည်။

မြွေကြီးသည် စာကျောက်ရုပ်ကိုကြည့်နေရာမှ ရှေ့သို့အနည်းငယ်တိုးလိုက်၏။ ထို့နောက် ခေါင်းကိုလူတစ်ရပ်နီးပါး ရောက်အောင် ထောင်လိုက်ပြီး စကောအလတ်စား တစ်ချပ်စာမျှရှိသော ပါးပျဉ်းကို ခွက်၍ ရှေ့တိုး နောက်ငင်လုပ်လျက် ပေါက်ရန်ဟန်ပြင်လိုက်သည်။

မြွေသည် ပေါက်ရန်ဟန်ပြင်လိုက်ပြီးမှ မည်သို့စိတ်ကူးပေါက်သွားသည်မသိ။ ပါးပျဉ်းကို ဖျောက်ကာခေါင်းကို စာကျောက်ရုပ်ဆီသို့ တစ်ဖြည်းဖြည်းနိမ့်သွားပြီး အနီးကပ်ကြည့်ပြန်၏။ ကျွန်တော်လည်း အခွင့်ကောင်းကိုယူလျက် ဂျီ-၃ သေနတ်ကို ကျိတ်၍မောင်းတင်လိုက်ပြီး မြွေခေါင်းတည့်တည့်သို့ ချိန်လိုက်၏။ ထိုစဉ် လေပူးတစ်ချက်ဝှေ့လိုက်သဖြင့် စာကျောက်ရုပ်သည် မြွေဘက်သို့ ငိုက်နေရာမှ တစ်ဖြည်းဖြည်းချင်း လဲကျသွားတော့သည်။ မြွေကြီးသည် "ရှူး"ခနဲ မြည်ကာ နောက်သို့ တစ်လုန်ကွာလောက်ရောက်အောင် တွန့်ဆုတ်သွားသည်။ ကျွန်တော့်မှာလဲ ပစ်ရခါနီးမှ မပစ်လိုက်ရသဖြင့် မချင့်မရဲဖြစ်ကာ ရင်ထဲတွင် တုန်လာ၏။

ထို့နောက် မြွေကြီးသည် ခေါင်းကိုမြေကြီးနှင့်ကပ်လျက် စာကျောက်ရုပ် ဆီသို့ တရွေ့ရွေ့တိုးလာပြန်၏။ စာကျောက်ရုပ်နှင့် တစ်ပေခန့်အကွာသို့ ရောက်လျှင် ခေါင်းကိုအနည်းငယ်ကြွကာ အနံ့ခံနေရဟန်တူ၏။ မြွေခေါင်းသည် မလှုပ်မရှားဘဲ တစ်နေရာတည်းတွင် ရပ်နေသည်။ ထိုအခါ တည့်တည့်သို့ချိန်၍ သေနတ်မောင်းကို ဖြုတ်ချလိုက်လေတော့သည်။

"ဒိုင်း . . ."ဟူသော ကျယ်လောင်သည့်သေနတ်သံနှင့်အတူ မြွေခေါင်းမှာ မြေပြင်မှ လူတစ်ရပ်ခန့် မြောက်တက်လာပြီး "ဘုန်း . . ."ခနဲ ပြန်ကျသွားသည်။ အနီးအနားရှိသော တောကြက်တောငှက်များလန့်ဖြန့်၍



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ပျံသန်းကြသည့်အသံမှာ သေနတ်သံနှင့် မြွေကြီးမြေပြင်နှင့် ရိုက်ခတ်မိသည့်အသံများ၏ နောက်ဆက်တွဲ ပေါ်ထွက်ကာ ဟိန်းသွား၏။

မြွေကြီးသည် မြေပြင်၌ပက်လက်ဖြစ်လိုက်၊ မှောက်လျက်ဖြစ်လိုက်၊ အမြီးထောင်လိုက်၊ ခေါင်းထောင်လိုက်နှင့် လူးလိမ့်နေတော့သည်။ လူးကျင်းအနီးရှိ ခြေသလုံးခန့် ပေါင်ဖျားခန့်ရှိ သစ်ပင်ငယ်များနှင့် ဝါးရုံပင်အချို့ကို ရစ်ပတ်ဆွဲလိမ်ပစ်ရာ ကျိုးပဲ့ ကြေမွကုန်တော့၏။

ကျွန်တော်ပစ်လိုက်သော ကျည်ဆံမှာ ချက်ကောင်းကို မထိမှန်၍သာ ဤမျှလူးလိမ့်နေခြင်း ဖြစ်ပါသည်။ အထိမနာသော ရန်သူကို သည်အတိုင်းကြည့်နေ၍ မဖြစ်ပါ။ ထို့ကြောင့် လှုပ်ရှားလူးလွန့်နေသည့် မြွေကြီးကို ပစ်ကွက်ဝင်တိုင်း တစ်ချက်ချင်း ဆင့်ကာဆင့်ကာ သေနတ်နှင့် ပစ်နေမိသည်။ ခြောက်ချက် မြောက်ပစ်မိသည့်အခါ မြွေကြီးသည် တဖြည်းဖြည်း မလူးမလိမ့်ရပ်သွားကာ ဝါးရုံပင်နားတွင် စန့်စန့်ကြီးဖြစ်နေတော့သည်။ သို့သော် အမြီးဖျားကတော့ အနည်းငယ်လှုပ်နေပါသေးသည်။

ကျွန်တောသည် မြွေကြီးသေလောက်ပြီ ထင်သည့်နှင့် အချိန်ဆွဲမနေတော့ဘဲ တွဲလောင်းဖြစ်နေသော မောင်းတက်မှပင်ခို၍ လင့်အောက်သို့ ဆင်းလိုက်၏။ ခြေထောက်နှင့် မြေပြင်လေးပေခန့်အကွာသို့ ရောက်လျှင် နှီးချက်ပြတ်ကာ မောင်းတက်ရောလူပါ လိမ့်ကျသွားတော့သည်။

ကျွန်တော့်မှာ လန့်ဖြန့်သွားကာ ပက်လက်လန်ကျရာမှ ကဗျာကယာလူးလဲထ၍ သေနတ်အသင့်ချိန်ပြီး မြွေကြီးကို ကြည့်နေမိ၏။ မြွေကြီးမှာ မလှုပ်မယှက် သူ့အတိုင်းပင် ရှိနေပါသည်။ မြွေနားကိုတော့ ရုတ်တရက် မကပ်ဝံ့သေးပါ။

အနီးအနားရှိ ဝါးရွက်ခြောက် ကျွန်းရွက်ခြောက်များနှင့် သစ်ကိုင်းခြောက်များကို စုပုံ၍ မီးရှို့လိုက်၏။ မီးတောက်သည် အတော်လေးကောင်း၍ ပတ်ဝန်းကျင်ကို ထင်ထင်ရှားရှား မြင်နေရသည်။ မြွေကြီးသည် အမြီးပင် မလှုပ်တော့သဖြင့် သေသည်မှာ သေချာပြီဟု တွက်ဆရသည်။

ထိုအခါမှပင် မြွေကြီးအနီးသို့ ကပ်၍သေသေချာချာ ကြည့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ကျွန်တော်ပထမပစ်သော ကျည်ဆံမှာ ခေါင်းနောက် သုံးလက်မခန့်အကွာ၌ ဇက်ရိုးကို ပွတ်၍မှန်သည်။ နောက်ထပ်ပစ်သော ခြောက်ချက်အနက် နှစ်ချက်သာမှန်သည်ကို တွေ့ရသည်။ ခါးလည်လောက်ဆီမှ ဝမ်းဗိုက်ကို ဘေးတိုက် ဖောက်မှန်၍ အူများပြတ်ထွက်နေသည်။ နောက်တစ်ချက်မှာ ဦးခေါင်းမှ ငါးပေခန့်အကွာ ကျောရိုးတည့်တည့်တွင် ထိမှန်ကာ ကျောရိုးမှာ ကြေမွ၍ ပြတ်တောက်နေ၏။ ဤတစ်ချက်ကပင် မြွေကြီးအား နောက်ဆုံးသေရွာပို့လိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် မြွေကြီး၏ဒဏ်ရာများကို ကြည့်နေစဉ် မီးပုံမှ မီးအရှိန် သေသွား၍ အရွက်ခြောက်များ ဝါးကိုင်းခြောက်များကို စုကာ မီးထပ်ထည့်ရပြန်၏။ မီးထည့်နေရင်း "တောကောင်များသည် တောကြမ်းသောနေရာ၌လဲ(သေ)လျှင် တောမှီ၍ လူကိုရန်ပြုတတ်၏။ သို့မဟုတ် ထွက်ပြေးတတ်သည်"ဟူသော ဝါရင့်မုဆိုးကြီးများ ပြောဖူးသော စကားကို သတိရလာသည်။

သို့ဖြစ်၍ မြွေကြီး၏ခေါင်းကို ဖြတ်ပစ်မှကောင်းမည်။ သို့မှသာ အကယ်၍ တောမှီပါကလည်း လူကိုရန်မပြုနိုင်တော့။ ထို့ကြောင့် မြွေခေါင်းကို သေနတ်မှန်ထားသောနေရာမှ ကျွန်တော့်ခါးက အမဲလိုက်ဓားမြှောင်ဖြင့် ခုတ်ခုတ် လှီးလှီး လှီးချလိုက်ပါတော့သည်။

ထိုစဉ်တွင် တူးတီးကော်ရွာမှ လာသည့်လမ်းကိုက်တစ်နေရာခန့် အကွာဆီမှ "ဟူ. . . ဟူ"ဟူ သံကြားလိုက်ရသည်။ ကျွန်တော်ကလည်း "ဟူ . . . ဟူ"ဟု အမဲလဲသည့်အခါ အချက်ပေးသံမျိုးဖြင့် နှစ်ချက်ဆင့် အူလိုက်သည်။ ထိုအခါ ဆူညံစွာအော်ဟစ်ပြေးလာကြလေသည်။ လိုက်လာသူများမှာ တပ်ကြပ်ကြီးထွန်းဖန်နှန်နှင့် ရဲဘော်ငါးယောက်ပင် မုဆိုးကြီး ဦးစောကလယ်ထူး၊ မုဆိုးစော ဖိုးထူးပေါင်း ရှစ်ယောက်ဖြစ်၏။

ဦးစောကလယ်ထူးသည် မီးတုတ်တစ်ဖက် နှစ်လုံးပြူးသေနတ်တစ်ဖက် ကိုင်ထားသည့်ပြင် ဓားလွယ်ကိုလည်း လွယ်ကာ ရှေ့မှပြေးဝင်လာ၏။

"ဘယ်နှယ့်လဲ ဗိုလ်ကြီး ဘာအမဲလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပါးစပ်ဖြင့် အဖြေမပေးဘဲ မြေခေါင်းကို မြောက်ပြ လိုက်ရာ . . .

"ဝေး . . မှဆိုးသီတန်ကြီးဘဲ. . ."ဟု ဦးစောဖိုးထူးက အော် လိုက်၏။ ဦးစောကာလလယ်ထူးမှအပ ရဲဘော်ခြောက်ယောက်နှင့် ဦးစောဖိုးထူး တို့သည် မီးတုတ်များကို မြေကြီးအနီးတွင်စိုက်၍ မြေကြီးကို ကြည့်နေ ကြ၏။

ဦးစောဖိုးထူးမှာ မောပိုက်လျက် မီးတုတ်ကိုမြောက်ကာ ကျွန်တော့် ကို ကြည့်လိုက် မြေကြီးကို ကြည့်လိုက်။ လင့်ပေါ်နှင့်လင့်အောက်ကို ကျိုးကျနေသော မောင်းတက်ကိုကြည့်လိုက်လုပ်ပြီး သက်ပြင်းတစ်ချက် ချကာ–

"ငါတို့ ဗိုလ်ကြီး ထွက်သွားကတည်းက စိတ်မချတာ၊ ဒါနဲ့ ဗိုလ် ကြီးစခန်းကို လိုက်ပြီး ဆရာကြီးထွန်ဖန်နန်တို့ကိုခေါ်ပြီး လိုက်လာတာပ ဝေ့. . .၊ ဒီနားရောက်အောင် မလာဝံ့သေးတာနဲ့ ကလွန်ကလေး သမ်းခွဲကနေပြီး အခြေအနေနားထောင်နေကြတာပ၊ သေနတ်သံတော်တော် များများကြားတော့မှ တစ်ခုခုပဲဆိုပြီး ပြေးလာကြတာ ဘယ်လိုဖြစ်သေး သလဲ ဗိုလ်ကြီး . . ."

ကျွန်တော်လည်း ရွာမှထွက်လာသည့်အချိန်မှစ၍ သူတို့လူစု ရောက်လာကြသည့်အချိန်အထိ အဖြစ်အပျက်အားလုံးကို တစ်ခုမကျန် ပြောပြလိုက်သည်။

"ဒါကြောင့် ငါပြောတယ်မဟုတ်လား ဗိုလ်ကြီး၊ ဒီလူးကျင်း စောင့်တဲ့ မှဆိုးမုန်ရင် တစ်ခုခုတော့ ဖြစ်တာချည်းပဲ၊ ဘယ်သူ့မှ ကောင်းကျိုးမပေးပါဘူး ဝေ့. . .၊ ကြည့်စမ်းပ ကံကောင်းလို့ ဗိုလ်ကြီး အကွမတွေ့တယ်"ဟု ဦးစောဖိုးထူးက တုန်တုန်ယင်ယင် အမောတကော နှင့် ပြောပြ၏။

"ကောင်းကျိုးမပေးတာမဟုတ်ပါဘူး ဖထီးရဲ့. . .၊ ကောင်းကျိုး ပေးတာပျ။ ဖထီးတို့တွေ အမဲပစ်ရင်း မြွေရရှင်မှဆိုး သီတန်ရတယ်လို့

www.burmeseclassic.com



ပြောတယ် မဟုတ်လား၊ ပြီးတော့ မြွေဟာရမယ့်အမဲကို သိတဲ့သိတန်ထဲ အယူရှိတဲ့အတွက် ရတဲ့မြွေကြီးလေလေ၊ အမဲကြီးကြီးရလေလေပဲလို့ ယူဆတယ် မဟုတ်လား၊ အခု ဗိုလ်ကြီးလဲ တောချောက်တယ်ဆိုတဲ့ လူးကျင်းက တောချောက်မခံရဘဲ မုဆိုးသိတန်ကြီးရတော့ နောက်ထပ် တောမချောက်နိုင်တဲ့အပြင် အမဲကြီးကြီးရမဲ့ နိမိတ်ပေါ့ ဖထီးရဲ့" ဟု တပ်ကြပ်ကြီး ထွန်းဖန်နန်းက ဝင်ပြောလေသည်။

"တောချောက်မခံရဘူး ဟုတ်လားဗေ့. . .၊ ဒါဖြင့် ဝေါ ဝေါ ဝေါဆိုတဲ့ အသံက တောချောက်တာမဟုတ်လို့ ဘာလဲ" ဟု ဦးစောကလယ် ထူးက ဝင်မေး၏။

တပ်ကြပ်ကြီး ထွန်းဖန်နန်းက—

"ဒါဟာ တောချောက်တာ မဟုတ်ဘူး ဖထီး၊ ဒီမြွေကြီးနဲ့ အမဲ တွေ ကလွန်ကလေးလမ်းခွဲမှာ တွေ့တာဖြစ်ရမယ်၊ ခုရာသီမှာ ဒီနား တစ်ဝိုက်က အမဲတွေလည်း လမ်းခွဲက စမ်းရေမှာပဲ ရေလာသောက် တတ်ကြတယ်လေ၊ အဲဒါကို ဒီမြွေကြီးနဲ့ တွေ့တော့ အတင်းစွတ်လိုက် တော့ ရေစမ်းဝင်မဲ့အမဲတွေရော၊ မဝင်ရသေးတဲ့ အမဲတွေရော အကုန်လုံး လန့်ပြေးတော့ အမဲအုပ်ကြီးပြေးသလို ဖြစ်တာပေါ့၊ ဒီတော့ အမဲအုပ်ကြီး တောတွေ၊ ချုံတွေတိုးဖေ့ပြေးတဲ့ အသံနဲ့ မြွေကြီးကို လိုက်တဲ့အသံ ရောနှောပြီး ပဲ့တင်ထပ်လာလို့ ဝေါ ဝေါ ဝေါ မြည်လာတာဖြစ်ရမယ် ဖထီး"

"အေး. . . ဟုတ်ပဗေ့. . .၊ ဒီကောင်ကြီးက အမဲတွေကို အတင်းလိုက်ရင်း လိုက်မရတာနဲ့ ဒီဘက်ရောက်လာပြီး လူးကျင်းဝင်မဲ့ဝက် ကိုတွေ့လို့ ဒီတစ်ခါတော့ အတင်းမလိုက်ဘဲ ချောင်းနေတုန်း ဗိုလ်ကြီး လင့်ပေါ်မှာ ထလိုက်၊ ထိုင်လိုက်လုပ်တာကို ဝက်မြင်ပြီး ထွက်ပြေးတဲ့အခိုက် မှာ ဒီကောင်ကြီးကလည်း ဗိုလ်ကြီးကို မြင်သွားလိမ့်မယ်၊ ဒီတော့ ဝက်ကိုမကိုက်ရတဲ့အတူ ဗိုလ်ကြီးကိုပဲ ကိုက်ရအောင်လာတာပဲ ဖြစ်ရမယ် ဗိုလ်ကြီးကို ကိုက်ပြီးရင် သူ့ကိုယ်လုံးနဲ့ ရစ်ပတ်ဆွဲဆန့်ပြီး အရိုးပစ်မှာပဲ ထင်တယ်ပ" ဟု ဦးစောဖိုးထူးက ကြက်သီးထကာ သူ့ထင်မြင်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလေသည်။

ကျွန်တော့်မှာ ဦးစောဖိုးထူးပြောမှပင် ဤမြွေကြီးသည် ကျွန်တော့်အား မြင်ပြီး တမင်ကိုက်မို့ရန်လာကြောင်း သိရှိရ၍ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များကို ကြောက်လန့်တုန်လှုပ်စွာ ပြန်လည်မြင်ယောင် လာကာ ငေးငိုင်နေမိလေသတည်း။

♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# သစ်မှည့်တောမှ အပြန်

မုဆိုးဆိုသည့် လုပ်ငန်းသည် သေနတ်၊ ဒူးလေးလက်နက်တို့ဖြင့် သားရဲတိရစ္ဆာန်တို့ကို လိုက်လံသတ်ဖြတ်ရသော လုပ်ငန်းဖြစ်၍ လွယ်ကူသော လုပ်ငန်းတစ်ခုဟု ထင်ကြပေလိမ့်မည်။ ဤသို့ပင် ကျွန်တော်ကိုယ်တိုင် ကလည်း ထင်မြင်ခဲ့ဖူးပါသည်။

အမှန်တကယ်ဆိုရပါမူ မုဆိုးအလုပ်သည် လွယ်ကူသော လုပ်ငန်းတစ်ခု မဟုတ်ရုံမျှမက အလွန်ဘေးအန္တရာယ်ကြီးမား များပြားသော လုပ်ငန်းတစ်ခုဖြစ်ကြောင်းကို မုဆိုးအဖြစ် လုပ်ကိုင်စားသောက်ကြသော ဝါရင့် မုဆိုးကြီးများထံမှလည်းကောင်း၊ ကျွန်တော်၏ တပ်မတော်သား ဘဝ နယ်မြေတိုက်ကင်းလှည့်လည်ရင်းက ကြုံတွေ့ခဲ့ရသော သားကောင် ပစ် အတွေ့အကြုံများအရ သိရှိတန်သလောက် သိခဲ့ပါသည်။

သို့သော် မည်မျှပင် ဘေးအန္တရာယ်ကြီးမားများပြား စေကာ( ကျွန်တော်၏ဆရာ ကချင်မုဆိုးကြီး လမုန်ထန် တိုက်တွန်းနိုးဆော် မ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူမှုကြောင့် မုဆိုးအလုပ်ကို စိတ်ဝင်စားလာမိပါသည်။ ကျွန်တော် ကိုယ်နှိုက်ကလည်း ရောက်လေရာ တောတောင်ကင်းစခန်းများတွင် အချိန် အနေ အချိန်အခါကြည့်၍ တောလိုက်ခဲ့ပါသည်။

သို့သော် မုဆိုးကြီးဘဝ လုံးလုံးတော့ ဖြစ်မလာခဲ့ပါ။ ဘဝ အခွင့်အရေးမပေးသောကြောင့် ဖြစ်ပါသည်။

ကျွန်တော် ယခုတင်ပြမည့် အဖြစ်အပျက်သည် အမှတ်(၂ ခြေလျင်တပ်ရင်းတွင် ထမ်းဆောင်စဉ်က ဖြစ်၏။ ကျွန်တော်၏ တပ်ခွဲမှူး ဗိုလ်ကြီးမြင့်အောင်နှင့်အတူ နယ်မြေလုံခြုံရေးအတွက် တိုက်ကင်းလှည့် လည်ရင်းက ကျွန်တော်တို့တပ်စုသည် အမာမြို့နယ်ခွဲသို့ ရောက်ရှိလာ ၏။ နယ်မြေအနေအထားအရ ကျွန်တော်တို့သည် အမာမြို့နယ်ခွဲ တွဲဘက် အလယ်တန်းကျောင်းတွင် ခေတ္တစခန်းရုံးဖွင့်၍ နယ်မြေရှင်းလင်းရေးလုပ် ဆောင်ကြပါသည်။ ညဘက်တွင် မြို့နယ်ခွဲမှ ဌာနဆိုင်ရာ အကြီးအကဲများ မြို့နယ်ခွဲအကြီးအကဲများနှင့် နယ်မြေအခြေအနေများကို တိုင်ပင်ဆွေး နွေးကြ၏။ အမာမြို့နယ်ခွဲ၏ ပတ်ဝန်းကျင်နှင့် ပင်လယ်ကမ်းရိုးတစ်လျှောက် တို့တွင် သစ်မှည့်ပင်တောနှင့် သစ်မောင်းတောများရှိ၍ ထိုတောတွင် သောင်းကျန်းသူများနှင့် ဝံတောဝက်များရှိကြောင်း သိရ၏။ ထိုအကြောင်း များကို ကျွန်တော်တို့ သတိထားကြပါသည်။

နယ်မြေလုံခြုံရေးဆိုင်ရာများ ညှိနှိုင်း ပြောဆိုကြပြီးနောက် အချို့ သူများ ပြန်သွားကြပါသည်။ အမာမြို့နယ်ခွဲ တာဝန်ရှိသူနှင့် အလယ်တန်း ကျောင်းအုပ်ဆရာကြီး ဦးစောထွန်းကြည်သာလျှင် ကျွန်တော်တို့နှင့် ကျန် ရစ်ခဲ့၏။ အိမ်ရှင် ဘကြီးကြွယ်မိသားစု တည်ခင်းသော ငါးခြောက်ဖုတ်နှင့် ရေနွေးကြမ်းကို သောက်နေခိုက်တွင် ဆရာကြီး ဦးစောထွန်းကြည်က ကျွန်တော့်ပေါင်ကို ပုတ်၍. . .

"ဒီမှာ ဗိုလ်စိုးမြင့်. . . ဘကြီးကြွယ်ဟာ ကျွန်တော်တို့ မ ခင်ကတည်းက မုဆိုးကြီး တစ်ယောက်ပဲ၊ နောက် ဘယ်လိုက ဘယ် အကျွတ်တရား ရသွားတယ် မသိဘူး၊ ခု ဗိုလ်စိုးမြင့် မြင်တဲ့အတိုင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပုတီးကို လက်ကမချတော့ဘူး။ ဘကြီးကြွယ်ကပဲ သူဘယ်လို အကျွတ်တရားရခဲ့တယ်ဆိုတာ ခုအချိန်အထိ ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူးဗျ။ ကျွန်တော်တောင်မှ ဘကြီးကြွယ်ဟာ မုဆိုးကြီးတစ်ယောက်ဖြစ်တယ်ဆိုတဲ့ အကြောင်းကို အဘပြောပြလို့ သိခဲ့ရတာ"

ကျွန်တော်သည် ဆရာကြီး ဦးစောထွန်းကြည် ပြောပြနေသည်ကို နားထောင်ရင်း ဘကြီးကြွယ်ကို လှမ်းကြည့်လိုက်ရာ ဘကြီးကြွယ် သည် ပြုံးနေပါသည်။ ဆရာကြီး ဦးစောထွန်းကြည်က. . .

"ဘကြီးကြွယ် မုဆိုးဘဝကို စွန့်လိုက်တာ တော်တော်ကြာပြီနော်. . .၊ ကျွန်တော် ငယ်ငယ်ကလေးထဲက မဟုတ်လား"

ဆရာကြီး၏ အမေးကို ဘကြီးကြွယ်သည် ခေါင်းညိတ်အဖြေပေးရင်းက. . .

"ဟုတ်တာပေါ့မောင်. . . အခုဘကြီးရဲ့ အသက် (၈၃)နှစ်ရှိပြီကွယ့်၊ မုဆိုးအလုပ်ကို စွန့်လိုက်တာ အနှစ်ငါးဆယ်နီးပါး ရှိပြီပေါ့ကွယ်"

ကျွန်တော်၏ စိတ်ထဲတွင်မူ ဘကြီးကြွယ်သည် မုဆိုးဘဝကို ဘယ်အကြောင်းကြောင့် စွန့်လွှတ်ခဲ့ရသည်ကို သိလိုစိတ်များ တမဟုတ်ချင်း ပေါ်ပေါက်လာလေသည်။ ထို့ကြောင့်ပင်. . .

"ဘကြီး. . .ဘကြီး မုဆိုးဘဝကို ဘယ်လိုကြောင့် စွန့်လွှတ်ခဲ့ရတယ်ဆိုတဲ့ အကြောင်းကို ကျွန်တော့်ကို ပြောပြပါလား ဘကြီး၊ ကျွန်တော်လည်း ရောက်တဲ့နေရာ ဒေသတွေမှာ အခွင့်ကြုံရင် အမဲလိုက်လေ့ရှိပါတယ်၊ ကျွန်တော့်အတွက် ဗဟုသုတရတာပေါ့ ဘကြီးရယ်"

ဘကြီးကြွယ်သည် ခေတ္တမျှ စဉ်းစားပြီးနောက်. . .

"အေး. . . အေး ပြောပြရတာပေါ့မောင် ခုချိန်အထိ ဘကြီး ဘယ်သူ့ကိုမှ ပြောမပြခဲ့ပါဘူးကွယ်၊ ဒါပေမယ့် မောင်ရင် သိချင်တယ်ဆိုတော့ ပြောပြရမှာပေါ့ကွယ်"ဟု ပြောဆိုရင်း ရေနွေးကြမ်းပန်းကန်ကို ပါးစပ်တွင်တေ့ခါ မော့ချလိုက်ပြီးနောက် သူ၏ စွန့်လွှတ်လိုက်ရသော မုဆိုးဘဝကိုကား. . .

♛ ♛ ♛

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြက်မှာအရိုး လူမှာအမျိုး ဆိုသည့် စကားသည် ကျွန်ုပ်အဖို့ မှန်နေပေသည်။ ထို့ထက်ပို၍ ချောင်းရိုး မြောင်းရိုးသာ တိမ်ကောမည်။ လူမျိုး မတိမ်ကောဆိုသည့် စကားက ပို၍မှန်ပေလိမ့်မည်။

ကျွန်ုပ်၏အဘိုးသည် မုဆိုးကျော်တစ်ယောက်ဖြစ်သလို ကျွန်ုပ်၏ ဘကြီးတော်သူကလည်း မုဆိုးကြီးတစ်ယောက်ပင် ဖြစ်ပါသည်။ ကျွန်ုပ်၏ ဖခင်သည် မုဆိုးကြီးတစ်ယောက်ဖြစ်၍ သူ၏ သားတစ်ယောက်ဖြစ်သည့် ကျွန်ုပ်ကျမှ ဘုရားတကာ ဖြစ်ရမည်ဆိုလျှင် ဤကား ယုံတမ်းစကားပင် ဖြစ်နေပါမည်။

ကျွန်ုပ်၏ မိဘနှစ်ပါးသည် သားသမီး ငါးယောက်အနက် ကျွန်ုပ်မှာ တတိယမြောက် သားဖြစ်သည်။ ကျွန်ုပ်အထက်တွင် မိန်းကလေးတစ်ယောက်၊ ယောကျ်ားလေးတစ်ယောက်ဖြစ်၍ ကျွန်ုပ်အောက်တွင် မိန်းကလေးများချည်း ဖြစ်၏။ ဘမျိုးဘိုးတူ ဆိုသလိုပင် ကျွန်ုပ် ဘုန်းကြီးကျောင်းသား အရွယ်ကပင် ဇာတိပြခဲ့သည်။ တစ်နေကုန်လိုလိုပင် လေးဂွတစ်ချောင်းနှင့် ငှက်များကို လိုက်ပစ်ခတ်သည်။ ကျွန်ုပ် ဖခင်ကလည်း သူ၏ခြေရာကို နင်းမည့်သားဖြစ်သော ကျွန်ုပ်ကို သူကိုယ်တိုင် ကျွဲကျို(ချို)ကို လေးဂွလုပ်ပေး၊ သူကိုယ်တိုင် လောက်စာလုံး လုံးပေးသည်။ ကျွန်ုပ်ကလည်း သားရေ တစ်ပင်တပ်ထားသော လေးဂွကို ပစ်ရသည်မှာ ပျော့သည်ဟုဆိုကာ သားရေနှစ်ပင်တပ်၍ လက်စွမ်းပြ၏။ ဖခင်ကလည်း အထူးနှစ်သက်၏ အစစ အရာရာ ကျွန်ုပ်ကို အလိုလိုက်ခဲ့သည်။

ကျွန်ုပ် (၁၁)နှစ်သား အရွယ်တွင် ရှင်သာမဏေဝတ်ရသည်။ သာမဏေဘဝနှင့် နေရသော်လည်း လေးဂွကို လက်ကမလွှတ်ချင်ခဲ့ပေ။ သူ၏ အသက်ကို မသတ်ရသော်လည်း ဝွေးပင်မှ ဝွေးသီးများကို လက်တည့် စမ်းနေတတ်၏။ ထို့ကြောင့်လည်း ကျွန်ုပ်သည် လေးဂွပစ်ရာတွင် ယှဉ်မည့်သူမရှိပေ။ သာမဏေဘဝမှ လူထွက်လာသောအခါ ကျွန်ုပ်၏ အသက်သည် (၁၄)နှစ်ဖြစ်၏။ ရှင်လူထွက်သည်နှင့် အတိုးချ၍ တစ်နေကုန် တစ်နေခန်း ငှက်ပစ်ထွက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဖခင်ကြီးသည် ကိုယ်ပိုင်လယ်ဧက ငါးဆယ်ရှိ၏။ သူက စိမ်ခန့်ခွဲရုံသာ ပြုလုပ်၍ လယ်ထဲသို့ မဆင်းပေ။ ကျွန်ုပ်ထက်အကြီး အစ်ကိုက ဦးစီးလုပ်ကိုင်ရ၏။ ကျွန်ုပ်အသက်မှာလည်း (၁၄)နှစ်ရှိပြီးဖြစ်၍ အိမ်အလုပ်၊ လယ်အလုပ်များကို ဝိုင်းဝန်းလုပ်ကိုင်၏။ သို့စေကာမူ ဖခင်ဖြစ်သူက သူ့ခြေရာ နင်းမည့်သားဖြစ်သော ကျွန်ုပ်ကို ပင်ပင်ပန်းပန်း မခိုင်းခဲ့ပေ။

ဤသို့ဖြင့် တန်ဆောင်မုန်းလသို့ရောက်ခဲ့၏။ ထိုအချိန်တွင် ငါးသားတို့ အထူးပေါများလှ၍ သစ်ပင်တို့မှာလည်း စိမ်းလန်းစိုပြေလျက် မကြာမီပင် ကထိန်ပွဲတော်ကြီးနှင့် ဆီမီးမြိုင်မြိုင် တန်ဆောင်တိုင်ပွဲကြီးကို ကြုံကြရလေတော့သည်။ ချွေးကိုအရင်းပြု၍ နွားနှင့်ဖက်ရုန်းကာ စိုက်ပျိုးခဲ့သော စပါးပင်တို့မှာ ကိုင်းညွတ်ကြလေပြီ။ ထိုအချိန်အခါမျိုးတွင် ကျွန်ုပ်တို့ တောသူတောင်သားများအဖို့ အထူးပျော်ရွှင်သောအချိန် ဆိုလျှင်လည်း မမှားနိုင်ပါ။

တစ်နေ့တွင် ဖခင်က ကျွန်ုပ်ကို . .

"ဟေ့ . . ဘိုးကြွယ်"ဟု လှမ်းခေါ်သဖြင့် ဖခင်ရှိရာဆီသို့ သွားရောက်သောအခါ ဖခင်သည် တောလိုက်ရန်အသင့်ပြင်ဆင်ထားသည်ကို တွေ့ရလေသည်။ ကျွန်ုပ်အနီးသို့ ရောက်သောအခါ . .

"ရော့ . . ဒါယူ . .ငါနဲ့လိုက်ခဲ့"

အဖေသည် တိုတိုတောက်တောက်ပင်ပြော၍ ခြောက်လက်မ ဓားမြှောင်တစ်ချောင်း တပ်ထားသော သားရေခါးပတ်တစ်ခုကို လှမ်းပေးနေသဖြင့် ကျွန်ုပ်သည် ခါးပတ်ကိုလှမ်းယူ၍ ခါးတွင်ပတ်ရင်း "အင်း"ဟုပြောပြီး မကြာမီက အဖေကိုယ်တိုင် ဘိုကလေးက ဝယ်ယူပေးထားသော ဖလ်ဂေါ်လီလုံးတစ်ရာကို လွယ်အိတ်ထဲထည့်၍ သားရေပုံးပင်တပ်ထားသော ကျွန်ုပ်၏ ကျွဲကျိုလေးဂွကိုယူခါ အဖေ့နောက်မှ လိုက်ပါသွားတော့သည်။

အဖေသည် သူ၏နှစ်လုံးပြူးသေနတ်ကို ထမ်းခါ ရှေ့မှနေ၍ သူ၏ အမဲလိုက် ခွေးသုံးကောင်တို့နှင့်အတူ ခပ်သွက်သွက် ထွက်သွားနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မိုးအောင် မနည်းလိုက်နေရလေသည်။ ကျွန်ုပ်တို့သားအဖ သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ထူထပ်စွာပေါက်နေသော သစ်မှည့်တောအုပ်ရှိရာသို့ သွားနေကြခြင်းပင်ဖြစ်၏။

အဖေသည် ကျွန်ုပ်ကို စကားတစ်ခွန်းမျှ မပြောဘဲ ရှေ့မှသွက်သွက်ကလေးသွားနေပါသည်။ ဤသို့နှင့် ကျွန်ုပ်တို့ တောစပ်သို့ရောက်မိကြသောအခါ အဖေသည် သူ၏လွယ်အိတ်ထဲမှ အသင့်ယူဆောင်လာသော ထမင်းထုပ်နှင့် ကွမ်းယာကို ထုတ်ယူခါ ထမင်းထုပ်ကို ဖြေ၍ . .

"အဘိုး . . အဘိုး . . အဘိုးရဲ့ သားမြေးတို့က အဘိုးကို တင်မြှောက်ပ သပါတယ်၊ စားပါ သောက်ပါအဘိုး။ အဘိုးရဲ့ သားမြေးတို့မှာ အမှားအယွင်း ရှိခဲ့ပါက အမိုက်အမဲတွေမို့ ဗွေမယူဘဲ ခွင့်လွှတ်ပါအဘိုး . ."

အဖေသည် ထမင်းထုပ်နှင့် ကွမ်းယာကိုမြှောက်ကိုင်၍ ကွင်းပိုင်အဘိုးနတ်ကို တင်မြှောက်နေပါသည်။ ခဏမျှ ကြာသောအခါ အဖေသည် ဟင်းနှင့်ထမင်း အနည်းငယ်ကိုယူ၍ ခပ်လှမ်းလှမ်းသို့ ပစ်လိုက်ပါသည်။ ထို့နောက် သူကိုယ်တိုင် ကွမ်းယာတစ်ယာကိုစားပြီး တစ်ယာကို ကျွန်ုပ်အား ပေးပါသည်။ ထို့နောက် ထမင်းကိုပြန်ထုပ်၍ လွယ်အိတ်ထဲသို့ ပြန်ထည့် လိုက်ပြီးနောက် ကျွန်ုပ်ကိုခေါ်၍ တောထဲသို့ ဝင်သွားတော့၏။

တောထဲသို့ တော်တော်ကလေး ဝင်မိကြသောအခါ အဖေသည် သူ၏ ခွေးသုံးကောင်ကို . .

"ကဲ . . မင်းတို့ ရှေ့က သွားနှင့်ကြ"

ပြောဆို၍ လွှတ်လိုက်ရာ ခွေးသုံးကောင်သည် တောထဲသို့ပြေး၍ ဝင်ရောက်ပျောက်ကွယ်သွားကြတော့၏။ ကျွန်ုပ်တို့ သားအဖလည်း သူတို့ဝင်ရောက်သွားသောနေရာမှ လိုက်ပါသွားကြ၏။ ဤသို့ဖြင့် ဆွမ်းခံပြန်ချိန်နီးပါးအချိန်သို့ ရောက်သောအခါ တောတွင်းတစ်နေရာဆီမှ ခွေးဟောင်သံ ခပ်သဲ့သဲ့အသံကို ကြားရတော့၏။ ကျွန်ုပ်တို့ သားအဖသည် ခွေးဟောင်သံကြားရာဆီသို့ ချုံများကိုတိုးဝှေ့ကာ ခပ်မြန်မြန်ကလေး သွားကြ



www.burmeseclassic.com

www.burmeseclassic.com



၏။ မကြာမီပင် ကျွန်ုပ်တို့ သားအဖသည် ခွေးဟောင်သံနှင့် ခြေလှမ်း (၅၀)ခန့်လောက် ရောက်ရှိလာကြသောအခါ အဖေက ကျွန်ုပ်ကို သတိထား၍ ရှေ့သို့သွားရန် သတိပေး၏။ ခြေလှမ်း နှစ်ဆယ်ခန့် ရှေ့သို့သွားမိသောအခါ ကျွန်ုပ်တို့၏ အမဲလိုက်ခွေးသုံးကောင်နှင့်အတူ တောဝက်အကောင်ပေါက်ကလေးများ၊ အကောင်လတ်နှင့် အကောင်ကြီး နှစ်ဆယ်ခန့်ရှိ ဝက်အုပ်ကို တွေ့ရတော့၏။ ခွေးသုံးကောင်ကလည်း ဟိုခုန်၊ သည်ခုန်ဖြင့် အသံပေးခါ တစ်ချက်တစ်ချက် ဝင်၍ဆွဲကြ၏။ တောဝက်များကလည်း ဝက်ငယ်ကလေးများကို အလည်မှထားကာ ဝက်ကြီးများက သားမှနေ၍ ခွေးရန်ကို ကာကွယ်နေကြ၏။

ခွေးသုံးကောင်က ဝက်များ၏ အလစ်တွင်ဝင်၍ ဆွဲလိုက်သောအခါ နီးရာဝက်က ပြန်၍ပက်လိုက်၊ ခွေးများက ရှောင်တိမ်းပေးလိုက်နှင့် ဤမြင်ကွင်းကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသော ကျွန်ုပ်သည် ငေးကြည့်နေမိ၏။ ထိုအချိန်တွင် အဖေသည် ကျွန်ုပ်ကို သူကဲ့သို့ လိုက်လုပ်ရန်ပြောခါ ကုန်းကုန်း ကုန်းကုန်းနှင့် ဝက်များမမြင်နိုင်ရန် အကာအကွယ်ယူ၍ ဝက်များရှိရာသို့ တိုးကပ်သွားပါတော့သည်။ ကျွန်ုပ်လည်း အဖေ့နည်းတူ လိုက်၍လုပ်ရ၏။ တောဝက်အုပ်နှင့် ခြေလှမ်း ဆယ်လှမ်းခန့် ဝေးသောနေရာသို့ ရောက်သောအခါ အဖေသည် ခပ်ကြီးကြီး သစ်မှည့်ပင်တစ်ပင်ခြေရင်းတွင် ကပ်ခါ မှဆိုးထိုင် ထိုင်၍နေပါသည်။ ကျွန်ုပ်လည်း အဖေ့နည်းတူ သစ်မှည့်ပင် တစ်ပင်ခြေရင်းတွင် ထိုင်နေလိုက်ပါသည်။ ထို့နောက် အဖေ့ဆီမှ လက်ဖျောက်တီးသံကို ကြားရ၏။ အဖေ၏ လက်ဖျောက်တီးသံကြောင့် ခွေးသုံးကောင်တို့သည် ဝက်အုပ်အနီးမှဆုတ်ခါ ခပ်လှမ်းလှမ်းမှနေ၍ အသံပေးနေကြလေသည်။

ထိုအချိန်မှာပင် ကျွန်ုပ်သည် ဝက်တစ်ကောင်ကောင်ကို ပစ်ရန် ခန်ဂေါ်လီလုံးကို လောက်စာအိမ်ထဲသို့ ထည့်၍ အသင့်ပြုလုပ်နေစဉ်တွင် "ဒိုင်း" ဟူသော သေနတ်သံသည် အဖေရှိရာဘက်မှ ထွက်ပေါ်လာပါတော့၏။ တော်တော်ကြီးသော တောဝက်တစ်ကောင်သည် မြေပေါ်သို့ လဲကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ကို မြင်လိုက်ရ၏။ သေနတ်သံကြောင့် ဝက်အုပ်မှာလည်း ကစဉ့်ကရဲ ပြေးလွှားနေကြသည့် အချိန်အတွင်းမှာပင် ကျွန်ုပ်သည် အသင့်ကိုင်ထားသော လေးဂွဖြင့် ခပ်လတ်လတ် ဝက်တစ်ကောင်၏ နားနားသီသို့ ပစ်လိုက်၏။ ထိုဝက်သည် နေရာတွင်ပင် ခွေကျသွားလေသည်။ ကျန်တောဝက်များသည် တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ် သွားကြတော့သည်။ ခွေးသုံးကောင် ဝင်ရောက်မကိုက်ခဲမီ လဲနေသော ဝက်နှစ်ကောင်ရှိရာသို့ အပြေးသွားကြသည်။ အဖေသည် သူပစ်သတ်ထားသော ဝက်၏နှုတ်သီးဖျား၊ လျှာဖျား နားရွက်များနှင့် အမြီးဖျားများကို ဖြတ်ယူခါ ဖက်ရွက်တစ်ရွက်ခူး၍ ထည့်ထားလိုက်၏။

ထို့နောက် လည်ပင်းကိုဖောက်ခါ သွေးများကို ဖက်ရွက်တစ်ရွက်ဖြင့် ခံယူပြီးနောက် သူ၏သေနတ်ပြောင်းဝကိုလည်းကောင်း၊ ချိန်သီးနှင့် ခလုတ်မောင်းတို့ကို သွေးတို့ဖြင့် သုတ်လိမ်းပေးနေ၏။ တစ်ဖန်သူ၏ သေနတ်ဖြင့် ဝက်၏ကိုယ်ပေါ်သို့ အမြီးပြန်ခေါင်းပြန် ခုနစ်ခါကပ်လေသည်။ စောစောက သူဖြတ်တောက်ထားသော အရာများနှင့် သွေးများကို ဖက်ရွက်များဖြင့် လုံခြုံစွာထုပ်ပြီး ချုံကြီးတစ်ချုံထဲသို့ သေသေချာချာ သွားရောက်ထားလိုက်လေသည်။ ကျွန်ုပ်လည်း အဖေပြုလုပ်သမျှကို အသာပင်ကြည့်နေမိသည်။ အဖေသည် သူ့ကိစ္စပြီးသောအခါ သူကဲ့သို့ပြုလုပ်ရန် ကျွန်ုပ်ကိုပြော၏။ ကွဲခြားမှုရှိသည်မှာ လေးဂွနှင့် သေနတ်ပင်ဖြစ်ပါသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းမှာ လမိုင်းနတ်တင်ကြောင်း သိရပါသည်။

(ဖော်ပြပါလမိုင်း နတ်တင်နည်းမှာ မုဆိုးကြီး ဦးဘိုးကြွယ်၏ ပြောပြချက်သာလျှင် ဖြစ်ပါသည်။ ယုံကြည်ရန် မတိုက်တွန်းလိုပါ။ ယုံကြည်ချင်မှ ယုံကြည်နိုင်ပါသည်။ စကားချပ်)

အဖေက သူရထားသော ဝက်ကိုထမ်း၍လည်းကောင်း၊ ကျွန်ုပ်က ကျွန်ုပ်ရသော ဝက်ကိုထမ်း၍လည်းကောင်း ခွေးသုံးကောင်နှင့်တကွ အိမ်သို့ ပြန်လာကြတော့သည်။

ကျွန်ုပ်တို့သားအဖ အိမ်သို့ရောက်လာသောအခါ အဖေ့အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးမုဆိုးသည် အိမ်ပေါ်တွင် ရေနွေးကြမ်း ထိုင်သောက်နေသည်ကို တွေ့ရပါသည်။ ဘကြီးသည် ကျွန်ုပ်တို့ကို မြင်မြင်ခြင်းပင်. . .

"မင်း သား ဟန်ခဲ့ရဲ့လားကွ. . . ဘဟန်"

"ဟန်တယ်. . . မဟာန်ဘူးဆိုတာ သိချင်ရင် မင်းတူထမ်းလာတဲ့ ဝက်ကို သွားကြည့်လေကွာ"

"မေးသာ မေးရတာပါကွာ. . . မင်းမျက်နှာ မြင်ကတည်းက သိပါတယ်၊ ငါက ခရီးဦးကြိုပြုတဲ့အနေနဲ့ မေးတာပါ။ မေးချင်လို့ မဟုတ်ပါဘူး ဘဟန်ရာ"

ဤသို့ ဘကြီးကပြောလိုက်သောအခါ အဖေသည် အလွန်သဘောကျစွာဖြင့် တဟဲဟဲ ရယ်နေပါတော့၏။

ဘကြီးမေးသော မေးခွန်းမှာ ကျွန်ုပ်၏စိတ်ဓာတ်ကို ရည်ရွယ်၍ မေးခြင်းပင် ဖြစ်ပါ၏။

ထိုအချိန်ကစ၍ အဖေသည် ကျွန်ုပ်ကို အထူးအခွင့်အရေး ပေးပါတော့သည်။ အိမ်အလုပ် လယ်အလုပ်တို့ကို ဘာမျှမခိုင်းတော့။ ကျွန်ုပ် လုပ်လိုကလုပ်၊ မလုပ်လိုကနေနိုင်ပါသည်။ အမေနှင့် အစ်ကို အစ်မတို့မှာ အဖေ့ကို ကြောက်ရသူများဖြစ်၍ အဖေက ကျွန်ုပ်ကို ဘာမျှမခိုင်းရဘူး ဟု မှာထားသဖြင့် မည်သူကမှ မခိုင်းဝံ့ပေ။ နေ့စဉ် ကျွန်ုပ်လုပ်ရသော အလုပ်မှာ အဖေ့သေနတ်နှင့် တောလိုက်ဓားမြှောင်တို့ကို တိုက်ပေး၊ သွေးပေး ရသော အလုပ်ကိုသာ လုပ်ရ၏။ ဤသို့နေ့စဉ် ပြုလုပ်နေရသည်မှာလည်း ကျွန်ုပ် မုဆိုးသင်တန်း တက်နေသည့်သဘောပင် ဖြစ်ပါသည်။ တစ်လကျော်ကာ ကြာခဲ့သောတစ်နေ့တွင် ဘကြီးမုဆိုးသည် ဒူးလေးတစ်လက် ထမ်းခါ အိမ်သို့ရောက်လာလေသည်။

"မင်း အဖေကော. . . ဘိုးကြွယ်"

"ရှိပါတယ် ဘကြီး. . . အိမ်ထဲမှာ"

ဘကြီး အသံကြား၍ အဖေသည် အိမ်ထဲမှထွက်လာပါသည်။

ဘကြီးသည် သူယူလာသော ဒူးလေးသည် ကျွန်ုပ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း၊ သံတောင်ဘက်မှ မိတ်ဆွေ ကရင်မုဆိုးကြီးတစ်ဦးကို သွား ရောက်လုပ်ခိုင်းခဲ့ကြောင်း စသည်ဖြင့် ပြောပြလေသည်။ ထို့နောက် ဘကြီး သည် သူယူလာသော ဒူးလေးကို ကျွန်ုပ်ကိုပေး၍ လေးညို့တင်ခိုင်းပါသည်။ ကျွန်ုပ်သည် ဒူးလေးကိုယူ၍ လေးညို့တင်လိုက်ရာ အခက်အခဲမရှိ လေးညို့ တင်ပြီးသား ဖြစ်သွားလေသည်။

နောက်တစ်နေ့တွင် ဘကြီးသည် ကျွန်ုပ်ကို တောထဲသို့ ခေါ်သွား ပြီး သူယူလာသော ဒူးလေးကို သူကိုယ်တိုင် လမိုင်းနတ်တင်ပေးပါသည်။ ထို့နောက် အဖေနှင့် ဘကြီးတို့သည် ကျွန်ုပ်ကို ဒူးလေးပစ်နည်း၊ သေနတ် ပစ်နည်းနှင့် ကိုင်တွယ်နည်းများကို တစ်လနီးပါး သင်ကြားပြသပေးကြ၏။ အဖေနှင့် ဘကြီးတို့သည် ရွာအနီးရှိတောင်သာ ကျက်စားကြသော မုဆိုးကြီး များ မဟုတ်ကြပါ။ မွန်ပြည်နယ်၊ ဖားအံပြည်နယ်၊ ပဲခူးရိုးမအရှေ့ခြမ်း၊ အနောက်ခြမ်း၊ ရှမ်းရိုးမတောင်တန်းများနှင့် တွဲတေးတောတို့တွင် လှည့်လည် ကျက်စားကြသော မုဆိုးကျော်ကြီးများ ဖြစ်ကြပါသည်။

အဖေတစ်လှည့်၊ ဘကြီးတစ်လှည့်၊ တစ်ခါတစ်လေ နှစ်ယောက် လုံး အတူတူ ကျွန်ုပ်ကိုခေါ်၍ ရွာအနီးရှိတောတွင်လည်းကောင်း၊ အထက် ပါဖော်ပြခဲ့သော နယ်များသို့လည်းကောင်း ခေါ်ဆောင်သွားကာ မုဆိုးနည်း ပညာများကို လက်တွေ့သင်ကြားပေးကြပါသည်။ သို့နှင့် ကျွန်ုပ်အသက် (၁၉)နှစ်သား ရောက်သောအခါ မုဆိုးပေါက်စကလေး တစ်ယောက်ဖြစ် လာလေသည်။

ထိုအချိန်တွင် ကျွန်ုပ်သည် အဖေနှင့်ဘကြီးမပါဘဲ တွဲတေးတော သို့လည်းကောင်း၊ ရွာအနီးရှိ တောသို့လည်းကောင်း အမဲလိုက်တောလည် နေပြီဖြစ်၏။

ကျွန်ုပ်အသက် (၂၀)နှစ်သား အရွယ်သို့ရောက်သောအခါ တစ်ရွာတည်းနေ လယ်ပိုင်ရှင်သမီး မသင်းထုံဆိုသူနှင့် အိမ်ထောင်ပြုပါ သည်။ မသင်းထုံ၏ မိဘများသည် လယ်ကေ (၆၀)ပိုင်ဆိုင်၍ ကျွန်ုပ်နှင့် မသင်းထုံ မင်္ဂလာဆောင်သောအခါ လယ် (၁၅)ကေ ခွဲပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ မိဘများက လယ်ဧက (၁၀)ဧက လက်ဖွဲ့၏။ ကျွန်ုပ်သည် လယ် (၂၅)ဧကကို လုပ်ကိုင်ရင်း တစ်ဖက်ကလည်း မုဆိုးအလုပ်ကို လက်မလွှတ်ဘဲ မသင်းထုံနှင့်အတူ ကိုယ့်အိုးကိုယ့်အိမ် ထူထောင်လာခဲ့ရာ သမီး နှစ်ယောက်နှင့် သားနှစ်ယောက် ပေါင်းသားသမီး လေးယောက်ထွန်းကားခဲ့ပါသည်။ အငယ်ဆုံးသားယောက်ျားကလေး ကိုယ်ဝန်ခြောက်လခန့် ရှိသောအခါ ကျွန်ုပ်အသက် (၃၀)နှစ်အရွယ်တွင် အဖေသေဆုံးသွားလေသည်။ ထိုအချိန်တွင် အစ်ကိုအစ်မများလည်း အိမ်ထောင်ကျနေကြပြီမို့ မိခင် မုဆိုးမကြီးအား ကျွန်ုပ်နှင့်ပင် အတူနေစေပါသည်။

အဖေမရှိတော့သည့်နောက် မုဆိုးအလုပ်ကို ကျွန်ုပ်ကိုယ်တိုင် သော်လည်းကောင်း၊ ဘကြီးမုဆိုးနှင့်သော်လည်းကောင်း၊ တောလိုက်ကြ၏။ ဤသို့နှင့် ကျွန်ုပ်သည် တစ်ဖက်က မုဆိုး၊ တစ်ဖက်က လယ်ကိုလုပ်ကိုင်စားသောက်နေထိုင်လာခဲ့ပါသည်။ နောက် နှစ်နှစ်ခန့်ကြာသောအခါ ဘကြီးမုဆိုးကြီးလည်း ကွယ်လွန်သွားပြန်ပါသည်။ အဖေမုဆိုးကြီးလည်း မရှိ၊ ဘကြီးမုဆိုးကြီးလည်း မရှိတော့သဖြင့် ကျွန်ုပ်တစ်ဦးတည်းပင် မုဆိုးဘဝကို စခန်းသွားနေရပါတော့သည်။

ဤသို့နှင့် ကျွန်ုပ်အသက် (၄၁)နှစ်အတွင်းသို့ ရောက်ခဲ့ပါ၏။ တစ်နေ့တွင် ကျွန်ုပ်သည် အိမ်အလုပ်များကို လုပ်ကိုင်နေစဉ် ရွာဦးဘုန်းကြီးမှ ကျွန်ုပ်ကို အခေါ်ခိုင်းလိုက်ကြောင်း ကျောင်းသားလေး တစ်ယောက် လာပြောလေသည်။ ဆရာတော်သည် ကျွန်ုပ်၏ ဆရာတော်ရင်း ဖြစ်၏။ အလုပ်များကို ထားရစ်ပြီး ဆရာတော်ကျောင်းသို့ လိုက်ပါသွားခဲ့၏။ ကျွန်ုပ်ကျောင်းသို့ ရောက်သောအခါ ဆရာတော်သည် ကျောင်းရှေ့၌ ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် ဆရာတော်ကို ဦးချရှိခိုးပြီးနောက် ဆရာတော်မိန့်ကြားမည့် စကားကိုနားထောင်၍ နေမိ၏။ ကျွန်ုပ်ကို ခေတ်ကာလမှာမကောင်းတော့ပြီမို့ မုဆိုးအလုပ်ကို စွန့်လွှတ်ရန်။ ဤသို့ မုဆိုးအလုပ်ကိုစွန့်ရန် ခုတစ်ကြိမ်သာမဟုတ် အကြိမ်ကြိမ်ပြောဆို ဆုံးမခဲ့ကြောင်း သည်တစ်ကြိမ်တော့ စွန့်လွှတ်လိမ့်မည် ဆင်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ခေါ်၍ပြောရကြောင်း စသည်ဖြင့် မိန့်ပါတော့၏။

ပြီးမှ လောကအကျိုး သံသရာအကျိုး လောကအပြစ်၊ သံသရာအပြစ်၊ လောကဝဋ်၊ သံသရာဝဋ်စသည့် တရားလမ်းကြောင်းများကိုပြခါ ထပ်မံ၍ မှဆိုးအလုပ်ကို စွန့်ရန် မိန့်ကြားနေပါတော့သည်။

မှန်ပါသည်။ ဆရာတော်သည် ကျွန်ုပ်ကို ခုတစ်ကြိမ်သာ မဟုတ်ပါ။ အကြိမ်ကြိမ်ပင် အကုသိုလ်များသော မှဆိုးဘဝကို စွန့်ရန်ပြောခဲ့ဖူးပါသည်။ သို့သော် ကျွန်ုပ်နားမဝင်ပါ ခေတ်ကာလ မကောင်းတော့ကြောင်း ပြောသည်မှာလည်း မှန်ပါသည်။ ဤသည်တို့ကို အကြောင်းပြု၍ ဆရာတော်က ပြောဆိုဆုံးမခြင်းပင် ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်သည် မှဆိုးဘဝကို မစွန့်လွှတ်နိုင်ပါ။ ထို့ကြောင့် ဆရာတော်ပြောသမျှ မြည်တွန်တောက်တီးသမျှကို မည်သို့မျှ ပြန်မလျှောက်ဘဲ ခေါင်းငုံ့၍သာနေခဲ့ပါသည်။ ကျွန်ုပ်သည် ဆရာတော်မိန့်ကြားသမျှကို မည်သို့မျှ ပြန်မလျှောက်ဘဲ နှုတ်ဆိတ်နေသောကြောင့် ဆရာတော်သည် ထိုင်ရာမှထကာ . .

"တို့ရဲ့ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကတောင်မှ အကျွတ်တရားမရဘဲ ကျွန်ခဲ့တဲ့လူမိုက်တွေရှိနေသေးတာ၊ ငါ့လို ပုထုဇဉ်ရဟန်းက ပုထုဇဉ်လူသားကို ချွတ်လို့ဘယ်မှာသွား ကျွတ်ပါ့မလဲ . ."

မိန့်ဆိုခါ ကျောင်းပေါ်သို့ တက်သွားလေတော့သည်။ ကျွန်ုပ်လည်း ဆရာတော်၏ နောက်ကျောကို ဦးချရှိခိုးခါ ကျောင်းမှပြန်ခဲ့လေတော့သည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီ၏ နေ့တစ်နေ့ဖြစ်ပါသည်။

ယနေ့အဖို့ဆိုလျှင် ဆီးနှင်းတို့သည် ထူထပ်စွာ ကျနေပါ၏။ အနီးပတ်ဝန်းကျင်မှတစ်ပါး အခြားသို့မြင်နိုင်ရန် ခဲယဉ်းနေပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်လေ့ကျင့်သင်ကြားပေးထားသော အမဲလိုက်ခွေး အောင်နက်နှင့် သေနတ်တို့ကိုခေါ်၍ ရွာအနောက်ရှိ တောအုပ်ဆီသို့ တောဝက်လိုက်ရန် ထွက်လာခဲ့လေသည်။

တစ်ခါတစ်ရံ ကျွန်ုပ်လမ်းလျှောက်လာရင်းမှပင် ထူထပ်စွာကျနေသော ဆီးနှင်းတို့ကြားမှ မီးရောင်ကလေးကို မြင်ရပါသည်။ ထိုမီးရောင်သည် အခြားတော့မဟုတ်ပါ။ တောသူတောသားတို့၏ ဆောင်းရာသီ အအေးဒဏ်ကို ကာကွယ်နေကြသော လယ်တဲများဆီမှ မီးရောင်များပင် ဖြစ်ပါသည်။ ကျွန်ုပ်သည် ဆီးနှင်းတို့၏ ကြားမှပင် ခရီးထွက်လာခဲ့ရာ မကြာမီပင် တောစပ်သို့ရောက်ရှိလာခဲ့၏။ ကျွန်ုပ် အသင့်ယူဆောင်လာသော ထမင်းထုပ်နှင့် ကွမ်းယာများကိုလည်း ကွင်းပိုင်အဘိုးနတ်အား တင်မြှောက်ပသပါသည်။ ထို့နောက် ကျွန်ုပ်သည် ကွမ်းယာကိုစားပြီး တောထဲသို့ ဝင်ရောက်ခဲ့၏။ ဆီးနှင်းတို့ တစ်ပေါက်ပေါက်ကျနေသည့် အသံမှတစ်ပါး အခြားမည်သည့် အသံကိုမျှ မကြားရပေ။

ကျွန်ုပ်တောတွင်းသို့ ရောက်ရှိနေခဲ့သည်မှာ ဆွမ်းခံပြန်ချိန်နီးပါး ကြာမြင့်ခဲ့ပေပြီ။ သို့သော် ဝက်ကိုမဆိုထားဘိ တောဝက်၏ခြေရာကိုပင် တွေ့မမြင်ရဖြစ်နေ၏။ ပို၍ထူးခြားဆန်းကြယ်နေသည်မှာ ခါတိုင်း ကျွန်ုပ် တောထဲသို့ ဝင်မိသည်နှင့်တစ်ပြိုင်နက် တောကြက်၊ တောငှက်တို့၏ အသံများကို ဟိုမှသည်မှဆိုသလို ကြားနေရလေသည်။ ယခုမူ ကျွန်ုပ်တောထဲသို့ တောကြက်၊ တောငှက် တစ်ကောင်တလေ၏ အသံကိုမျှ မကြားရဖြစ်နေလေသည်။

ဤကား ထူးခြားဆန်းကြယ်မှုပင် ဖြစ်နေပါသည်။

သို့သော် ကျွန်ုပ် တောလိုက်သွားမည်ဆိုပါက မည်သည့်အမှားမည်သည့်ချို့ယွင်းချက်မျှ မရှိစေရအောင် အထူးဂရုစိုက် ဆောင်ရွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သခုလည်း ထိုနည်းတူပင် ပြုလုပ်ခဲ့ပါ၏။ ထို့ကြောင့် ထူးခြားမှုရှိနေသော် လည်း စိုးရိမ်မှု သိပ်မရှိဘဲ ရှေ့သို့ ဆက်လက်ထွက်လာခဲ့ပါသည်။

နေသည် မွန်းတည့်ခဲ့ပါပြီ။ ယနေ့အဖို့ အမှန်ပင် ထူးခြားနေပါ သည်။ ခုအချိန်ထိ တောဝက်၏အစအနကို မတွေ့ရ။ ကျွန်ုပ်၏ ခွေးနှစ် ကောင်မှာလည်း မည်သည့်နေရာသို့ ရောက်နေကြသည်ပင် မသိ။ ကျွန်ုပ် သည် သစ်မှည့်ပင်တစ်ပင်၏ ခြေရင်းတွင်ထိုင်ကာ ယနေ့ ကျွန်ုပ်တွေ့ကြုံ နေရသော ထူးခြားချက်တို့သည် မည်သည့်အကြောင်းကြောင့်နည်း။ သို့ လောသို့လောနှင့် ကျွန်ုပ်၏စိတ်ထဲတွင် ဖြစ်နေမိပါသည်။ ကျွန်ုပ်၏ အမှားတစ်ခုခု ရှိခဲ့ခြင်းကြောင့်သာလျှင် ကွင်းပိုင်အဘိုးနတ်ကသော်လည်း ကောင်း၊ လမိုင်းနတ်ကသော်လည်းကောင်း ကျွန်ုပ်အား သတိပေးနေခြင်း ဖြစ်မည်ဟု တွေးမိပြန်ပါသည်။

မည်သို့ပင်ဖြစ်စေ ယနေ့ ကျွန်ုပ်တွေ့ကြုံနေရသော အခြေအနေ အရ အကယ်၍သာ ကျွန်ုပ်ရှေ့သို့ ဆက်လက်သွားခဲ့ပါမူ ကေန်မုချ အော အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ရမည်မှာ သေချာနေပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ခွေးနှစ်ကောင်ကိုခေါ်၍ နောက်ကြောင်းပြန်ရန် ထိုင်ရာမှ မတ် တပ်ရပ်လိုက်၏။

ယင်းအချိန်မှာပင် ကျွန်ုပ်၏ လက်ဝဲဘက် ခပ်လှမ်းလှမ်း တောတွင်း မှ ခွေးဟောင်သံ ခပ်သဲ့သဲ့ကို ကြားလိုက်ရလေသည်။ ကျွန်ုပ် ဝမ်းသာ သွားပါသည်။ စောစောပိုင်းက ကျွန်ုပ် တွေ့ကြုံရသော ပြဿနာသည် ကွင်းပိုင်အဘိုးနတ်ကသော်လည်းကောင်း၊ လမိုင်းနတ်ကသော်လည်းကောင်း ကျွန်ုပ်ကို ကျီစယ်လိုက်ခြင်းသာ ဖြစ်ပါလိမ့်မည်။

ကျွန်ုပ်သည် ခွေးဟောင်သံကြားရာဘက်ဆီသို့ နှစ်လုံးပြူးသေ နတ်ကို အသင့်ပြင်၍ ထွက်လာခဲ့၏။ မကြာမီ ကျွန်ုပ် ရှေ့ခြေလှမ်း နှစ်ဆယ် ခန့်အကွာတွင် (၁၅)ကောင်ထက် မနည်းသော တောဝက်အုပ်တစ်အုပ် တွေ့ရတော့၏။ ကျွန်ုပ်၏ ခွေးနှစ်ကောင်သည် တောဝက်များကို လည်း ပတ်ချောက်လှန့် ဟောင်နေကြ၏။ ကျွန်ုပ်သည် တောဝက်အုပ်နှင့် ဦး...



www.burmeseclassic.com

www.burmeseclassic.com



နိုင်သမျှ နီးကပ်စေရန် ရှေ့သို့တိုးသွားပါသည်။ ကျွန်ုပ်သည် တောဝက်အုပ်နှင့် ခြေလှမ်းခုနစ်လှမ်းခန့် အကွာသို့ရောက်သောအခါ သစ်မှည့်ပင်ကြီးတစ်ပင်ကို အကာအကွာယူ၍ တောဝက်အုပ်၏ အခြေအနေကို စောင့်ကြည့်နေ၏။ ထိုတောဝက်အုပ်ထဲတွင် ပြောင်းဖူးစေ့သာသာခန့် အစွယ်ပြူထွက်နေသော ဝက်ငါးကောင်နှင့် လက်လေးသစ်ခန့် အစွယ်ရှိသော ဝက်တစ်ကောင်ကို တွေ့ရ၏။ တောဝက်များသည် သူတို့အနီးသို့ ကျွန်ုပ်ရောက်ရှိနေသည်ကို သိရှိကြပုံမရပေ။ ခွေးနှစ်ကောင်၏ ရန်ကိုလည်းအလျင်းဂရုစိုက်ပုံမရကြဘဲ အစာကိုသာ အခြေမပျက် စားသောက်နေကြ၏။

ထိုဝက်အုပ်ထဲမှ အစွယ်လက်လေးသစ်ခန့်ရှိသော ဝက်သည် ဝက်အုပ်၏အစွန်ဆုံး ကျွန်ုပ်ရှိရာ သစ်မှည့်ပင်ဘက်တွင် အစာစားနေလေသည်။ သူ၏ကိုယ်နောက်ပိုင်းသည် ကျွန်ုပ်ဘက်သို့ ခပ်စောင်းစောင်းထား၍ အစာစားနေသောကြောင့် သူ၏နူတ်သီးဖျားမှ အမြီးအထိ လက်ျာဘက်ကိုယ်တစ်ခြမ်းလုံးကို မြင်နေရ၏။ ထိုဝက်ကိုပစ်ရန် ချက်ကောင်းကိုစောင့်နေရန် အထူးမလိုတော့ပေ။ ထို့ကြောင့် ကျွန်ုပ်သည် တာရှည်စွာ စဉ်းစားမနေတော့ဘဲ သူ၏နားရွက်နှင့် ပါးချောင်ကြားဆီသို့ ပစ်ရန် ကျွန်ုပ်ပါးကို သေနတ်ဒင်နှင့် ကပ်လိုက်သည့်အချိန်မှာပင် ကျွန်ုပ်၏ နှစ်လုံးပြူးသေနတ်ပြောင်းဝမှ မီးပွင့်သွားလေတော့သည်။ သေနတ်ပြောင်းဝမှ ထွက်ပေါ်လာသော မီးခိုးများကြားမှပင် ကစဥ့်ကရဲ ပြေးလွှားနေကြသော တောဝက်များကိုမြင်နေရ၏။

ထို့နောက် ကျွန်ုပ်ပစ်လိုက်သော ဝက်သည်နေရာတွင်ပင် ခေါင်းစိုက်နေလိမ့်မည်။ ဝက်ရှိရာသို့ လှမ်းကြည့်လိုက်ရာတွင် ကျွန်ုပ်အံ့ဩသွားရပါ၏။ ကျွန်ုပ်ထင်သလို ခေါင်းစိုက်မနေဘဲ ကျွန်ုပ်ဘက်သို့ ဦးခေါင်းလှည့်၍ ခြေစုံမားမားရပ်ခါ မျက်လုံးများမှ မီးတောက်မတတ် ကျွန်ုပ်ကို စူးစိုက်စွာကြည့်နေသည်ကို တွေ့မြင်ရ၏။ သူ၏မျက်လုံးများမှ မီးခိုးများပင် ထွက်နေသည်ဟု ကျွန်ုပ်ထင်မိပါသည်။ ကျွန်ုပ်၏မုဆိုး သက်တမ်းတွင် မတွေ့မမြင်ခဲ့ဘူးပါ။ ကျွန်ုပ်ပစ်လိုက်သော ကိုးလုံးကျည်ဆံသည် သူ့အားတည့်



www.burmeseclassic.com

www.burmeseclassic.com



မတ်စွာမမှန်၍လော။ ဤကားမဖြစ်နိုင်ပါ။ ကျွန်ုပ်သည် အတွေ့အကြုံမရှိသော မုဆိုးပေါက်စ မဟုတ်ပါ။ ပစ်ရသည့်မှာလည်း အလှမ်းကွာဝေးသော နေရာမှပစ်ရသည် မဟုတ်ပါ။ ခြေလှမ်း ခုနစ်လှမ်းမျှပင် ကွာဝေးသည်။ တစ်ဖန် သေနတ်ယမ်းခိုးတစ်လျှောက် မလိုက်ဘဲနေရာမှာပင် ခြေစုံရပ်၍ ကျွန်ုပ်ကို ကြည့်နေပါ၏။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်နေရာမှ ထသွားရန်မဖြစ်။ သူ့ကိုပင် အသေပစ်သတ်ရပေတော့မည်။ ကျွန်ုပ်သည် တာရှည်စဉ်းစားနေရန် အကြောင်းမရှိပါ။ ထို့ကြောင့် ကျွန်ုပ်သေနတ်တွင် ကျန်ရှိနေသော ကျည်ဆံဖြင့် သူ့အားပစ်ရန်အတွက် ကျွန်ုပ်၏ ပါးကိုသေနတ်ခင်နှင့် ကပ်သည့်အချိန်မှာပင် "ဗွီး"ဟူသော အသံကိုကြားလိုက်ရသည့် အချိန်နှင့် တစ်ချိန်တည်းလိုလိုပင် ကျွန်ုပ်၏ သေနတ်မှ "ဒိုင်း"ဟူသော အသံနှင့်အတူ ကျွန်ုပ်၏ လက်ျာဘက်ပခုံးတွင် နာကျင်သော ဝေဒနာကို ခံစားလိုက်ရပြီး ကျွန်ုပ်လည်း နောက်သို့ ပက်လက်လန်ကျသွားပါတော့သည်။ ကျွန်ုပ်လက်ထဲမှ သေနတ်လည်း ကျွန်ုပ်ထံမှလွင့်ထွက်သွား၏။ တစ်ဆက်တည်းပင် "ကျွင်း" ဆိုသည့် အသံကို ထပ်မံကြားလိုက်ရပြန်ပါသည်။ ကျွန်ုပ်သည် လဲနေရာမှ လျင်မြန်စွာထ၍ တောဝက်ရန်ကို ကာကွယ်ရန်အတွက် ကျွန်ုပ်၏ ခါးတွင် ချိတ်ထားသော ဓားမြှောင် ၊ ဆွဲထုတ်လိုက်၏။ ထိုအချိန်မှာပင် "အိုင့်" ဟူသော အသံကို ထပ်မံ၍ကြားရပြန်၏။ ကျွန်ုပ်သည် ဓားမြှောင်ကို ကိုင်လျက်မှပင် တောဝက်ကိုကြည့်လိုက်ရာ မတွေ့ မမြင်ရတော့ပါ။

ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်ထံမှ နှစ်ကိုက်မျှအကွာ လွင့်ထွက်သွားသော သေနတ်ကို အလျင်အမြန်ကောက်၍ ကိုးလုံးကျည်အသစ်လဲခါ အခြေအနေကို စောင့်ကြည့်နေမိ၏။ သို့သော် ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ပင် ရှိနေပါသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ကျွန်ုပ်တွေ့ကြုံလိုက်ရသောအဖြစ်မှာ မြန်ဆန်လွန်းလှသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏လက်ျာဘက် ပခုံးကို စမ်းသပ်လိုက်ပါသည်။ သို့သော် မည်သည့်ဒဏ်ရာကို မတွေ့ရပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် "ဗိုး"ဟူသော အသံနှင့်အတူ "ဒိုင်း"ဟူသော ကျွန်ုပ်၏ သေနတ်မှ ထွက်ပေါ်လာသော အသံတို့သည် တစ်ခြားတော့ မဟုတ်ပါ။ ကျွန်ုပ်၏ တောဝက်ကို ပစ်သတ်ရန် ကြိုးစားလိုက်သည့်အချိန်မှာပင် တောဝက်သည် သူ၏ရန်သူ ကျွန်ုပ်ထက် ဦးအောင်တန်ပြန် တိုက်စစ်ဆင်ရန် တစ်ရှိန်ထိုး ကျွန်ုပ်ကို ပြေးပက်လိုက်ခြင်းနှင့် ထိုအချိန်တွင် သစ်မှည့်ပင်ဘေးမှကပ်၍ ချိန်ထားသော ကျွန်ုပ်၏သေနတ်ပြောင်းထိပ်ကို ဝက်၏အရှိန်ပြင်းစွာဖြင့် ဆောင့်ရောက်တိုးမိသောကြောင့် သေနတ်မောင်းသည် ကျွန်ုပ်မဖြုတ်ရဘဲ မောင်းပြုတ်ထွက်သွားသည်တို့မှ ထွက်ပေါ်လာသောအသံများ ဖြစ်နေပေသည်။

ထို့နောက် "ဖျင်း"ဟူသော အသံသည် ကျွန်ုပ်အကာအကွယ်ယူထားသော သစ်မှည့်ပင်မှ ထွက်ပေါ်လာ၏။ ကျွန်ုပ်သည် သစ်မှည့်ပင်ကို ကြည့်လိုက်မိရာ ကျွန်ုပ်အံ့သြ၍သွားမိ၏။ ကျွန်ုပ်သည် သစ်မှည့်ပင်အနီးသို့ ပြေးကပ်၍သွားမိ၏။ ထိုသစ်မှည့်ပင်မှာ ဒုအားဖြင့် လက်လေးသစ်ခန့် လျက်အားဖြင့် တစ်ထွာကျော်နှင့် အလျားတစ်တောင်ကျော်မျှရှိသော သစ်မှည့်သားစ သည် သစ်မှည့်ပင်မှ ပဲ့ထွက်နေသည်ကို တွေ့ရ၏။ တဖန်လက် ညှိုးလုံးတစ်လုံးခန့်ရှိသော မြောင်းကလေးကိုပါတွေ့ရ၏။ ထိုမြောင်းကလေးသည် တောဝက်၏ အစွယ်ရာပင် ဖြစ်ပါသည်။

ထို့ထက်ပို၍ အံ့သြဖွယ်ရာ ကောင်းသည်မှာ ဝက်စွယ်ကျိုးမကျန်ခြင်းပင် ဖြစ်၏။ အကြောင်းမူ သစ်မှည့်သားသည် တစ်ထပ်စီ ကြက်ခွခြတ်၍နေသော အသားမျိုးဖြစ်၍ မာကျော ယှက်လိမ်နေသော အသားမျိုးဖြစ်၏။ ခွဲစိပ်ရာတွင်ပင် စို့ရိုက်၍ အတော်ပင်ခွဲယူရပါသည်။ ထို့ကြောင့် မာကျောသောအပင်ဖြစ်၍ သစ်မှည့်ပင်မှ လန်ထွက်နေသော သစ်သားစ ကိုကြည့်ခြင်းအားဖြင့် မည်သည့်နည်းနှင့်မဆို တောဝက်၏အစွယ်သည် သစ်မှည့်ပင်၌ ကျိုးကျန်ရစ်ခဲ့ရမည်မှာ မလွဲပေ။ သို့သော် ကျိုး၍မကျန်ခဲ့ပါ။ အကယ်၍သာ ဤသစ်မှည့်ပင်သာ မရှိခဲ့ပါမူ ကျွန်ုပ်အဖို့ တွေးဝံ့စရာ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကျားသည် ကျွန်ုပ်၏အနီးသို့ ရောက်လာ၏ ကျားကိုတွေ့လိုက်ရသောကြောင့် အောင်နက်ကို သတိရ၍ ပတ်ဝန်းကျင် ကိုကြည့်လိုက်သောအခါ ကျွန်ုပ်နှင့် မလှမ်းမကမ်း တစ်နေရာတွင် ဗိုက်ပွင့် ၍ သွေးအိုင်ထဲတွင် ငြိမ်သက်စွာ လဲကျနေသော အောင်နက်ကို တွေ့လိုက် ရ၏။ အနီးသို့တိုးကပ်သွားရာ အောင်နက်သည် ရင်ပွင့်လျက် အသက်ကင် မဲ့နေကြောင်းကို ဝမ်းနည်းစွာဖြင့် သိလိုက်ရ၏။

ကျွန်ုပ်၏ ရင်ထဲတွင် ခံစားရချက်များမှာ မပြောတတ်နိုင်အောင် ပင် ရှိနေပါ၏။ ထို့ကြောင့် ဤတောမှ အမြန်ဆုံးထွက်ခွာသွားရန် ဆုံး ဖြတ်လိုက်ပါသည်။ သို့စေကာမူ ကျွန်ုပ် ကျေးမွေးပြုစု သွန်သင်ခဲ့ရသော အောင်နက်၊ သခင့်အကျိုးအတွက် အသက်ပေးသွားသော အောင်နက် သည်အတိုင်း ပစ်မထားခဲ့လိုပါ။ အောင်နက်ကို သွေးအိုင်ထဲမှ သယ်ယူ ချုံခြာစ်ချုံထဲသို့ သွားထားလိုက်၏။ ကျွန်ုပ်သည် အောင်နက်ကို ထားခဲ့သော ချုံပုတ်ကို တစ်ချက်မျှစောင်းငဲ့ကြည့်ကာ အောင်နက်အတွက် ဝမ်းနည်း ကွဲလျက်ကပင် တောတွင်းမှ လျင်မြန်စွာ ထွက်ခွာလာခဲ့လေတော့သည်

တောစပ်သို့ ရောက်သောအခါ တောတွင်းသို့ တစ်ချက်မျှလှ ကြည့်ပြီးနောက် ကျွန်ုပ်သည် ရွာဆီသို့ လေးကန်သောခြေလှမ်းများ ပြန်ခဲ့၏။ ကျာ. ..ည် တိရစ္ဆာန်ဖြစ်နေ၍ စကားမပြောတတ်သော်လ ကျွန်ုပ်ကဲ့သို့ပင် ဝမ်းနည်းနေပေလိမ့်မည်။ သူသည် ကျွန်ုပ်၏နောက် ကပ်လျက် လေးကန်သောခြေလှမ်းဖြင့် လိုက်ပါလျက်ရှိနေပါ၏။

ကျွန်ုပ်သည် လမ်းလျှောက်လာရင်းမှ အဖေသေခါနီးဆဲဆဲ လူးလိမ့်ကာ ပါးစပ်မှလည်း မည်သည့်သတ္တဝါ၏ အော်သံမှန်းမသိ အော်သံများ အော်ဟစ်ခါ မချိမဆန့် အသက်ထွက်သွားခဲ့ပုံ။ ဘ မှဆိုးကြီးသည်လည်း အဖေကဲ့သို့ပင် အမျိုးအမည်မသိသော အော်သံ နှင့်အတူ အသက်ထွက်သွားခဲ့ပုံများကို ကျွန်ုပ်၏ မျက်စိထဲ၌ မြင်ယော လာမိပါတော့သည်။

မကြာမီကာလကပင် ကျွန်ုပ်၏ ဆရာရင်း ရှုးဦးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တော်သည် ကျွန်ုပ်ကိုခေါ်၍ မုဆိုးဘဝကိုစွန့်ရန် တရားပြဆုံးမခဲ့၏။ သို့သော် အကုသိုလ်ကြီးမားသော မုဆိုးဘဝကို မစွန့်လွှတ်ခဲ့ပေ။ ကျွန်ုပ်သည် အတွေးစိတ်အမျိုးမျိုးဖြင့် လမ်းလျှောက်လာခဲ့ရာ ရွာခြေသို့ရောက်လာပြီး ဖြစ်၏။

ထိုအချိန်မှာပင် ကျွန်ုပ်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် အိမ်ရှိရာသို့ မသွားတော့ဘဲ ရွာဦးကျောင်းဘက်သို့ ထွက်ခွာလာခဲ့တော့၏။ ကျောင်းဝင်းထဲသို့ ဝင်မိသောအခါ ဆရာတော်သည် ကျောင်းသခ်မ်းရှေ့တွင် လမ်းလျှောက်နေသည်ကို တွေ့မြင်ရသဖြင့် ဆရာတော်ရှိရာသို့သွား၍ ဦးချလိုက်၏။ ဆရာတော်သည် ကျွန်ုပ်ကို ကြည့်၍-

"အကုသိုလ်ကောင် ဘာကိစ္စနဲ့ ငါ့ဆီလာတာလဲဆိုစမ်း"

အသံမာမာဖြင့် မေးခွန်းထုတ်ပါသည်။

"မှန်ပါ. . . တပည့်တော်ရဲ့ အကုသိုလ်အလုပ် စွန့်မလို့လာတာပါ ဘုရား. . ."

ဆရာတော်သည် ကျွန်ုပ်စကားကို ကြားလိုက်ရသောအခါ မယုံကြည်နိုင်သော အကြည့်မျိုးဖြင့် ကျွန်ုပ်ကို ကြည့်နေ၏။

"ဆရာတော်. . . တပည့်တော် လျှောက်တာကို မယုံဘူးမဟုတ်လား ဘုရား. . ."

ကျွန်ုပ်သည် ပါးစပ်ကလျှောက်ရင်း အနီးရှိ ပိန္နဲပင်တစ်ပင်ဆီသို့ သွား၍ အဖေ့အမွေဖြစ်သော နှစ်လုံးပြူးသေနတ်ကို ပြောင်းထိပ်မှစုံကိုင်၍ သစ်ပင်လုံးနှင့် တအားလွှဲကာ ရိုက်ချိုးပြစ်လိုက်၏။ ကျွန်ုပ်သည် သေနတ်အကျိုးကို ကောက်ယူခါ သေနတ်ကျည်ဆံများနှင့်အတူ ဆရာတော်ခြေရင်းတွင် စုပြုံထားလိုက်တော့၏။

"ဒါဟာ သက်သေပါပဲ ရှင်ဘုရား. . ."

ဆရာတော်သည် ကျွန်ုပ်ကိုကြည့်ခါ ခေါင်းတစ်ညိတ်ညိတ်ဖြစ်နေပါ၏။ ဆရာတော်၏ မျက်နှာသည် ဝမ်းသာသောအသွင်ကို ဆောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သေ၏။ ထို့နောက် . .

"တစ်ဦးတစ်ယောက်က မိမိကို တရားပြလို့ ကျွတ်ခြင်းထက် မိမိကိုယ်ကိုမိမိ တရားပြလို့ ကျွတ်ရခြင်းက ပိုပြီး နိုင်မြဲပေတယ် . . သာ သာဓု . . သာဓုကွယ်"

ဆရာတော်သည် မိန့်တော်မူပြီးနောက် သူ၏လက်ထဲမှ စိပ်လျ ရှိနေသော စိပ်ပုတီးကို ကျွန်ုပ်အား လှမ်း၍ပေးလေသည်။ ကျွန်ုပ်သည် စိပ်ပုတီးကို လှမ်းယူပြီး လည်ပင်းတွင်စွပ်လိုက်၏။

"ဒီကနေ့ကစပြီး တပည့်တော်ရဲ့ အကုသိုလ်များကို ကုသိုလ်ဖြ ဆေးကြောပါတော့မည်ဘုရား"

ကျွန်ုပ်သည် ဆရာတော်ကို ဦးချရှိခိုးလိုက်၏။ ဆရာတော် ကလည်း "သာဓု" သုံးကြိမ် ထပ်မံခေါ်ပါသည်။ ကျွန်ုပ်သည် တစ်ကော တည်းကျန်ရစ်သော ငကျားကိုခေါ်၍ အိမ်သို့ပြန်ခဲ့ပါတော့သတည်း။ ။

♛ ♛ ♛

ဘကြီးကြွယ်သည် သူ၏အတိတ်က ဇာတ်ကြောင်းကိုပြန်ပြော ပြောပြရသဖြင့် အတော်မောသွားပုံရ၏။ ဘကြီးကြွယ်သည် ရေနွေးအ ရှိသော လက်ဖက်ရည်ပန်းကန်ကို ယူ၍ ပါးစပ်တွင်တေ့ကာ တစ်ခါတည် မော့သောက်လိုက်၏။ ထို့နောက် ကျွန်ုပ်ဘက်လှည့်၍ . .



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးမုဆိုးဘဝကို စွန့်လွှတ်လိုက်ရတဲ့အကြောင်းကတော့ ဒါပါပဲ မောင်ရင်လေး"

ကျွန်တော်သည် တစ်ခုထပ်၍ စဉ်းစားမိပါ၏။ ဘကြီးကြွယ်သည် တောတွင်းဝယ် ကျင်လည် ကျက်စားခဲ့သော ဝါရင့်မုဆိုးကြီးတစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဘကြီးကြွယ်အားထပ်၍ မေးလိုက်မိ၏။

"ဘကြီး မုဆိုးအဖြစ်နဲ့ နေစဉ်က တောတွင်းမှာ အထူးအဆန်းတွေ တွေ့ကြုံခဲ့ရမှာပေါ့နော် . ."

"ကြုံခဲ့သပေါ့ကွယ် . .၊ ဒါတွင်ဘယ်ကမလဲ ရန်သူနဲ့ရင်ဆိုင် စွန့်စားခဲ့ရတာတွေလဲ ရှိခဲ့တာပေါ့ကွယ် . .၊ အေး . . အဲဒါတွေကို နောက်ကြုံတော့ ပြောပြရတာပေါ့ မောင်ရင်လေး၊ ခုတော့ အချိန်ကသိပ်ညဉ့်နက်နေပါကော ဘကြီး ဘုရားဝတ်ပြုလိုက်ဦးမယ်ကွယ့် မောင်ရင်လေးရယ်"

ကျွန်တော်သည် ဘကြီးကြွယ်အား အိတ်ထဲမှငွေတစ်ထောင်ကျပ်ကိုထုတ်၍ လက်နှစ်ဖက်နှင့် ရိုရိုသေသေပေးကာ ကန်တော့နှုတ်ဆက်ပြီး စခန်းရုံးရှိရာ တွဲဘက်အလယ်တန်းကျောင်းသို့ ဆရာကြီးဦးစောထွန်းကြည်နှင့်အတူ ပြန်လာခဲ့လေတော့သည်။ ။

♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## ငါးမန်းမုဆိုး

၁၉၇၅ခု ကျွန်တော် အမှတ်(၂၇)ခြေလျင်တပ်ရင်းတွင် တာဝန်ထမ်းဆောင်စဉ်အခါက ဟိုင်းကြီးကျွန်း၊ ကျောက်ကလပ်ရွာ ပတ်ဝန်းကျင်၊ ဒိပ်ကျွန်း၊ ကဒုံကနီ၊ ရေား၊ အမာစသည့် ပတ်ဝန်းကျင်များကို နယ်မြေ ခံချုပ်ရေး တိုက်ကင်းလှည့်လည် ထွက်ခဲ့ရပါသည်။ ထိုသို့ လှည့်လည်ရာ နယ်မြေခံရေမုဆိုးများ၏ ဘဝကို တစေ့တစောင်း လေ့လာမိ၏။ ထိုသို့ လေ့လာမိသည်နှင့်အမျှ ရေမုဆိုးတို့၏ဘဝကို ခြယ်မှုန်းလိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မရေးသား ခဲ့မိပါ။ ယခု စိတ်ကူးသစ်စာပေမှ ဦးတင်ထွန်း၏ တောင်းဆိုမှုကြောင့် ကျွန်တော် ကိုယ်တွေ့လေ့လာ မှတ်သားထားသော ကမ်းလွန်ပင်လယ်ပြင်မှ ငါးမန်းမုဆိုးတို့၏ ဖြစ်ရပ်မှန်ကို ရေးသားလိုက်ရပါသတည်း။ ။

မှိုင်းမို့အုပ်ဆိုင်းနေသော သစ်တောငယ်များနှင့် ဖုံးလွှမ်းနေသည့် ဟိုင်းကြီးကျွန်းသည် ဝေးသည်ထက်ဝေး၍ ကျန်ရစ်ခဲ့ချေပြီ။ ရှေ့ဘက်တွင်မူ



www.burmeseclassic.com

www.burmeseclassic.com



လိပ်ကျွန်းသည် ကန့်လန့်ဖြတ်အနေအထားနှင့် တွေ့နေရတုန်း
လက်ျာဘက်ကို မျက်စိဝေ့လိုက်လျှင် မော်တင်စွန်းမှ မြောက်ဘက်
တန်းလျက်ရှိသော အနောက်ရိုးမသည် မှိုင်းညို့သုန်မှုန်လျက်. . .။

ကျွန်တော်သည် စက်ဂါးကြီး၏ဦးပိုင်းမှ ထိုင်နေရာမှ ပဲ့ပိုင်း
ခန်းနောက်နားသို့ ရွေ့ပြောင်းထိုင်ရင်း တစ်ဖြည်းဖြည်းဝေးလာခဲ့သ
ဟိုင်းကြီးကျွန်း ဆီသို့သာ ငေးမျှော်ယင်း စိတ်ရောက်နေမိ၏။

ကျွန်တော့်အတွက်ဆိုလျှင် အမြွှာင့်လွှတ်တတ်သော မိနှောင်
ချစ်စရာ ရိုးသားလှသည့် ရုပ်ပုံလွှာကလေးများသည် စက်ဂါးမှတွန်း
လိုက်သော လှိုင်းဖွေးဖွေးကြားတွင် ပေါ်ထင်လာခဲ့သည်ထင်၏။

သို့စေကာမူ ပင်လယ်ပြင်အလုပ်ခွင်သည် မအားလပ်နိုင်ရှိနေ
ရော့သည်။ အထူးသဖြင့် ကျွန်တော်တို့ကဲ့သို့ ငါးမန်းမုဆိုးများအတွ
ပို၍အလုပ်များ လှသလို ဂရုတစိုက်လုပ်ရသောအခါများက ပို၍များသ
၏။

ကျောက်ကလပ်ရွာသည် စည်ကားပါသည်။ သို့သော် ကျွန်တေ
မပျော်ပိုက်ပါ။ မိနှောင်းမည်သော ကျွန်တော့်ချစ်ဦးသူက ဟိုင်း
တွင်ရှိနေသောကြောင့်ပါတည်း။

ကံကြမ္မာအလှည့်အပြောင်းက ဆန်းကြယ်လှဘိသည်။ တစ်
တွင် ဟိုင်းကြီးတွင် ငါးမန်းမုဆိုးလုပ်သောအမေ၏ အစ်ကိုကြီး ကျွန်
၏ ဘကြီးသည် လူတစ်ယောက်လိုနေသည်ဆို၍ ကျွန်တော်
ကျောက်ကလပ်သို့ လိုက်လာပြီး ခေါ်သောကြောင့် ကျွန်တော်သ
ဟိုင်းကြီးတွင် အလုပ်လုပ်ခဲ့ရပြန်၏။

အလုပ်ခွင်တွင် အတွင်းလူတစ်ယောက်ပါဝင်မှပို၍ ကော
သောကြောင့် ကျွန်တော့်ထံလိုက်လာသည်ဖြစ်၍ အမေနှင့် အစ်ကို
မလွှဲသာဘဲ ထည့်လိုက်ရ၏။ ထို့အပြင် ဘကြီး၏အလုပ်မှာ သ
ထက် ကြီးကျယ်သောကြောင့် အစ်ကိုကြီးက ကျေနပ်ပါသည်။ ကျွန်
အဖို့က ငါးမန်းမုဆိုးလုပ်ရသည်ကို လည်းကောင်း၊ ပင်လယ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရမည်ကိုလည်းကောင်း၊ အရေးမထားပါ။ ချစ်ရသူမိန္နောင်းနှင့် တစ်မြေထဲနေရခြင်းကိုပင် သဘောကျနေမိပါ၏။

"အစ်ကိုလေးရယ်. . . ငါးမန်းဖမ်းတဲ့အလုပ်က ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ထဲမှာ လုပ်ရတာ၊ ကျောက်ကလပ်မှာ ကျားထောင်တာကမှ တော်သေးတယ်၊ တစ်နေ့လုံး ခွဲနေရတာကိုများ. . ."

"ပင်လယ်သားပဲ အနှောင်းရယ် ပင်လယ်ကိုကြောက်ရမှာလား အနှောင်းနဲ့ မခွဲချင်လို့ပေါ့"

"ဟင်း. . . ဟုတ်လဲ ဟုတ်ပဲနဲ့"

"တကယ်ပါ အနှောင်း. . .၊ ဒါကြောင့်မို့ ဘကြီးကိုကျေးဇူးတင်နေရတာ"

"တော်ပါတော့ အစ်ကိုလေးရယ် အနှောင်းတော့လေ အစ်ကိုလေး ပင်လယ်ထွက်သွားရင် အမြဲပဲ ရင်တွေပူနေရတာသိလား. . .၊ ဒါကြောင့် ဦးကျော်ဖံဖြူကို မှာထားရတယ်"

"ဘယ်လိုမှာထားတာလဲ အနှောင်းရဲ့"

"အစ်ကိုလေးကို စောင့်ရှောက်ပါလို့. . ."

ကျွန်တော် ပြုံးနေမိလိမ့်မည် ထင်ပါသည်။ အနှောင်း၏ စကားသံကလေးများကို စက်သံနှင့်ရောထွေးပါလာသည် ထင်နေရသောကြောင့် အနှောင်း၏ ရုပ်ပုံလွှာကလေးသည် လှိုင်းနှင့်အတူ မြင်နေရသောကြောင့် ဦးကျော်ဖံဖြူက လက်ခုပ်တီး၍ လှန့်လိုက်မှ အတွေးမျှင်တို့သည် ပင်လယ်ပြင်ထဲ ခုန်ဆင်းပျောက်ကွယ်သွားတော့သည်။

"ဟေး. . . မောင်ကိုလေး ဘာတွေတွေးနေတာလဲ၊ **လာစမ်း** ဒီကို ဟိုမှာ ငါးမျှားချိပ်တွေ သွားပြင်ချေကွာ"

ကျွန်တော့် မျက်နှာတစ်ခုလုံး ပြုံးနေရာမှ သုန်မှုန်သွားလိမ့်မည် ထင်ပါ၏။ အလပ်ကြောင့် မဟုတ်ပါ။ ကျွန်တော်၏ ကြည်နူးဖွယ် အတွေးစများကို ပြတ်တောက်ပစ်လိုက်သောကြောင့် ဖြစ်ပါသည်။ ဦးကျော်ကံဖြူ အဖို့က ကျွန်တော့်ကိုချစ်၍ စသည်သာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုံးတာလဲ ခင်ဗျားက. . ."

"ဩော်. . . ဘာလဲ မင်းဟာ မင်းစိတ်မလုံဖြစ်နေပြန်ပါပြီ၊ ဒီကောင်လေးတော့. . ."

ဦးကျော်ဖုံဖြူကို ကျွန်တော်ရုက်ရုက်နှင့် အငေါ်တူးလိုက်ခြင်း သူက စပ်ဖြဲဖြဲလုပ်နေသောကြောင့် ဖြစ်၏။ သို့သော် သူခိုင်းထားသော အလုပ်ကိုတော့ ကျွန်တော်လုပ်နေရပါ၏။ ဤသည် ကျွန်တော်တို့ ငါးမန်းမုဆိုးအဖွဲ့၏ ဦးစီးခေါင်းဆောင်သူ အမိန့်ကို တသွေမတိမ်း နာခံရမည်ဖြစ်ပါသည်။

ခေါင်းဆောင်ဦးကျော်ဖုံဖြူ၏ ဇာတိသည် စစ်တွေမြို့ဖြစ်၏။ သားကြီး ဦးကျော်မောင်ကို သံဃောဇဉ် တွယ်မိလိုက်သောကြောင့် မပြန်နိုင်ဘဲ ဟိုင်းကြီးတွင် သောင်တင်ခဲ့သည်မှာ ခုနစ်နှစ်မျှပင် ရှိခဲ့ပေပြီ။ ဘကြီးနှင့် သူအပြန်အလှန် ကျေးဇူးပြု၏ တစ်ယောက်နှင့်တစ်ယောက် နားလည်ကြသောကြောင့် ဤမျှနှစ်ရှည်စွာ တစ်အိမ်တည်းနေ၍ အလုပ်မြဲနေခြင်းမှာ ထင်ရှားလှ၏။ ဘကြီးသည် သူ့ကိုယုံကြည်သည်။ သူ့ပညာကို အားကိုးသည်။ ထိုကြောင့် အလုပ်ချိန် စကတည်းက သူ့ထံသို့ ပစ္စည်းအားလုံး ဝကွက်အပ်နှံခဲ့ခြင်း ဖြစ်သည်။ ဦးကျော်ဖုံဖြူကို ဘကြီးက တစ်လ(၈၀၀) ပေးထားလေသည်။ (၁၉၇၀ခုနှစ် ဝန်းကျင်က လစာဖြစ်ပါသည်။ စကားချပ်) ဟိုင်းကြီးတစ်ကျွန်းလုံးတွင် လစာရှစ်ရာစားမှာ ကိုကျော်ဖုံဖြူ တစ်ယောက်သာရှိ၏။ အခြားခေါင်းဆောင်များသည် သူ့ထက်လစာ နည်းကြ၏။

ငါးမန်းဖမ်းစက်ဂါး ခေါင်းဆောင်ထဲတွင် လစာအများဆုံးပေးရသော ကိုကျော်ဖုံဖြူကို လိုက်မှီအောင် တော်သူကလည်း ရှားပါလှ၏။ နောက်လိုက် ငယ်သားအပေါ် ကြင်နာမှု၊ စာနာတတ်မှု၊ ခေါင်းကောင်းပီသမှုတို့မှာ ပြောစရာမရှိသလို ပင်လယ်ပြင် ကျွမ်းကျင်မှုတွင်လည်း အံ့သြလောက်အောင်ပင် တော်လှ၏။ ရေကြောင်းနားလည်ခြင်း၊ မိုးလေဝသခန့်မှန်းတတ်ကျွမ်းခြင်း၊ တန်းချက်ရှာဖွေတတ်ခြင်း စသည့်အချက်အလက်



www.burmeseclassic.com

www.burmeseclassic.com



တို့မှာ သူများတွေ လိုက်မမှီအောင် တော်ပေသည်။

ကျွန်တော်အပါအဝင် ကိုနိုင်စိုး၊ ကိုသောင်း၊ ကိုစိန်မောင်၊ စက်ဆရာ ကိုပေါက်နှင့် ခေါင်းဆောင်ကိုကျော်ဖုန်းပြုပါ အားလုံး ခြောက်ယောက်ရှိသည်။

ကျွန်တော်ရောက်ခါစက ဝါခေါင်၊ တော်သလင်းလများ ဖြစ်၍ ပင်လယ်ပြင်ကို ဝေးဝေးလံလံ မထွက်သေးပေ။ လေမိုးအခြေအနေကြောင့် ကမ်းနီးသောအရပ်များသာထွက်၍ မိုးလေဝသ အခြေအနေမကောင်းလျှင် ချက်ချင်းပြန်ဝင်ပြေးရတတ်၏။ ထို့ကြောင့် အလုပ်မတွင်ကျယ်ပေ။ တစ်လလုံးမှ နှစ်ရက်တစ်ပတ်၊ သုံးရက်တစ်ပတ်လောက်သာ ထွက်ရတတ်၏။ သို့ရာတွင် ကုန်ချိန်က အတက်များသောကြောင့် အရှုံးမရှိခဲ့ပါ။

ရာသီဥတုအခြေအနေအရ အပြင်သို့မထွက်နိုင်သလို ငါးမန်းတို့ကလည်း မိုးတွင်းအခါတွင် သောင်တွင်လူးတတ်ကြသောကြောင့် ကုန်ချိန်တက် နှုန်းမလျော့ခြင်း ဖြစ်၏။

ကမ်းနီးပတ်ဝန်းကျင် လိုက်ရသည်ဟုခေါ်သော်လည်း မော်တင်စွန်း၊ လိပ်ကျွန်းလောက်တော့ ထွက်ကြရသည်။ ထိုမှ ကမ်းလွန်ပင်လယ်ပြင်တစ်လျှောက်ဖြစ်သော ရွှေမြစ်ဝ၊ ပြင်စလူမြစ်ဝ၊ ကဒုံမြစ်ဝတို့လည်း ရောက်သည့်အခါ ရောက်ရသေးသည်။ ထိုမြစ်များဘက်အထိ လိုက်ရလေသောအခါ ညအိပ်ညနေ ထွက်ရသောကြောင့် အစစ်အဆေးခံကြရ၏။

အစစ်အဆေးခံပြီးသောအခါ ကျွန်တော်တို့ကိုယ်တိုင် ကျွန်တော်တို့ ငါးကို ပြန်စစ်ဆေးရပါသည်။ ဆန်၊ ဆီ၊ ရေနံ၊ ဓာတ်ဆီစသော ရိက္ခာနှင့် အင်ဂျင်ပိုင်များပြည့်စုံစေရန် ဖြစ်၏။ ပင်လယ်ပြင်တွင် တစ်ပတ် ခုနစ်ရက်မျှ နေထိုင်စားသောက်ရေးနှင့် စက်မချို့ယွင်းရေးအတွက် အထူးဂရုစိုက်စစ်ဆေးရပါသည်။ ထိုသို့ ပင်လယ်ပြင်ထွက်ခွာခါနီး စစ်ဆေး ခံရသလို ပင်လယ်ပြင်မှ ပြန်ဝင်လာလျှင်လည်း ပြန်ရောက်ကြောင်းကို သက်ဆိုင်ရာတာဝန်ရှိသူများအား ပြန်လည်အကြောင်းကြားရပါသေးသည်။

ဤသည်ကား ပင်လယ်ပြင်ထွက် ငါးမန်းဖမ်းသားများ၏ တာဝန်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

ကျွန်တော်တို့ စက်ဂါးမှာ အေ–အီး–စီမြင်းကောင်ရေ တစ်ရာအား စက် အမျိုးအစား ထိုင်ထား၍ ဂါးအလျား ၃၆ပေ၊ အနံ ၁၈ပေ ရှိသော ကြောင့် ဂါးကြီးအမျိုးအစားတွင် ပါဝင်သည်။ မိုးတွင်းဖြစ်သော်လည်း သင့်တင့်သော မိုးလေကို ဂရုမစိုက်ပေ။ ဝါခေါင်၊ တော်သလင်း၊ သီတင်း ကျွတ် သုံးလလုံးလုံး မိုးလေမပြတ် စပ်ကူးမတ်ကူးအချိန်များတွင် သွားလာ နေသော်လည်း မိုးလေအန္တရာယ်နှင့် မတွေ့ခဲ့ရပေ။ ဤသည်မှာလည်း စက်ကောင်းခြင်းက ပို၍တစ်ပန်းသာသည်ဟုဆိုရပေမည်။ ဂါးမည်မျှကြီး၍ စက်အားမည်မျှကောင်းစေကာမူ မုန်တိုင်းနှင့် တွေ့လာပြီဆိုလျှင် မခံနိုင်ပါ။ ထိုသို့မတွေ့နိုင်ရန်က ခေါင်းဆောင်သာလျှင် အဓိကကျပါသည်။

ကျွန်တော်တို့ ငါးမန်းဖမ်းအဖွဲ့ခေါင်းဆောင်က စိတ်ချရ၏။ ကိုကျော်ဖဲဖြူကမထွက်နှင့် ပင်လယ်ထွက်ရန်မသင့်ဟု ချိန်ဆ၍ မထွက်ဘဲ နေသောရက်များတွင် ရေဒီယိုကလည်း မိုးလေဝသ အထူးသတင်းများ ထပ်တလဲလဲလာနေတတ်၏။ လေမိုးဆွေနေတတ်သည်။ ကျွန်တော် ရောက်ခါစ သူ့အကြောင်း မသိသေးသောကြောင့် အထင်မကြီးသော်လည်း သုံးလေးကြိမ်တိုက်ဆိုင်လာသောအခါ မလေးစားဘဲမနေနိုင်တော့ပါ။ ထို့ အတူ ယုံကြည်မှုလည်း ပိုလာခဲ့ရပါသည်။ အမှတ်သညာဟူသည် လုပ် သက်က စကားပြောလာသည်မဟုတ်ပါလား။ ထိုသို့ ပင်လယ်ထွက်ဖြစ် သော ရက်များတွင် ကျွန်တော်တို့ အားနေတတ်၏။ သို့ရာတွင် ကိုကျော် ဖဲဖြူက ငါးများ မိုန်းတံများကို ပြန်လည်ပြုပြင်ချိန်ပေး၍ ပြင်ခိုင်းတတ်ပါ သည်။ ငါးစာရှာခိုင်းတတ်သည်။ ထို့ကြောင့် သူများထက်ဝီရိယပိုသော ကျွန်တော်တို့ ခေါင်းဆောင်ကောင်းကြောင့် မအားနေရသည်လို့ သိပ်မရှိ တတ်ပေ။

ငါးများမိုန်းများကို ကျွန်တော်တို့ ဟိုင်းကြီးနှင့် သိပ်မဝေးသော ကျောက်ချောင်းရွာမှ ပန်းပဲဆရာကြီးထံတွင် သွားလုပ်ကြရသည်။ ပြန်လည် ပြုပြင်ရသည်။ ငါးမန်းများသည် ငါးများမှာ ရိုးရိုးငါးများကို များသည်



www.burmeseclassic.com

www.burmeseclassic.com



များနှင့်လုံးဝမဟုတ်ပေ။ ကြိုးလည်းကြိုး၏။ ငါးမျှားခွင်ကို ရှစ်လက်မထား၍ ကွေးထားရသည်။ အချို့ခြောက်လက်မထားသည်။ ရိုးရိုး ငါးမျှားသည် အမ်စီကြိုး (ငါးမျှားမှ တန်းကိုသွယ်သောကြိုး) ကို နှစ်ပင်ပူး၍ ပြုလုပ်ရသည်။ ကြိုးရိုးရိုးနှင့်ဆိုလျှင် မည်မျှကောင်းသည့် ကြိုးမှ မခံနိုင်ပေ။ ထိုသို့ သံကွင်းဆက်အမ်စီမှသာလျှင် မိပြီးသား ငါးမန်းကိုက်ဖြတ်၍မရဘဲ ခံနိုင်သည်။

ထိုသို့သံကွင်းဆက် အမ်စီကြိုးမှာ နှစ်တောင်ခန့်အရှည်ထားပြီး အကွင်းတစ်ခုခံ၍ သံကွင်းဆက်၏။ ဆုံလည်တစ်ဘက်တွင်နှင့် အခြားနံ့ကျင် ဘက်တစ်ဘက်တွင် ရိုးရိုးကြိုးတစ်ချောင်း တပ်ရသေးသည်။ ကြိုးမှ တန်းမကြိုးသို့ ဆက်သွယ်ချည်နှောင်ရ၏။ ထိုကြိုးနှင့် ငါးမျှား ဆက်သံကွင်းဆက်ကြားတွင် ဆေးထွင်းထား၍ ဆုံလည်လုပ်ထားရခြင်းမှာ မန်းသည် ရှုန်းသည်။ ထိုသို့ရှုန်းလျှင် အေးကွင်းဆုံလည်မှ လည်လိုက်သောကြောင့် ကြိုးမပြတ်နိုင်တော့ပေ။ ဤသည်မှာလည်း ငါးမန်းငါးမျှား ပညာသားတစ်မျိုးပင် ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ထားသည့်ကြားက တစ်ခါတစ်ရံ အဆမတန်ကြီးမားသော ငါးမန်းများကိုလည်း ကြိုးပြတ်၍ ထွက်သွားတတ်သေးသည်ဟု ကိုကျော်ဖုံဖြူက ပြောပြ၍ အံ့ဩရပါသေးသည်။

ငါးမန်းမျှားမထွက်ခင် အစာရှာရသည်မှာလည်း မလွယ်ကူလှပေ။ စာအတွက် ငါးပျော့ခေါ် ထမဆုတ် ငါးရှည်ရှည်တစ်မျိုးကို သုံးရသည်။ ခြားငါး ဟောက်ရလျှင်လည်း သုံးနိုင်သည်။ ထိုငါးပျော့နှင့် ငါးဟောက်တို့ကို ရတတ်သလောက် ပိုက်သမားများထံတွင် မှာကြားထားရ၏။ တို့ကလည်း ရသလောက် လှောင်ထားကြသည်။ တန်းမထွက်ရမချင်း များတွင် ငါးမန်းစာဖြစ်သော ထိုငါးပျော့နှင့် ငါးဟောက်တို့ကို ပြင်ခရိုင်၊ ချောင်းဝ၊ မြို့သစ်၊ ကျောက်ငူ၊ ကျောက်ချောင်း စသည့် ပိုက်သမားများ သော ရွာများအနှံ့ လိုက်ကောက်ဝယ်ယူ စုဆောင်းရသည်။ ထို့နောက် ည်တစ်ခုထဲတွင် ရေအနည်းငယ်နှင့် ရသလောက် လှောင်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လိုတိုင်းလည်း အလွယ်တကူမရပေ။ တစ်ခါတစ်ရံ ငါးမန်း လိုက်ရက်ဖြစ်ပါလျက် အစာအခက်အခဲကြောင့် မထွက်ရဘဲ နေရသည် လည်း ကြုံတတ်ရသေးသည်။

ထိုအစာရှာဖွေသော အလုပ်မှာ စက်လှေတစ်စင်းနှင့် ရွာအနီး လျှောက်၍ ကျွန်တော်လိုက်ရ၏။ ကျွန်တော့်တာဝန်ဖြစ်ပါ၏။ အစာ လောက်နေပြီး ငါးမန်းလိုက်ရက်မဟုတ်လျှင် ကျွန်တော့်အဖို့က မနှောင်း၏ ချစ်ရိပ်မြုံတွင် ခိုလှုံရင်း ချစ်စကားနှောင်ဖွဲ့နေသော ရက်များသာဖြစ်သည် ဟု သတ်မှတ်နိုင်ပါသည်။

မနှောင်းတို့မိသားစုမှာ ဆင်းရဲပါသည်။ သို့သော် မနှောင်းတို့ မိသားစုက ရိုးသည်။ မနှောင်းအစ်ကိုမှာ ငါးကုလား(ငါးကွမ်းရှပ်) မျှော်ပိုက် ခေါင်းဆောင်တစ်ဦးဖြစ်၍ နာမည်ရလူကြိုက်များသူလည်း ဖြစ်သည်။ မနှောင်းအစ်ကိုမှာ ရိုးသားကြိုးစား၍ ဆက်ဆံရေးကောင်းမွန်သောကြောင့် လူချစ်လူခင်လည်း ပေါလေသည်။ အနှောင်းနှင့် ကျွန်တော်တို့၏ သဘော ထားများကို နားလည်ခွင့်လွှတ်တတ်သူဖြစ်၏။ ကျွန်တော်သည် သူ့ကို လေးစားခင်မင်မိ၏။

ထို့အတူ အမေရော ဘကြီးပါ အနှောင်းနှင့် ကျွန်တော်တို့၏ ချစ်ရေးကို သဘောကျ ကျေနပ်သူများဖြစ်၍ ကျွန်တော့်အဖို့ ဆူးခင်းသော လမ်းဟူ၍ မရှိခဲ့ပါ။ ကျွန်တော် ပင်လယ်မှပြန်ဝင်လာလျှင် အနှောင်းသည် ဘကြီးတို့အိမ်တွင် လာကြိုနေတတ်စမြဲ။ စကားလက်ဆုံကျစမြဲ။ ပတ်ဝန်း ကျင်ကလည်း အမြင်ရိုးပြီး သားဖြစ်၍ မဆန်းတော့ပြီ။

"ဒီနှစ်အလုပ်သိမ်းရင်တော့ မောင်ကိုလေးကို မိန်းမပေးစား ဖြစ်တော့မယ်"

ဘကြီး၏စကားကို ကြားယောင်မိ၍ အနှောင်းနှင့် ဆုံရတော့မည့် လ၊ ရက်များကိုပင် လက်ချိုးရေတွက် ကြည့်နေမိပါသည်။

အော်. . . ခုနစ်လံတောင် ရောက်နေမှကိုး။

ရေအနက် ခုနစ်လံရှိသောကြောင့် ဤအရပ်ကို ခုနစ်လံ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည်။ ခုနစ်လံဆိုလျှင် ဘယ်နေရာဆိုသည်ကို ပင်လယ်သားတိုင်း သိပါသည်။ ခုနစ်လံ၏ ယာဘက်တွင်က မော်တင်စွန်းကို ပျပျသာ မြင်ရတော့သည်။ ခုနစ်လံပြီး ရှစ်လံ၊ ရှစ်လံပြီးလျှင် မီးပြ၊ မီးပြရောက်လျှင် ဟိုင်းကြီးကျွန်းကို လည်းကောင်း၊ မော်တင်စွန်းကိုလည်းကောင်း မှန်းဆ၍ ကြည့်ရှုံသာရှိတော့၏။ အထင်ရှားတော့ မမြင်သာတော့ပေ။

ထိုကမ်းပျောက်သည့် မီးပြမှ အတော်လှမ်းလှမ်း နာရီဝက်ခန့် စက်ဂါး ခုတ်မောင်းပြီးလျှင် ငါးမန်းတန်းချက်နေရာကို စိတ်မှန်းနှင့် တွက်ဆနေမိသေးသည်။ ဖွေးဖွေးကြွကြွ၊ မာန်ထနေသော ရင်ဖိုစဖွယ် လှိုင်းအိလုံးကြီးများသာ တစ်လုံးပြီး တစ်လုံး တွားသွား၍ လိမ့်တက်တိုးဖြိတ် နေကြ၏။ မှန်းဆ၍ကား မလွယ်ကူလှပါ။

♛ ♛ ♛

"ဟေး . . စက်ရှိန်သက်လိုက်ဟေ့"

ကိုကျောက်ဖဲဖြူသည် ပါးစပ်ကလည်းအော်သည်။ လည်ပင်းတွင် အသင့်ဆွဲထားသော အချက်ပေးခရာကိုလည်း ဆက်မှုတ်သည်။ ထိုအခါ စက်ဆရာ စက်ရှိန်လျှော့လိုက်သောကြောင့် ဂါးသွားနှုန်းနှေးကွေးသွား၏။ တန်းပတ်ရန် တန်းချက်ကျရောက်နေကြောင်းကို အားလုံးသိလိုက်ကြပြီ ဖြစ်၏။

"ကဲဟေ့ . . . အံဖုံးဖွင့်"

ကျွန်တော်သည် ကိုကျောက်ဖဲဖြူစကားဆုံးသည်နှင့် ဂါးအံဖုံးကို



www.burmeseclassic.com

www.burmeseclassic.com



လှန်၍ဖွင့်လိုက်သည်။ အံဖုံးထဲတွင် ရှိနေသော ငါးများတွဲပြီးသား တန်းကြိုးများကို ရှင်း၍ တင်ပေးရသည်။ တန်းကြိုးအရှည်မှာ အတောင်ငါးထောင်ကျော်ခန့် ရှိသည်။ တန်းမကြိုးကြီးကို မာလွန်ကြိုးနှင့် အသုံးပြုထားသည်။ အချို့က နိုင်လွန်ကြိုး၊ အချို့က ပိန်ကြိုး၊ ကိုယ်သန်ရာကြိုက်ရာသုံးကြ၏။ မာလွန်ကြိုးသည် ကြာလေ ပျော့ပျောင်းလာလေ ဖြစ်၍ ကိုင်တွယ်ရကောင်းသည်။ ထို့ကြောင့် ကိုကျောက်ဖဲဖြူက မာလွန်ကြိုးကို ကြိုက်ကြောင်း ရှင်းပြဖူးပါသည်။

မာလွန်တန်းမကြီးကြိုးမှ ငါးများအမ်စီကြိုးများကို သွယ်တန်းပြီးသားဖြစ်၍ ရှင်းထုတ်ရုံသာရှိသည်။ ငါးများတစ်ခွင်နှင့် တစ်ခွင်မှာ ဆယ့်ငါးတောင်ခန့်စီ အကြားအလပ်ထား၍ တပ်ထားရသည်။ ထို့ကြောင့် ရှင်းရလည်း လွယ်ကူသည်။ ငါးမန်းမိ၍ ဖြုတ်ရာ၌လည်း ငါးများချိတ်ရန်အန္တရာယ်မှ ကင်းစေပါသည်။ ငါးများ၊ ငါး ခွင်ကြား သို့မဟုတ် ခြောက်ခွင်ကြားတွင် ငါးပိသသာကျောက်ဖာလေးတစ်လုံး စီတွဲထားရပါသည်။ ဖော့သီးတပ်သောကြိုးမှာ ရှည်သည်။ အနည်းဆုံး အတောင်ခြောက်ဆယ်ကျော်ရှိရ၏။ ဖော့သီးက ရေပေါ်တွင်နေ၍ ကျောက်က ရေအောက်မြေကြီးတွင်နေမည် မဟုတ်ပါလား။

ကိုနိုင်စိုး၏ လက်များသည် လျှင်မြန်စွာ ငါးစာတပ်ပေးနေသကဲ့သို့ ကျွန်တော်နှင့် စိန်မောင်ကလည်း ငါးများများ ရေသို့တစ်ခုစီ အဆင်သင့်ကျစေရန် ရှင်းလင်းနေရသည်။ ကိုသောင်းနှင့် ကိုပေါက်က တန်းကြိုးကို ရေချရ၏။

ပထမဆုံး ကျောက်တစ်လက်မှာ တန်းကြိုး၏ အစွန်ရှိ ကျောက်ဖြစ်၍ အရင်ပစ်ချပြီးမှ ငါးများများကို တစ်ခွင်စီခပ်သုတ်သုတ်ကလေး ချပေးရခြင်း ဖြစ်သည်။

"ငါးများချတာ ကြည့်ချကြဟေ့"

ကိုကျောက်ဖဲဖြူက နောက်ပဲ့ပိုင်းတွင် ဂါးတက်မကိုင်ရင်းသတိပေးသည်။ ဂါးစက်ကိုဖြည်းဖြည်းကလေး တစ်ချက်ချင်းမောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါးသွားသောအရှိန် နှင့် ငါးများကိုတစ်ခွင်စီ ပစ်ချရသောကြောင့် တစ်ခါ တစ်ရံ မရှင်းသော ငါးမျှားများကို ရှင်းနေရင်း ငါးမျှားချမိလိုက်လျှင် ငါးမျှားနှင့်ချိတ်ပါသွားပြီး လူပါ ရေထဲကျတတ်၏။ ငါးမန်းတန်းသမား မုဆိုးများအတွက် ငါးမျှားချချိန်သည် အသက်အန္တရာယ်ရှိသောကြောင့် သတိပေးနေရခြင်း ဖြစ်၏။

ပထမဆုံး ချလိုက်သော ကျောက်နှင့်အတူတွဲထားသော ဖော့သီးမှာ တစ်ဖြည်းဖြည်းဝေးကျန်ခဲ့ပြီး ငါးမျှားများလည်း တစ်ဖြည်းဖြည်း ဂါနပေါ်မှာ နည်းသထက် နည်းလာပြီး နောက်ဆုံးငါးမျှား အားလုံးရေကျသွားလေပြီ။

နောက်ဆုံးကျောက်ကို ကိုသောင်းက ပစ်ချလိုက်၏။ ထိုနောက်ဆုံး ကျောက်နှင့် တွဲထားသော ကြိုးရှည်တစ်ချောင်း၏ အစကို ဂါးဦးသို့ဆက်ဆွဲသွားသည်။ ထို့နောက် ဂါးလှေဦးရှိ "ကတုံး"တွင် ဘုလက်သီး နှစ်ဆင့်ခတ်ချည်နှောင်၍ တုပ်ထားလိုက်သည်။

"စက်ရပ်တော့ဟေ့"

ကိုကျောက်ဖုံဖြူ၏အသံနှင့်အတူ စက်ကလုံးလုံးရပ်သွား၏။ ယခုမှပင် နားငြီးသက်သာတော့သည်။ ပင်လယ်လှိုင်းအိတို့၏ ပုခက်လွှဲသော စည်းစိမ်ကိုလည်း ယခုမှပင် တိတ်ဆိတ်စွာ ခံစားလိုက်ရသည်။

"ဂါးကျောက်ပေါက်လိုက်"

ဆက်တိုက်ထွက်ပေါ်လာသော ကိုကျော်ဖုံဖြူ၏ ညွှန်ကြားသံအတိုင်း ကိုသောင်းက ဂါးစက်လှေ တည်ငြိမ်နေစေရန်အတွက် ဂါးကျောက်ကို ပစ်ချလိုက်သည်။

စက်မှုအသံဗလံ အားလုံးငြိမ်သက်ကုန်သောအခါ ဂါးအလယ်ပိုင်းတွင် ဝိုင်းထိုင်စကားပြောလေ့ရှိကြ၏။ သို့မဟုတ် အနားယူနားနေတတ်ကြ၏။ တစ်ခါ တစ်ရံအိပ်၍ အချိန်ကိုဖြုန်းတီး ပစ်လိုက်တတ်ကြ၏။ မည်သို့နည်းနှင့်မဆို တန်းပစ်ပြီးကတည်းက တန်းလိုက်ချိန်မကျမချင်း နေ့တစ်ဝက်၏ အချိန် သို့မဟုတ် တစ်ညတာ၏ အချိန်ကို ကုန်လွန်အောင် စောင့်ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေရမည်သာ ဖြစ်ပါသည်။

ထိုသို့သောအချိန်အားကလေးများကို ခေါင်းဆောင် ကိုကျော်ဖ ဖြူ၏ ပင်လယ်အတွေ့အကြုံများကို ပြောပြခြင်းဖြင့် ဗဟုသုတလည်းရပြီး စိတ်ဝင်စားစရာလည်း ဖြစ်ရပြပင်။ ယခုလည်း ကိုကျော်ဖဖြူက စကား စပ်မိ၍ ငါးမန်းတို့၏ သဘာဝကို နိဒါန်းသွယ်လျက် ရှိနေပါချေသည်။

"ငါးမန်းတွေရဲ့ သဘာဝက တော်တော်စိတ်ဝင်စားစရာ ကောင်း တယ်ကွ. . ."

ကိုကျော်ဖဖြူက ထိုသို့အစချီလိုက်သောအခါ ကျွန်တော်တို့ အားလုံး သူ့ထံသို့ အာရုံစူးစိုက်သွားကြမိပါသည်။

"ငါးမန်းမြူးတဲ့အချိန်ကို မင်းတို့သိလား . ."

"ဘယ်သိမလဲဗျ။ ခင်ဗျားက ပြောမှသိမှာပေါ့"

ကိုကျော်ဖဖြူက သူ့စကားကို ဖြတ်၍ ကျွန်တော့်ကိုမေးငေါ့ကာ မေးလိုက်သောကြောင့် ကျွန်တော်က ပြန်ဖြေရင်း သူ့စကားကို တောင်း ဆိုလိုက် ရခြင်းဖြစ်သည်။

"ငါးမန်းတွေက ဝါဆိုဝါခေါင်လဆိုရင် မြူးဖို့အစပျိုးပြီလို့မှတ် အဲ တန်ဆောင်မုန်းမှာတော့ ငါးမန်းအမြူးဆုံးလပေါ့ကွာ"

"တော်တော်ဆိုးတဲ့ကောင်တွေပါလား။ ဝါဆိုကနေပြီး တန် ဆောင်မုန်း ထိဆိုတော့ ငေးဟော်တော်လ ရှည်တာပဲ"

"အေးကွ. . .၊ ဒါက ဘာဟုတ်သေးလို့လဲ နတ်တော်လထိပဲ ဟား. . . ဟား. . ."

ကိုပေါက်ဝင်ထောက်သော စကားကိုဖြေရင်း ကိုကျော်ဖဖြူသည် သူကိုယ်တိုင်ပင် သဘောကျသွားပုံရသည်။ နောက် သူ့စကားကို ဆက် ပြန်သည်။

"အခုချိန်ဟာ ငါးမန်းမြူးတဲ့အချိန်တွင်းမှာ ကျနေတုန်းပဲကွ ငါး မန်းက မြူးချိန်တွင်းမှာ အစာသိပ်မစားဘူးလို့ တစ်ချို့က ဆိုကြပေမယ့် ဒါပေမယ့် ငါ့အတွေ့အကြုံအရတော့ မြူးတဲ့လအတွင်းမှာပဲ ပိုပြီးငါးမန်း



www.burmeseclassic.com

www.burmeseclassic.com



ရတာတွေ့ရတယ်ကွ၊ ငါ့ယူဆချက်ကို ပြောရရင် မြူးတော့သူတို့တွေဟာ ကိုယ့်နယ်သူ့နယ် မရှောင်တော့ဘူး။ နေရာအနှံ့ရောက်ကြပြီး နေရာနှံ့အောင် ငါးမန်းတွေကို ဖမ်းမိကြတယ်ကွ''

''ဒါ . . ဟုတ်နိုင်ပါတယ်''

ကျွန်တော်က ကျွန်တော့်ဉာဏ်မီသလောက်နှင့် ထောက်ခံလိုက်၏။ ထို့နောက် ကိုကျော်ဖုံဖြူက ဆက်ပြန်သည်။

''ငါးမန်းကတော့ တော်တော်ဆန်းတဲ့ သတ္တဝါတွေပဲကွ၊ ငါးမန်းထီး တစ်ကောင်ကိုမိရင် ငါးမန်းမကို မိဖို့မလွယ်ပေမယ့်၊ ငါးမန်းမတစ်ကောင်ကို မိရင်တော့ နောက်ငါးမန်းထီးတစ်ကောင်ကို မလွဲမသွေမိတယ်ဆိုတာ တွက်လို့ ရတယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ ငါးမန်းမကိုမိရင် အထီးကလိုက်ရှာပြီး၊ အထီးကို မိရင်တော့ အမက လွတ်ရာကိုပြေးလေရောကွ၊ ဟော့. . . ကောင်လေး အဲဒါကို ကြည့်ထား၊ မိန်းမဆိုတာ သစ္စာရှိတာမျိုး မဟုတ်ဘူးကွ၊ သတိလဲထားအုံး . .

ဟင်း . . ဟင်း''

ကိုကျော်ဖုံဖြူသည် ငါးမန်းများအကြောင်း ပြောနေရင်းက ဖောက်၍ ကျွန်တော့်ကို နောက်လိုက်၏။ ကျွန်တော်က ခုနားထောင်နေသော စကားကို စိတ်ဝင်စားနေမိ၍ ပြန်၍မချေပတော့ဘဲ ပြုံးရုံသာပြုံးနေပြီး သူ့စကားကိုသာဆက်ရန် တိုက်တွန်းလိုက်သည်။

''ကိုကျော်ဖုံဖြူကလဲဗျာ ပြောစမ်းပါ ဆက်ပြီး နောက်မနေစမ်းပါနဲ့ အစ်ကိုကြီးရာ''

သည်တော့မှ သူက ရယ်ကျဲကျဲနှင့် . . .

''အေးပါကွာ. . . ဟဲ. . . ဟဲ၊ ဒီလိုကွ ငါးမန်းတွေ သားပေါက်တာက ပိုပြီးတောင် စိတ်ဝင်စားဖို့ကောင်းသေးတယ်၊ ငါးမန်းက ဗိုက်ထဲမှာ ဥအုတယ်ကွ၊ ဒါပေမယ့် ဥကိုအပြင်မထုတ်ဘူး၊ ဗိုက်ထဲမှာပဲ အကောင်ပေါက်စေတယ်၊ အကောင်ပေါက်ပြီးမှ ပါးစပ်ကအန်ပြီး အကောင်ငယ်လေးတွေကို ထွေးတာ''



www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်ကအနံ့ထွေးကာ၊ ဟုတ်လား အစ်ကို"

"အော်. . . ဒါတင်ဘယ်ကမလဲကွ၊ ပါးစပ်ထဲက အနံ့တယ်ဆိုရင် ဘဲ၊ ငါးမန်းပေါက်ကလေးတွေက ဟိုတစ်ကောင် သည်တစ်ကောင် ကူးနေတုန်းမှာ ငါးမန်းမကြီးက လိုက်ဖမ်းပြီး စားပြန်ရောကွ၊ လွတ်တဲ့အကောင်ရှင်၊ မလွတ်တဲ့ အကောင်သေပေါ့ကွာ"

"ဒါပေမယ့် ငါးမန်းတွေ အများကြီးပဲနော်၊ ဒီလိုသာ ကိုယ်သားကိုယ် ပြန်မစားယင် ပင်လယ်တစ်ပြင်လုံး ငါးမန်းတွေနဲ့ ပြည့်နေမလားဘဲ"

ကျွန်တော်က စိတ်ထက်သန်စွာ စောဒကတက်မိသည်။ ကိုကျော်ဖဖြူက ရေနွေးကြမ်းတစ်ခွက်သောက်ပြီးမှ. . .

"ဘယ်ဟုတ်မလဲကွ၊ ငါးမန်းလိုဘဲ ကိုယ့်သားကိုယ်ပြန်စားတဲ့ငါး အမျိုးအစားတွေ ရေထဲမှာ အတော်များများရှိတယ်၊ မင်းလိုသာပြောရင် မခက် လားကွ၊ ငါးမန်းဖြစ်ဖြစ် ဘယ်ငါးပဲဖြစ်ဖြစ် ရေသတ္တဝါဆိုတာမျိုးဟာ ရေထဲမှာ ကျွမ်းကျင်ကြတာချည်းပဲ မဟုတ်လား၊ အကောင်ပေါက်ကလေးဆိုပေမယ့် အထင်မသေးနဲ့ လိုက်ဖမ်းလို့ မိချင်မှမိတာ၊ ဒါကြောင့် လွတ်တဲ့အကောင်များတာပေါ့ကွာ၊ နောက်တစ်ချက် ငါးမန်းတစ်ကောင်ကောင် ဒဏ်ရာအနာတရ ဖြစ်ပြီဆိုရင် ဒီငါးမန်းဟာ သေမှာပဲလို့ တွက်လို့ရတယ်ကွ"

"ဘာဖြစ်လို့လဲ အစ်ကို"

"ငါးမန်းတစ်ကောင်ကောင် ဒဏ်ရာရရုံနဲ့ သေပြီလို့တွက်လို့ရသည် ဆိုပုံမှာ စိတ်ဝင်စားစရာပင် ဖြစ်နေပါသည်။ ရေသတ္တဝါမှန်သမျှသည် တော်ရုံအနာတရနှင့် သေဆုံးလေ့မရှိပါ။ ထို့ကြောင့် ကိုစိန်မောင်က ကောက်မေးလိုက်ခြင်း ဖြစ်ပါလိမ့်မည်။

"ငါးမန်းတစ်ကောင် ဒဏ်ရာအသေးအဖွဲလေးရတာနဲ့ သေပြီလို့ ပုံသေ တွက်လို့ရတာက ဒီလိုကွ၊ ဥပမာ တန်းကလွတ်လို့ပဲဖြစ်ဖြစ် မှိန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



အထိုးခံရလို့ပဲဖြစ်ဖြစ် ဒဏ်ရာရသွားတယ်ဆိုရင် ဒီငါးမန်းဟာ သွေးကျပြီး အဲဒီသွေးက သွေးညှီနံ့ကို အခြားငါးမန်းတွေက လိုက်လာပြီး ဝိုင်းဝန်း တိုက်ခိုက်စားသောက် လိုက်ကြတာပဲ၊ အစွယ်ရှိတဲ့ကောင်ကလည်း အစွယ်နဲ့ ခုတ်၊ အစွယ်မရှိတဲ့ကောင်ကလည်း ပါးစပ်နဲ့စုပ်၊ ခဏလေးအတွင်းမှာပဲ ဒဏ်ရာရလာတဲ့ကောင်ဟာ အစပျောက်သွားတာပေါ့၊ ဒါဟာ အမျိုးသား စိတ်ကင်းမဲ့တဲ့ သဘောပေါ့၊ ဒါပေမယ့် ဒဏ်ရာရတဲ့ ငါးမန်းဟာ သူ့ငါးမန်း အုပ်ထဲက လွတ်အောင်ပြေးနိုင်လို့ အခြားနေရာ ရောက်သွားလဲ ဒီဒဏ်ရာ အစကို ပူတင်တွေက ဟိုကကိုက် ဒီကကိုက်နဲ့ ခွေးဆွဲသလို ဆွဲတာနဲ့ပဲ နောက်ဆုံးအရှုထွက်ကျပြီး သေတော့တာပါပဲကွာ''

ကိုကျော်ဇံဖြူသည် သူ့စကားကိုဖြတ်လိုက်ပြီး ကမ်းဘက်သို့ လှည့်ကြည့်လိုက်သည်။ ကျွန်တော်တို့က နား‌ထောင်ကောင်းကောင်းနှင့် အာရုံစိုက်နေတုန်းမှာပင် နေဝင်သွားသည်မှာ ကြာချေပြီ။ မိုးချုပ်စဖြစ်၍ မှောင်ရီပျိုးနေလေပြီ။

''ကဲဟေ့ . . . မနက်စောစော တန်းရုတ်ဖို့ပဲ ကျန်သေးတယ်၊ မင်းတို့ စောစော အိပ်ရာဝင်ကြတော့''

ကိုကျော်ဇံဖြူ၏ သတိပေးစကားကြောင့် စကားဝိုင်းကို သိမ်းလိုက်ကြ၏။ ကိုယ်စီ အိပ်ရာပြင်ကြရ၏။ ပင်လယ်ပြင်ရောက်ပြီ ဆိုကတည်းက အိပ်ချိန်၊ စားချိန်ကို သတ်မှတ်၍မရတော့ပေ။ အားလျှင် အားသလို အိပ်ကြရသည်။ တစ်ခါ တစ်ရံ ညဘက်အလုပ်ရှိလျှင် နေ့ဘက်လည်း အချိန်လု၍ အိပ်ထားကြရသည်။ ပုခက်လွှဲလှိုင်းက လူအနေအထားကို တစ်ခါ တစ်လေပျက်အောင် ပုတ်ခတ်တတ်သေးသည်။ သို့စေကာမူ စက်ခန်းကို ခြေကန် တန်းစီ၍အိပ်လိုက်ကြလေသည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးလင်းသောအခါ ကိုကျော်ဖဲဖြူက နှိုး၍ ကျွန်တော်တို့ နိုးကြရလေ၏။ အလင်းရောင်ပြေးနေသော ပင်လယ်ပြင်၏နေခြည် အလှသဘာဝကို ရှုမဝနိုင်၍ ငေးမနေနိုင်ကြပေ။ လုပ်ငန်းစဖို့သာ စိတ်စော နေကြ၍ ကသုတ်ကယက် မျက်နှာသစ်ကြရ၏။

"ဂါးကျောက်ဖော်လိုက်ကြဟေ့"

အဖွဲ့ခေါင်းဆောင်၏ အမိန့်၊ ညွှန်ကြားချက် စပါလေပြီ။ ကျွန်တော်နှင့် ကိုသောင်း ကျောက်ကြိုးကို နှစ်ယောက်ဆွဲ၍ ဂါးပေါ်တင်လိုက် ကြ၏။ တန်းသိမ်း ရန်သာ ကျန်ပါတော့၏။

"ပြီးရင် တန်းသိမ်းကြ၊ သတိဝိရိယရှိကြဟေ့"

ဂါးဦးပိုင်း "ကတုံး"တွင် ချည်ထားသော တန်းလက်ရင်းကြိုးတန်း ကြိုးမကြီးကို ဖြေလိုက်ပြီး ထိုကြိုးမကြီးကို ကျွန်တော်နှင့် ကိုသောင်းက ဆွဲပေးရသည်။ ဆွဲရသည်မှာ တန်းမကြိုးကြီးတစ်ခုလုံးကို ဂါးပါရွှေ့အောင် ဆွဲနေရသောကြောင့် မနိုင်မနင်း ဖြစ်နေသည်ကို ကိုကျော်ဖဲဖြူကကြည့် ၍-

"စက်ဆရာ စက်နှိုးပါ ဖြည်းဖြည်းမောင်းပေး တန်းကြိုးကိုကိုင်ထား မောင်ကိုလေး၊ ကိုသောင်းက ငါးမျှားသိမ်းပေး"

"ဟုတ်ကဲ့"

စက်ဆရာက စက်နှိုး၍ ဖြည်းဖြည်းလေး မောင်းပေးသည်။ ကိုကျော်ဖဲဖြူသည် ဂါးဦးကို တန်းကြိုးဘက် လှည့်ပေးလိုက်၏။ ထို့ကြောင့် တန်းကြိုးကို ဆွဲသော ကျွန်တော့်အဖို့ အလွန်သက်သာသွားသည်။ ဆွဲတင်ရုံ သာရှိသည်။ ကိုသောင်းက ငါးမျှားများကို တစ်ခုချင်းယူသိမ်း၍ ခွေတင်လိုက် သည်။ ငါးမျှားအချို့တွင် မိထားသော ငါးမန်းများကို ကိုနိုင်စိုးနှင့် ကိုစိန် မောင်တို့က ဖြုတ်လိုက်၊ ဂါးဝမ်းခေါင်းထဲ ပစ်သွင်းလိုက်နှင့်ပင် ငါးမန်းဖြုတ် ရသည်မှာ တစ်ခါတစ်ရံ အဆင်သင့်လျှင် ခါချလိုက်ရုံနှင့် ပြုတ်ထွက် သွားသော်လည်း အဆင်မသင့်လျှင် ပါးစပ်ကို ဓားနှင့်ခွဲထုတ်ရသည် များလည်း ရှိပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုစိန်မောင်က ဓားကိုင်၍ အဆင်သင့်စောင့်နေပြီး တစ် ချက်နှင့်ဖြတ်မရလျှင် သူ့လက်ကဓားတွင် သွေးစွန်းသွားမည်မှာ သေချာနေပါသည်။

ငါးမန်းတို့သည် မိပြီးအချိန်သိပ်မကြာခင်မှာပင် သေဆုံးသွား တတ်၏။ ဂါးဝမ်းခေါင်းထဲသို့ ရောက်နေသောငါးမန်းများမှာ အသေများ သာဖြစ်သည်။ ချက်ချင်းမိသောငါးမန်းသာလျှင် ရှင်၍ရုန်းတတ်သည်။ သို့သော် ရှားလှပါ၏။

အချိန်လေးဆယ့်ငါးပိဿာကောင်၊ ခုနစ်ဆယ်ပိဿာကောင်များ သာ အမိများ၍ အချိန်တစ်ရာကျော်ကောင် အမိနည်းလေသည်။ တန်းရုတ် ပြီးသည်အထိ တွက်ကြည့်လိုက်သောအခါ အချိန်တစ်ရာကျော်သော အကောင် ဆယ်ကောင်သာပါသည်။ သို့ရာတွင် အကောင်ရေ ခုနစ်ဆယ် ကျော်နေသောကြောင့် တစ်ပတ်လိုက်ရုံနှင့် ကုန်ချိန်ငါးထောင်ကျော် ပိဿာထိအောင်တက်သွားပြီဟု ခန့်မှန်းလိုက်မိသည်။

နောက်ဆုံးဖြစ်သော ကျောက်ကြိုးကို ကျွန်တော်က လက်ရင်း ကြိုးအတိုင်း ဆွဲဖော်လိုက်သောအခါ တန်းယုတ်ခြင်းအလုပ် ပြီးစီးသွား ပြီဖြစ်ပါသည်။ ထို့ကြောင့် တန်းချက်တည်နေရာပြောင်း၍လည်းကောင်း၊ သို့မဟုတ် ဤနေရာမှာပင် ပြန်၍တန်းပစ်ဖို့ရန်သာ ရှိတော့၏။ ပင်လယ် ပြင်တွင် တစ်ညတည်းသာ အိပ်ရသေးသည်မို့ ပြန်ရက်ကလိုနေသေး၏။ ကုန်ချိန်အနည်းဆုံး တစ်သောင်းကျော်ပါမှ ပြန်မည်ဖြစ်ပါသည်။

ထိုသို့နေရာပြောင်း၍ တန်းပစ်ပြီးလျှင် ရောက်ခါစကလို အိပ်၍ ဖြစ်တော့ပေ။ ငါးမန်းများကို အရေခွံခွာသူကခွာ၊ ခုတ်သူကခုတ်၊ ဆား သိပ်သူက သိပ်နှင့် အလုပ်ဆက်ရပေဦးတော့မည်။ ထို့ကြောင့် စက်ဆရာ သည်လည်းကောင်း၊ ကျွန်တော်သည်လည်းကောင်း၊ ကိုကျော်ဖိုးဖြူ၏ တန်းချက်ရွေးချယ်ရေး ညွှန်ကြားချက်ကို စောင့်ဆိုင်းနေကြရ၏။

"ကဲ. . . စက်ဆရာ စက်တင်မောင်း. . ."

ကိုကျော်ဖိုးဖြူသည် တက်မကို ချိတ်ကိုင်လိုက်သည်။ စက်သံ



www.burmeseclassic.com

www.burmeseclassic.com



သည် ဆူညံစွာ ထွက်ပေါ်လာလေသည်။ ထိုသို့တန်းချက်ရှာနေစဉ် အချိန် (၂)နာရီ၊ (၃)နာရီ စသည့်အချိန်တွင်လည်း လုပ်စရာရှိလျှင် လုပ်ရန် ပြင်ဆင်ကြရ၏။ ထို့ကြောင့် ကိုစိန်မောင်က ငါးမန်းခွဲရန် ဓားသွေးဖို့အတွက် ဓားသွေးကျောက်ကို ရေပက်ဆေးကြောနေသည်။ ကိုစိန်မောင်ကို ခေါင်းဆောင်ကိုကျော်ဖဲဖြူက စိုက်ကြည့်နေရင်းက လှမ်းခေါ်လိုက်၏။

"ကိုစိန်မောင်. . . ဘာလုပ်မလို့လဲ"

"ငါးမန်းခွဲဖို့ ဓားသွေးမလို့ပြင်ဆင်နေတာပါ"

"မခွဲနဲ့တော့ ရွာကျမှခွဲမယ်၊ အခုတစ်ခါထဲ ပြန်နေတာ၊ ပြန်သိမ်းလိုက် ကိုစိန်မောင်"

ကျွန်တော်တို့အားလုံး အတွေ့အကြုံအရ အခြေအနေကို သိလိုက်ရပြီ။ ရွာကိုပြန်ဝင်မည်ဆိုသော ငါးမန်းမုဆိုးကြီး ကိုကျော်ဖဲဖြူ၏ စကားအရ မိုးလေဝသအခြေအနေမကောင်းကြောင်း သိရလေပြီ။ ကိုကျော်ဖဲဖြူက သူ၏အမှတ်သညာများစွာထဲမှ ညွှန်ကြားချက်ကြောင့် ကျွန်တော်တို့မည်သို့မျှ မတတ်နိုင်ကြပေ။ လေးဘက်လေးရံ ရေအတိပြီးသော ဤကမ်းမမြင်ပင်လယ်ပြင်ထဲတွင် ကျွန်တော့်အဖို့ ဘယ်ရောက်၍ ဘယ်ရောက်မှန်း မသိနိုင်ပါခဲ့။ ငါးမန်းမုဆိုးကြီး ကိုကျော်ဖဲဖြူက ပြန်ဝင်မယ်ဆိုမှပင် ပြန်မှန်း သိရတော့၏။ ကျွန်တော့်အထင်မှာ တန်းချက်ရှာနေသည်ဟု စောစောထင်ခဲ့သည်မှာ လုံးလုံးမှားခဲ့ပါလေပြီ။

"ဘာဖြစ်လို့လဲအစ်ကို လေမိုးအခြေအနေ မကောင်းလို့လား ကျွန်တော်တော့ အကောင်းသားလို့ထင်တာပဲ"

ကျွန်တော်က ကျွန်တော်ထင်ရာကို မတင်မကျမေးလိုက်မိ၏။ မနက်က နေခြည်လင်းလင်းကို ကင်းရှင်းစွာ မြင်ခဲ့ရသည်မဟုတ်ပါလား။ ခေါင်းဆောင် ငါးမန်းမုဆိုးကြီး ကိုကျော်ဖဲဖြူသည် ကျွန်တော့်အမေးကြောင့် မျက်မှောင်ကြီး ကုတ်၍ အော်ငေါက်လိုက်လေတော့သည်။

"မင်း ဘာသိလို့မေးလိုက်တာလဲ၊ လေမိုးဆိုတာက ကျုပ်မှာ မင်းကို လာပြောနေမှာမဟုတ်ဘူး၊ ဟိုမှာတွေ့လား တိမ်ကတ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



သူလက်ညှိုးထိုးပြသော ကောင်းကင်တစ်နေရာသို့ ကျွန်တော်တို့ အားလုံး မော့ကြည့်လိုက်မိကြ၏။ ဟုတ်ပါသည်။ တိမ်ညိုလေးတစ်ကွက် သည် ဇကောပိုင်းလေးခန့် ကွက်မည်းနေသည်ကို တွေ့ရသည်။ လေမိုး နိမိတ်မှာ အသိရခက်ပါသည်။ ကောင်းကင်တစ်ခုလုံး လင်းနေသော်လည်း တိမ်ညိုတစ်ကွက်၊ ကြက်မတစ်ဝပ်စာရှိလျှင် မကြာမီအတွင်း ကောင်းကင် တစ်ခုလုံး တိမ်မည်းများ ဆင့်ပွားဖုန်းအုပ်ပြီး လေမိုးကျတတ်သည်ဟု ငါးမန်းမုဆိုးကြီးက ပြောပြဖူး၍ ကျွန်တော်မှတ်သား နာယူရပါသည်။ သည်တော့မှ ငါးမန်းမုဆိုးကြီး ကိုကျော်ဖုံ့ဖြူ အော်ငေါက်သည်ကို မနာဘဲ ကြက်သီးပင်ပိုထမိပါလေသည်။

နှစ်နာရီကျော်ကျော်မျှ မောင်းမိသောအခါ လှိုင်းကြမ်းစ ပြုလာသည်ဟု ထင်ရသည်။ အတွင်းသို့ဝင်ပါလျက် လှိုင်းအိလှိုင်းများသည် မူလခပ်ကျဲကျဲမှ တဖြည်းဖြည်း စိပ်စိပ်၍လာသည်မှာ သဘာဝမဟုတ်ပေ။ ဖောက်ပြန်သော နိမိတ်ပင်ဖြစ်ပါသည်။

ငါးနာရီခန့်မောင်းမိလိုက်သောအခါ မော်တင်စွန်းကို ရေးရေးပျပျ မြင်နေရပြီ။ ကျွန်တော့်စိတ်တွင် တအားတက်သွားမိသည်။ နောက်အလွန်ဆုံး မောင်းရလျှင် ခုနစ်နာရီပဲ ရှိတော့မည်ထင်ပါသည်။ သို့သော် လှိုင်းကပို၍ ပို၍ ကြမ်းလာသည်။ အရှေ့ဘက်မှ လေပြည်ကလေးသည် ဆော့လာသည်။ လေလှုပ်လျှင် လှိုင်းက ပို၍လှုပ်သည်။ ပင်လယ်ပြင်ဆိုသည်မှာက မဆော့ဘူးဆိုတောင် မျောက်လောက်တော့ ဆော့သည်မို့ ပြောရခက်ပါ သည်။ ရင်တမမနှင့် အဖွဲ့ခေါင်းဆောင်ငါးမန်းမုဆိုးကြီး၏ မျက်နှာရိပ်ကို သာ ကြည့်နေရ၏။

မော်တင်စွန်းကို ထင်ထင်ရှားရှား တွေ့လိုက်ရသောအခါ ကျွန် တော် ကြောက်စိတ်ပြေသွားပါသည်။ မကြောက်၍သာရှိရမည် လှိုင်းက ဂါးနောက်ပိုင်းမှ ပြေးတက်ကျော်လွှား၍ ဂါးစက်လှေကို လိုက်တမ်းပြေးတမ်း ကစားနေသည်မှာ အသည်းယားစရာ ကောင်းလှပါသည်။ အားလုံးငါး ပေါ်ရှိလူများမှာ သတိကြီးစွာနှင့် မမျှော်လင့်သောအန္တရာယ်ကို မစိုးရိမ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ရန် ကြိုတင်သတိထား နေကြသည်မှာ မျက်လုံးများက သက်သေခံလျက်ရှိနေကြပါ၏။

"ဘာမှမပူကြနဲ့တော့ဟေ့၊ ဟိုမှာလိပ်ကျွန်း အတွင်းပိုင်းရောက်ပြီ ဒီပွဲမှာ တို့နိုင်ပြီကွ"

ငါးမန်းမုဆိုးကြီး၏ အောင်မြင်ဝံ့ကြွားသော အသံသြကြီးကြောင့် ကျွန်တော်တို့အားလုံး လှုပ်ရှားတက်ကြွသွားကြ၏။ သူညွှန်ပြသော လိပ်ကျွန်းသည် ရေ့တွင်ကန့်လန့်ဖြတ် တွေ့နေရသည်။ နီးနီးကလေးသာ ရှိတော့သည်။ လိပ်ကျွန်းကျော်လျှင် ဟိုင်းကြီးကျွန်းကိုရောက်ပြီဟု ထင်မှတ်ရပါသည်။ ဤနေရာများတွင်ကား ကျွန်တော်တို့၏ပိုင်နက်အတွင်းမို့ ကြောက်လည်းမကြောက်၊ ဂရုလည်း မစိုက်တော့ပါချေ။

ကျွန်တော်တို့ဂါးသည် မနက်မလင်းတလင်းက တန်းချက်နေရာမှ စထွက်ခဲ့ရာ ညနေသုံးနာရီခွဲပင် ရှိလေပြီ။ ဟိုင်းကြီးကျွန်းတောင်ဘက်စွန်းမှနေ၍ ချောင်းထဲအထိ နာရီဝက်ခန့် လေမိုးမိလိုက်သေးသည်။ သို့ရာတွင် အန္တရာယ်မဖြစ်ဘဲ ချောချောမောမော ရောက်လာသည်။

ချောင်းထဲသို့ဝင်၍ ကျွန်တော်တို့တံတားဆိပ်သို့ စက်ဂါးဆိုက်လိုက်သောအခါ မိုးလေကြားထဲမှ ထီးမပါဘဲ ဘကြီးဦးကျော်မောင် ပြေးဆင်းလာသည်။ နောက် ဂါးထဲသို့ အတင်းခုန်ချလာသည်။ သူ့ပုံပန်းမှာ မောကြီးပမ်းကြီးဆိုသလို အားရဝမ်းသာလည်း ရှိနေပုံရသည်။

သူ့လက်ခြေများသည် ဝမ်းသာလွန်း၍ တုန်ရီလျက်ရှိနေသည်။

"အမလေး ကျော်ဇံဖြူရယ် ကံသီပေလို့ဟေ့၊ ငါဖြင့် ဘုရားတလိုက်ရတာ အမောပဲ၊ အခုမှ အလုံးကြီးကျတော့တယ်"

လေမိုးမမိလိုက်ဘဲ လက်တစ်လုံးကြားကလေး ဆိပ်ကမ်းသို့ ပြန်ရောက်ရှိလာသောကြောင့် ဘကြီးမှာ ပိုင်ရှင်တစ်ယောက်အနေဖြင့် စိတ်ပူမှုများ လျော့ကျသွားပုံရသည်။ ထို့ကြောင့်လည်း သူဝမ်းသာနေခြင်းဖြစ်သည်။ ငါးမန်းမုဆိုးကြီးကတော့ ခပ်ပြုံးပြုံးပင်။

"ကဲ ကျော်ဇံဖြူ မင်းအပေါ်တက်ခဲ့အုံး။ မင်းကောင်တွေ လုပ်



www.burmeseclassic.com

www.burmeseclassic.com



စရာရှိတာ ဆက်လုပ်ကြပစေပေါ့"

ဘကြီးသည် သူ့အလုပ်ခေါင်းဆောင် လက်ကိုတရင်းတနှီး ဆွဲခေါ်ပြီး အပေါ်သို့တက်သွားကြ၏။ ကျွန်တော်တို့အပေါ် ထိုမျှသံယောဇဉ်ထားသော အလုပ်ရှင်တစ်ဦးကို ကျွန်တော်တို့အနေဖြင့် လေးစားရပေမည်။ အားလုံးအားရ ပြုံးရွှင်နေကြ၏။

ကိုကျော်ဖဲဖြူ၏ ပညာသားများက အံ့ဩဘွယ်ရာကောင်းလှ၏။ ထိုအခါများတွင် ကိုကျော်ဖဲဖြူ၏ ကောင်းသတင်းသည် ဟိုင်းကြီးတစ်ကျွန်းလုံးကို လွှမ်းမိုးအုပ်ဖုံးသွားပေလိမ့်ဦးတော့မည်။ ကျွန်တော်တို့ဂါး၏ ဂုဏ်သိက္ခာသည်လည်း တိုးမြှင့်ကျော်ကြားသွားပေဦးတော့မည်။

ကျွန်တော်နှင့် ကိုသောင်းကတစ်တွဲ၊ ကိုနိုင်စိုးနှင့် ကိုစိန်မောင်ကတစ်တွဲ နှစ်ဆိုင်းနှင့် ကိုပေါက်က ဆိုင်းတန်းတွင် ငါးမန်းများတစ်ကောင်ချင်း ယူတင်ပေးသည်ကို ရေစင်ပေါ်သို့ ထမ်းတင်ကြရ၏။ အချိန်တစ်ရာကျော် ငါးမန်းဆယ်ကောင်ကိုမူ နောက်ဆုံးမှ လေးယောက်တွဲစီ ပြုလုပ်၍ထမ်းတင်ကြရ၏။

ရေစင်ပေါ်သို့ ငါးမန်းများအားလုံး ရောက်သောအခါ ကိုစိန်မောင်က ဓားသွေးကျောက်နှစ်လက် ယူလာပြီး ငါးခွဲဓားများကို သွေးပေးသည်။ ကျွန်တော်တို့က တစ်ယောက်တစ်ကောင်စီကိုင်၍ ခွဲကြရ၏။

ပထမအရေခွံခွာ နောက်အသားကိုခုတ်။

အချိန်လေးငါးဆယ်ငါးမန်းများကို အရေခွံခွာလျှင် ကျောမှစ၍ခွာရ သည်။ ပထမဓားဦးနှင့် အသားထဲထိုးချခွဲလိုက်ပြီး နောက် အသားကိုချန်လုပ်၍ အရေခွံကို ခွာယူရသည်။ အသားမပါအောင် ခွာယူခြင်းဖြစ်၍အသုံးပြုသော ဓားများမှာ ပါးလုပ်၍ ထက်ရလေသည်။ အစွယ်ပါသောငါးမန်းဆိုလျှင် အစွယ်ရင်းကိုအရင်ခုတ်ပြီးမှ ခွာယူရသည်။

ငါးမန်းအမျိုးအစားကလည်း အလွန်များပြားလေသည်။ ငါးထဲတွင်ငါးမန်းသည် အမျိုးအစားအများဆုံးဟု ဆိုကြသည်။ အမျိုးပေါင်းခြောက်ဆယ်ကျော်သည်ဟု ငါးမန်းမုဆိုးကြီး ကိုကျော်ဖဲဖြူက ရှင်းပြဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစွယ်ငါးမန်း ကြယ်ငါးမန်း၊ သဲထိုးငါးမန်း၊ ကျားငါးမန်း၊ ကျွဲငါးမန်း နွားငါးမန်း၊ တုံးငါးမန်း၊ ငါးမန်းခေါင်းတို၊ ငါးမန်းခေါင်းရှည်၊ လွှန်းငါးမန်း ငါးမန်းချက်ပေါက်၊ ငါးမန်း အဘိုးကြီး၊ ပြောင်ငါးမန်း၊ ငါးမန်းတောက်တဲ့ ငါးမန်းယောင်းမ စသည်အားဖြင့် များပြားလှ၏။ ကျွန်တော်ပင်လျှင် စုံအောင်မသိပေ။

ကျွန်တော်တို့ငါးမန်းမုဆိုးများ အရအမိအများဆုံးမှာ ငါးမန်းခေါင်းတို၊ တုံးငါးမန်းနှင့် အစွယ်ငါးမန်းတို့သာ ဖြစ်ပါသည်။ အခြားငါးမန်းမျိုးလည်း မိတတ် ပါသည်။ သို့သော် အမိနည်းသည်။ ဈေးကွက် အကောင်းဆုံးမှာ ကြယ်ငါးမန်းပင် ဖြစ်၏။

ငါးမန်း၏တန်ဘိုးအရှိဆုံးအပိုင်းမှာ ယက်မများနှင့် အမြီးတို့ ဖြစ်သည်။ ငါးမန်းတွင် ဘေးနှစ်ဘက်ယက်မနှစ်ခု၊ အမြီးနှင့် အပေါ်ယက်မ နှစ်ခုရှိသောကြောင့် အားလုံးယက်မ(ဆူးတောင်) ခြောက်ခုပါဝင်၏။ ငါးမန်းအသားခြောက်ဈေးထက် ယက်မများက ဈေးပိုသောကြောင့် မက်လောက်စရာဖြစ်၏။ ထို့ကြောင့် ကိုယ်လုံးပုံမပျက် အရေခွံခွာ၍ ယက်မ(ဆူးတောင်)များကို သီးသန့်ဖယ်ထုတ်၍ နေလှမ်း ရပါသည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ထောင့်တစ်ဆစ်ချိုးမှ ထွက်နေသော အင်္ဂတွင်တည်ထားသည့် ဟိုင်းကြီးစေတီတော်မှ ဆည်းလည်းသံမှာ လွင်လှ၏။ လေခါးထစ်ခပ်ကျဲကျဲများကို လှမ်းတက်လာသောကြောင့် မောသယောင်ယောင် ရှိသော်လည်း အနှောင်းလက်ကိုတွဲကာ ထိပ်ခုံတန်းလျားလေးမှာ ထိုင်ချလိုက်သောအခါ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိလျက်သား ဖြစ်သွားသည်။ အနှောင်းက ပြုံးလျက် မြူးကြွနေပါသည်။

စေတီတော်၏ခြေရင်းသည် ဟိုင်းကြီးတောင်ထိပ်၏ တစ်ဝက်ကျော်နေပြီဖြစ်၍ အပေါ်စီးမှတွေ့ရသော မြင်ကွင်းမှာ သာယာလှသည်။ မြောက်ဘက်မှာ မြို့သစ်ရွာသည့် အမြင်နီးကပ်စွာမြင်ရပြီး မှိုင်းမှုန်စိမ်းညို့နေသည်။ မြို့သစ်နှင့် တဆက်တည်း ဘုရားလှ၊ ကျောက်ငူ၊ ကဗ္ဗလာ ရွာစဉ်များကို တောက်လျှောက် မှန်းဆကြည့်လိုက်မိသည်။

အနောက်ဘက်သို့ဆက်၍ မျှော်လိုက်လျှင်မူ ကွေ့ကောက်လိမ်ပတ်ကာ စီးဆင်းလျက် ဟိုင်းကြီးချောင်းမသည် ခမောက်ပျော် ဆိပ်ကမ်းတိုင် ရောက်ပေလိမ့်မည်။ သည်အလှကို မြင်နေတွေ့နေကြ ဖြစ်ပါလျက်နှင့် ကျွန်တော်သည် အလှထဲမှာပင် နစ်မျောသွားမိသည်။

"ဟိုင်းကြီးဟာ သိပ်လှတယ်နော်၊ ဒါကြောင့် အစ်ကိုလေးတော့ ဟိုင်း ကြီးကို မခွဲချင်ဘူး၊ နောက်ပြီး အနှောင်းကိုလဲ မခွဲချင်ဘူးလေ"

"သိပ်ပိုမနေနဲ့. . . ဟိုလေ အစ်ကိုလေးတို့ မိုးလေတွေမိတော့ မကြောက်ဘူးလားဟင်"

ကျွန်တော်ပြုံးလိုက်မိ၏။ အနှောင်းကပါးနပ်စွာ လမ်းလွှဲလိုက်သောကြောင့်ပင် ဖြစ်ပါသည်။ သူမကလည်း ကျွန်တော့်ကို ပြုံးစစနှင့် လှောင်နေသလိုပင်။ သို့သော် ကျွန်တော်ကလည်း ဥလွဲရာလမ်းကို လျှောက်မိရက်သား ဖြစ်သွား၏။

"ဘယ်ကြောက်မလဲ အနှောင်းရဲ့ ဟင်း. . . ဟင်း"

"ဖြန်းဖြီးမနေနဲ့ ကိုကျော်ဖဲဖြူကြီး ပြောတယ်၊ အစ်ကိုလေး ကြောက်လို့ ချောင်မှာကပ်ပြီး ကုပ်နေတာပဲတဲ့၊ ဟဲ ဟဲ. . .၊ ဘာမကြောက်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလဲ အေးလေ ကြောက်စရာပေါ့၊ အနှောင်းလေ အစ်ကိုလေးကို စိုးရိမ်လွန်းလို့ မိုးလေကျကျချင်း ဘကြီးဦးကျော်မောင်တို့ အိမ်လာပြီးတောင် သတင်း လာမေးသေးတယ် သိလား''

''သိပ်ပါ့ဗျာ ပြောပါတယ်၊ စကားကြုံလို့ပြောရအုံးမယ်၊ ဘကြီးက ဒီနှစ်ဘုရားပွဲပြီးရင် အစ်ကိုလေးတို့ကို မင်္ဂလာဆောင်ပေးမယ်တဲ့''

''တကယ်လားဟင်''

သူမမျက်နှာတစ်ခုလုံး ဝင်းလက်ပြီး ရှက်သွေးများနှင့် ရောနှောသွားလေသည်။ ကျွန်တော်က သူမလက်နုနုကလေးကို ဖမ်းဆုပ်လိုက်၏။

''တကယ်ပေါ့အနှောင်းရယ် မပျော်ဘူးလား''

''ပျော်ပါတယ်၊ ဒါပေမယ့် . . .''

ချက်ချင်းသူမ အားငယ်သွားပြန်၏။

''ဒါပေမယ့် ဘာဖြစ်လို့လဲ အနှောင်း''

''အနှောင်းတို့က ဆင်းရဲတယ်မဟုတ်လား။ တော်ကြာ လူပြောသူပြော ကင်းပါ့မလားလို့ပါ''

''အံမယ် အခုမှစိုးရိမ်နေပြန်ပါပြီ၊ တစ်ရွာလုံးသိပြီးသားကိုများ အစ်ကိုလေးတို့ အကြောင်းဆိုရင် ဘယ်သူမှ မသိတာမဟုတ်ဘူး။ နောက်ပြီး အားလုံးက သဘောကျနေကြတာ သိလား''

''အို . . .''

ကျွန်တော်တို့ စကားသံများသည် အပျော်မှ စိတ်ကူးယဉ်ဘက်သို့ ကူးပြောင်းသွားကြ၏။ စကားမပြောဘဲ အတွေးများဘက်သို့ ပြောင်း၍ စေတီတော်ကို ကြည်ညိုရင်း တိတ်ဆိတ်သွားကြပြန်သည်။

''ပြန်ကြပါစို့နော် အစ်ကိုလေး။ မိုးချုပ်နေလိမ့်မယ်''

အနှောင်းက စတင်ပြောလာ၏။ တစ်ယောက်လက် တစ်ယောက်တွဲ၍ လှေခါးထစ်များကို လာလမ်းအတိုင်း ဆင်းလာကြ၏။ တောင်ခြေလမ်းဆုံလေးသို့ ရောက်သောအခါ ကိုကျော်ဖုံဖြူကြီးနှင့် တိုး၍ သိမသာ လက်တွဲဖြုတ်လိုက်ရသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟေး . . မောင်ကိုလေးတို့ ဘယ်ကပြန်လာကြတာလဲ . ."

"ဘုရားပေါ်ကပါ အစ်ကို"

"အော် . . အော် . . သစ္စာဆိုကြသပေါ့ ဟဲ . . ဟဲ"

"အို . . ဒီလူကြီးက သူ့မှာမရှိတိုင်း"

အနှောင်းသည် ရှက်ရမ်းရမ်းနှင့် ပြောမိပြောရာ ပြောလိုက်၏။ ကိုကျော်ဖုံဖြူကတော့ အပြုံးမပျက်ပင်။

"အော် . . ဒါနဲ့ မိနှောင်းအစ်ကိုကြီးတို့ ဂါးကော ပြန်ရောက်ပြီလား၊ လေမိုးကော မိကြသေးလား"

စကားမစပ် ဖြတ်မေးလိုက်သောအခါ ကိုကျော်ဖုံဖြူ စကားကြောင့် ကျွန်တော်စောစီးစွာ မေးရမည့်တာဝန်ပျက်ကွက်သွားကြောင်း ရိပ်မိလိုက်၏။ ထို့အတူ စိတ်လည်းပူသွားမိ၏။

"အစ်ကိုကြီးတို့ဂါးက ထွက်ခါစ လိပ်ကျွန်းလောက် ရောက်ရုံရှိသေးတယ် လေမိုးမိတော့ ပြန်ဝင်ပြေးလာတယ်တဲ့၊ အခု ဇီးဖြူချောင်းမှာ ရောက်နေပြီလေ၊ မနက်ကဘဲ စိတ်ပူနေမှာစိုးလို့ သတင်းလာပေးသွားတယ်"

"အော် . . အော် . . တော်ပါသေးရဲ့ကွယ်"

သည်တော့မှ ကျွန်တော်လဲ စိတ်ပူသက်သာရတော့၏။ ထို့ကြောင့် ကျွန်တော်က စိတ်ပြောင်းသွားစေရန် ဝင်နှောက်လိုက်သည်။

"ဒီလိုဆိုတော့ ယောက်ဖကြီးကလည်း အရှောင်အတိမ်း ဘယ်ဆိုးလို့လဲ"

"အစ်ကိုလေးနော်"

အနှောင်း၏ချစ်မျက်စောင်းကလေးသည် အပြေးအလွှား ကျွန်တော်နှင့်မျက်နှာချင်းဆုံရသည်။ တစ်မျိုးလေး လှသွားပြန်ပါသည်။

"ကဲ . . မိနှောင်း ဒီကပဲပြန်တော့၊ ငါမောင်ကိုလေးကို ခေါ်သွားမယ်၊ လုပ်စရာရှိလို့ လိုက်ရှာနေတာကွယ့်"

"အမယ် မသိတာမှတ်လို့ အစ်ကိုလေးနော် အရက်မသောက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



သိလား။ ဒီလူကြီးက အားကြီးဖျက်စီးတယ်"

"ဒီကောင်မလေး အခုထဲက ပိုင်စိုးပိုင်နင်း"

ကိုကျော်ဖုံဖြူက ပြန်၍နောက်လိုက်သောအခါ မိနှောင်းသည် နှုတ်ခမ်းလေးရှူ၍ စိတ်ဆိုးဟန်ဆောင်ကာ ထွက်သွားတော့သည်။ အနှောင်း ဒီလောက်နှင့် စိတ်မဆိုးတတ်မှန်း ကိုကျော်ဖုံဖြူသိလေသည်။ ထို့ကြောင့် တအားအော်ဟာစ် ရယ်မောနေတော့၏။

♛ ♛ ♛

လေမိုးအခြေအနေမှာ ဆက်လက်၍မကောင်းသေးပဲ ရှိနေပါ သည်။ မိုးလေဝသအထူးသတင်း မုန်တိုင်းသတင်းတို့ကလည်း ရေဒီယိုမှ ရက်ဆက်လာနေသည်။ ဆပ်ရက်ပင်ကျော်ခဲ့ပေပြီ။ ကုန်းပေါ်တွင် ဆယ်ရက်ကျော်နားနေရသော အခွင့်အရေးမှာ ကျွန်တော်တို့ ငါးမန်းမုဆိုး များအတွက် ထူးခြားလှပါ၏။

ဘကြီးမှာလည်း မုန်တိုင်းငြိမ်သက်၍ ထွက်လျှင်အပြင်ဘက်သို့ လုမထွက်ရန် တစ်တွတ်တွတ် မှာကြားနေသည်။ တန်ဆောင်းမုန်းလသည် လေမိုးတို့ ကြိမ်းသေငြိမ်သက်သည်ဟု တွက်၍မရသော လဖြစ်၍ အပြင်ဘက်ကို သိပ်ထွက်နေလျှင် မုန်တိုင်းတကယ်ကျရောက်လာပါက ဝင်ပြေးရသည့်ခရီးက ညအိပ်ခရီး ဖြစ်နေပါက မလွတ်ဘဲ ခံရဖို့သာရှိသည်။ ကိုကျော်ဖုံဖြူကလည်း အပြင်ထွက် အလွန်ရဲသူဖြစ်၍ စိုးရိမ်စွာမှာကြားနေ ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုပင် မည်သည့်ဂါးမှ ကျွန်တော်တို့လောက် အပြင်မထွက်ရဲခင် ကျွန်တော်တို့က မီးပြအပြင်ထွက်ခဲ့ကြ၏။ မိုးရိပ်တွေ့တွေ့ချင်း ပြေးမိသည်ပင် အတွင်းမှာ မုန်တိုင်းမိခဲ့သေး၏။ အကယ်၍ မကျွမ်းကျင်ပါက မိုးရိပ်မသိပါလျှင် ကျွန်တော်တို့၏အလောင်းများကို ပင်လယ်ပြင်မှာ လိုက်လံ ရှာဖွေရုံသာ ရှိတော့မည်။

မိုးရိပ်၊ တိမ်ရိပ်၊ မုန်တိုင်းရိပ်လွတ်သောအခါ ကျွန်တော်တို့ ပြန်ထွက်ကြရသည်။ သို့သော် ခါတိုင်းလို အပြင်ကိုလုမထွက်ဘဲ မီးပြအတွင်း လိပ်ကျွန်း မပျောက်သည့်နေရာများတွင် နှစ်ညအိပ်လိုက်ရုံလေးနှင့်ပင် ဂါးလေးသွား၍ ပြန်ဝင်ခဲ့ကြ၏။

ပြန်ရောက်တော့လည်း ငါးမန်းခွဲ ဆားသိပ် အခြောက်လှန်း အသည်း အဆီချနှင့် နှစ်ရက်သုံးရက်နားပြီး ပြန်ထွက်ရပြန်၏။

တန်ဆောင်မုန်းလကုန်၍ နတ်တော်၊ ပြာသိုလများသည် မုန်တိုင်းလွတ်သည့်လများဖြစ်သော်လည်း စိတ်မချရသေးပေ။ တပို့တွဲလက မငြိမ်သက်ဆုံးလဖြစ်၏။

ကျွန်တော်တို့မှာ ပင်လယ်ပြင်ကို နေ့ရှိသရွေ့ကြည့်ရင်း လှိုင်းနှင့် နပမ်းလုံးကာ အသက်မွေးဝမ်းကြောင်းနေကြရပါသည်။ ကမ်းကိုခဏရောက်လိုက်၊ ပင်လယ်ပြင် ပြန်ထွက်လိုက်နှင့် သံသရာလည်လျက်ရှိ၏။ တစ်ခါတစ်ရံ အပျော်ကလေးများကို ကိုယ့်နည်းကိုယ့်ဟန် ဖန်တီး၍ ရယ်စရာ မောစရာ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကာ ရသေ့စိတ်ဖြေသဘောမျိုး နေကြရ၏။

ယခုတစ်ခေါက် ပြန်ဝင်လျှင် တပေါင်းလဆန်းထဲရောက်မည်ဖြစ်သည်။ တပေါင်းလဆန်း (၈)ရက်နေ့မှ လပြည့်နေ့ထိ ပင်လယ်မထွက်ရဘဲ အနားပေးမည်ဟု ဘကြီးကပြောထားသည်။ ထို့ကြောင့် ယခုအပတ်ဝင်လျှင် ကျွန်တော်တို့ ရှစ်ရက်၊ ကိုးရက်ခန့် နားရပေဦးတော့မည်။ ကျွန်တော့်အဖို့မူ ပို၍ပင်ပျော်စရာအပြည့်နှင့် ဆက်၍ပျော်ရမည်ပင်။ ဂါးဝင်လျှင် ဘကြီးဆီမှ အသုံးစရိတ်ထုတ်ယူပြီး အနှောင်းနှင့် မော်တင်ဘုရား အတူ



www.burmeseclassic.com

www.burmeseclassic.com



သွားမည်။ မော်တင်မှာ သုံးရက်လောက် နေမည်။ တကယ်တော့ မော်တင်ပွဲမှာ ဟိုင်းကြီးချောင်းအတိုင်းဝင်လျှင် နာရီဝက်သာသာနှင့် ရောက်နိုင်ပါသည်။ သို့သော် ပွဲတော်ရက်မဟုတ်၍ ကျွန်တော်တို့ မရောက်ကြခြင်း ဖြစ်ပါသည်။ ယခုမူ တစ်မူထူး၍ ချစ်ဦးသူနှင့် ရောက်ရပေဦးတော့မည်။ ဤအတွေးကြောင့် ယခုတစ်ပတ်ထွက်လာခြင်းကို အပျော်ခရီးလို သဘောထားနေမိသည်။

"ဟေး . . မောင်ကိုလေး တန်းမကြိုးဆွဲ ဘာငိုင်နေတာလဲကွ"

ကိုကျော်ဖုံဖြူ၏ အော်ဟစ်သံကြောင့် ကျွန်တော်စိတ်ကူးအတွေးများ ပင်လယ်ထဲ ခုန်ချသွားကြသည်။ ကျောက်ဖော်ပြီးနှင့်ကြပေပြီ။ တန်းမကြိုးဆွဲ၍ တန်းသိမ်းရုံသာရှိတော့၏။ သူတို့အလုပ်စ နေကြသည်ကို ကျွန်တော် သတိမထားမိလိုက်၊ အတွေးစိတ်ကူးကျော နစ်မျောနေမိသည်။ တန်းပစ်ထွက်လာသည်မှာ သုံးရက်တိုင်ခဲ့သောကြောင့် ငါးမန်းကုန်ချိန်မှာလည်း တစ်သောင်းခန့်ရှိနေပြီ ဖြစ်၏။ ငါးဦးမှာ စိုက်တိုက်တိုက် ဖြစ်နေ၏။ တန်းကြိုးဆွဲရအဆင်ပြေသည်။ စက်မှာလည်း ခပ်ဖြည်းဖြည်းမောင်းပေးထားသောကြောင့် သက်သာနေပါသည်။

ကိုသောင်းက ကျွန်တော်ဆွဲပေးထားသော တန်းမကြိုးကို ဖေးကိုင်ယူ၍ ငါးမန်းမိသော ငါးများသို့ရောက်လျှင် တိုင်မှာဖမ်း၍ ကြိုးသပ်လိုက်သည်။ သုံးလေးယောက် ငါးမန်းကိုဆွဲတင်၍ အပေါ်ရောက်လျှင် ကိုစိန်မောင်က ငါးမန်း၏ ပါးစပ်ကို ဓားနှင့်ခွဲ၍ ငါးမျှားဖြုတ်သည်။

နေ့ခင်းပင်ဖြစ်သော်လည်း ငါးမန်းက လိုက်လှသည်။ ညဘက်တန်းထက်ပင် ပို၍ရနေသည်။ တန်းလိုက်၍ တန်းကြိုးတစ်ဝက် မကျိုးခင်ပင် ငါးမန်းကောင်ရေ ငါးဆယ်ကျော်ခဲ့ပေပြီ။ သို့သော် အကောင်ကြီးသိပ်မတွေ့လှ။ အချိန် လေးဆယ်ငါးဆယ် အကောင်အသေးများသာဖြစ်သည်။ သိပ်မကြာခင်မိသော ငါးမန်းအရှင်နှစ်ကောင်ကိုမူ ငါးမန်းမှုတ်ကြီးကိုကျော်ဖုံဖြူ၏ လျှင်မြန်သောလက်မှ မိုန်းစာကျွေး၍ အဆုံးစီရင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သိမ်း၍ခွေတင်ထားသော တန်းကြိုးပုံကို ကားရားခွ၍ တန်းမကြီးကြိုးကို ဆွဲနေရသည်။ ကားရားခွသောအောက်တွင်က ကြိုးတန်းများကို သိမ်းပြီးဖြစ်၍ ငါးမျှားပုံကြီးလို ဖြစ်နေသည်။ တန်းမကြိုးကိုဆွဲသောအခါ ဂါးဦးဘက် ကို လူကပြန်ယိမ်းလိုက် သိမ်းတင်သောအခါ အတွင်းဘက်ကို ပြန်ယိမ်းလိုက်နှင့် လှိုင်းနှင့်အလိုက်သင့် ပြုလုပ်နေရသည်။

"ဟာ. . ."

ကိုသောင်း၏ အထိတ်တလန့်အော်သံကြောင့် တစ်ချက်လှည့်ကြည့်လိုက်မိသည်။ ထိုအခိုက်မှာပင် ကျွန်တော်၏ ညာခြေသလုံးကို ငါးမျှားတစ်ခွင် လာထောက်လေသည်။ ကိုသောင်းသည် ငါးမျှားတစ်ခွင်၏ လက်ရင်းကို တရွတ်တိုက်ဆွဲသလို ဖြစ်သွား၍ လက်ကွဲသွားသည်။ အကြောင်းမှာ ကျွန်တော် နှင့်ကိုသောင်းဆွဲနေသော တန်းမကြိုးကြီးနှင့် နီးကပ်သော ရေထဲမှငါးမျှားတစ်ခွင်တွင် မိနေသော ငါးမန်းတစ်ကောင်သည် မသေသေးဘဲ ရုန်းထွက်နေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကိုသောင်း၏ လက်ကို ငါးမျှားအစီကြိုးက တရွတ်တိုက်ပွတ်ပြီး ဆွဲသလို ဖြစ်ကာ ငါးမျှားနှင့် ငြိမိ၍ လက်ကွဲသွားခြင်းဖြစ်သည်။

အဖြစ်က မြန်ဆန်လွန်းလှ၏။

ကိုသောင်းလက်ကွဲသည့်ဘက်သို့ တစ်ချက်လှည့်ကြည့်မိသည်နှင့် ငါးမျှားတစ်ခွင်ကလည်း ကျွန်တော့် ညာခြေသလုံးကို လာထောက်နေသည်။ ကျွန်တော် တစ်ကိုယ်လုံး ပူထူသွားသည်။ ချိတ်မိနေသော ထိုငါးမျှားကို လျင်မြန်စွာခါချပစ်လိုက်သည်။ ငါးမျှားချိတ်မှာ အလွယ်တကူပင် လွတ်ကျသွားသည်။ သို့သော် တန်းမကြိုးကို ကျွန်တော်သည် သတိမေ့လျော့စွာ စွဲစွဲမြဲမြဲ ဆုပ်ကိုင်မိလျက်သားဖြစ်နေသည်ကို သတိမထားမိခဲ့ပေ။ ထို့ကြောင့် မိနေသောငါးမန်းက ရုန်းသည့်အားနှင့် ကျွန်တော် အပြိုင် လိုက်ဆွဲရသလို ဖြစ်နေပါသည်။

"ဟေ့. . . မောင်ကိုလေး တန်းကြိုးလွတ်လိုက်စမ်း"

ကိုကျော်ဖြူ၏ သတိပေးအော်ဟစ်သံသည် အလွန်ကျယ်လောင်



www.burmeseclassic.com

www.burmeseclassic.com



လှသည်။ ထို့ကြောင့် ကြောက်လန့်တကြား ယောင်ရမ်း၍ တန်းကြိုးကို လွှတ်ချ လိုက်မိသည်။ သည်တော့မှ တန်းကြိုးအတောင်နှစ်ဆယ်လောက် ရေထဲသို့ ရှောခနဲ လိုက်ကျသွား၏။ ကျွန်တော်လည်း အပြိုင်ဆွဲထား သောအားမှ ရုတ်တရက် လွှတ်လိုက်ရသောကြောင့် ကိုယ်ကို မထိန်းနိုင်ပဲ နောက်ပြန်လဲကျသွားသည်။ နောက်ဘက်တွင်မူ ဂါးဝမ်းခေါင်းဖြစ်၍ ထိုဝမ်း ခေါင်းထဲသို့ ထိုးကျသွားပြီး ဂါးအလယ်ကိုင်နှင့် ခေါင်းကိုဆောင့်မိကာ သတိမေ့သွားတော့၏။

♛ ♛ ♛

ကျွန်တော်သတိရလာသောအခါ ဂါးပဲ့ပိုင်းတွင် ရောက်နေသည်။ ခေါင်းတွင်လည်း ပတ်တီးတစ်ခုစည်းထားသည်ကို လက်နှင့်စမ်းမိ၍ သိ လိုက်ရသည်။ နောက်ခြေသလုံးတစ်ခုလုံး နာကျင်နေ၍ ကြည့်လိုက်သော အခါ ခြေသလုံးတွင်လည်း ပတ်တီးတစ်ခု စည်းထားပြန်သည်။ ခေါင်းက မူးနောက်နေသောကြောင့် လုံးဝမထူနိုင်ပေ။

ကိုကျော်ဖုံဖြူသတိပေး၍ ကျွန်တော်တန်းကြိုးကို လွှတ်လိုက်၏။ ထို့ကြောင့်သာ ဤမျှဒဏ်ရာနှင့် ရင်ဆိုင်ရ၏။ အကယ်၍တန်းကြိုးကို မလွှတ်ဘဲ ကိုင်ထားမြဲကိုင်ထားပါက ငါးများပါ ချိတ်မိလျက်သားဖြစ်ပြီး ရေထဲသို့ ကျသွားမည်သာဖြစ်သည်။ ရေထဲကျသွားခဲ့လျှင် မသေသေးဘဲ ရုန်းကန်နေဆဲဖြစ်သော ငါးမန်းနှင့် ထိပ်တိုက်တိုးမိမည်သာဖြစ်၏။ ကျွန်တော် တွေးရင်း တွေးရင်း ကြက်သီးများ ထသွားပြန်၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှိန်းထားသော မျက်လုံးကို အသာအယာ ပြန်ဖွင့်ကြည့်လိုက်မိ၏။ ဂါးစက်လေှသည် စက်ကိုဖွင့်၍ တစ်နေရာသို့ ဦးတည်ခုတ်မောင်းနေ၏။ သူတို့ အားလုံးက တန်းများဖြုတ်ပြီးပါလျှက် ငါးမန်းများကို အရေခွံခွာခြင်း၊ ခုတ်ခြင်း၊ ဖြတ်ပိုင်းခြင်းမလုပ်ဘဲ သက်သာသလို ထိုင်လိုထိုင်၊ အိပ်လိုအိပ် နှင့် စိတ်မကောင်း မရွှင်ပြသောမျက်နှာများနှင့် ရှိနေသောကြောင့် ကျွန်တော့်အတွက် စိုးရိမ်ကြီးစွာ ရှာပြန်ဝင်နေသည်ဟု ခန့်မှန်းမိလိုက်၏။ မျက်စိအသာမှေးရင်း စုတ်သတ်ရင်း နှင့် နေမထိထိုင်မထိ ဖြစ်နေသည်။

"ဟေး . . ကောင်လေးရော့ အရက်တစ်ခွက်လောက်သောက်လိုက်"

ကိုကျော်ဖံဖြူက အရက်တစ်ခွက်နှင့် ကျွန်တော့်ပါးစပ်နှင့် တေ့ပေးလိုက်သောအခါ ကျွန်တော် ကျိုက်ချလိုက်သည်။ ရင်ထဲမှာ ပူသွားသည်။ နေသာသလို ရှိသွားသည်။ အစစအရာရာ သက်သာသလိုလည်းရှိသွားသည်။ နောက်ထပ်တစ်ခွက်ထပ်ငှဲပြီး တေ့ပေးလိုက်ပြန်သောအခါလည်း ဆက်တိုက်ဆက်တိုက် သောက်ချလိုက်ပြန်ပါသည်။ ပို၍အခြေအနေကောင်းသွားပါသည်။

"ကဲ. . . အိပ်နေလိုက် အိပ်နေလိုက်"

မျက်စိကိုမှေး၍ ထားလိုက်သည်။ ကိုကျော်ဖံဖြူ၏ အသံကို သဲ့သဲ့သာကြားလိုက်၏။ မျက်စိက စဉ်းကျလာ၏။ ကျွန်တော်၏ မော်လာရက်ကို ရွှေရမည့်အရေးနှင့် တောက်လျှောက် ဝတ်ပါအတွေးများနှင့် ဇွေပြားစွာ အိပ်ချင် ငိုက်မြည်းလာတော့သည်။ ခေါင်းအုံးကို အသာလေး မ၍ လက်နှင့်ဆွဲကာ ခေါင်းနားသို့ပို့ပြီး ခေါင်းကိုအသာမကာ အိပ်ချလိုက်တော့၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ဆူညံသောအသံများကြောင့် ကျွန်တော် လန့်နိုးရသည်။ သို့သော် ခကဲသံကလုံးဝ ရပ်တန့်သွားပြီဖြစ်သည်။ ဆိပ်ကမ်းသို့ရောက်နေပြီပဲ။ ဘကြီး ဦးကျော်မောင်နှင့် အိမ်သားများ ပတ်ဝန်းကျင်မှ လူများသည်စုပြုံ ရောက်ရှိလာကြခြင်းကြောင့် ဖြစ်သည်။

ကျွန်တော်က ခေါင်းကိုအသာထောင်ကြည့်လိုက်မိသည်။ မထတ်နိုင်သောကြောင့် ပြန်၍မှိန်းနေရပြန်၏။

"မထနဲ့ . . . မထနဲ့၊ စောင်ပုခက်သွားလုပ်နေကြတယ်၊ အခုပဲ ဆေးခန်းကို စောင်ပုခက်နှင့် ထမ်းသွားမယ်၊ ဘာမှစိတ်ပူမနေနဲ့ ရွာရောက်နေပြီပဲကွယ်"

ဘကြီးသည် ကျွန်တော့်ကို အားပေးစကားပြောရင်း သူကိုယ်တိုင်ပင် ဝမ်းနည်းနေကြောင်း ကျွန်တော်သိပါ၏။ ဘကြီးနောက်တွင်က မျက်ရည်ဝဲ၍ ဝမ်းနည်းနေသော မျက်နှာနှင့်ရပ်နေသည့် အနှောင်းကို တွေ့လိုက်ရသောအခါ ကျွန်တော် ဝမ်းနည်းသယောင် ထင်ဟပ်လာမိသည်။

ကိုကျော်ဖံဖြူတို့ ရောက်လာပြီး ကျွန်တော့်ကို စောင်ပုခက်နှင့် ထမ်းကာ ဆေးခန်းသို့ ခေါ်ဆောင်သွားကြ၏။ နောက်မှ လူအုပ်ကြီးကလည်း တစ်ရုန်းရုန်း လိုက်လာကြသဖြင့် အားရှိလှပါသည်။ ဆေးခန်းရောက်သောအခါ ဆရာဝန်က ပတ်တီးဟောင်းကိုလဲ၍ အနာကိုဆေးပြီး ဆေးထည့်ကာ ပတ်တီးသစ်ထပ်စည်းပေးလေသည်။ နောက် ဆေးနှစ်လုံးတိုက်ပေးလိုက်လေသည်။

"ဒေါက်တာ့ကို တစ်ခါတည်းပဲ ပင့်ခဲ့ပါရစေ၊ ဖြစ်နိုင်ရင် ကျွန်တော်တို့ အိမ်ကို မောင်ကိုလေး ဒဏ်ရာမပျောက်မချင်း ကြွပြီးကုသပေးပါ ဒေါက်တာရယ်"

ဘကြီးက ကျွန်တော်ဆေးခန်းအသွားအလာ မလွယ်ကူကြောင်း သိသောကြောင့် ဆရာဝန်ကို ပင့်လိုက်ခြင်းဖြစ်ပါသည်။ ဟိုင်းကြီးကျွန်းတွင် ဆေးခန်းလာဖွင့်နေသော ထိုဆရာဝန်မှာ နှစ်နှစ်ကျော်လာပြီ ဖြစ်၍ ရင်းနှီးပြီးသားလူများဖြစ်နေ၍ ယခုကဲ့သို့ ပင့်လိုက်ခြင်းပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် ကျွန်တော်လာခဲ့ပါ့မယ်၊ သိပ်မကြာပါဘူး အလွန်ဆုံး ဆယ်ရက်ပေါ့ ကောင်းသွားမှာပါ၊ အခုနေတော့ ဒဏ်ရာက နည်းနည်းပြင်းတော့ သိပ်လှုပ်လှုပ်ရှားရှားမလုပ်နဲ့ ငြိမ်ငြိမ်နေနိုင်းပါ"

ကျွန်တော့်ကို စောင်ပုခက်နဲ့ပင် ပြန်ထမ်း၍ ခေါ်လာခဲ့ကြရပြန်၏။ အနောင်းက ကျွန်တော့်အနားမှ ကပ်လိုက်လေသည်။ သူ့မှာလည်း မရှက်နိုင်တော့ပြီ။ အပျိုမိလျက်ရှိနေပြီကိုး ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်နိုင်တော့။ အနောင်း၏ ချစ်ခြင်းမေတ္တာကို ကျွန်တော် ဘယ်အခါမှ မျက်ကွယ်ပြု၍ရတော့မည် မဟုတ်ပါ။

ဆရာဝန်ပြောသလိုအတိုင်းပင် ဒဏ်ရာမှာ တစ်နေ့ထက်တစ်နေ့ သက်သာလာသည်။ ခြေသလုံးဒဏ်ရာမှာ လုံးလုံးပျောက်သွားသည်။ ခေါင်းက ဒဏ်ရာကမူ သိပ်မကျက်တတ်သေးပေ။ ဆေးနေ့စဉ်ထည့်နေရတုန်းပင်။ ပတ်တီးလည်း စည်းထားရသေးသည်။ သို့သော် လူကတော့ လှုပ်ရှားနိုင်သည် လမ်းလည်းကောင်းကောင်း လျှောက်နိုင်လေပြီ။ ဝေးဝေးလံလံ မသွားသော်လည်း အိမ်နောက်ဖေး ရေစင်နီးထွက်၍ မော်တင်ဘုရားပွဲသွားသော စက်လှေများကိုကြည့်ရင်း စိတ်အထာကို ခဝါချနေမိသည်။

မော်တင်ဘုရားပွဲက အနောင်းနှင့်ကျွန်တော်တို့အတွက်တော့ မဟုတ်တော့။ ကျွန်တော့်ဒဏ်ရာကြောင့် အနောင်းလည်း ဘုရားပွဲသို့ မသွားတော့ပြီ။

သို့စေကာမူ ကျွန်တော်၏မင်္ဂလာဆောင်က ဘုရားပွဲပြီး ပင်လယ်တစ်ခေါက်ထွက်၍ ပြန်ဝင်လာလျှင် ပြုလုပ်မည်ဖြစ်လေသည်။

ကိုကျော်ဖုံဖြူတို့ ပင်လယ်ထွက်ဖို့ ပြင်ဆင်နေ၍ ဂါးထဲသို့ စက်ဆီ ထမ်းချသူထမ်းချ၊ ရိုပ်ကွာထုတ်များ သယ်သူသယ်နှင့် ဘုရားပွဲအရှိန်နှင့် သီချင်းဆိုရင်း ပျော်နေကြ၏။

ရေစင်ဦးတွင် ထိုင်နေသော ကျွန်တော့်မှာ ဆိပ်ကမ်းတွင်ဆိုက်ထားသော ကျွန်တော်ပါ ဝင်စီး၍ အလုပ်လုပ်နေသည့် ဂါးကိုတွေ့နေပါလျက် ပါဝင်မလုပ်နိုင်သောကြောင့် ဝမ်းနည်းလို့နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်ထွက်ရန် ယခုကဲ့သို့ ပြင်ဆင်နေကြသည်ကို မြင်လေ ကျွန်တော်လိုက်ချင်လေ ဖြစ်နေသည်။ သူတို့လည်း သိကြမည် ထင်ပါသည်။

"ဟော့. . . သတို့သားလေး. . . သွားမယ်ဟေ့၊ တို့ပြန်ဝင်လာရင်သာ အဆင်သင့်ဖြစ်အောင် စီစဉ်ထားနော်"

"စိတ်ချ. . . စိတ်ချ အားလုံးစီစဉ်ထားပေးမယ်"

ကိုကျော်ဇံဖြူ လှည့်စဉ် ကျွန်တော်ကလည်း အားကျမခံ ပြန်အော်လိုက်သည်။

စက်သံသည် တစ်ချက်ချင်းထွက်ပေါ်လာ၏။ ဂါးသည်လည်း ဆိပ်ကမ်းမှခွာ၍ တရွေ့ရွေ့ထွက်လေပြီ။ မကြာမီ ပင်လယ်မုဆိုးတို့ ပင်လယ်ပြင်ဘက်သို့ ဦးတည်၍ ဟိုင်းကြီးကျွန်းနှင့် ဝေးသထက် ဝေးသွားပေတော့မည်။ ကျွန်တော်မပါသော ငါးမန်းမုဆိုးအဖွဲ့သည် ငါးမန်းအပြည့်နှင့်ရက်မကြာခင် ပြန်ရောက်ပါစေဟု ပင်လယ်မုဆိုးထုံးစံအတိုင်း ဆန္ဒပြုမိပါတော့သတည်း။ ။

♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com


စာ အုပ် ဆိုင် တိုင်း မှာ မေး ဝယ် ပါ

စိတ်ကူးသစ်စာပေ




စာမူခွင့်ပြုချက်အမှတ် – ၅၀၁၅၀၄၀၅၁၁


www.burmeseclassic.com